ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


## ပွားစီးတိုးအောင် အားထုတ်

သူတစ်ပါး၏ အကျိုးစီးပွားအတွက် မိမိ၏အကျိုးစီးပွား ဆုတ်ယုတ်အောင် မပြုသင့်ပေ။ ဤသို့ပြုသော် မိမိအား အကျိုးဖြစ်ထွန်းစေအံ့ဟု မိမိအကျိုးကို သိသောသူသည် မိမိ အကျိုးစီးပွား တိုးပွားအောင် အားထုတ်ရာ၏။ (မိမိသည်သာ အားကိုးရာဖြစ်၍ အများ၏အကျိုးစီးပွားနှင့် မိမိ၏အကျိုးစီးပွား ကြုံဆုံပေါ်ပေါက်လာသောအခါ မိမိစီးပွား ဆုတ်ယုတ်မခံဘဲ အားထုတ်သင့်၏။)

အတ္တဝဂ်(ဓမ္မပဒ-၁၆၆)


၁၃၇၉ ခုနှစ် တန်ခူးလပြည့်ကျော် ၁၀ ရက် သောကြာနေ့။ Friday, 21 April 2017 (၈၉၀၁)


# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ နယ်သာလန်နိုင်ငံရှိ ရိုတာဒမ်ဆိပ်ကမ်းအား လှည့်လည်ကြည့်ရှု



**ရိုတာဒမ် ဧပြီ ၂၀**

နယ်သာလန်နိုင်ငံ၌ အလုပ်သဘောခရီးဖြင့် ရောက်ရှိနေသည့် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်အဖွဲ့သည် ယနေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် ရိုတာဒမ်မြို့ရှိ delta work၊ ရိုတာဒမ်ဆိပ်ကမ်းနှင့် Maasvlakte I နှင့် II တို့အား ရဟတ်ယာဉ်ဖြင့် ကြည့်ရှုလေ့လာကြသည်။

**ကြည့်ရှုလေ့လာ**

ယင်းနောက် ဒုတိယသမ္မတ ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့သည် ရိုတာဒမ်ဆိပ်ကမ်း လုပ်ငန်းစဉ်များအား သင်္ဘောဖြင့် လိုက်လံကြည့်ရှုလေ့လာရာ ဆိပ်ကမ်းညွှန်ကြားရေးမှူး Mr. Rene van der pals က ဆိပ်ကမ်းလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ရိုတာဒမ်ဆိပ်ကမ်းသည် ဥရောပ၌ အကြီးဆုံး ဆိပ်ကမ်းတစ်ခုဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

**ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ နယ်သာလန်နိုင်ငံရှိ ရိုတာဒမ်ဆိပ်ကမ်းအား လှည့်လည်ကြည့်ရှုစဉ်။** (ဝဲပုံ) နှင့် **ဥရောပ၌ အကြီးဆုံးဆိပ်ကမ်းတစ်ခုဖြစ်သည့် ရိုတာဒမ်ဆိပ်ကမ်းအား တွေ့ရစဉ်။** (အောက်ပုံ)



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် မာရှယ်ကျွန်းစုသမ္မတနိုင်ငံတို့အကြား သံတမန်အဆက်အသွယ် ထူထောင်

**နေပြည်တော် ဧပြီ ၂၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် မာရှယ်ကျွန်းစုသမ္မတနိုင်ငံတို့သည် ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ မူကြီးများနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတို့ကိုအခြေခံပြီး သံတမန်ဆက်သွယ်ရေးနှင့် ကောင်စစ်ဆက်ဆံရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်းများနှင့်အညီ နှစ်နိုင်ငံချစ်ကြည်ရေးနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရေးကို ထူထောင်လိုသည့် ဆန္ဒရှိကြသည့်အားလျော်စွာ ၂၀၁၇ ခုနှစ် ဧပြီလ ၂၁ ရက်မှစတင်၍ နှစ်နိုင်ငံအကြား သံအမတ်ကြီးအဆင့်ဖြင့် သံတမန်အဆယ်အသွယ် ထူထောင်ကြသည်။

နှစ်နိုင်ငံ သံတမန်အဆက်အသွယ်ထူထောင်သည့် ပူးတွဲကြေညာချက်ကို ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့် ဂျပန်နိုင်ငံဆိုင်ရာ မာရှယ်ကျွန်းစုသမ္မတနိုင်ငံ သံအမတ်ကြီးတို့သည် ၂၀၁၇ ခုနှစ် ဧပြီလ ၂၁ ရက်နေ့တွင် တိုကျိုမြို့၌ လက်မှတ်ရေးထိုးခဲ့ကြသည်။

မြန်မာနိုင်ငံသည် ကမ္ဘာ့နိုင်ငံများနှင့် သံတမန်ဆက်ဆံမှု တိုးချဲ့ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မာရှယ်ကျွန်းစုသမ္မတနိုင်ငံသည် မြန်မာနိုင်ငံ၏ (၁၁၇)နိုင်ငံမြောက် သံတမန်အဆက်အသွယ်ထူထောင်သည့် နိုင်ငံဖြစ်သည်။ **(သတင်းစဉ်)**


KBZ BANK

STRENGTH OF MYANMAR

သန္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

ကြေးမုံ

## သဘာဝဘေး ကြိုတင်ပြင်ဆင်စီမံဆောင်ရွက်

ယခုနှစ်အဖို့ သဘာဝဘေးကို ပထမဆုံးကြုံတွေ့ခံစားလိုက်ရသည်။ အင်အားအသင့်အတင့်ရှိသော မုန်တိုင်းတစ်ခု ဘင်္ဂလားပင်လယ်အော်မှ စစ်တွေနှင့်သံတွဲမြို့အကြား ဖြတ်ကျော်တိုက်ခတ်ခဲ့ရာ ထိခိုက်ပျက်စီးမှု အချို့ ဖြစ်ပွားခဲ့သည်။ မုန်တိုင်းမှာ အင်အားမပြင်းထန်သဖြင့် ပျက်စီးဆုံးရှုံးမှုအနည်းငယ်သာ ရှိခဲ့ခြင်းဖြစ်သည်။ ရာသီကာလမှာ မိုးသက်မုန်တိုင်း ဖြစ်နိုင်သောကာလဖြစ်၍ ရှေ့အဖို့ သဘာဝဘေးကို ကြိုတင်ပြင်ဆင် သတိပြု စီမံဆောင်ရွက်ထားရမည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် သဘာဝဘေးဖြစ်ပွားမှုကြောင့် ထိခိုက်ဆုံးရှုံးမှုဖြစ်နိုင်ခြေ နိုင်ငံအဆင့် ၁၇၁ တွင် ထိခိုက်ဆုံးရှုံးနိုင်မှုအဆင့် ၄၂ တွင်ရှိသောကြောင့် အန္တရာယ်ဖြစ်နိုင်ခြေ အများဆုံးနိုင်ငံများတွင် ပါဝင်နေပေသည်။ ဘေးအန္တရာယ်ဖြစ်ပွားချိန်တွင် ချက်ချင်းတုံ့ပြန်ဆောင်ရွက်နိုင်မှုအနေအထားမှာလည်း အနည်းဆုံးနိုင်ငံများအဆင့် ၁၅ တွင်ရှိသောကြောင့် ထိခိုက်ဆုံးရှုံးမှုများနိုင်ပေသည်။

သာဓကအားဖြင့် ကြိုတင်ပြင်ဆင်မှုနှင့် အရေးပေါ်တုံ့ပြန်နိုင်မှု အားနည်းသောကြောင့် ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်း တိုက်ခတ်မှုတွင် ပြည်သူတစ်သိန်းကျော် အသက်ဆုံးရှုံးခဲ့ပြီး ပျက်စီးဆုံးရှုံးမှုများကို ပြန်လည်ထူထောင်ရန် အချိန်များစွာယူကာ ကြိုးပမ်းဆောင်ရွက်ခဲ့ရသည်။ ဆက်လက်၍ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများဖြစ်ပွားခဲ့ရာ ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည်။

ထိုသို့ဖြစ်ပေါ်ခဲ့ရာတွင် လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင် ထိခိုက်မှုများပြီး အခြေခံအဆောက်အအုံများ ခိုင်ခံ့မှုအားနည်းခြင်းနှင့် ပြည်သူများ အသိအမြင်ဗဟုသုတနည်းပါးခြင်းတို့ကြောင့် ထိခိုက်ပျက်စီးမှု ပိုမိုဖြစ်ပေါ်ခဲ့ရသည်ကို လေ့လာဆန်းစစ်တွေ့ရှိရသည်။ အရေးပေါ်တုံ့ပြန်မှုအပိုင်းတွင် ငွေအား၊ လူအား၊ နည်းပညာနှင့် သက်ဆိုင်ရာယာဉ်စက်ယန္တရားပစ္စည်းများ ပြည့်စုံစွာဖြည့်ဆည်းပေးထားနိုင်ရန်အတွက် ရန်ပုံငွေနှင့် ကူညီထောက်ပံ့မှု လိုအပ်ပေသည်။

မြန်မာနိုင်ငံတွင် လေ့လာဆန်းစစ်မှုနှင့် သုတေသနပြုထိန်းသိမ်းဆောင်ရွက်နိုင်မှု နေရာဌာနတိုင်းတွင် အားနည်းပေသည်။ သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်ဆုံးရှုံးနိုင်မှုကို ကြိုတင်တွက်ချက်ထားကာ နိုင်ငံ၏ စီးပွားရေး၊ လူမှုရေး၊ သဘာဝပတ်ဝန်းကျင် အခြေအနေဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး အစီအမံများကို ရေးဆွဲဆောင်ရွက်ထားရမည်ဖြစ်သည်။ ဥပမာအားဖြင့် ရေကြီးရေလျှံမှုဖြစ်နိုင်သော ပထဝီအနေအထားများ၊ မြေငလျင်ကြောဇုန်အတွင်း ကျရောက်နေသော မြို့ပြဒေသကြံ့ခိုင်မှု အခြေအနေများကို လေ့လာဆန်းစစ်၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရမည်ဖြစ်သည်။

ထိုသို့ဆောင်ရွက်ရာတွင် သဘာဝဘေးကြောင့် ထိခိုက်ဆုံးရှုံးနိုင်မှု အခြေအနေများကို ကြိုတင်လေ့လာ တွက်ချက်ထားရန်လိုအပ်ပြီး လေ့လာဆန်းစစ်မှု တွေ့ရှိချက်များကို သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပြည်သူများအား အသိပေးချပြ၍ သဘာဝဘေးအန္တရာယ် မကျရောက်မီ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့် အစီအမံများ၊ ကျရောက်ပါက ရှောင်ရှားရမည့်အစီအစဉ်များ၊ ကျရောက်ပြီးပါက ဆောင်ရွက်ရမည့် အစီအမံများကို အလေးထားပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။

ယခုအခါ သဘာဝဘေးကြိုတင်ကာကွယ်ရေးကို နိုင်ငံတော်က အလေးထားဆောင်ရွက်ပေးနေပြီး သဘာဝဘေးကာကွယ်ရေး သင်တန်းကျောင်းများ၊ လက်တွေ့ကြိုတင်ကာကွယ်ကယ်ဆယ်ရေး လေ့ကျင့်ဆောင်ရွက်မှုများ၊ အရေးပေါ်တုံ့ပြန်အသိပေးရေး ဆောင်ရွက်မှုများကို နယ်မြေဒေသအလိုက် စီစဉ်ဆောင်ရွက်ပေးနေသည်ကို တွေ့ရသည်။ အထူးအားဖြင့် မြန်မာနိုင်ငံသားများအဖို့ အသိနှင့်သတိအထူးရှိကြရန် လိုအပ်ပေသည်။

အများစုမှာ ပေါ့ပေါ့တန်တန် နေထိုင်တတ်ကြပြီး သက်ဆိုင်ရာတို့ကလည်း ပူးပေါင်းဆောင်ရွက်မှု အားနည်းခဲ့ကြပေသည်။ ထို့ကြောင့် မဖြစ်သင့်မဖြစ်ထိုက်သည့် ဖြစ်ရပ်များနှင့် ကြုံတွေ့ခဲ့ကြရသည်။ ယခုအခါ သဘာဝဘေးနှင့်ပတ်သက်၍ ကြိုတင်ကာကွယ်ရေး၊ ကယ်ဆယ်ရေး လုပ်ငန်းများကို ယခင်နှင့်မတူ အလေးထားဆောင်ရွက်လာကြသလို ပြည်သူများနှင့်အဖွဲ့အစည်းများကလည်း အသိအမြင်နှင့် နိုးကြားတက်ကြွမှု ပိုမိုအားကောင်းလာသည်ကို တွေ့ရသည်။

သို့ဖြစ်ရာ သဘာဝဘေးဆိုသည်မှာ မမျှော်မှန်းနိုင်သောကိစ္စ၊ မလွန်ဆန်နိုင်သောကိစ္စဖြစ်သော်လည်း ဘေးအန္တရာယ်များ လျော့ပါးသက်သာပြီး လုံခြုံစိတ်ချသော လူ့ဘောင်လောကကို တည်ဆောက်နိုင်ရန်အတွက် အသိတရားဖြင့် နိုးကြားတက်ကြွစွာ ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်။ ။

# (၁၃)ကြိမ်မြောက် အာဆီယံဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေးနှင့် (၃)ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ ပူးတွဲအစည်းအဝေးများ ကျင်းပ



**နေပြည်တော် မေ ၂၀**

ဖိလစ်ပိုင်နိုင်ငံ စီဘူး(Cebu)မြို့တွင် မေ ၆ ရက် မှ ၇ ရက်အထိကျင်းပသော အရှေ့တောင်အာရှ နိုင်ငံများအသင်း အာဆီယံတည်ထောင်သည့် နှစ်(၅၀) ပြည့် အထိမ်းအမှတ်နှင့် (၁၃) ကြိမ်မြောက် အာဆီယံဗဟိုဘဏ် ဥက္ကဋ္ဌများ အစည်းအဝေး (13th ACGM)၊ (၃)ကြိမ်မြောက် အာဆီယံ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ် ဥက္ကဋ္ဌများ ပူးတွဲအစည်းအဝေး(3rd AFCGM)များသို့ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင် ဦးဆောင်သော မြန်မာကိုယ်စားလှယ် အဖွဲ့ တက်ရောက်ခဲ့ကြောင်း သိရသည်။

အစည်းအဝေးသို့ အာဆီယံဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ၊ အမ်မရိုရုံး၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

မေ ၆ ရက် မွန်းလွဲပိုင်းတွင် အာဆီယံဗဟိုဘဏ်ဥက္ကဋ္ဌများနှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများမှ အမှုဆောင်ဒါရိုက်တာတို့က"Furthering ASEAN Financial Integration: Opportunities in Addressing Systemic Risk" ခေါင်းစဉ်အပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌသည် မေ ၇ ရက် နံနက် ၉ နာရီတွင် (၁၃)ကြိမ်မြောက် အာဆီယံ ဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေးကို တက်ရောက်ခဲ့သည်။ အဆိုပါ အစည်းအဝေးတွင် ၂၀၂၅ ခုနှစ် အာဆီယံငွေရေးကြေးရေးပေါင်းစည်းရေးအတွက် အကောင်အထည်ဖော်မှုဆိုင်ရာ တိုးတက်မှုအခြေအနေများကို ဗဟိုဘဏ်ဥက္ကဋ္ဌများက သဘောတူ အတည်ပြုခဲ့ကာ ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများအပေါ် လမ်းညွှန်ချက်များ ချမှတ်ခဲ့သည်။

ဆက်လက်၍ ယင်းနေ့ မွန်းလွဲ ၁ နာရီခွဲတွင် (၃)ကြိမ်မြောက် အာဆီယံ ဘဏ္ဍာရေးဝန်ကြီးနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ ပူးတွဲအစည်းအဝေးကို တက်ရောက်သည်။ အစည်းအဝေးတွင် အာဆီယံ စီးပွားရေးအသိုက်အဝန်း(AEC) လမ်းပြမြေပုံအရ အာဆီယံငွေရေးကြေးရေးပေါင်းစည်းမှု လမ်းပြမြေပုံနှင့်စပ်လျဉ်း၍ လုပ်ငန်းတိုးတက်မှု အခြေအနေများကို လည်းကောင်း၊ အာဆီယံ+၃ ငွေရေးကြေးရေး ပူးပေါင်းဆောင်ရွက်မှု တိုးတက်မှု အခြေအနေများကို လည်းကောင်း၊ ဇင်းမယ် အစီအစဉ်တွင် နိုင်ငံစုံပါဝင်လာရေး(Chiaing Mai Initiative Multilateralization- CMIM) လုပ်ငန်းစဉ်တွင် ဂျပန်၊ တရုတ်၊ ကိုရီးယား၊ ဖိလစ်ပိုင်၊ ထိုင်း၊ မလေးရှား၊ အမ်မရိုရုံးတို့ပါဝင်သည့် ရုံးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များ (Fundamental Issues)ကို ဆောင်ရွက်ရန် Working Group 1 နှင့် ဂျပန်၊ တရုတ်၊ ကိုရီးယား၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ လာအို၊ အမ်မရိုရုံးတို့ပါဝင်သည့် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ရန် (Collaboration with the IMF) Working Group 2 ဟူ၍ လုပ်ငန်းအဖွဲ့ နှစ်ဖွဲ့ ဖွဲ့စည်းရန်ကိစ္စရပ်ကို လည်းကောင်း၊ CMIM ချေးငွေအစီအစဉ်အရ IMF De-Linked Portion (IDLP) အား ၃၀ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းသို့ တိုးမြှင့်သတ်မှတ်ရန် လည်းကောင်း၊ အာဆီယံဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများက သဘောတူအတည်ပြုခဲ့ကြသည်။ အဆိုပါ CMIM လုပ်ငန်းစဉ်နှင့်စပ်လျဉ်း၍ လာမည့် မေ ၃ ရက်မှ ၅ ရက်အထိ ဂျပန်နိုင်ငံ ယိုကိုဟားမားမြို့၌ကျင်းပမည့် အာရှဖွံ့ဖြိုးရေးဘဏ် နှစ်ပတ်လည်အစည်းအဝေး(ADB) နှင့် တစ်ဆက်တစ်စပ်တည်းပြုလုပ်မည့် အာဆီယံ+၃ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေးတွင် ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် (၃)ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေး၏ ပူးတွဲ သတင်းထုတ်ပြန်ချက်ကို ထုတ်ပြန်ခဲ့သည်။

အစည်းအဝေး မကျင်းပမီနှင့် ကျင်းပနေစဉ် ကာလအတွင်း မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌသည် မေ ၅ ရက် ညနေ ၃ နာရီတွင် အမေရိကန် ဒုတိယလက်ထောက် ဘဏ္ဍာရေးဝန်ကြီး Mr. Kaproth ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်လည်းကောင်း၊ မေ ၇ ရက် ညနေ ၅ နာရီ ၄၅ မိနစ်တွင် အမေရိကန် အာဆီယံစီးပွားရေးကောင်စီဥက္ကဋ္ဌ Mr. Alexander C.Feldman ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်လည်းကောင်း တွေ့ဆုံ၍ ဘဏ်လုပ်ငန်းနှင့် ငွေရေးကြေးရေးဆိုင်ရာကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မေ ၈ ရက်တွင် ထိုင်းလေကြောင်းခရီးဖြင့် မြန်မာနိုင်ငံသို့ ပြန်လည် ရောက်ရှိကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မေ ၂၀**

ရန်ကုန်(ရွှေဈေး) ၉၀၉၀၀၀ - ၉၀၉၀၀၀ မန္တလေး(ရွှေဈေး) ၉၀၉၀၀၀ - ၉၀၉၀၀၀

**စက်သုံးဆီဈေးနှုန်း**

| | | | ရန်ကုန် | မန္တလေး |
|---|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၆၉၅/၇၀၅ ကျပ်၊ | ၇၂၀/၇၃၅ ကျပ် |
| (ခ) | အောက်တိန်း ၉၅ | တစ်လီတာ | ၇၄၀/၇၅၀ ကျပ်၊ | ၈၅၀/၈၇၀ ကျပ် |
| (ဂ) | အောက်တိန်း ၉၂ | တစ်လီတာ | ၇၀၀/၇၁၀ ကျပ်၊ | ၇၆၀/၇၈၅ ကျပ် |
| (ဃ) | အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၁၅/၇၂၅ ကျပ်၊ | ၇၄၀/၇၅၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၆၄/၆၇၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၇၃/၆၈၅ ကျပ်၊
အောက်တိန်း ၉၂ တစ်လီတာ ၆၇၅/၆၈၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၅၄. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၄၅၂. ၉ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၉၆. ၇၅ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၉. ၄၂၉ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၀၆. ၉၉ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၀. ၉၅၈ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၄၈. ၈ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၈. ၄၈ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၂၃. ၄ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၆၉. ၉၁ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**အထူးသတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror
၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၀၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၀

# ပြည်သူနှင့်အတူ

## ဘာသာပြန်စာပေစာတမ်းဖတ်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ



**ရန်ကုန် ဧပြီ ၂၀**

ဘာသာပြန်စာပေ စာတမ်းဖတ်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် ဖတ်ကြားမည့် စာတမ်းများအတည်ပြုခြင်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံခန်းမဆောင်၌ ကျင်းပသည်။

အစည်းအဝေးတွင် ဘာသာပြန်စာပေစာတမ်းဖတ်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးတင်လှိုင်(လယ်တွင်းသားစောချစ်)က အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးခင်မောင်စိုး(မောင်သာမည)က ဘာသာပြန်စာပေ စာတမ်းများ လက်ခံရရှိမှုနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ်များကိုလည်းကောင်း၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်က ဘာသာပြန်စာပေ စာတမ်းဖတ်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် စာပေပညာရှင်များက အထွေထွေဆွေးနွေးကြပြီး ဘာသာပြန်စာပေစာတမ်းဖတ်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ဘာသာပြန်စာပေ စာတမ်းဖတ်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးတင်လှိုင်(လယ်တွင်းသားစောချစ်)က "စာတမ်းဖတ်ပွဲတွေကို အရင်ကလည်း ကျင်းပခဲ့တယ်။ သမိုင်းနဲ့ပတ်သက်တာ၊ နိုင်ငံရေးနဲ့ပတ်သက်တာတွေ ကျင်းပခဲ့ပြီး အခုတစ်ခါ ဘာသာပြန်စာပေနဲ့ပတ်သက်လို့ စာတမ်းဖတ်ပွဲလုပ်မယ်။ စာတမ်းဖတ်ပွဲတစ်ခုမှာ ရည်ရွယ်ချက်တွေထားပါတယ်။ မြန်မာနိုင်ငံအနေနဲ့ နိုင်ငံတကာနဲ့အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် ဘာသာပြန်စာပေ ထွန်းကားဖို့လိုပါတယ်။ ဘာသာပြန်စာပေဆိုတာ နိုင်ငံတကာရဲ့ဗဟုသုတတွေကို မြန်မာလိုဘာသာပြန်တဲ့ စာပေတွေ အများကြီးလိုပါတယ်။ ကမ္ဘာ့ဗဟုသုတအဖြာဖြာကို မြန်မာစာဖတ်တတ်ရုံနဲ့ လူတိုင်းလက်လှမ်းမီစေချင်တယ်။ ကမ္ဘာ့သုတနဲ့ပြည့်စုံမယ့် မြန်မာလူမျိုးတွေ ဖြစ်လာမယ်။ ဒါမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မယ်။ ကိုယ့်နိုင်ငံ၊ ကိုယ့်ယဉ်ကျေးမှုရဲ့ သုတ၊ ရသစာပေတွေကိုလည်း နိုင်ငံတကာက သိဖို့ကောင်းတာပါပဲ။ ဘာသာပြန်စာတမ်းဖတ်ပွဲမှာ နိုင်ငံရပ်ခြားက စာအုပ်ကောင်းတွေကို ဘာသာပြန်သလို ကိုယ့်နိုင်ငံကထုတ်တဲ့ ရသ၊ သုတစာပေတွေ၊ ကိုယ့်နိုင်ငံအကြောင်းတွေကို ဘာသာပြန်ပြီးတော့ ကမ္ဘာကသိစေချင်ပါတယ်။ လုပ်ဖို့လည်း အချိန်တန်ပြီလို့ ယူဆပါတယ်။ ဒါကြောင့်မို့ ဘာသာပြန်စာပေစာတမ်းဖတ်ပွဲကို ကျင်းပတာဖြစ်ပါတယ်" ဟု ပြောသည်။

"ဘာသာပြန်စာပေနဲ့ပတ်သက်တဲ့ စာတမ်းဖတ်ပွဲမှာ ဖိတ်ခေါ်ထားတဲ့ ပညာရှင်တွေလည်း ရှိပါတယ်။ ပြင်ပက ဝတ္ထုတွေရေးနေတဲ့၊ ကိုယ်တိုင်ဘာသာပြန်နေတဲ့ ဆရာတွေလည်းရှိတယ်။ ဖတ်ပြီးသလောက်စာတမ်းအများစုကတော့ ဘာသာပြန်စာပေနဲ့ပတ်သက်ပြီး ထွန်းကားအောင် ဘယ်လိုလုပ်ကြမယ်၊ အရင်တုန်းက ဘယ်လိုလုပ်ခဲ့ကြသလဲ၊ နောင် ဘယ်လိုလုပ်ကြမလဲ၊ နိုင်ငံတကာမှာ ဘာသာပြန်စာပေကို ထွန်းကားအောင် ဘယ်လိုလုပ်သလဲ စသဖြင့် ဘက်ပေါင်းစုံရေးထားတဲ့ စာတမ်းတွေ တွေ့ရပါတယ်။ ဒီစာတမ်းဖတ်ပွဲကတော့ ဘာသာပြန်စာပေထွန်းကားဖွံ့ဖြိုးရေး ရည်ရွယ်ချက်နဲ့ညီတဲ့ စာတမ်းတွေ အများစုဖတ်နိုင်မယ်လို့ ထင်ပါတယ်"ဟု ဘာသာပြန်စာပေ စာတမ်းဖတ်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းကော်မတီအတွင်းရေးမှူး ဦးခင်မောင်စိုး(မောင်သာမည)က ဆိုသည်။

ညှိနှိုင်းအစည်းအဝေးသို့ ဘာသာပြန်စာပေ စာတမ်းဖတ်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးတင်လှိုင်(လယ်တွင်းသားစောချစ်)၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးအောင်ရှင်(မုံရွာအောင်ရှင်)၊ ဦးမောင်မောင်ဦး (ဟိန်းလတ်)၊ ဦးကြည်မင်းနှင့် လုပ်ငန်းကော်မတီဝင်များ၊ စာပေပညာရှင်များ၊ ဘာသာပြန်စာပေ စာတမ်းရှင်များနှင့် ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဘာသာပြန်စာပေ စာတမ်းဖတ်ပွဲကို နွေရာသီစာအုပ် ဈေးရောင်းပွဲတော်နှင့်အတူ ဧပြီ ၂၉ ရက်မှ မေ ၁ ရက်အထိ ရန်ကုန်မြို့သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံဝင်း၌ ကျင်းပသွားမည်ဖြစ်သည်။

စာတမ်းဖတ်ပွဲတွင် ဘာသာပြန်စာပေစာတမ်းပေါင်း ၁၅ စောင် ဖတ်ကြားမည်ဖြစ်ပြီး နွေရာသီစာအုပ် ဈေးရောင်းပွဲတော်တွင် စာအုပ်ဆိုင်ခန်းပေါင်း ၁၄၀ ကျော် ဖွင့်လှစ်ရောင်းချပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်း-ရီရီမြင့်**
**ဓာတ်ပုံ-လှမိုး**

## ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးအဖြစ် ဦးမျိုးမြင့်သန်းအား ပြောင်းရွှေ့ခန့်အပ်

**နေပြည်တော် ဧပြီ ၂၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမျိုးမြင့်သန်းအား ထိုင်းနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်သည်။

**(သတင်းစဉ်)**

## ပန်းချီဆရာကြီး ဦးဘသစ် မွေးနေ့အထိမ်းအမှတ် ပန်းချီဒီဇိုင်းပြပွဲကျင်းပ

**ရန်ကုန် ဧပြီ ၂၀**

ပန်းချီဆရာကြီး ဦးဘသစ်(၁၀၁) နှစ်မြောက်မွေးနေ့ အထိမ်းအမှတ်ပန်းချီဒီဇိုင်းပြပွဲကို ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်း နှင်းဆီကုန်းဘိုးဘွားရိပ်သာ နှင်းဆီမြိုင်ပန်းချီပြခန်း၌ ကျင်းပရာ ပန်းချီပညာရှင်များ၊ ရုပ်ရှင်ပညာရှင်များ၊ ဂီတပညာရှင်များနှင့် ပန်းချီဦးဘသစ်၏ သားသမီးများ စုံညီစွာ တက်ရောက်ကြသည်။




ပန်းချီဦးဘသစ်၏ ပန်းချီဒီဇိုင်းပြပွဲနှင့် ဟောပြောပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ကျင်းပရာ ဆရာကြီး ဗိုလ်ကလေးတင့်အောင်၊ ဒါရိုက်တာအောင်မြင့်မြတ်၊ ဒါရိုက်တာ ဦးဝင်းဖေ(မဟူရာ)၊ ပန်းချီဆရာကြီး ဦးမြဟန်၊ ပန်းချီလှတင်ထွန်း၊ တေးရေးပုဏ္ဏကနှင့် ရုပ်ရှင်သရုပ်ဆောင် ဦးအောင်လွင်တို့က ပန်းချီဒီဇိုင်းပညာရှင်၊ ရုပ်ရှင်သရုပ်ဆောင်ဆရာကြီး ဦးဘသစ်နှင့် ပတ်သက်၍ ဂုဏ်ပြုမုဒိတာစကားများ ပြောကြားပြီး တက်ရောက်လာသော ဧည့်သည်များက ပြခန်းအတွင်း ပြသထားသော ပန်းချီဦးဘသစ်၏ ပန်းချီဒီဇိုင်းလက်ရာများကို ကြည့်ရှုကြသည်။ ပန်းချီဦးဘသစ် ပါဝင်သရုပ်ဆောင်ခဲ့သော ချစ်သက်ဝေ၊ တစ်ကြော့နှစ်ကြော့တေးကိုသီ၊ ဖာတစ်လုံးခေါင်းကြား၊ ရန်သူကိုဘာမထီ၊ မှုံရွှေရည် ရုပ်ရှင်ဇာတ်ကားများမှ ကောက်နုတ်ချက်များကိုလည်း ဂုဏ်ပြုပြသခဲ့ကြောင်းသိရသည်။

**(ပန်းချီလှတင်ထွန်း)**

## နွားထိုးကြီး၌ အင်ကြင်းကျောက်စေတီတည်ထားရန် လိုလားနေ

**နွားထိုးကြီး ဧပြီ ၂၀**

နွားထိုးကြီးဒေသထွက် အင်ကြင်းကျောက်ဖြင့် အင်ကြင်းကျောက်စေတီ တည်ထားကိုးကွယ်ရန် အင်ကြင်းကျောက်လုပ်ငန်းရှင်များက စိတ်ဝင်စားနေကြောင်း မီဒီယာသို့ပြောသည်။

အင်ကြင်းကျောက် စေတီကို နွားထိုးကြီးမြို့ပေါ်တွင် တည်ထားကိုးကွယ်ရန် မြေနေရာနှင့်အင်ကြင်းကျောက်လှူဒါန်းကြမည့်သူများရှိနေ၍ အင်ကြင်းကျောက်စေတီ တည်ထားမည့် ဦးစီးကော်မတီသာလိုနေကြောင်း သိရသည်။

နွားထိုးကြီးတွင် ကျောက်စိမ်းစေတီကို အောင်ပန်းကုန်းရွာ၌ တည်ထားနိုင်ခဲ့ပြီး အင်ကြင်းကျောက်စေတီကိုလည်းတည်ထားနိုင်ရန် ဒေသခံ အင်ကြင်းကျောက် လုပ်ငန်းရှင်များက လိုလားနေကြသည်။

**(ဝ၉၅)**



## လူထုဗဟိုပြုစီမံကိန်း(ဒုတိယနှစ်စက်ဝန်း)အတွင်း လျှပ်စစ်မီးလင်းရေး အကောင်အထည်ဖော်ဆောင်ရွက်

**မြင်းမူ ဧပြီ ၂၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ပူးပေါင်း၍ မြောင်မြို့နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လူထုဗဟိုပြုစီမံကိန်း (ဒုတိယနှစ်စက်ဝန်း)အတွင်း ကျောက်ရစ်ကျေးရွာအုပ်စု ကျောက်ရစ်အနောက်ကျေးရွာတွင် လျှပ်စစ်မီးလင်းရေးတိုးချဲ့သွယ်တန်းခြင်း ပေ ၄၈၀၀ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ မတ် ၃၁ ရက်တွင်ပြီးစီး၍ ဧပြီလပထမပတ်အတွင်း လျှပ်စစ်မီးလင်းရေးဆောင်ရွက်ပြီးစီးသောကြောင့် ကျောက်ရစ်အနောက်ကျေးရွာရှိ အိမ်ခြေ ၃၉၈ အိမ်၊ လူဦးရေ ၁၅၉၆ ဦးတို့၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးတို့ လွယ်ကူမြန်ဆန်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**(ကိုကိုနိုင်)**

# ၂၁ ရာစုပင်လယ်ရေကြောင်းပိုးလမ်းမ မြှင့်တင်နိုင်ရေး တရုတ်နိုင်ငံ ကြိုးပမ်းမည်

**ဘေးဟိုင် မေ ၂၀**

၂၁ ရာစု ပင်လယ်ရေကြောင်းပိုးလမ်းမကို အားပေးမြှင့်တင်နိုင်ရေးအတွက် ကြိုးပမ်းအားထုတ်သွားမည်ဖြစ်ကြောင်း၊ ပင်လယ်ရေကြောင်း ခါးပတ်လမ်းတစ်ခုနှင့် ကြည်းကြောင်းကုန်သွယ်ရေးလမ်းအစီအစဉ် ဖွံ့ဖြိုးရေးအတွက် ဦးတည်ဆောင်ရွက်မည်ဖြစ်ကြောင်း တရုတ်သမ္မတရှီကျင့်ဖျင်က ပြောကြားလိုက်သည်။

တရုတ်နိုင်ငံတောင်ပိုင်း ကွမ်းရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသို့ မေ ၁၉ ရက်တွင် ကြည့်ရှုစစ်ဆေးရန် ရောက်ရှိလာသူ သမ္မတရှီက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

၂၁ ရာစု ပင်လယ်ရေကြောင်း ပိုးလမ်းမနှင့် စီးပွားရေးခါးပတ်ပိုးလမ်းမဟုအမည်ပေးထားသော အစီအစဉ်ကို ၂၀၁၃ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့ချိန်မှစ၍ နိုင်ငံတကာကကျယ်ကျယ်ပြန့်ပြန့် အသိအမှတ်ပြုလာခဲ့ကြကြောင်း၊ ယင်းအစီအစဉ်သည် တရုတ်နိုင်ငံအတွက် ပြန်လည်နုပျိုလန်းဆန်းသည့်နိုင်ငံအဖြစ် ရပ်တည်ရေး အိပ်မက်တစ်ခု အကောင်အထည် ပေါ်လာပုံမျိုးဖြစ်ကြောင်း တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူးလည်းဖြစ်သူ ရှီက ပြောကြားသည်။

**ဆင်ဟွာ။**





## ဒေသတွင်းလုံခြုံရေးအတွက် အမေရိကန်နှင့် ပူးပေါင်းမှုကို မြှင့်တင်ရန် ဂျပန်နှင့်ဩစတြေးလျ ဝန်ကြီးများ သဘောတူညီ

**တိုကျို မေ ၂၀**

ဂျပန်နှင့်ဩစတြေးလျ နိုင်ငံခြားရေးနှင့် ကာကွယ်ရေးဝန်ကြီးများက ဒေသတွင်းလုံခြုံရေး ခြိမ်းခြောက်မှုများလျော့ကျစေရန် အမေရိကန်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန် သဘောတူညီခဲ့ကြသည်။

ဂျပန်နိုင်ငံခြားရေးဝန်ကြီး ဖူမီယိုခိုင်ရှိဒါနှင့် ကာကွယ်ရေးဝန်ကြီး တိုမိုမီအင်နာဒါတို့သည် ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီး ဂျူလီဘစ်ရှော့နှင့် ကာကွယ်ရေးဝန်ကြီး မာရီဆယ်ပယ်နီးတို့အား ဂျပန်နိုင်ငံ တိုကျိုမြို့၌ မေ ၂၀ ရက်တွင် တွေ့ဆုံကာ အထက်ပါသဘောတူညီမှုများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

ပြုံယမ်း၏ နျူဒုံးကျည်ပစ်လွှတ်စမ်းသပ်မှုများနှင့် အခြားသော ဒေသတွင်းလုံခြုံရေး ခြိမ်းခြောက်မှုများလျော့ကျစေရန် ဂျပန်၊ ဩစတြေးလျနှင့် အမေရိကန်တို့အနေဖြင့် အတူတကွ ပူးပေါင်းလုပ်ဆောင်ရန် လိုအပ်သည်ဟု နှစ်နိုင်ငံဝန်ကြီးများက မှတ်ချက်ပြုခဲ့ကြသည်။ ထို့ပြင် ဒေသတွင်းလုံခြုံရေးအတွက် အိန္ဒိယနိုင်ငံနှင့်လည်း ပူးပေါင်းလုပ်ဆောင်ရန် လိုအပ်သည်ဟု ၎င်းတို့က သဘောတူညီခဲ့ကြသည်။

လွတ်လပ်သော နိုင်ငံတကာရေကြောင်းသွားလာမှုဆိုင်ရာ သတ်မှတ်ချက်ရှိမှသာ ကမ္ဘာ့အဝန်းရှိနိုင်ငံများ တည်ငြိမ်အေးချမ်းမှုနှင့် ကောင်းကျိုးများကို ရရှိနိုင်မည်ဖြစ်သည်ဟု ဝန်ကြီးကိုင်ရှိဒါက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။ နှစ်နိုင်ငံအနေဖြင့် အင်ဒို-ပစိဖိတ်ဒေသတွင်း၌ လွတ်လပ်သောနိုင်ငံတကာရေကြောင်းပိုင်နက် ပေါ်ထွက်လာစေရန် ကြိုးပမ်းကြရမည်ဖြစ်သည်ဟု ဝန်ကြီးက ဆက်လက်ပြောကြားခဲ့သည်။ သို့မှသာ ကမ္ဘာ့နိုင်ငံများ လွတ်လပ်စွာဖြတ်သန်းသွားလာနိုင်မည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီး ဂျူလီဘစ်ရှော့က မြောက်ကိုရီးယားနိုင်ငံကို ၎င်း၏လုပ်ရပ်များအတွက် ပြစ်တင်ဝေဖန်ခဲ့သည်။ ထို့ပြင် ကိုရီးယားကျွန်းဆွယ်အရေးနှင့် ပတ်သက်ပြီး ဒေသတွင်းလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းမှုရှိစေရန် ငြိမ်းချမ်းသောနည်းလမ်းများဖြင့်သာ ဖြေရှင်းစေချင်သည့် ၎င်း၏ သဘောထားများကို ထုတ်ဖော်ပြောကြားခဲ့သည်။

တရုတ်နိုင်ငံသည် မြောက်ကိုရီးယားနိုင်ငံနှင့် ကောင်းမွန်သောနှစ်နိုင်ငံဆက်ဆံရေးရှိပြီး မြောက်ကိုရီးယား၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အများအပြားကို တရုတ်နိုင်ငံက မြှုပ်နှံထားကြောင်း ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီး ဂျူလီဘစ်ရှော့က ဆိုသည်။ ထိုသို့သောအကြောင်းများကြောင့် တရုတ်နိုင်ငံသည် မြောက်ကိုရီးယားနိုင်ငံအား ထိန်းချုပ်ကိုင်တွယ်ရာတွင် အခြားနိုင်ငံများထက် ပိုမိုလွယ်ကူနိုင်မည်ဖြစ်သည်။ ထို့ကြောင့် တရုတ်နိုင်ငံအား ပြုံယမ်းကို ထိန်းချုပ်ကိုင်တွယ်ရန် တိုက်တွန်းသွားမည်ဖြစ်ကြောင်း ဝန်ကြီး ဘစ်ရှော့က ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ။**

## လေယာဉ်ရောက်ရှိနေသည့်နေရာကို ထောက်လှမ်းနိုင်ရေး မလေးရှားလေကြောင်းလိုင်း ဂြိုဟ်တုစနစ်အသုံးပြုမည်

**ကွာလာလမ်ပူ မေ ၂၀**

မလေးရှား လေကြောင်းလိုင်းသည် ယင်း၏ လေယာဉ်များအား ခရီးစဉ်ပျံသန်းနေစဉ်အတွင်း အခါမလပ် လေ့လာ စောင့်ကြည့်နိုင်စေရေး အတွက် အာကာသအခြေပြု လေယာဉ်ပျံသန်းမှု လေ့လာစောင့်ကြည့်ရေးစနစ်အသုံးပြုနိုင်ရန် အမေရိကန်နှင့် ဆွစ်ဇာလန်အခြေစိုက် ကုမ္ပဏီများနှင့် သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မေ ၂၀ ရက်တွင် သတင်းထုတ်ပြန်သည်။

မလေးရှား လေကြောင်းလိုင်း ကုမ္ပဏီသည် အမေရိကန် ပြည်ထောင်စု ဗာဂျီးနီးယားပြည်နယ် မက္ကလင်းမြို့အခြေစိုက် အဲရီယွန်ကုမ္ပဏီ၊ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာအခြေစိုက် စစ်တာယွန်အဲကုမ္ပဏီနှင့် အမေရိကန်ပြည်ထောင်စု တက္ကဆက်ပြည်နယ် ဟူစတန်မြို့အခြေစိုက် ဖလိုက်အဝဲ ကုမ္ပဏီတို့နှင့်အတူ ဂြိုဟ်တုစနစ်အသုံးပြုရေး သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့သည်။

အဆိုပါ သဘောတူညီချက်အရ မလေးရှားလေကြောင်းမှ ခရီးသည်တင်လေယာဉ်များသည် ကမ္ဘာ့ဝင်ရိုးစွန်းဒေသများနှင့် ဝေးလံသီခေါင်သော ပင်လယ်သမုဒ္ဒရာဒေသတို့ အပါအဝင် ကမ္ဘာ့မည်သည့်နေရာဒေသတွင်မဆို လေယာဉ်ရောက်ရှိနေသည့်နေရာကို လေ့လာစောင့်ကြည့်နိုင်မည်ဖြစ်သည်။

အဲရီယွန်ကုမ္ပဏီသည် ဗာဂျီးနီးယားပြည်နယ် မက္ကလင်းမြို့အခြေစိုက် အာရီဒီယမ်ဆက်သွယ်ရေး ကုမ္ပဏီနှင့်အတူ ဂြိုဟ်တုဆက်သွယ်ရေးကွန်ရက်သစ်တစ်ခုကို တည်ဆောက်လျက်ရှိသည်။ ယင်းဂြိုဟ်တုကွန်ရက်ဖြင့် ကမ္ဘာတစ်လွှား လေကြောင်းသွားလာမှုအရပ်ရပ်ကို လေ့လာစောင့်ကြည့်နိုင်မည်ဖြစ်သည်။ ဂြိုဟ်တုဆက်သွယ်ရေးကွန်ရက်သစ်ကို ၂၀၁၈ ခုနှစ်ထက်နောက်မကျဘဲ အပြီးတည်ဆောက်ရန် စီမံကိန်းရည်မှန်းချက်ချမှတ်ထားသည်။

နိုင်ငံတကာ ခရီးစဉ်များပျံသန်းသော လေယာဉ်များသည် ADS-B စနစ်ဟု သိရှိကြသည့် နည်းပညာဖြင့် မည်သည့်နေရာသို့ လေယာဉ်ရောက်ရှိနေသည်ကို အချက်ပြထုတ်လွှင့်နိုင်ပြီး အချက်ပြလှိုင်းများကို မြေပြင်သို့မဟုတ် အာကာသအတွင်းမှ ထောက်လှမ်းသိရှိနိုင်သည်။

မလေးရှား လေကြောင်းလိုင်းမှ ခရီးသည်တင်ဂျက်လေယာဉ်တစ်စင်းသည် ၂၀၁၄ ခုနှစ် မတ် ၈ ရက်က ကွာလာလမ်ပူမှ ပေကျင်းသို့ လူပေါင်း ၂၃၉ ဦးကို တင်ဆောင်လျက် ခရီးစဉ်ပျံသန်းလာစဉ် ထူးထူးဆန်းဆန်း ပျောက်ဆုံးသွားခဲ့သည်။ အာကာသအခြေပြု ထောက်လှမ်းရေးစနစ်ကို အသုံးပြုခြင်းဖြင့် မလေးရှားလေကြောင်းလိုင်းအနေဖြင့် ယင်း၏ လေယာဉ်များ မည်သည့်နေရာသို့ ရောက်ရှိနေသည်ကို အခါမလပ် သိရှိနိုင်မည်ဖြစ်သည်။ **ရိုက်တာ။**



## အခြေအနေရှုပ်ထွေးအောင် အမေရိကန်လုပ်ဆောင်ပါက ကြိုတင်လက်ဦးမှုယူ တိုက်ခိုက်မည်ဟု မြောက်ကိုရီးယားသတိပေး

**ဆိုးလ် မေ ၂၀**

အမေရိကန်ဘက်မှ ရှုပ်ရှုပ်ထွေးထွေး အခြေအနေဖြစ်အောင် ဖန်တီးလာမည်ဆိုပါက မိမိတို့က အလွန်လက်သံပြောင်သည့် ကြိုတင်လက်ဦးမှုယူတိုက်ခိုက်မှုတစ်ရပ်ကို ပြုလုပ်ရလိမ့်မည်ဖြစ်ကြောင်း မြောက်ကိုရီးယားနိုင်ငံပိုင် သတင်းဌာနက မေ ၂၀ ရက်တွင် သတိပေးလိုက်သည်။

မြောက်ကိုရီးယား၏ နျူကလီးယားအစီအစဉ် အဆုံးသတ်စေရေးအတွက် ယင်းနိုင်ငံအပေါ် ဖိအားပေးနိုင်မည့် နည်းလမ်းများကို ရှာဖွေနေသည်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ရက်စ်တီလာဆန်က ပြောကြားခဲ့ပြီးနောက် မြောက်ကိုရီးယား၏ သတိပေးချက်ပေါ်ထွက်လာခြင်း ဖြစ်သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်အပေါ် သဘောထားတင်းမာသည့် လက္ခဏာများကို ပြသလျက်ရှိသည်ဆို၏။

မြောက်ကိုရီးယားသည် ယင်း၏ အဓိကမဟာမိတ်တရုတ်နိုင်ငံ၏ စည်းရုံးနားချမှုကိုပယ်ချကာ နျူကလီးယားနှင့် ဒုံးလက်နက်အစီအစဉ်များကို ဆက်လက်အကောင်အထည်ဖော်လျက်ရှိသည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်များကိုအာခံလျက် ယင်းနိုင်ငံက လက်နက်အစီအစဉ်များကို ရှေ့တိုးဆောင်ရွက်နေခြင်းဖြစ်သည်။

ထိုစဉ်အတွင်း အမေရိကန်အောက်လွှတ်တော်ဥက္ကဋ္ဌပေါလ်ရန်းက မြောက်ကိုရီးယားနှင့်ပတ်သက်၍ ဝေဖန်ပြောကြားမှု ပြုလုပ်ခဲ့သည်။

အမေရိကန်အစိုးရသည် မြောက်ကိုရီးယားအရေးကို ကိုင်တွယ်ဆောင်ရွက်ရာ၌ စစ်ရေးနည်းလမ်းကို နည်းလမ်းတစ်ရပ်အဖြစ် ထားရှိသင့်သည်ဟု ပေါလ်ရန်းက ဗြိတိန်နိုင်ငံ လန်ဒန်မြို့၌ မူဝါဒရေးရာမဟာဗျူဟာဆွေးနွေးပွဲတစ်ရပ်တွင် ပြောကြားခဲ့သည်။

အမေရိကန်အစိုးရသည် ယခင်က စစ်ရေးနည်းလမ်းအသုံးပြုရန် လိုလားခြင်းမရှိခဲ့ကြောင်း၊ သို့ရာတွင် ယခုအချိန်တွင် ရွေးချယ်မှုများအားလုံးကို စဉ်းစားထားဖို့လိုအပ်ကြောင်း အမေရိကန်ကွန်ဂရက်လွှတ်တော်၏ ဝါရင့်ရီပတ်ဘလီကန် တစ်ဦးဖြစ်သူ ပေါလ်ရန်းက ပြောကြားသည်။

**ရိုက်တာ။**

# တိုင်းရင်းသားလူငယ်များအရည်အသွေးမြင့်မားရေး ပညာဒါနသင်တန်းများ သထုံတွင်ဖွင့်လှစ်



**သထုံ မေ ၂၀**
တိုင်းရင်းသားလူငယ်များ အရည်အသွေးမြင့်မားလာစေရေးအတွက် သထုံမြို့အခြေစိုက် ခွန်တန်နွယ်ပအိုဝ်းလူငယ်ကွန်ရက်က မွန်ပြည်နယ် သထုံမြို့နယ် နောင်ကုလားအလယ်ရွာ တိုက်ကျောင်းတွင် ယနေ့နံနက်က အသိအမြင်ဖွင့်စွမ်းရည်မြှင့် ပညာဒါနသင်တန်းများကို စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

"လူငယ်တွေရဲ့ အရည်အသွေးမြင့်မားဖို့အတွက် ဒီသင်တန်းကိုဖွင့်ပေးတာပါ။ ဒီခေတ်မှာ အရည်အသွေးမြင့်ဖို့ဆို ကွန်ပျူတာနဲ့ အင်္ဂလိပ်စာက တတ်ထားမှဖြစ်မယ်။ အဓိကက ဒါတွေကို တတ်စေချင်လို့ လုပ်ပေးတာပါ။ လူငယ်တွေ အရည်အချင်းပြည့်ဝနေမှ အမျိုးသားရေး၊ နိုင်ငံရေးလုပ်ငန်းစဉ်တွေထဲမှာ ပူးပေါင်းပါဝင်နိုင်မယ်။ နောက်ပြီး ဒီလိုသင်တန်းတွေကနေလည်း ရင်းနှီးမှုရပြီး အချင်းချင်းချိတ်ဆက်မှုလည်း ပိုပြီးအားကောင်းလာမယ်။ ခုသင်တန်းမှာလည်း မတူတဲ့ဒေသက ပအိုဝ်းတိုင်းရင်းသားလူငယ်တွေပါတယ်။ ဒီသင်တန်းပြီးလို့ သူတို့ဒေသတွေမှာ အလုပ်လျှောက်တဲ့ အခါပဲဖြစ်ဖြစ် ကျောင်းဆက်တက်တဲ့အခါပဲဖြစ်ဖြစ် အထောက်အကူအများကြီး ဖြစ်မှာပါ" ဟု ခွန်တန်နွယ်ပအိုဝ်းလူငယ်ကွန်ရက်မှ ဥက္ကဋ္ဌ ခွန်သက်မောင်မောင်က ပြောသည်။

သင်တန်းဖွင့်ပွဲတွင် ပအိုဝ်းနာယကဆရာတော်ကြီးများ၊ ပြည်နယ်ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ရွှေသင်းနှင့် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးခွန်သိန်းရွှေတို့က အမှာစကားများပြောကြားကြပြီး ခွန်တန်နွယ်ပအိုဝ်းလူငယ်ကွန်ရက် ဥက္ကဋ္ဌ ခွန်သက်မောင်မောင်က သင်တန်းဖွင့်လှစ်ရသည့်ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါပညာဒါနသင်တန်းတွင် မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးတို့မှ တိုင်းရင်းသားလူငယ် ၁၅၀ ခန့်အား ပအိုဝ်းစာပေ၊ ကွန်ပျူတာ၊ အင်္ဂလိပ်စာ၊ ပြည်သူ့နီတိ၊ လူထုသတင်းစာ ပညာနှင့် လူငယ်နှင့်ခေါင်းဆောင်မှုဆိုင်ရာသင်တန်းများကို မေ ၂၀ ရက်မှ စတင်ကာ တစ်လကြာ အခမဲ့ ဖွင့်လှစ်သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သက်ဦး(သထုံ)**

# သတ်မှတ်လမ်းကြောင်းအတိုင်းမောင်းနှင်ခြင်းမရှိသည့်လိုင်းကားအချို့ အရေးယူ



**ရန်ကုန် မေ ၂၀**
ရန်ကုန်မြို့လယ် လမ်းမကြီးငါးလမ်းပေါ် မြို့တွင်းအဝိုင်းပတ် ယာဉ်လိုင်းများမှ လိုင်းကားများသာ အရှေ့အနောက်တောက်လျှောက်မောင်းနှင်ခြင်းသာ တွေ့လာရသည်။

ယင်းလမ်းမကြီးများအနက်လေးလမ်းပေါ်တွင်တစ်လမ်းစီတွင်ယာဉ်လိုင်းတစ်မျိုးတည်းသာ တောက်လျှောက် မောင်းနှင်မှုရှိသည်အထိ မြို့တွင်းကားလမ်းများပေါ် လိုင်းကားများဖြင့်ပိတ်ဆို့နေတတ်သည့်မြင်ကွင်းများလျော့ကျလာသည်။

သို့သော်ညကြီးပိုင်းလိုင်းကားပြေးဆွဲနိုင်ခြင်းအားနည်းနေဆဲဖြစ်ရာ ကြားကားများအဖြစ် အမြန်မောင်းနေသောယာဉ်ငယ်များတရားမဝင်ဝင်ရောက်ပြေးဆွဲနေသောလိုင်းကားကြီးငယ်များမြို့လယ်လမ်းမများပေါ်ညစဉ် ၈ နာရီဝန်းကျင်မှစ၍မြင်တွေ့နေရဆဲရှိသည်။

ထောက်ကြန့် အနောက်ပိုင်းတက္ကသိုလ်ရွှေပြည်သာ(လိန်ကုန်း)မှ စံပြရုပ်ရှင်ရုံ မော်တင်ဂိတ်ဆုံးယာဉ်လိုင်းလေးလိုင်းမှယာဉ်များ အနော်ရထာလမ်းအတိုင်းစံပြရုံဘေးမှချိုးကွေ့သွားခွင့်မရှိပါ။ ဘုန်းကြီးလမ်းအတိုင်းဆင်း၍ကမ်းနားလမ်းမှကွေ့ကာ မဟာဗန္ဓုလလမ်းပေါ်ရှိဂိတ်ဖျားသို့ မောင်းနှင်ရသည်။

သို့သော် သခင်မြပန်းခြံသွားရန်နှင့်မော်တင်ဂိတ်ဖျားသွားရန်စံပြရုပ်ရှင်ရုံဘေး အနော်ရထာလမ်းအတွင်းသို့ယင်းနေရာအနီးရှိ ယာဉ်ထိန်းရုံအတွင်း တာဝန်ကျများမရှိ သည့်အချိန် နေ့စဉ်နီးပါးလိုင်းကား အချို့မောင်းနှင်ဝင်ရောက်လေ့ရှိသည်။

မေ ၁၈ ရက်နံနက်ပိုင်း ၈ နာရီဝန်းကျင်အနော်ရထာလမ်းအတွင်း စံပြရုံရှေ့မှချိုးကွေ့ဝင်လာသောယခင် BRT Lite လိုင်းအဝါမဟုတ်ဘဲ ယာဉ်လိုင်းနာမည်တပ်မြို့ပြင်ရှိမြို့များသို့ ပြေးဆွဲခဲ့သော YBS အမှတ်အသားပြည့်စုံစွာမမြင်တွေ့ရသောလိုင်းကားယာဉ်ကြီးတစ်စီးကို သက်ဆိုင်ရာကလှည့်ကင်းယာဉ်ဖြင့်စစ်ဆေးအရေးယူနေသည်ကို မြင်တွေ့ရသည်ဟု ယင်းနေရာအနီးဖြတ်သန်းသွားလာသူတစ်ဦးက ပြောပြသည်။

ယင်းသို့ အရေးယူခြင်းရှိခဲ့သော်လည်း GPS စနစ်တပ်ဆင်ထားခြင်းအချို့ရှိနေသည်ဆိုသောအနောက်ပိုင်းတက္ကသိုလ် မော်တင်ခရီးစဉ်ပြေးဆွဲနေသောယာဉ်လိုင်းမှယာဉ်ကြီးတစ်စီး ယနေ့နံနက် ၇ နာရီဝန်းကျင်တွင် သတ်မှတ်လမ်းကြောင်းကမ်းနားလမ်းမှမလာဘဲ ခရီးသည်တင်ဆောင်ထားပြီးအနော်ရထာလမ်းမှ မော်တင်အလယ်လမ်းအတွင်းမှဂိတ်သို့ဝင်လာသည်ကိုထပ်မံ မြင်တွေ့လာရသည်။

သို့ဖြစ်ရာယာဉ်လိုင်းစနစ်သစ်တွင်ဝင်ရောက်ပြေးဆွဲနေသော လိုင်းကားအချို့စည်းကမ်းတကျ မောင်းနှင်မှုအားနည်းနေခြင်းကို စောင့်ကြည့်ပစ္စည်းများဖြင့်ထိန်းသိမ်းဆောင်ရွက်ခြင်းအပြင် ဂိတ်ရင်းဂိတ်ဖျားနှင့်တကွယာဉ်များသွားလာရာလမ်းပေါ်ရှိယာဉ်လိုင်းဆိုင်ရာတာဝန်ထမ်းဆောင်သူများ၏စောင့်ကြည့်အရေးယူမှုသည် အဓိကကျနေပါသည်။

ယာဉ်လိုင်းလေးလိုင်း မြို့တွင်းပတ်ယာဉ်လိုင်းတစ်လိုင်းသာရှိသောမော်တင်ခုံးကျော်တံတားအတက်အဆင်းလှေကားအနီးရှိဂိတ်ဖျားနေရာတွင်ယခင်စနစ်ဟောင်းယာဉ်လိုင်းပေါင်းစုံစုဆုံနေစဉ်ကကဲ့သို့ကားဟွန်းသံမျိုးစုံအဆက်မပြတ်ကြားနေရခြင်း၊ ယာဉ်လိုင်းကားများခရီးသည်စောင့်ဆိုင်းတင် ဆောင်နေခြင်းကြောင့် ယာဉ်ပိတ်ဆို့နေခြင်း ခရီးသည်များလမ်းလယ်တွင်ယာဉ်ပေါ်အတက်အဆင်းပြုလုပ်နေရခြင်းများလျော့ပါးခြင်းမရှိဘဲ ဆက်လက်မြင်တွေ့နေရဆဲရှိသည်ဟုယင်းနေရာအနီးတိုက်ခန်းများတွင် နေထိုင်သူတစ်ဦးက ပြောသည်။ **(မောင်စေအောင်)**

# မုံရွာမြို့ အေးသာယာရပ်ရွှေသိမ်တော်ကျောင်းမုခ်ဦးရှေ့ စွန့်ပစ်ခဲ့သော ရက်ပိုင်းအရွယ်ယောကျ်ားကလေးကို မုံရွာတောင်ရဲကင်းမှူးမိသားစုကမွေးစား

**မုံရွာ မေ ၂၀**
မုံရွာမြို့ အေးသာယာရပ်ကွက် ရွှေသိမ်တော်ကျောင်းတိုက်မုခ်ဦးရှေ့တွင် မေ ၁၉ ရက် ည ၈ နာရီခန့်က စွန့်ပစ်ခဲ့သောရက်ပိုင်းကလေးငယ်ယောကျ်ားလေးကို ထိုနေ့ညတွင်ပင် မုံရွာတောင်ရပ်ကွက်ရဲကင်းမှူး ဒုတပ်ကြပ်တိုးဇော်မိသားစုကမွေးစားလိုက်ကြောင်း သိရသည်။

အဆိုပါစွန့်ပစ်ကလေးငယ်ကို ရွှေသိမ်တော်ကျောင်းတိုက်သံဃာတော်တစ်ပါးက အနောက်ဘက်မုခ်ဦးရှေ့၌ မေ ၁၉ ရက် ည ၈ နာရီခန့်က တွေ့ရှိခဲ့ရာ ရပ်ကွက် အုပ်ချုပ်ရေးမှူးကို အကြောင်းကြားသည့်အတွက် အုပ်ချုပ်ရေးအဖွဲ့က ရုံးသို့ကလေးအားခေါ်လာရာ ရပ်မိရပ်ဖများတာဝန်ရှိသူများ၏ရှေ့တွင် မုံရွာတောင်ရဲကင်းမှူးမိသားစုကမွေးစားခွင့်တောင်းခံခြင်းဖြစ်သည်။

"ကလေးကရက်သားလေးသာရှိသေးတဲ့ ယောကျ်ားလေးပါ။ ပစ်တာကအောက်ခံတောင်းအိပ်ရာခင်းနဲ့ထည့်ပြီး ဩဇာရွက်ကခင်းထားသေးတယ်။ ပြီးတော့နို့မှုန့်ထုပ်နဲ့အတူ ကျပ်တစ်သောင်းတန်နှစ်ရွက်လည်း ကလေးနဲ့အတူပါလာတာတွေ့ရပါတယ်။ ရွှေသိမ်တော်ကြီးသံဃာတော်တစ်ပါးက ကလေးကိုတွေ့ပြီး ကျွန်တော်တို့ဆီအကြောင်းကြားတော့ သွားကြည့်ပြီးရုံးခေါ်လာပါတယ်။ ရုံးမှာကလေးကို လာကြည့်တဲ့သူတွေကများပါတယ်။ သံဃာတစ်ပါးပြောတာတော့ကျောင်းပေါက်နား အမျိုးသမီးနှစ်ဦးက ဆိုင်ကယ်နဲ့လာပစ်သွားတာတွေ့လိုက်တယ်လို့ပြောပါတယ်။ အမှိုက်ပစ်တယ်ပဲထင်တာပေါ့။ ပြီးမှကလေးဖြစ်နေမှန်းသိတာပါ။ ကလေးကိုအဲဒီညမှာပဲ ဒုတပ်ကြပ်တိုးဇော်ကမွေးစားလိုက်ပါတယ်"ဟု အေးသာယာရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးသန်းထွန်းအောင်က ပြောပြသည်။

စွန့်ပစ်ကလေးငယ်ကို ဒုတပ်ကြပ်တိုးဇော်မွေးစားအပြီးတွင်ရပ်ကွက်အတွင်းမှမွေးစားလိုကြသူများပြော၍မေးမြန်းမှုများရှိသလို စွန့်ပစ်ကလေးငယ်များကိုကယ်ဆယ်စောင့်ရှောက်သည့်အဖွဲ့ကလည်းသတင်းကြား၍လာရောက်မေးမြန်းမှုများရှိခဲ့ကြောင်း ဦးသန်းထွန်းအောင်ကဆိုသည်။ကလေးကိုမွေးစားစောင့်ရှောက်လျက်ရှိသောဒုတပ်ကြပ်တိုးဇော်ကို ဆက်သွယ်မေးမြန်းကြည့်သောအခါ "ကျွန်တော်ကသမီးချည်းပဲ ခြောက်ယောက်ရှိတယ်။ သားယောကျ်ားလေးမရှိတဲ့အတွက် မိသားစုနဲ့တိုင်ပင်ပြီးမွေးစားဖြစ်တာပါ။သမီး ငါးယောက်က အိမ်ထောင်ကျသွားပြီ။ အခုဇနီးရယ်၊ ၆နှစ်သမီးလေးရယ်နေကြတာပါ။ သားယောကျ်ားလေးကလိုချင်နေကြတာပါ"ဟု ၎င်းကပြောပြသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

■



**❋ မြန်မာမှ**
ပွဲစကတည်းက နှစ်သင်းစလုံးတိုက်စစ်ဖွင့်ကစားခဲ့သောကြောင့် အပြန်အလှန်ရှိခဲ့ပြီး မိနစ် ၄၀ မှ အဖွင့်ဂိုးရခဲ့သည်။ မြန်မာအသင်းအတွက် အဖွင့်ဂိုးကို တိုက်စစ်မှူး ဝင်းနိုင်ထွန်းက သွင်းယူခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင် မြန်မာအသင်း ပိုဖိကစားနိုင်ခဲ့ပြီး တိုက်စစ်မှူးများဖြစ်သည့် ဝင်းနိုင်ထွန်းနှင့် ဟိန်းထက်အောင်တို့၏ တစ်ဦးချင်းစွမ်းဆောင်ရည်များကြောင့် ဟောင်အန်ဂယ်လိုင် ယူ-၁၉ အသင်းနောက်တန်း ပြိုဆင်းခဲ့ရသည်။ မြန်မာအသင်းအတွက် အနိုင်ဂိုးများကို ဟိန်းထက်အောင်က ၇၀၊ ၈၂ မိနစ်တွင် သွင်းယူခဲ့သည်။ အခြားပွဲတွင် တောင်ကိုရီးယားကလပ် ဂွမ်ဂျူး ယူ-၁၈ အသင်းက ဗီယက်နမ် ယူ-၁၉ အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

အုပ်စုပွဲစဉ်များအပြီးတွင် ဗီယက်နမ် ယူ-၁၉ အသင်းက ကိုးမှတ်၊ ဂွမ်ဂျူး ယူ-၁၈ (တောင်ကိုရီးယား)က ရှစ်မှတ်၊ မြန်မာ ယူ-၁၈ အသင်းက ခြောက်မှတ်၊ ဟောင်အန်ဂယ်လိုင် ယူ-၁၈ (ဗီယက်နမ်)က လေးမှတ်၊ တရုတ်(တိုင်ပေ) ယူ-၁၉ အသင်းက တစ်မှတ်တို့ ရရှိသည်။ အမှတ်အများဆုံးနှစ်သင်းဖြစ်သည့် ဗီယက်နမ် ယူ-၁၉ အသင်းနှင့် ဂွမ်ဂျူး ယူ-၁၈ (တောင်ကိုရီးယား)က ဗိုလ်လုပွဲ၊ မြန်မာ ယူ-၁၈ အသင်းနှင့် ဟောင်အန်ဂယ်လိုင် ယူ-၁၈ (ဗီယက်နမ်)က တတိယနေရာလုပွဲ ကစားရမည်ဖြစ်သည်။ တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲကို မေ ၂၂ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။ **သတင်း-ဖိုးသော်ဇင်**
**ဓာတ်ပုံ-MFF**

**❋ ကျောဖုံးမှ**
ဂိုးပြတ်အနိုင်ရမှသာ မျှော်လင့်နိုင်မည်ဖြစ်သည်။

မြန်မာကလပ်အသင်းများသည် AFC Cup ပြိုင်ပွဲတွင် ၂၀၁၂ ခုနှစ်မှစ၍ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရခဲ့ပြီး ယခင်ပြိုင်ပွဲကျင်းပသည့်ပုံစံအရ ရှုံးထွက် ၁၆ သင်းအဆင့်သာ အမြင့်ဆုံးတက်ရောက်ဖူးကြောင်း သိရသည်။ အာရှဘောလုံးအဖွဲ့ချုပ်သည် ယခုနှစ်တွင် ပြိုင်ပွဲကျင်းပသည့်ပုံစံပြောင်းလဲခဲ့ပြီး ဇုန်အလိုက်ခွဲ၍ ကျင်းပလျက်ရှိကာ မြန်မာကလပ်အသင်းများသည် အာဆီယံဇုန်တွင် ပါဝင်ခဲ့ခြင်းဖြစ်သည်။ **သတင်း-ရဲရင့်ရှိုင်း၊ ဓာတ်ပုံ-ဖိုးသော်ဇင်**

# လေလှိုင်းသယံဇာတ မျှတအောင်စီမံဖို့-၂

ဇေယျာ(မြန်မာ့အသံ)

**(ယမန်နေ့မှအဆက်)**

**ရုပ်သံလွှင့်ဥပဒေလိုအပ်**

အခုလို တင်ပြရတာကတော့ ရုပ်သံလွှင့်လှိုင်းနှုန်းစဉ်တွေဟာ နိုင်ငံသားအားလုံးနဲ့ဆိုင်တဲ့ အရေးအတွက် အကန့်အသတ်ရှိတဲ့ သယံဇာတတွေဖြစ်တဲ့အတွက် ဒါကို အသုံးပြုထုတ်လွှင့်ရတဲ့ ရုပ်သံလွှင့်မီဒီယာအပေါ်မှာ စီမံခန့်ခွဲရတာဟာ အခြားသော မီဒီယာအမျိုးအစားတွေနဲ့ မတူခြားနားတဲ့ သဘောသဘာဝရှိနေတာကို သတိပြုမိစေဖို့ပါ။ ရုပ်သံလွှင့်လုပ်ငန်းတွေကို နိုင်ငံသားတွေရဲ့ အကျိုးစီးပွားကိုရှေးရှုပြီး မျှမျှတတစီမံခန့်ခွဲဆောင်ရွက်ဖို့ဆိုတဲ့နေရာမှာတော့ အထက်ကတင်ပြခဲ့တဲ့ လေလှိုင်းသယံဇာတကို စီမံခန့်ခွဲသူက ပွင့်လင်းမြင်သာမှုရှိရှိနဲ့ အများလက်ခံနိုင်တဲ့ မူဘောင်၊ စည်းမျဉ်းစည်းကမ်းတွေကိုချမှတ်ပြီး အဂတိတရားကင်းစွာ စီမံခန့်ခွဲနိုင်ဖို့အတွက် နိုင်ငံတကာစံနှုန်းတွေနဲ့ ညီညွတ်တဲ့ ရုပ်သံလွှင့်ဥပဒေတစ်ရပ် အထူးလိုအပ်ပါတယ်။

**ရုပ်သံထုတ်လွှင့်မှု နည်းလမ်းများ**

ရုပ်သံလွှင့်လုပ်ငန်းလို့ ဆိုရာမှာတော့ ရုပ်သံအစီအစဉ်တွေကို ထုတ်လုပ်တဲ့အပိုင်းနဲ့ ထုတ်လွှင့်တဲ့အပိုင်းဆိုပြီး နှစ်ပိုင်းပါဝင်တဲ့အနက် သမားရိုးကျရုပ်သံထုတ်လွှင့်တဲ့အပိုင်းမှာ မြို့အလိုက် တာဝါတိုင်တွေထောင်ပြီး လွှင့်စက်တွေနဲ့ ထပ်ဆင့်လွှင့်စက်ရုံတွေကတစ်ဆင့်ထုတ်လွှင့်တဲ့ မြေပြင်အခြေစိုက်ရုပ်သံထုတ်လွှင့်နည်း၊ ဂြိုဟ်တုစလောင်းတွေကတစ်ဆင့် ရုပ်သံအစီအစဉ်တွေကို ရုပ်သံကြည့်ရှုသူတွေထံကို တိုက်ရိုက်ထုတ်လွှင့်နည်းနဲ့ ရုပ်သံအစီအစဉ်တွေကို အိမ်တိုင်ရာရောက် ကေဘယ်လ်ကြိုးများသွယ်တန်းပြီး ထုတ်လွှင့်တဲ့နည်းဆိုပြီး အဓိကထုတ်လွှင့်မှုအမျိုးအစား သုံးမျိုးရှိတာကိုတွေ့ရပါတယ်။ တိုးတက်လာတဲ့ နည်းပညာအရ အင်တာနက်ကတစ်ဆင့် ရုပ်သံအစီအစဉ် ထုတ်လွှင့်မှုတွေရှိလာပေမယ့် နိုင်ငံအတော်များများမှာတော့ အင်တာနက်ရုပ်သံထုတ်လွှင့်မှုကို သမားရိုးကျရုပ်သံထုတ်လွှင့်မှုလုပ်ငန်းတွေလို ဥပဒေတွေနဲ့ ကြီးကြပ်ဆောင်ရွက်တာမျိုးတွေ မတွေ့ရသေးပါဘူး။ လက်ရှိမြန်မာနိုင်ငံမှာ ရေးဆွဲပြဋ္ဌာန်းပြီးတဲ့ ရုပ်မြင်သံကြားနဲ့ အသံလွှင့်ခြင်းဆိုင်ရာ ဥပဒေမှာလည်း အင်တာနက် ရုပ်သံအစီအစဉ် ထုတ်လွှင့်ခြင်းကိစ္စတွေကို ဥပဒေအရဆောင်ရွက်ဖို့ ထည့်သွင်းဖော်ပြထားတာ မတွေ့ရပါဘူး။ လက်တွေ့မှာလည်း Youtube နဲ့ Netflix တို့လို ကျယ်ကျယ်ပြန့်ပြန့်ရောက်ရှိနေတဲ့ ပြည်ပအခြေစိုက် အင်တာနက်ရုပ်သံအစီအစဉ် ဝန်ဆောင်မှုတွေကို ဥပဒေနဲ့အညီ ကြီးကြပ်ဆောင်ရွက်နိုင်ခြင်း မရှိသေးခင်စပ်ကြားကာလမှာ ပြည်တွင်းအခြေစိုက် အင်တာနက်ရုပ်သံအစီအစဉ်ထုတ်လွှင့်မှုတွေကို ဥပဒေရေးဆွဲသတ်မှတ်ပြီး လိုက်နာဆောင်ရွက်စေမယ်ဆိုရင် မျှတမှုရှိမှာ မဟုတ်ပါဘူး။

ဒါပေမယ့် ကနေဒါအပါအဝင် နိုင်ငံအချို့မှာတော့ Netflix လို Over the Top (OTT) Platform အသုံးပြုတဲ့ ရုပ်သံအစီအစဉ် ဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်သူတွေကို သက်ဆိုင်ရာနိုင်ငံရဲ့ ရုပ်သံအစီအစဉ်ဆိုင်ရာ စံသတ်မှတ်ချက် (Content Standard) တွေကို လိုက်နာဖို့ ညှိနှိုင်းဆောင်ရွက်မှုတွေရှိနေပြီလို့ သိရပါတယ်။ ဒါဟာလည်း ဖြစ်သင့်တဲ့အခြေအနေတစ်ရပ်သာဖြစ်ပါတယ်။ ဥပမာ ပြည်တွင်းမှာ သမားရိုးကျ ရုပ်သံထုတ်လွှင့်သူတွေက သက်ဆိုင်ရာကထုတ်ပြန်တဲ့ ကြော်ငြာအစီအစဉ်ဆိုင်ရာ ကန့်သတ်ချက်တွေအပါအဝင် ရုပ်သံအစီအစဉ်ဆိုင်ရာ စံသတ်မှတ်ချက် (Content Standard) တွေကို သတိထားလိုက်နာ ဆောင်ရွက်နေရချိန်မှာ Online TV ထုတ်လွှင့်သူတွေရဲ့ ရုပ်သံအစီအစဉ်တွေနဲ့ စီးပွားရေးကြော်ငြာတွေမှာ သတ်မှတ်ချက်နဲ့မညီတဲ့ ရုပ်သံအစီအစဉ်တွေကို ထုတ်လွှင့်ပြသနေမယ်၊ အရက်၊ ဘီယာနဲ့ ဆေးလိပ်ကြော်ငြာတွေကို လှိုင်လှိုင်ကြီးထည့်သွင်းပြသနေမယ်ဆိုရင် ဘယ်လိုမှ ညီမျှတဲ့စီးပွားရေးပတ်ဝန်းကျင်ကောင်းတစ်ခုကို ဖန်တီးပေးနိုင်မှာ မဟုတ်ပါဘူး။

**ရုပ်သံလွှင့်လုပ်ငန်းလို့ ဆိုရာမှာတော့ ရုပ်သံအစီအစဉ်တွေကို ထုတ်လုပ်တဲ့အပိုင်းနဲ့ ထုတ်လွှင့်တဲ့အပိုင်းဆိုပြီး နှစ်ပိုင်းပါဝင်တဲ့အနက် သမားရိုးကျရုပ်သံထုတ်လွှင့်တဲ့အပိုင်းမှာ မြို့အလိုက် တာဝါတိုင်တွေထောင်ပြီး လွှင့်စက်တွေနဲ့ ထပ်ဆင့်လွှင့်စက်ရုံတွေကတစ်ဆင့်ထုတ်လွှင့်တဲ့ မြေပြင်အခြေစိုက်ရုပ်သံထုတ်လွှင့်နည်း၊ ဂြိုဟ်တုစလောင်းတွေကတစ်ဆင့် ရုပ်သံအစီအစဉ်တွေကို ရုပ်သံကြည့်ရှုသူတွေထံကို တိုက်ရိုက်ထုတ်လွှင့်နည်းနဲ့ ရုပ်သံအစီအစဉ်တွေကို အိမ်တိုင်ရာရောက် ကေဘယ်လ်ကြိုးများသွယ်တန်းပြီး ထုတ်လွှင့်တဲ့နည်းဆိုပြီး အဓိကထုတ်လွှင့်မှု အမျိုးအစား သုံးမျိုးရှိတာကိုတွေ့ရပါတယ်။**

အထက်မှာတင်ပြခဲ့တဲ့ ရုပ်သံအစီအစဉ်ထုတ်လွှင့်မှုနည်းလမ်းသုံးမျိုးမှာလည်း အထူးသဖြင့် မြေပြင်အခြေစိုက် ရုပ်သံထုတ်လွှင့်တဲ့ နည်းလမ်းကသာ နိုင်ငံတော်ရဲ့ အကန့်အသတ်ရှိတဲ့ လေလှိုင်းသယံဇာတကို အများဆုံးအသုံးပြုနေတာဖြစ်တဲ့အတွက် ဒီနည်းနဲ့ ရုပ်သံလွှင့်ဝန်ဆောင်မှုလုပ်ငန်းကို ဆောင်ရွက်နေကြတဲ့ (ဆောင်ရွက်ကြမည့်) လုပ်ငန်းရှင်တွေအတွက် လုပ်ပိုင်ခွင့် (လိုင်စင်) ချထားပေးရာမှာ တတ်နိုင်သမျှ ပွင့်လင်းမြင်သာမှုရှိဖို့နဲ့ အဂတိတရားကင်းရှင်းဖို့ အထူးလိုအပ်ပါတယ်။ နိုင်ငံတကာမှာတော့ ဒီလိုလုပ်ပိုင်ခွင့် လုပ်ငန်းလိုင်စင်တွေကို ချထားပေးဖို့အတွက် နည်းပညာ၊ ရုပ်သံလွှင့်လုပ်ငန်း၊ ဥပဒေပညာ၊ စားသုံးသူကာကွယ်ရေး၊ ယဉ်ကျေးမှုနဲ့ ပညာရေးစတဲ့ နယ်ပယ်အသီးသီးက ကျွမ်းကျင်သူတွေနဲ့ ပြည်သူ့ကိုယ်စားပြု အစုအဖွဲ့အသီးသီးကို ကိုယ်စားပြုသူတွေနဲ့ အစိုးရပိုင်းကခန့်အပ်တဲ့ ကျွမ်းကျင်သူတွေ ပေါင်းစပ်ပြီး ဖွဲ့စည်းထားတဲ့ သီးခြားလွတ်လပ်တဲ့ လှိုင်းနှုန်းစဉ် စီမံခန့်ခွဲရေးအဖွဲ့အစည်းများ (Regulators)က တာဝန်ယူစီမံကြီးကြပ်ခန့်ခွဲဆောင်ရွက်ရပါတယ်။ ကိုယ်စားပြုသူတွေ ရွေးချယ်ခန့်ထားမှုနဲ့ ဖွဲ့စည်းမှုပုံသဏ္ဌာန်တွေကတော့ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ မတူညီကြပါဘူး။ ဒီလိုအဖွဲ့အစည်း (Regulator) တွေကပဲ ရုပ်သံလွှင့်လုပ်ငန်း လုပ်ပိုင်ခွင့် (လိုင်စင်)တွေကို သတ်မှတ်စည်းမျဉ်းစည်းကမ်းတွေနဲ့အညီ မျှမျှတတ ဆောင်ရွက်ခွင့်ပြုတာဖြစ်ပါတယ်။

**လှိုင်းနှုန်းစဉ် စီမံခန့်ခွဲရေး အဖွဲ့အစည်း**

ဒီလို လှိုင်းနှုန်းစဉ် စီမံခန့်ခွဲရေးအဖွဲ့အစည်း (Regulator) ကို ဖွဲ့စည်းရာမှာလည်း ရုပ်သံလွှင့်လှိုင်းနှုန်းစဉ်ကိုသာ စီမံခန့်ခွဲရတဲ့ Broadcast Regulator၊ ဆက်သွယ်ရေးလှိုင်းနှုန်းစဉ်တွေကိုသာ စီမံခန့်ခွဲရတဲ့ Telecom Regulatorနဲ့ ရုပ်သံလွှင့်နဲ့ ဆက်သွယ်ရေးလှိုင်းနှုန်းစဉ်တွေ အပါအဝင် လှိုင်းနှုန်းစဉ်အားလုံးကို စီမံခန့်ခွဲရတဲ့ Combined Regulator ဆိုပြီး သုံးမျိုး ကွဲပြားနေတာကိုတွေ့ရပြန်ပါတယ်။ လက်ရှိထိုင်းနိုင်ငံရဲ့ လှိုင်းနှုန်းစဉ် စီမံခန့်ခွဲမှုအဖွဲ့ဖြစ်တဲ့ အမျိုးသားရုပ်သံလွှင့်နှင့်ဆက်သွယ်ရေးကော်မရှင် (NBTC)ဟာ Combined Regulator တစ်ခုဖြစ်ပါတယ်။ ဒါ့အပြင် လှိုင်းနှုန်းစဉ်စီမံခန့်ခွဲမှုလုပ်ငန်းဟာ ဆက်သွယ်ရေးကဏ္ဍနဲ့ လုပ်ငန်းသဘာဝအရ ပိုမိုနီးစပ်ဆက်သွယ်မှုရှိနေတာကြောင့် အချို့သော Combined Regulator များဟာ ရုပ်သံလွှင့်လုပ်ငန်းနဲ့ ဆက်သွယ်ရေးလုပ်ငန်းများအပြင် အင်တာနက်ဝန်ဆောင်မှုလုပ်ငန်းကဲ့သို့ ICT ကဏ္ဍဝန်ဆောင်မှုလုပ်ငန်းများကိုပါ ဥပဒေ၊ နည်းဥပဒေများပြဋ္ဌာန်းပြီး ကြီးကြပ်စီမံခန့်ခွဲရတာတွေကိုလည်း တွေ့ရှိရပါတယ်။ နိုင်ငံအများစုမှာတော့ ဒီလိုရုပ်သံလွှင့်လုပ်ငန်း၊ ဆက်သွယ်ရေးလုပ်ငန်းနဲ့ ICT လုပ်ငန်းများဟာ ဆက်သွယ်ရေးကဏ္ဍဆိုင်ရာ ဝန်ကြီးဌာနတစ်ခုတည်းရဲ့ စီမံခန့်ခွဲမှုနဲ့သာ သက်ဆိုင်တဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေဖြစ်တဲ့အတွက် ဒီကဏ္ဍအားလုံးအတွက် လှိုင်းနှုန်းစဉ် သတ်မှတ်ခွဲဝေမှုတွေနဲ့ စီမံခန့်ခွဲမှုအရပ်ရပ်ကို Combined Regulator တစ်ခုတည်းကသာ ဆောင်ရွက်တဲ့အခါမှာ များစွာအခက်အခဲမရှိခဲ့ကြောင်း တွေ့ရှိရပါတယ်။

**နိုင်ငံတွင်းလှိုင်းနှုန်းစဉ် စီမံခန့်ခွဲမှု**

မြန်မာနိုင်ငံမှာတော့ ရုပ်သံလွှင့်လုပ်ငန်းနဲ့ ဆက်သွယ်ရေးလုပ်ငန်းတို့ဟာ သီးခြားဝန်ကြီးဌာနများရဲ့ စီမံခန့်ခွဲမှုများနဲ့ ဆောင်ရွက်လျက်ရှိတဲ့ ဝန်ဆောင်မှုလုပ်ငန်းများအဖြစ် လည်ပတ်လျက်ရှိနေဆဲဖြစ်တဲ့အတွက် သက်ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများအတွက် လှိုင်းနှုန်းစဉ်စီမံခန့်ခွဲမှုကို တာဝန်ယူထားတဲ့ အဖွဲ့အစည်းတွေဟာလည်း သီးခြားအဖွဲ့အစည်းတွေအဖြစ် တွေ့မြင်ရမှာဖြစ်ပါတယ်။ ဆက်သွယ်ရေးကဏ္ဍ ဝန်ဆောင်မှုလုပ်ငန်းများအတွက် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနရှိ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိပြီး ရုပ်သံလွှင့်ဝန်ဆောင်မှု လုပ်ငန်းများအပါအဝင် နိုင်ငံအတွင်း ကဏ္ဍအသီးသီးအတွက်လိုအပ်တဲ့ လှိုင်းနှုန်းစဉ်သတ်မှတ်မှုတွေကိုလည်း အပြည်ပြည်ဆိုင်ရာ ကြေးနန်းဆက်သွယ်ရေးအဖွဲ့ချုပ် (ITU)ရဲ့ သတ်မှတ်ပြဋ္ဌာန်းချက်တွေနဲ့အညီ လှိုင်းနှုန်းမှတ်ပုံတင်ခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ပို့ဆောင်ရေးနဲ့ ဆက်သွယ်ရေးဝန်ကြီးဌာနရဲ့ တရားဝင်အင်တာနက်စာမျက်နှာဖြစ်တဲ့ www.mict.gov.mm မှာဖော်ပြထားချက်အရ လက်ရှိဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနရဲ့ လုပ်ငန်းဆောင်ရွက်မှုတွေကို လေ့လာကြည့်မယ်ဆိုရင် အောက်ပါအတိုင်း လုပ်ငန်းကဏ္ဍသုံးရပ်ကို အဓိက တာဝန်ယူဆောင်ရွက်နေတာကို တွေ့ရှိရမှာဖြစ်ပါတယ် -

(၁) **လိုင်စင်အမျိုးမျိုးအတွက် လိုင်စင်နှင့်အခွန်ကောက်ခံခြင်း**။ နိုင်ငံတော်ဘဏ္ဍာငွေတိုးတက်ရရှိရန်အတွက် ဆက်သွယ်ရေးစက်ပစ္စည်းဆိုင်ရာ လိုင်စင်အမျိုးမျိုးထုတ်ပေးခြင်းနှင့် အခွန်အခကောက်ခံခြင်းကို ဥပဒေလုပ်ထုံး လုပ်နည်းများ ထုတ်ပြန်ခြင်း၊

(၂) **ရေဒီယိုအော်ပရေတာစာမေးပွဲစစ်ဆေးခြင်း**။ အပြည်ပြည်ဆိုင်ရာ ကြေးနန်းဆက်သွယ်ရေးအဖွဲ့ချုပ် (ITU)၏ ဆုံးဖြတ်ချက်၊ ပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံတကာအဆင့်အတန်းမီ ရေဒီယိုအော်ပရေတာလက်မှတ်များထုတ်ပေးခြင်း၊

(၃) **ရေဒီယိုလှိုင်းနှုန်းသတ်မှတ်ပေးခြင်းနှင့် ကြီးကြပ်ပေးခြင်း**။ နိုင်ငံတော်အတွင်းရှိ ဌာနဆိုင်ရာနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများ အသုံးပြုသော ဆက်သွယ်ရေးလွှင့်ဖမ်းစက်များ၏ ရေဒီယိုလှိုင်းနှုန်းများကို သတ်မှတ်ပေးခြင်း၊ အိုင်တီယူမှ သတ်မှတ်ပြဋ္ဌာန်းချက်နှင့်အညီ ရေဒီယိုလှိုင်းများ မှတ်ပုံတင်ခြင်း၊ ညှိနှိုင်းပေးခြင်း၊ ခွင့်ပြုထားသော လှိုင်းနှုန်းများကို သတ်မှတ်ချက်များနှင့်အညီ သုံးစွဲမှုရှိ၊ မရှိ စိစစ်ခြင်း၊ စက်မှုပိုင်းဆိုင်ရာ စံချိန်စံညွှန်းပြည့်မီရေးအတွက် ထိန်းကျောင်းပေးခြင်းနှင့် လှိုင်းနှုန်းတိုင်းတာစစ်ဆေးရေးလုပ်ငန်းများဆောင်ရွက်ခြင်း။

**ရုပ်သံလွှင့်လှိုင်းနှုန်းစဉ်များ အပြည့်အဝအသုံးချနိုင်ရေး အရေးကြီး**

ဒါကြောင့် လက်ရှိအချိန်မှာ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက သတ်မှတ်ပေးတဲ့ နိုင်ငံတွင်း ရုပ်သံလွှင့်လှိုင်းနှုန်းစဉ်တွေကို ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် ကာကွယ်ရေးဝန်ကြီးဌာန မြဝတီရုပ်မြင်သံကြား စသဖြင့် အစိုးရရုပ်သံလွှင့်ဌာနများက လောလောဆယ်မှာ ခွဲဝေအသုံးပြုလျက်ရှိနေတာဖြစ်ပါတယ်။ ဒီလို ဆောင်ရွက်ခွင့်ပြုထားပေမယ့် တစ်နိုင်ငံလုံးအနှံ့ ထုတ်လွှင့်ရတဲ့ ရုပ်သံလွှင့်လုပ်ငန်းတွေရဲ့ ရင်းနှီးမြှုပ်နှံမှုပမာဏ များပြားလွန်းခြင်းအပါအဝင် အခြားအခြားသော ကန့်သတ်ချက်တွေကြောင့် ခွဲဝေသတ်မှတ်ထားတဲ့ ရုပ်သံလွှင့်လှိုင်းနှုန်းစဉ် သို့မဟုတ် လေလှိုင်းသယံဇာတကို အစိုးရရုပ်သံလွှင့်ဌာနများချည်း သက်သက်ဖြင့် အပြည့်အဝအသုံးပြု ထုတ်လွှင့်ဖို့မဖြစ်နိုင်ပါဘူး။ အမှန်တော့ လေလှိုင်းသယံဇာတ (ရုပ်သံလွှင့်လှိုင်းနှုန်း) တွေဟာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ရေးတို့အတွက် အကျိုးရှိရှိနဲ့ ထိထိရောက်ရောက် အသုံးချနိုင်ဖို့လိုပါတယ်။ တစ်နည်းအားဖြင့် နိုင်ငံသားများရဲ့ အသိပညာရေချိန်မြှင့်တင်ရေး၊ သတင်းအချက်အလက်ဖြန့်ချိမှု လျင်မြန်သွက်လက်စေရေးနဲ့ နိုင်ငံသားများရဲ့ သတင်းသိပိုင်ခွင့်ကို မြှင့်တင်ရေးတို့အတွက် လက်ရှိသုံးစွဲနိုင်သမျှ ရုပ်သံလွှင့်လှိုင်းနှုန်းတွေကို အလွတ်မထားဘဲ သုံးနိုင်သမျှ အစွမ်းကုန် အသုံးပြုသင့်လှပါတယ်။

ဒါပေမယ့် တစ်ဖက်မှာလည်း စီးပွားရေးအကျိုးအမြတ်ကြီးမားတဲ့ ရုပ်သံလွှင့်မီဒီယာလောကရဲ့ ဈေးကွက်အခြေအနေ၊ နိုင်ငံရဲ့ နိုင်ငံရေး၊ လူမှုရေးနဲ့ ယဉ်ကျေးမှုအပေါ် ကြီးမားစွာသက်ရောက်နိုင်တဲ့ မီဒီယာဩဇာကြီးမှုနဲ့ အရေးအတွက် အကန့်အသတ်နဲ့သာရှိတဲ့ ရုပ်သံလွှင့်လှိုင်းနှုန်းရဲ့ တန်ဖိုးကြီးမားမှုတို့ကြောင့် ဒီလိုလေလှိုင်းသယံဇာတခွဲဝေရေးလုပ်ငန်းမှာ အမှားအယွင်းနဲ့ အတိမ်းအစောင်း နည်းနိုင်သမျှနည်းအောင် ဥပဒေ၊ နည်းဥပဒေနဲ့ စည်းမျဉ်းသတ်မှတ်ချက်တွေ တိတိကျကျ ရေးဆွဲပြဋ္ဌာန်းနိုင်ဖို့နဲ့ အဲဒီစည်းမျဉ်းစည်းကမ်းနဲ့ လုပ်ထုံးလုပ်နည်းတွေအတိုင်းကိုပဲ စီမံခန့်ခွဲသူ (Regulator)တွေက နိုင်ငံသားတိုင်းအတွက် တိတိကျကျ မျှမျှတတ အခွင့်အလမ်းဖော်ဆောင်ပေးဖို့ အထူးပဲလိုအပ်လှပါတယ်။

**နိုင်ငံတော်ကသာ ဆောင်ရွက်ခွင့်ရှိသည့် စီးပွားရေးလုပ်ငန်း**

ဒီလို ဖော်ဆောင်ပေးနိုင်ဖို့အတွက် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်းတွေကို မျှမျှတတ စီမံခန့်ခွဲနိုင်မည့် ဥပဒေတစ်ရပ်လည်း လိုအပ်ပါတယ်။ မြန်မာနိုင်ငံမှာတော့ ရုပ်မြင်သံကြားနဲ့ အသံထုတ်လွှင့်ခြင်းလုပ်ငန်းဟာ ခေတ်အဆက်ဆက် ဥပဒေတွေအရ နိုင်ငံတော်အစိုးရကသာ ဆောင်ရွက်ခွင့်ရှိတဲ့ စီးပွားရေးဝန်ဆောင်မှုလုပ်ငန်းအဖြစ် သတ်မှတ်ထားခဲ့တာကို တွေ့ရပါတယ်။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ၁၉၈၉ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ ဥပဒေအမှတ် (၉/၈၉) နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများဥပဒေ အခန်း (၂) အစိုးရက လုပ်ကိုင်ဆောင်ရွက်သည့် စီးပွားရေးလုပ်ငန်းများ အပိုဒ် (၃-ဈ) တွင် “အသံလွှင့်လုပ်ငန်းနှင့် ရုပ်မြင်သံကြား ထုတ်လွှင့်ခြင်းလုပ်ငန်းများကို နိုင်ငံတော်အစိုးရကသာ နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းအဖြစ် လုပ်ကိုင်ဆောင်ရွက်ရန်”ဟူ၍လည်းကောင်း၊ ယင်းဥပဒေ၏ ပုဒ်မ ၄ တွင် “အဆိုပါ စီးပွားရေးလုပ်ငန်းကို ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ အကျိုးစီးပွားအလို့ငှာ အစိုးရနှင့် အခြားမည်သည့်ပုဂ္ဂိုလ် (သို့မဟုတ်) မည်သည့် စီးပွားရေး အဖွဲ့အစည်းကမဆို ဖက်စပ်လုပ်ကိုင်ဆောင်ရွက်ရန်ဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးဦး (သို့မဟုတ်) စီးပွားရေးအဖွဲ့အစည်း တစ်ခုခုက စည်းကမ်းသတ်မှတ်ချက်ဖြင့် လုပ်ကိုင်ဆောင်ရွက်နိုင်ရန်ဖြစ်စေ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ခွင့်ပြုနိုင်သည်” ဟူ၍လည်းကောင်း ဖော်ပြထားတာကို တွေ့နိုင်ပါတယ်။

**(ဆက်လက်ဖော်ပြပါမည်)**

# တာချီလိတ်မြို့၌ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကျင်းပ

**တာချီလိတ် မေ ၂၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့၌ ဒေသအလိုက် ကျင်းပသော အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို မေ ၂၀ ရက် နံနက် ၁၀ နာရီက တာချီလိတ် ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ တာချီလိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေက အဖွင့် အမှာစကားပြောကြားပြီး လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံရေး ပါတီများနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းများမှ တက်ရောက် လာသူများက နိုင်ငံများ၏အခွင့်အရေး၊ ကျား/မ တန်းတူရေး နှင့် နိုင်ငံသားပြုခြင်းဆိုင်ရာစသည့် ဒီမိုကရေစီစနစ်ဆိုင်ရာ ကိစ္စရပ်နှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာကိစ္စရပ်များ၊ တိုင်းရင်းသား လူမျိုး များအလိုက် ခံစားသင့်ခံစားထိုက်သော လူမျိုးရေးဆိုင်ရာ စုပေါင်းအခွင့်အရေးကိစ္စရပ်များဖြစ်သည့် တိုင်းရင်းသား လူမျိုးများ၏ စာပေ၊ ယဉ်ကျေးမှု၊ ဘာသာစကားနှင့် သမိုင်း ဖော်ထုတ်သင်ကြားရေးဆိုင်ရာကိစ္စရပ်များ၊ တိုင်းရင်းသား လူမျိုးများ၏ ဓလေ့ထုံးတမ်းဥပဒေများ၊ မြေယာပိုင်ဆိုင်ခြင်း၊ အမွေခွဲဝေခြင်းနှင့် တရားစီရင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ တိုင်းရင်းသားလူမျိုးများ၏ ပညာရေးနှင့် ကျန်းမာရေး ဆိုင်ရာကိစ္စရပ်များ၊ သဘာဝသယံဇာတ စီမံခန့်ခွဲခြင်း/ ခွဲဝေခြင်းဆိုင်ရာမူဝါဒ၊ ဖက်ဒရယ်စနစ်ကို အခြေခံသော မြေယာမူဝါဒစသည့် ဒေသန္တရဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ် များကို ကဏ္ဍအလိုက်ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲသို့ လွှတ်တော်သုံးရပ်မှ လွှတ်တော် ကိုယ်စားလှယ်များ၊ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ




တာချီလိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေနှင့် ခရိုင်/ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ တပ်မတော်မှ တာဝန်ရှိ သူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ တက်ရောက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**(၁၁၁)**



# လျှပ်စစ်ဓာတ်အားခန့်မှန်းထားဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် မေ ၂၀**

ပထမအကြိမ် လျှပ်စစ်ဓာတ်အားခန့်မှန်းထားဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီတွင် လျှပ်စစ် နှင့် စွမ်းအင်ဝန်ကြီးဌာန ရုံးအမှတ်(၂၇) ရတနာခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်သူ့လွှတ်တော် လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေးကော်မတီအဖွဲ့ဝင်များ၊ တိုင်း ဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ လျှပ်စစ်နှင့် စွမ်းအင် ဆိုင်ရာဝန်ကြီးများ၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် တိုင်းဒေသကြီး/ပြည်နယ် အင်ဂျင်နီယာ ချုပ်များ တက်ရောက်ခဲ့ကြသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီး ဌာနတာဝန်ရှိသူများက ဌာနတွင်းဆွေးနွေးပွဲများ၏ စိစစ် သုံးသပ်တွေ့ရှိချက်များကို ဆွေးနွေးခဲ့ကြပြီး ဆွေးနွေး မှုများအပေါ် တက်ရောက်လာသူများက ဝိုင်းဝန်းညှိနှိုင်း ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# စွန့်လွှတ်မြေများ တောင်သူများထံပြန်ပေးရန် လာရောက်တိုင်းထွာ

**ထန်းတပင် မေ ၂၀**

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင် မြို့နယ် ကွင်းအမှတ်(၂၄၄)ရှိ တောင်သူများ၏ မြေနေရာများကို လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနက မေ ၂၀ ရက်မွန်းလွဲပိုင်းက မြေနေရာ လာရောက်တိုင်းထွာပေးခဲ့ကြောင်း သိရသည်။

အဆိုပါတောင်သူများ၏ မြေနေရာ များမှာ ကာလကြာမြင့် သိမ်းဆည်း ခံခဲ့ရခြင်းဖြစ်ပြီး ယခုအခါ မြေနေရာ များကို ပြန်လည်ရရှိတော့မည်ဖြစ်၍ တောင်သူများ ဝမ်းသာကြည်နူးလျက် ရှိကြောင်း သိရသည်။

ထန်းတပင်မြို့နယ် လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီး ဌာနမှ တာဝန်ရှိသူက "ရေနံမြေဆိုပြီး နာမည်ပေါက်ခဲ့တာပါ။ ဝန်ကြီးဌာနက ပြန်စွန့်လွှတ်တဲ့အပေါ်မှာ တောင်သူ တွေပြန်လျှောက်ခဲ့လို့ ၁၉ ဒသမ ၈၄ ဧက မြေနေရာကို ပြန်လည်တိုင်းထွာ ပေးတာပါ။ ကွင်းအမှတ်ကတော့ (၂၄၄)ဖြစ်ပါတယ်" ဟု ပြောသည်။

ထန်းတပင်မြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ မဲဆန္ဒ နယ်မြေ(၁)မှ ဦးအောင်ဘုန်းကျော်စံဦး က "ဒီနေ့မြေစာရင်းဦးစီးဌာနက လာရောက်တိုင်းထွာဖို့ကို မနေ့ကပဲ အစည်းအဝေးလုပ်ခဲ့ပါတယ်။ မြေ စာရင်းကပေးတဲ့ စာရင်းအရ ၁၉ ဒသမ ၈၄ ဧက ရှိပေမယ့် မြေပြင် အနေအထား တိုင်းထွာချက်အရ ၂၇ ဧကကျော်ရှိနေတာတွေ့ရပါတယ်။ ဘာပဲဖြစ်ဖြစ် ဒီတောင်သူတွေ အတွက် လယ်ယာမြေပြန်ရတော့မှာမို့ သူတို့ပျော်မှာပါ။ လယ်သမားတွေ စိတ်ချမ်းသာမယ်လို့ မျှော်လင့် ပါတယ်"ဟု ဆိုသည်။

အဆိုပါ တောင်သူဦးကြီးများ၏ မြေနေရာများမှာ ၁၉၇၁ ခုနှစ်မှ စတင်၍ မြေနေရာ သိမ်းဆည်းခံ ခဲ့ရခြင်းဖြစ်ပြီး ယခုအခါ လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီး ဌာနက မြေနေရာလာရောက်တိုင်းထွာ ပေးခဲ့သောကြောင့် တောင်သူများ ဝမ်းသာကြည်နူးလျက်ရှိကြောင်း သိရ သည်။

**(စိုးဝင်း-MLA)**



# ကမ်းပြိုအန္တရာယ်ကြောင့် ပြောင်းရွှေ့ခဲ့ရသော နေအိမ်ကိုးလုံးအား ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့

**ငါးသိုင်းချောင်း မေ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့ သောင်ကြီးကျေးရွာအုပ်စု သောင်ကြီးရွာအထက်ပိုင်း ငဝန်မြစ်ကမ်းဘေးတစ်လျှောက် မေ ၁၉ ရက် မှစတင်၍ မြစ်ကမ်းပါးများပြိုကျမှုကြောင့် ကမ်းပြိုအန္တရာယ်ရှိသော မြစ်ကမ်းပါးရှိနေအိမ် ကိုးလုံး၊ အိမ်ထောင်စု ကိုးစု၊ လူဦးရေ ၄၂ ဦးအား ဘေးလွတ်ရာသို့ အချိန်မီရွှေ့ပြောင်းပေးခဲ့ရပြီး လက်ရှိအချိန်တွင် ကျေးရွာ အတွင်းရှိ ဆွေမျိုးသားချင်းနေအိမ်များတွင် ယာယီပြောင်းရွှေ့နေထိုင်လျက် ရှိကြောင်း သိရသည်။

ဆက်လက်၍ မေ ၂၀ ရက် မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသန်းစိုးနှင့် ပုသိမ်ခရိုင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးလူမော်ဦးဆောင်သော သက်ဆိုင်ရာဌာနဆိုင်ရာတာဝန်ရှိသူများ အဆိုပါကျေးရွာသို့ရောက်ရှိခဲ့ပြီး မြစ်ကမ်းပါးပြိုကျမှုကြောင့် ပြောင်းရွှေ့ခဲ့ရသော အိမ်ထောင်စု ကိုးစုအတွက် တစ်အိမ်ထောင်လျှင် ငွေကျပ် ၁၀၀၀၀၀၊ လူဦးရေ ၄၂ ဦးအတွက် လူတစ်ဦးလျှင် တစ်ရက်စာ ကျပ် ၃၀၀ နှုန်းဖြင့် ခုနစ်ရက်စာ ကျပ် ၂၁၀၀ နှုန်း၊ တစ်အိမ်ထောင် လျှင် ပုဆိုးတစ်ထည်၊ လုံချည်တစ်ထည်၊ ဆပ်ပြာ သုံးတုံး၊ မျက်နှာသုတ်ပဝါ အကြီး တစ်ထည် စုစုပေါင်းကာလတန်ဖိုး ကျပ် ၁၀၄၂၂၀၀ အား လာရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်းနှင့် သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူများက ကမ်းပြိုအန္တရာယ်ကို ဆက်လက်သတိထားစောင့်ကြည့်လျက် ကမ်းပြိုအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုမရှိစေရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုးမင်းဦး(ပြန်/ဆက်)**



# ဒေသအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကျင်းပနိုင်ရေး ကြိုတင်ညှိနှိုင်း

**တောင်ကြီး မေ ၂၀**

ရှမ်းပြည်နယ်ဒေသအလိုက် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပရန် အကြိုညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီက ရှမ်းပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲသို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပအိုဝ်းနှင့် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီး ဥက္ကဋ္ဌများ၊ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ဒေသအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ ပြောကြားသည်။ ဆက်လက်၍ အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးစိုးစိုးဇော်က ဦးစီးကော်မတီတစ်ခု၊ ဆပ်ကော်မတီ ၁၂ ခုဖွဲ့စည်းထားရှိမှုနှင့် လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများနှင့် ဆပ်ကော်မတီဥက္ကဋ္ဌ အတွင်းရေးမှူးက လိုအပ်ချက် များ တင်ပြကြသည်။

ထို့နောက် တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။ ရှမ်းပြည်နယ်ဒေသအလိုက်အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲကို တောင်ကြီးမြို့ မြို့တော်ခန်းမ၌ မေ ၂၃၊ ၂၄၊ ၂၅ ရက်တို့တွင် ကျင်းပမည်ဖြစ်ပြီး နိုင်ငံရေး၊ စီးပွားရေး၊ မြေယာနှင့် သဘာဝသယံဇာတ ဆိုင်ရာစာတမ်းများ ဖတ်ကြားကြမည်ဖြစ်သည်။ ထိုဆွေးနွေးပွဲမှ ပေါ်ထွက်လာ သည့် ရလဒ်များအား ဒုတိယအကြိမ် (၂၁)ရာစုပင်လုံညီလာခံသို့ ဆက်လက် တင်ပြမည်ဖြစ်ကြောင်း သိရသည်။ **နိုင်ထွန်း(TGI)**

# အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် ဂျပန်နိုင်ငံ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ အထွေထွေအတွင်းရေးမှူးချုပ်နှင့် တွေ့ဆုံ



**နေပြည်တော် မေ ၂၀**

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အဖွဲ့အား မေ ၁၀ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီခွဲက ဂျပန်နိုင်ငံ Okura Hotel ၌ Okura Hotel အကြီးအမှူး Mr. Toshihiro၊ ဒုတိယအကြီးအမှူးနှင့် ဂျပန်နိုင်ငံ နိုင်ငံတကာ ဟိုတယ်လုပ်ငန်းရှင်များအုပ်စုတို့က နံနက်စာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

မေ ၁၁ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီကလည်း အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်တို့သည် ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ Liberal Democratic Party (L.D.P) ပါတီဌာနချုပ်၌ ပါတီအထွေထွေအတွင်းရေးမှူးချုပ်၊ ဂျပန်နိုင်ငံ အောက်လွှတ်တော်အမတ်နှင့် (L.D.P)ပါတီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

မေ ၁၂ ရက် ဒေသစံတော်ချိန် မွန်းတည့် ၁၂ နာရီကလည်း အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့အား ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ Liberal Democratic Party (L.D.P) ၏ အထွေထွေအတွင်းရေးမှူးချုပ် Mr. Toshihiro Nikai က နေ့လယ်စာဖြင့် ဧည့်ခံရာ အဆိုပါဧည့်ခံပွဲသို့ ဂျပန်နိုင်ငံ အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့် ဇနီးတို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# သဘာဝဘေးရင်ဆိုင်တုံ့ပြန်နိုင်မှု အဆင်သင့်ဖြစ်ရေး ကျေးရွာပြည်သူများနှင့်အတူ ဆွေးနွေးဆောင်ရွက်



**နေပြည်တော် မေ ၂၀**

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယနေ့မွန်းလွဲပိုင်းတွင် ယခင်နှစ်က ရေဘေးဒဏ်ခံခဲ့ရသည့် တပ်ကုန်းမြို့နယ် သံပုရာကုန်းကျေးရွာသို့ သွားရောက်၍ သံပုရာကုန်းကျောင်းတိုက်တွင် ရပ်ရွာလူထုနှင့်လည်းကောင်း၊ ရမည်းသင်းမြို့နယ် ဆတ္တိုးပေါက်ကျေးရွာသို့ သွားရောက်၍ ရွာဦးဘုန်းတော်ကြီးကျောင်းတွင် ရပ်ရွာလူထုနှင့်လည်းကောင်း တွေ့ဆုံ၍ မိမိတို့အနေဖြင့် ရပ်ရွာများတွင် ရပ်ရွာလူထု၏ အမှန်တကယ် လိုအပ်ချက်များကို ဖော်ထုတ်ပြီး ထိရောက်သော ကြိုတင်ကာကွယ်မှုများဖြင့် သဘာဝဘေးအန္တရာယ်ကို ရင်ဆိုင်တုံ့ပြန်နိုင်ရန် အသင့်ဖြစ်စေရေး ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ယခင်နှစ်သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့မှုကို သင်ခန်းစာယူ၍ ပိုမိုကောင်းမွန်သော အခြေအနေတစ်ရပ်ရရှိရေးကို ဖော်ဆောင်ရမည်ဖြစ်ကြောင်း၊ ယမန်နှစ်က သဘာဝဘေးကျရောက်ခဲ့သောဤကျေးရွာများသည် လမ်းပန်းဆက်သွယ်ရေး အလွန်ခက်ခဲပြီး ကယ်ဆယ်ကူညီမည့်သူများ အချိန်မီသွားရောက်ရန် မလွယ်ကူသော ကျေးရွာများဖြစ်သည်ကို မိမိကိုယ်တိုင်ရောက်ရှိ၍ သိရှိခဲ့ရကြောင်း၊ သဘာဝဘေးနှင့်ပတ်သက်ပြီး အဆင်သင့်ဖြစ်မှုသည် လမ်းပန်းဆက်သွယ်ရေးနှင့် အဓိကသက်ဆိုင်ပါကြောင်း၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရေးဆောင်ရွက်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ရပ်ရွာလူထုအနေဖြင့် သဘာဝဘေးနှင့်ပတ်သက်ပြီး အသိ၊ သတိရှိဖို့လိုကြောင်း၊ မိမိတို့အစိုးရအနေဖြင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီကို တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်များအထိ ဖွဲ့စည်းပြီး လုပ်ငန်းအဖွဲ့အစည်းများဖြင့် ပူးပေါင်း၍ သဘာဝဘေးတုံ့ပြန်မှုများ ဆောင်ရွက်လျက်ရှိသော်လည်း အဓိကအားဖြင့် ပြည်သူများအားလုံး ပါဝင်ဆောင်ရွက်မှသာ ထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်းကို ပြီးခဲ့သည့်နှစ်အတွေ့အကြုံများအရ သိရှိပြီးဖြစ်သဖြင့် ပြည်သူများနှင့်အတူ လက်တွဲ၍ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ရန် လာရောက်တွေ့ဆုံခြင်းဖြစ်ကြောင်း ပြောကြားခဲ့ပြီး ရပ်ရွာလူထု၏ ဆွေးနွေးတင်ပြချက်များနှင့် လိုအပ်ချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးက ဆွေးနွေးပွဲ တက်ရောက်လာသော ရပ်ရွာလူထုအား သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ အသိပညာပေးဆွေးနွေးဟောပြောကာ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

ထို့နောက် ဆတ္တိုးပေါက်ကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် ယဉ်ကျေးလိမ္မာသင်တန်း ဖွင့်လှစ်သင်ကြားပေးနေမှုကို ကြည့်ရှုအားပေးပြီး ကလေးများအား အစားအစာနှင့် ကစားစရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

❐

## နှစ် ၆၀ ပြည့် စိန်ရတုမှသည်...

❍ ပြည်သူ့အသံကို နားစွင့်ရင်း
ပြည်သူ့စကားပြန်အဖြစ်
ထမ်းရွက်ခဲ့တာ
သူ ... အခု နှစ် ၆၀ ပြည့်ခဲ့ပြီ။

❍ သတင်းဆို ဦးဦးဖျားဖျား
ဆောင်းပါးတွေက သားသားနားနား
ကဗျာ၊ ကာတွန်း၊ သုတ၊ ရသ
စုံစုံလင်လင်နဲ့
ခေတ်ကို အဆက်မပြတ်အောင်
သူ...မီးမောင်းထိုးပြပေးတယ်။

❍ အို အဆွေ
မျိုးဆက်သစ်ရင်ပြင်ကိုလည်း
ရှုစမ်းပါလော့။
မျိုးဆက်သစ်တို့ရဲ့ ကလောင်သွားကို
ထက်သထက် ထက်အောင်သွေးပေးရင်း
စာပေကြယ်ပွင့်လေးတွေ လင်းလက်အောင်
သူ...ကျောပိုးပြီး စင်တင်ပေးနေတယ်။

❍ ခေတ်ကို
အစဉ်ထင်ဟပ်ပေးနေတဲ့
ပုံရိပ်တွေသည်
ပုံရိပ်တုလည်း မဖြစ်စေရဘူး
ပုံရိပ်ယောင်လည်း မဖြစ်စေရဘူး
သူ...အစဉ်ထင်ဟပ်ပေးနေတာ
ခေတ်ရဲ့အမှန်တရား ပုံရိပ်တွေသာဖြစ်တယ်။

❍ နှစ် ၆၀
လမ်းခရီးဆိုတာ
ရှည်သင့်သလောက် ရှည်နေပါပြီ
ကြာသင့်သလောက် ကြာနေပါပြီ
လမ်းခရီးတစ်လျှောက်
ပန်းတဲ့အခါလည်း ရှိမပေါ့
နွမ်းတဲ့အခါလည်း ရှိမပေါ့
ဘယ်လောက်နွမ်းနွမ်း
ဘယ်လောက်ပန်းပန်း
သူ့စေတနာ သူ့အနစ်နာ
ပြည်သူတွေ ယုံပြီးသား
ပြည်သူ့ရဲ့နေ့စဉ်ဘဝထဲ
မနက်စာတစ်ခွက်အဖြစ်
သူ...အစဉ်အားဖြည့်ပေးခဲ့တယ်။

❍ ကမ္ဘာတည် ကြေးမုံသည်
ထာဝစဉ် တည်တံ့ကာ
အဓွန့်ရှည် အောင်မြင်ပါစေသား
တောင်းဆု ပတ္ထနာပွား။ ။

**မျိုးညာဏ်**

(သူ...ဆိုသည်မှာ စိန်ရတုပြည့် ကြေးမုံသတင်းစာဖြစ်ပါသည်။)

# ဇရပ်ကြီးဒေသတွင် ပအိုဝ်းရိုးရာယဉ်ကျေးမှု မီးရှူးပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပ

**ဇရပ်ကြီး မေ ၂၀**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ထန်းတပင်မြို့နယ် ဇရပ်ကြီးဒေသတွင် နှစ်စဉ်ကျင်းပလျက်ရှိသော ပအိုဝ်းရိုးရာယဉ်ကျေးမှုမီးရှူးပွဲတော်ကို မေ ၂၀ ရက် မွန်းလွဲ ၂ နာရီခန့်တွင် ဇရပ်ကြီးဒေသ ပေါင်းတည်ကျေးရွာအရှေ့ဘက်ကွင်းမြေနေရာ၌ စည်ကားသိုက်မြိုက်စွာကျင်းပကြောင်း သိရသည်။

အဆိုပါမီးရှူးလွှတ်တင်ပွဲတော်ကို ပအိုဝ်းအမျိုးသားနေ့ (တပေါင်းလပြည့်) ဆင်နွှဲပြီးနောက်ပိုင်း တန်ခူးလ နှစ်ဆန်း ၁ ရက်နေ့တွင် ပအိုဝ်းမီးရှူးပွဲတော်အဖြစ် နှစ်စဉ်သတ်မှတ်ထားရှိပြီး ယင်းကဲ့သို့ ရိုးရာမပျက်ပွဲတော်ကျင်းပရခြင်းဖြစ်ကြောင်း ပွဲဖြစ်မြောက်ရေးကော်မတီဝင်တစ်ဦးက ပြောသည်။

"ပအိုဝ်းအမျိုးသားပွဲတော်ကို နှစ်စဉ်တပေါင်းလပြည့်နေ့ကို သတ်မှတ်ပြီး တစ်နိုင်ငံလုံးမှာရှိတဲ့ ပအိုဝ်းလူမျိုးတွေက ရိုးရာအဖြစ် သတ်မှတ်လုပ်ဆောင်ကြပါတယ်။ အမျိုးသားပွဲတော်ပြီးတာနဲ့ မြန်မာနှစ်ဆန်း ၁ ရက်နေ့ကနေစပြီး ပအိုဝ်းရိုးရာမီးရှူးလွှတ်တင်ပွဲတော်ကို နှစ်စဉ်နှစ်တိုင်း ပအိုဝ်းလူမျိုးတွေနေထိုင်ရာမှာ လုပ်ကြပါတယ်" ဟု မီးရှူးလွှတ်တင်ပွဲတွင် ဦးဆောင်ပါဝင်ကော်မတီအဖွဲ့ဝင် ဦးထိန်ဝင်းက ပြောသည်။

ယင်းကဲ့သို့ပြုလုပ်ရခြင်းကြောင့် ရာသီဥတုမှန်ကန်ပြီး စိုက်ပျိုးသောကောက်ပဲသီးနှံများအကျိုးဖြစ်ထွန်းနိုင်မည်ဟု ယုံကြည်မှုရှိကြပြီး လုပ်ဆောင်မှုများအတွက် ဝမ်းသာကြည်နူးမှုဖြစ်ရုံမက ရိုးရာမီးရှူးပွဲတော်လုပ်ဆောင်ရခြင်းမှ ကောင်းမြတ်သော မင်္ဂလာအကျိုးကျေးဇူးများခံစားနိုင်ကြောင်း ၎င်းကရှင်းပြသည်။

"ပအိုဝ်းရိုးရာမီးရှူးလွှတ်တင်ပွဲဆိုတာအစဉ်အလာရှိခဲ့တာပါ။ ပအိုဝ်းလူမျိုးတွေ နေထိုင်တဲ့နေရာတိုင်းလိုလိုမှာသတ်မှတ်ပြီး ဒီလိုမီးရှူးလွှတ်တင်ပွဲတွေလုပ်ပါတယ်။ ပဲခူးတိုင်းဒေသကြီးမှာဆိုရင် ပအိုဝ်းရွာပေါင်း ၃၀ ကျော်လောက်ရှိတယ်။ လူဦးရေသုံးသောင်းကျော်နေထိုင်ကြောင်း ဗုဒ္ဓဘာသာဆရာတော်တစ်ပါးက မိန့်တော်မူသည်။ ရိုးရာမီးရှူးပွဲတော်သို့ ရပ်ဝေးရပ်နီးမှပြည်သူများ ကြည့်ရှုကြပြီး ဈေးဆိုင်ခန်းများဖြင့် စည်ကားလျက်ရှိသည်။ မီးရှူးလွှတ်တင်ရန်မီးရှူးအလုံးပေါင်း ၆၅ လုံးစာရင်းလက်ခံထားရှိပြီး နေ့စဉ် မွန်းလွဲ ၂ နာရီမှ ညနေ ၅ နာရီအထိ မီးရှူးပစ်တင်ရန်သတ်မှတ်ထားရှိပြီး တစ်ရက်လျှင် ပစ်လွှတ်တင်မှု ၁၀ လုံးမှ ၁၂ လုံးဝန်းကျင်ထိရှိပြီး မီးရှူးငယ်များ ပြိုင်ပွဲအဖြစ် ကျင်းပခြင်းများလည်း ပြုလုပ်ကြောင်း ပွဲစီစဉ်ကျင်းပသူတစ်ဦးထံမှ သိရသည်။

**(ကိုကျောက်ကြီး)**

❐

# ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး တီးတိန်မြို့နှင့် ရိခေါဒါရ်မြို့တို့မှ ဝန်ထမ်းများနှင့်တွေ့ဆုံ၊ ကျေးရွာစာကြည့်တိုက်အတွက် စာအုပ်များပေးအပ်လှူဒါန်း



ပြည်ထောင်စုဝန်ကြီး ဦးဖေမြင့် ရိခေါဒါရ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှိ ချင်းရိုးရာအသုံးအဆောင်ပစ္စည်းများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုစဉ်။



ပြည်ထောင်စုဝန်ကြီးဒေါက်တာဖေမြင့် လိုင်တွိကျေးရွာနှင့် ရှင်ရှမ်းကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းစဉ်။

**ရိခေါဒါရ် မေ ၂၀**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာဖေမြင့်နှင့် အဖွဲ့သည် ချင်းပြည်နယ် လူမှုရေးဝန်ကြီး ဦးပေါင်လွန်းထန်နှင့်အတူ မေ ၁၉ ရက် နံနက် ၁၁ နာရီခွဲတွင် တီးတိန်မြို့သို့ ရောက်ရှိကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲ ၁ နာရီတွင် ရှောင်စောန်းကျေးရွာရှိ ချင်းရိုးရာအသုံးအဆောင်နှင့် ရိုးရာခလေ့အဆောက်အအုံများကို ကြည့်ရှုလေ့လာကြပြီး ကျေးရွာအတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တီးတိန်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ကလေးစာဖတ်ခန်း၊ စာကြည့်တိုက်နှင့် ခင်းကျင်းပြသထားသည့် ချင်းရိုးရာအသုံးအဆောင်ပစ္စည်းများကို ကြည့်ရှုပြီး ပြသထားသည့် ပစ္စည်းများ၏သမိုင်းကြောင်း၊ အထောက်အထားနှင့် အသုံးပြုမှုအခြေအနေကို မှတ်တမ်းတင်ပြသထားရန် ပြန်/ဆက် ဦးစီးရုံးကိုလည်း မြို့နယ်၏ Community Center အဖြစ်ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်မှာကြားပြီး ဝန်ထမ်းသားသမီးများအတွက် ဗလာစာအုပ်များ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တီးတိန်- ရိဒ် ကားလမ်းပေါ်ရှိ လိုင်တွိကျေးရွာနှင့် ရှင်ရှမ်းကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်သို့ ညနေ ၃ နာရီတွင် ရောက်ရှိပြီး စာကြည့်တိုက်အတွက် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ညနေ ၅ နာရီခွဲတွင် ရိခေါဒါရ်မြို့သို့ရောက်ရှိကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရိခေါဒါရ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ရောက်ရှိပြီး ကလေးစာဖတ်ခန်း၊ စာကြည့်တိုက်နှင့် ချင်းရိုးရာအသုံးအဆောင်ပစ္စည်းများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းသားသမီးများအတွက် ဗလာစာအုပ်များ ထောက်ပံ့ပေးအပ်သည်။

**(သတင်းစဉ်)**

# သင်္ကြန်အလွန်ကာလတွင် မန္တလေးပဲဈေးကွက်၌ အမြင့်ဈေးများဖြင့် အရောင်းသွက်နေ

**မန္တလေး မေ ၂၀**

သင်္ကြန်အလွန်ကာလ မန္တလေး ပဲဈေးကွက်တွင် မြန်မာပဲအမျိုးအစားများအနက် ပြည်ပအဓိကပို့ကုန်ဖြစ်သည့် ကုလားပဲဖြူကြီး (V2,V7)၊ မြေထောက်ပဲနှင့် ပန်းနှမ်းများ အမြင့်ဈေးများဖြင့် ရပ်တည်ကာ အရောင်းသွက်လျက်ရှိကြောင်း မန္တလေးမြို့မှ ဦးစိုးဝင်းမြင့်(စိုးဝင်းမြင့်ပွဲရုံ) က ပြောသည်။

အဆိုပါ ပဲအမျိုးအစားများအနက် V2 နှင့် V7 မှာ မတ်လဆန်းမှစ၍ တရိပ်ရိပ်တက်လာကာ သင်္ကြန်မတိုင်ခင်အထိ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၃၀၀၀၀ နှင့် ၁၄၀၀၀၀ အထိ မြင့်တက်လာပြီး သင်္ကြန်ပြီးကာလ နှစ်ဆန်း ၄ ရက်နေ့တွင် ငွေကျပ် ၁၃၈၀၀၀ နှင့် ၁၄၈၀၀၀ အထိ ဆက်လက်မြင့်တက်ကာ ဝယ်လိုအား ကောင်းလျက်ရှိသည်။

"မန္တလေးကုန်စည် ဒိုင်ကတော့ သင်္ကြန်အပြီး နှစ်ဆန်း ၂ ရက်နေ့မှာ ပြန်ဖွင့်တာနဲ့ ရောင်းသူဝယ်သူနဲ့ စည်ကားနေတာပါပဲ။ ဒီပဲအမျိုးအစားက တရုတ်နဲ့အိန္ဒိယနှစ်နိုင်ငံအပြိုင် ဝယ်ယူနေတဲ့အတွက် ဈေးကောင်းနေတာပါ။ လာမယ့် မေလဆို လက်ကျန်နည်းလာတဲ့အတွက် ဆက်ပြီးဈေးတက်လာနိုင်ပါသေးတယ်" ဟု ၎င်းကပြောသည်။

ထို့ပြင် မြေထောက်ပဲနှင့် ပန်းနှမ်းဈေးနှုန်းများမှာလည်း အဝယ်လိုက်သဖြင့် သင်္ကြန်မတိုင်ခင်ရောက်ရှိနေသည့် အမြင့်ဈေးနှုန်းများအတိုင်း ဆက်လက်ရပ်တည်လျက်ရှိပြီး ယမန်နှစ်သင်္ကြန်အပြီးကာလက ဖြစ်ပေါ်ခဲ့သည့် ဈေးနှုန်းများထက်ပိုမိုမြင့်တက်နေကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

ယခုလက်ရှိ သင်္ကြန်အပြီးကာလများ၌ မြေထောက်ပဲသုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၀၀၀၀၀နှင့် ပန်းနှမ်းသုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၇၄၀၀၀ ဈေးဖြင့် မန္တလေးပဲဈေးကွက်တွင် အရောင်းအဝယ်သွက်လျက်ရှိပြီး လတ်တလောအခြေအနေအရ ပဲစင်းငုံတစ်မျိုးတည်းသာ ဈေးကျဆင်းလျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**





# နှင်းမိုင်းတစ်လုံး နင်းမိပေါက်ကွဲ၍ ဒဏ်ရာရရှိသူနှစ်ဦး ဗန်းမော်ပြည်သူ့ဆေးရုံကြီး၌ ဆေးကုသခံယူလျက်ရှိ

**ဗန်းမော် မေ ၂၀**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မန်စီမြို့ ပြင်ဦးလွင်ရပ်ကွက်နေ ဒေါ်အလေးမီး(၄၀)နှစ်နှင့် သမီးသုံးဦးမှာ မဂျာဆိုင်းပန်(၂၂)နှစ် စစ်ကိုင်းပညာရေးတက္ကသိုလ် (စတုတ္ထနှစ်)၊ မဂျီးပန် (၁၅)နှစ် တက္ကသိုလ်ဝင်တန်းဖြေဆိုထားသူ၊ မထုတောင်ရှစ်နှစ် တတိယတန်းဖြေဆိုထားသူတို့ မိသားစုသည် မေ ၁၉ ရက် ညနေ ၅ နာရီခန့်တွင် နေအိမ်မှ တောင်ယာလုပ်ရန် ပြင်ဦးလွင်ရပ်ကွက်၏ အရှေ့ဘက် သုံးဖာလုံခန့်အကွာရှိ တောင်ယာခင်း၌ လုပ်ကိုင်နေစဉ် နင်းမိုင်းတစ်လုံး နင်းမိပေါက်ကွဲပြီး မထုတောင်မှာ အခင်းဖြစ်ပွားနေရာ၌ ခန္ဓာကိုယ်နေရာအနှံ့တွင် မိုင်းစထိမှန်ဒဏ်ရာများဖြင့် သေဆုံးခဲ့သည်။ မဂျာဆိုင်းပန်မှာ ဝဲဘက်ရင်အုံ၊ ဘယ်ပေါင်၊ ယာခြေသလုံးတို့တွင် မိုင်းစထိမှန်ဒဏ်ရာများနှင့် မဂျီးပန်မှာ ဝဲဘက်ခါး၊ ဝဲပေါင်၊ ဝဲလက်မောင်းတို့၌ မိုင်းစထိမှန်ဒဏ်ရာများ အသီးသီးရရှိခဲ့ကြောင်း၊ မိခင်ဖြစ်သူ ဒေါ်အလေးမီးမှာ ထိခိုက်ဒဏ်ရာရရှိမှု တစ်စုံတစ်ရာမရှိကြောင်း သိရသည်။

မိုင်းစထိမှန်ဒဏ်ရာရရှိသူ မဂျာဆိုင်းပန်နှင့် မဂျီးပန်တို့ နှစ်ဦးမှာ ဗန်းမော်ပြည်သူ့ဆေးရုံကြီး၌ ဆေးကုသခံယူလျက်ရှိရာ ဗန်းမော်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်သက်ထွန်း၊ မြို့မရဲစခန်းမှူး ဒု-ရဲမှူးသိန်းဝေမြင့်၊ နယ်ထိန်းခေါင်းဆောင် ဒု-ရဲအုပ်မျိုးမင်းနှင့်အဖွဲ့တို့က လာရောက်ကြည့်ရှုအားပေးခဲ့ကြောင်းနှင့် နယ်မြေခံတပ်မှ ဒုတိယဗိုလ်မှူးကြီးကျော်မိုးလွင်၊ ဒုတိယဗိုလ်မှူးကြီးအောင်ဖြိုးလွင်နှင့်အဖွဲ့တို့က လာရောက်ကြည့်ရှုအားပေးခဲ့ပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ရေးမြစ်ချောင်းတစ်လျှောက် ရေရှည်တည်တံ့ထိန်းသိမ်းကာကွယ်ရန် ဆွေးနွေး

ရေး မေ ၂၀
မွန်ပြည်နယ်လွှတ်တော် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်စောင့်ကြည့်ရေး ကော်မတီဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦးနှင့် အဖွဲ့ဝင်များနှင့် ရေးမြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ သဲ၊ ကျောက်လုပ်ငန်းရှင်များသည် ယနေ့နံနက် ၉ နာရီ ၁၅ မိနစ်က မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညှိခန်းမဆောင်၌ ရေးမြစ်ချောင်းတစ်လျှောက် ရေရှည်တည်တံ့ ထိန်းသိမ်းကာကွယ်ရန်အတွက် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ရေးမြစ်ချောင်းတစ်လျှောက်တွင် သဲ၊ ကျောက်ထုတ်လုပ်ရာတွင် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီဖြစ်စေရေးအပြင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေးနှင့် မြစ်ကမ်းဘေးတစ်လျှောက် သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့မည့် နည်းလမ်းကောင်းများ ဖော်ထုတ်ရန်လိုအပ်ကြောင်း ထည့်သွင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အဆိုပါ ရေးမြစ်ချောင်းအတွင်း သဲ၊ ကျောက်ထုတ်လုပ်သူမှာ ခြောက်ဦးအထိရှိနေပြီး ရရှိထုတ်လုပ်သည့် သဲ၊ ကျောက်များကို လမ်း၊ တံတား၊ အဆောက်အအုံနေအိမ်နှင့် အဓိကဒေသဖွံ့ဖြိုးရေးလုပ်ငန်းမှာ သုံးစွဲရသည့် ကုန်ကြမ်းများဖြစ်ကြောင်း သိရသည်။

**ထွန်းထွန်း(ရေး)**

## ပြည်သူများ စားသောက်ရေးသက်သာချောင်ချိစေရန် တန်ဖိုးသင့်ထမင်းနှင့် ဟင်းလျာများရောင်းချပေး



ပြည် မေ ၂၀
ပြည်သူများ သက်သာချောင်ချိရေးအတွက် အထောက်အကူဖြစ်စေရန်နှင့် ကုန်စျေးနှုန်းမြင့်တက်လာမှုအား တစ်ဖက်တစ်လမ်းမှ လျှော့ချပေးနိုင်ရန်ရည်ရွယ်၍ တိုင်းစစ်ဌာနချုပ်အသီးသီးရှိ ဘက်စုံစိုက်ပျိုးမွေးမြူရေးခြံများမှ ထွက်ရှိသော အသား၊ ငါးများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်ဥ၊ ဘဲဥများဖြင့် ချက်ပြုတ်ထားသည့် ကျန်းမာရေးနှင့်ညီညွတ်သော တန်ဖိုးသင့်ထမင်းနှင့်ဟင်းလျာများကို ဒေသခံပြည်သူများအား စျေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးလျက်ရှိသည်။

ယခုရောင်းပေးသော တန်ဖိုးသင့်ထမင်းနှင့် ဟင်းလျာများကို တိုင်းစစ်ဌာနချုပ်အသီးသီး ကွပ်ကဲမှုအောက်ရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ ရောင်းချပေးလျက်ရှိရာ မေ ၁၉ ရက်က အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တွင် လောက်ကိုင်မြို့ အမှတ်(၃)ရပ်ကွက် မိုင်းရယ်မြို့မစျေးရှေ့၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တွင် မော်လမြိုင်မြို့ ကမ်းနားလမ်း ကလီဆိပ်ကမ်း၊ လှိုင်းဘွဲ့မြို့ (ခ)ရပ်ကွက်၊ ဖာပွန်မြို့ အမှတ်(၂)ရပ်ကွက်၊ မြိုင်ကလေးမြို့ စက်ရုံစျေးအနီး၊ ရေးမြို့ ပြည်သူ့ဆေးရုံကြီးတို့၌ လည်းကောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ဒဂုံရောအဝေးပြေးဂိတ်၊ အင်းစိန်မြို့နယ် သံမဏိစက်ရုံ၊ သန်လျင်မြို့နယ် ဘုရားကုန်းကျေးရွာနှင့် ဘုရားကုန်းစျေး၊ မရမ်းကုန်းမြို့နယ် အမှတ်(၅)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ် အမှတ်(၁၉)ရပ်ကွက် စျေးအရှေ့၊ မှော်ဘီမြို့နယ် မြို့မစျေးအရှေ့၊ တိုက်ကြီးမြို့နယ် တိုက်ကြီးလမ်းဆုံ၊ လှည်းကူးမြို့နယ် လှည်းကူးမြို့မစျေးနှင့် ဖောင်ကြီး၊ မင်းကုန်းစျေး၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်တွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အမှတ်(၄)ရပ်ကွက်ရှိ ပြည်သူ့ဆေးရုံဝင်းအတွင်းနှင့် ပုသိမ်ကမ်းနားလမ်းရှိ မြေနုဗောတံတားတို့၌ လည်းကောင်း၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ်တွင် ဟုမ္မလင်းမြို့ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံ၊ ကလေးမြို့ ပင်လုံလမ်းမတော်လမ်း ချမ်းမြေ့အောင်စည်ရပ်ကွက် ကားလေးဝင်းအတွင်း၊ မုံရွာမြို့ သလ္လာဝတီရပ်ကွက် ချင်းတွင်းညီနောင် အမြန်ရေယာဉ်ဆိပ်ကမ်းတို့၌ လည်းကောင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တွင် မန္တလေးအထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီး၌လည်းကောင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တွင် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ အထွေထွေရောဂါကုဆေးရုံကြီး၊ ဆွာမြို့ စျေးရှေ့၊ သံတောင်ကြီးမြို့ အင်းဝဘဏ်ရှေ့၊ အုတ်တွင်းမြို့ ဗောဓိကုန်းလမ်းဆုံ၊ ကျောက်ကြီးမြို့နယ် မြွေတော်ကျေးရွာ၊ ဒိုက်ဦးမြို့နယ် ပျဉ်ပုံကြီးကျေးရွာ၊ ပဲနွယ်ကုန်းမြို့စျေးရှေ့၊ ပဲခူးမြို့ အထွေထွေရောဂါကုဆေးရုံကြီးရှေ့၊ အင်းတကော်မြို့ တာဆုံနှင့် တောင်သုံးလုံးလမ်းဆုံ၊ အင်းမမြို့စျေးနှင့် ဘို့လယ်ကုန်းကျေးရွာ၊ ပြည်မြို့ ပြည်သူ့ဆေးရုံကြီးရှေ့၊ ပန်းတောင်းမြို့နယ် ပြင်ကြီးကျေးရွာနှင့် သီးကုန်းကျေးရွာတို့တွင်လည်းကောင်း ဒေသခံပြည်သူများအတွက် တန်ဖိုးသင့် ထမင်းနှင့် ဟင်းလျာများကို စျေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

**သူရအောင် ( ပြည်)**



## မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်၌ မှူခင်းပညာပေးပြခန်းယာဉ်ဖြင့် မှုခင်းပညာပေးလုပ်ငန်းများ လှည့်လည်ဟောပြောပြသ

**နေပြည်တော် မေ ၂၀**
မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး၏ စီစဉ်ညွှန်ကြားချက်အရ မွန်ပြည်နယ်အတွင်းရှိ ပြည်သူများအား မှုခင်းကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်းများတွင် ဗဟုသုတတိုးပွားစေရေးအတွက် မေ ၁၈ ရက် မွန်းလွဲ ၁ နာရီခွဲမှ ညနေ ၃ နာရီအထိ မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် သံဖြူဇရပ်မြို့နယ် ဝါးခရူကျေးရွာ၌ ပြည်သူ ၁၂၀ အား မှုခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး၊ မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် ပြစ်မှုပြစ်ဒဏ်များ၊ ယာဉ်/ လမ်းစည်းကမ်းနှင့်ပတ်သက်သည့် အကြောင်းအရာများ၊ လူကုန်ကူးမှုအန္တရာယ်တားဆီးကာကွယ်ရေးနှင့် သက်ငယ်မုဒိမ်းမှုပပျောက်ရေးအကြောင်းတို့ကို ဟောပြောပြသခဲ့ပြီး တပ်ဖွဲ့ဝင်များက မှုခင်းအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**(ရဲပြန်ကြား)**

## ဆိပ်ဖြူမြို့နယ်တွင် LED လမ်းမီးများတပ်ဆင်ပေး

**ဆိပ်ဖြူ မေ ၂၀**
မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်တွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီး၏ခွင့်ပြုထောက်ပံ့ငွေကျပ် ၂၅ ဒသမ ၆၄ သိန်းဖြင့် ရပ်ကွက်ရှိလမ်းများတွင် LED မီးများ တပ်ဆင်ပေးခဲ့သည်။

အဆိုပါ LED လမ်းမီးတပ်ဆင်ပေးခြင်းဖြင့် ရပ်ကွက်နေပြည်သူများ၊ ရပ်နီးရပ်ဝေး ခရီးသွားပြည်သူအများအတွက် ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ မြို့သာယာလှပရေးနှင့် မြို့အင်္ဂါရပ်နှင့်အညီ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးတို့အတွက် မြို့ပေါ်ရပ်ကွက်ရှိ အနော်ရထာလမ်း၊ ဗိုလ်ချုပ်လမ်း၊ ရတနာလမ်းနှင့် မြို့ပတ်လမ်းများကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီး၏ ခွင့်ပြုထောက်ပံ့ငွေကျပ် ၂၅ ဒသမ ၆၄ သိန်းဖြင့် 84W LED လမ်းမီးတပ်ပေးကြောင်း၊ အဆိုပါလုပ်ငန်းကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် ဦးကျော်ဆန်းအောင်၊ ဒေါ်သက်မွန်အေးတို့က ကြီးကြပ်၍ မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးစန်းဦးနှင့် ဝန်ထမ်းများက တပ်ဆင်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**စိုးလင်းနိုင်(IPRD)**

## မိုင်းဆတ်၌ ရှေးဦးပြုစုခြင်း အခြေခံသင်တန်းဖွင့်လှစ်

**မိုင်းဆတ် မေ ၂၀**
ရှမ်းပြည်နယ် မိုင်းဆတ်ခရိုင်အတွင်းရှိ လူငယ်လူရွယ်များ ဖြူစင်သန့်ရှင်းသော လူမှုစိတ်ဓာတ်ဖြင့် လူထုအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်လာစေရန်ရည်ရွယ်၍ ကြက်ခြေနီအသင်းမှ ကြီးမှူးကျင်းပသော ရှေးဦးပြုစုခြင်းအခြေခံသင်တန်း(၁/၂၀၁၇) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက မိုင်းဆတ်မြို့ အခြေခံပညာအထက်တန်းကျောင်း ခန်းမဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ မိုင်းဆတ်မြို့နယ် ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဦးထွန်းလွင်ဦးက အဖွင့်အမှာစကားပြောကြားရာတွင် ရပ်ကွက်၊ ကျေးရွာအတွင်းရှိ လူငယ်၊ လူရွယ်များ ဖြူစင်သောလူမှုစိတ်ဓာတ်ဖြင့် လူသားအပေါင်း ဒုက္ခကျရောက်မှုမရှိအောင် တားဆီးကာကွယ်ရေး၊ ကျန်းမာရေးမြှင့်တင်ရေး၊ ရောဂါတားဆီးရေးစသောလုပ်ငန်းများ၌ တက်ကြွစွာ ပါဝင်ဆောင်ရွက်စေရန်နှင့် သင်တန်းတွင် ပို့ချသောပညာရပ်များကို တတ်ကျွမ်းနားလည်အောင် ဂရုတစိုက် လိုက်နာသင်ကြားစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းနှင့် ဌာနဆိုင်ရာများ၊ ခရိုင်ကြက်ခြေနီအသင်း ဥက္ကဋ္ဌ ဦးစိုင်းချစ်သောင်း၊ အတွင်းရေးမှူး ဦးစိုင်းနောင့်နှင့် ကြက်ခြေနီအဖွဲ့ဝင်များ၊ မြို့မိ၊ မြို့ဖများ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးကြသည်။

အဆိုပါသင်တန်းသို့ သင်တန်းသားသင်တန်းသူ ၁၀၀ တက်ရောက်ပြီး သင်တန်းကာလမှာ မေ ၂၀ ရက်မှ ၂၉ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## မြို့မစျေးပတ်ဝန်းကျင်ရှိလမ်းများ အဝင်၊ အထွက် တစ်လမ်းမောင်းစနစ် လိုက်နာစေရန် ဆောင်ရွက်

**ညောင်လေးပင် မေ ၂၀**
ညောင်လေးပင်မြို့ မြို့မစျေး ပတ်ဝန်းကျင်ရှိလမ်းများ အဝင်၊ အထွက် တစ်လမ်းမောင်းစနစ် ပြန်လည်လိုက်နာတတ်စေရန်နှင့် စည်းကမ်းတကျရှိရေးကို ယနေ့နံနက်က ဆောင်ရွက်လျက်ရှိပြီး မေ ၁၉ ရက်မှ ၂၂ ရက်အထိ ပညာပေးကာလအဖြစ် သတ်မှတ်ထားကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထင်အောင်ဦး၏ လမ်းညွှန်မှုဖြင့် ဒု-ဦးစီးမှူး ဦးဇော်ဝင်းက ဦးဆောင်ကာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကြီးကြပ်မှုကော်မတီတို့နှင့် ပူးပေါင်း၍ အဝင်လမ်းအဖြစ် လည်းကောင်း၊ စျေးအရှေ့လမ်းကို အထွက်လမ်းအဖြစ်လည်းကောင်း၊ တစ်လမ်းမောင်းစနစ်သတ်မှတ်၍ စနစ်တကျဝင်၊ ထွက် လိုက်နာတတ်စေရန်အတွက် လမ်းညွှန်ဆောင်ရွက်လျက်ရှိသည်။



"ဒီစနစ်က အရင်ကတည်းက ချမှတ်ထားတဲ့စည်းကမ်းပါ။ နောက်ပိုင်းမှာ စည်းကမ်းကို မလိုက်နာကြတော့ လမ်းထဲမှာပိတ်ဆို့ပြီး ကျပ်ညပ်နေတော့တာပါပဲ။ အခုလို စနစ်တကျလုပ်လိုက်တော့ သွားလာရတာရော၊ စျေးဝယ်ရတာရော ပိုပြီးအဆင်ပြေပါတယ်။ အဝင်၊ အထွက် ကားတွေ၊ ဆိုင်ကယ်၊ ဆိုက်ကားတွေကြောင့် ရန်ကုန်-မန္တလေး ကားလမ်းမပေါ်မှာလည်း ကားပိတ်တာမရှိတော့ပါဘူး"ဟု မြို့ခံတစ်ဦးက ပြောသည်။

**နေလင်း(ညောင်လေးပင်)**

# ပဉ္စမမြောက်အိမ်ဆောက်ပစ္စည်းအရောင်းစင်တာ မန္တလေး၌ ဖွင့်လှစ်မည်

**ရန်ကုန် မေ ၂၀**

ဒေသခံများကို အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည့် အိမ်ဆောက်ပစ္စည်းအရောင်းစင်တာကို မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ဦးပွားခုံးကျော်တံတားအနီး၌ မကြာမီ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အိမ်ဆောက်ပစ္စည်းအရောင်းစင်တာမှာ ချမ်းမြသာစည်မြို့နယ်၌ ဒုတိယမြောက်ဖွင့်လှစ်သည့် ဆိုင်ခွဲတစ်ခုဖြစ်ပြီး အိမ်ဆောက်ပစ္စည်းအမျိုးအစားပေါင်း ၁၄ မျိုးထဲမှ အမျိုးအမည်ပေါင်း ၆၀၀၀၀ ကျော်ကို ခင်းကျင်းရောင်းချသွားမည်ဖြစ်သည်။



"အာဆီယံဒေသတွင်း အချို့နိုင်ငံတွေမှာတောင် ဒီလိုမျိုး အိမ်ဆောက်ပစ္စည်းချည်း သီးသန့်ရောင်းချတဲ့ အရောင်းစင်တာ မရှိသေးပါဘူး။ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ ဒီလိုစင်တာကြီးတွေ များများဖွင့်ဖို့ စီစဉ်နေပါတယ်။ အဓိကလိုအပ်ချက်က မြေနေရာပါ။ ကျွန်တော်တို့နိုင်ငံမှာ မြေဈေးနှုန်းက အလွန်မြင့်လို့ မြေအတွက် အခက်အခဲရှိပါတယ်။ ပုဂ္ဂလိကဖြစ်စေ၊ နိုင်ငံတော်ကဖြစ်စေ တစ်ဖက်တစ်လမ်းမှ နှစ်ရှည်မြေနေရာငှားရမ်းပေးမယ်ဆိုရင် နိုင်ငံအတွင်းမှာရှိတဲ့ အလုပ်လက်မဲ့ ပြည်သူတွေအတွက် အလုပ်အကိုင်တွေ ဖန်တီးပေးနိုင်မှာဖြစ်သလို လုပ်သား စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးလာဖို့ ကူညီပေးနိုင်မှာဖြစ်ပါတယ်"ဟု Pro 1 Home Center မှ မန်နေဂျင်း ဒါရိုက်တာ ဦးမျိုးထွေးက ပြောသည်။

Farmer Phoyazar Group of Companies မှ Pro 1 Home Center များကို အင်းစိန်မြို့နယ်၊ ပုဇွန်တောင်မြို့နယ်နှင့် ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်များ၌ လည်းကောင်း၊ မန္တလေးမြို့၌ အမှတ်-၁ ဆိုင်ခွဲကိုလည်းကောင်း ဖွင့်လှစ်ခဲ့ပြီး ယခုဖွင့်လှစ်သည့် မန္တလေး အမှတ်-၂ ဆိုင်ခွဲသည် Pro 1 Home Center၏ ပဉ္စမမြောက် အရောင်းစင်တာဖြစ်သည်။ ၂၀၁၇ ခုနှစ် နှစ်လယ်ပိုင်းတွင် မော်လမြိုင်မြို့၌လည်း Pro 1 Home Center တစ်ခု ထပ်မံဖွင့်လှစ်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**(ခင်မောင်ချို)**

# ရေကြည်မြို့နယ် မဲဆန္ဒနယ်မြေအမှတ်(၂)၌ လွှတ်တော်အတွေ့အကြုံရှင်းလင်းပွဲ ကျင်းပ

**ပုသိမ် မေ ၂၀**

ပုသိမ်ခရိုင် ရေကြည်မြို့နယ် မဲဆန္ဒနယ်မြေ(၂) ငါးသိုင်းချောင်းမြို့ရှိ အမျိုးသားခန်းမ၌ ယနေ့နံနက်ပိုင်းက လွှတ်တော်ကိုယ်စားလှယ်များ၏ လွှတ်တော်အတွေ့အကြုံရှင်းလင်းပွဲကျင်းပရာ ရေကြည်မြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစားကော်မတီဥက္ကဋ္ဌ ဒေါက်တာစံရွှေဝင်း၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ပြည်သူများ၏ တိုင်ကြားစာဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးဆန်းမြင့်တို့က လွှတ်တော်အတွင်း အတွေ့အကြုံများနှင့် ပြည်သူလူထုအတွက် ဆောင်ရွက်ခဲ့သော ဆောင်ရွက်ချက်များ၊ သက်ဆိုင်ရာ ကော်မတီအလိုက် လွှတ်တော်အတွင်း တာဝန်ယူဆောင်ရွက်ချက်များကို ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးခဲ့ကြသည်။



ဆက်လက်၍ ငါးသိုင်းချောင်းမြို့ အုပ်ချုပ်ရေးမှူး ဦးဟန်လင်းအောင်က ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ချက်များကို ရှင်းလင်းဆွေးနွေးခဲ့ပြီး အဆိုပါဆွေးနွေးပွဲ၌ တက်ရောက်လာသော မြို့ပေါ်ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရေကြည်မြို့နယ် မဲဆန္ဒနယ်မြေ (၂)အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၄၄ အုပ်စုမှ အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူလူထုတို့က သိရှိလိုသော အချက်အလက်များနှင့် ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ချက်များကို အပြန်အလှန် မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**စိုးမင်းဦး(ပြန်/ဆက်)**

## မြန်မာ့ရုပ်မြင်သံကြား ထုတ်လွှင့်မှုအစီအစဉ်

၂၁-၄-၂၀၁၇(သောကြာနေ့)

- ၆း၀၀ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ပရိတ်တရားတော်
- ၇း၀၀ Breakfast News
- ၇း၃၀ MRTV Travelogue
- ၈း၃၅ မျက်မှောက်ရေးရာအဖြာဖြာ
- ၉း၁၅ "သဘာဝနှင့်ကိုက်ညီအောင်နေထိုင်ခြင်း"
- ၉း၄၀ "တန်ဖိုးထားစရာသက်မွေးပညာ ကျောင်းပြင်ပ ပညာရေး"
- ၁၀း၃၀ "အမှောင်ထုထဲကမြန်မာ့ရတနာ"
- ၁၀း၄၀ "အမျိုးနှင့်မျိုး"
- ၁၀း၅၅ "ချိုကွဲ့ရွာမှ ကယားတို့ရဲ့ရိုးရာဓလေ့"
- ၁၁း၃၀ အလုပ်သမားရေးရာအစီအစဉ်
- ၁၂း၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ "ဘဝဆိုသည်မှာ" (အပိုင်း-၄၇)
- ၁း၀၀ ဆေးရောင်စုံရုပ်ရှင် "ပြုံးပြုံးပျော်ပျော်ထော်လော်ကန့်လန့်"(ဇာတ်သိမ်းပိုင်း) (ရဲအောင်၊နေမျိုးအောင်၊ ဟိန်းဝေယံ၊ မေသန်းနု၊ထွန်းအိန္ဒြာဗို၊ မေသဥ္ဇာဦး၊ အေးမြတ်သူ) (ဒါရိုက်တာ-ဇမ္ဗူထွန်းသက်လွင်)

- ၂း၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ "တရားရှင်နှင့်ဓားဘုရင်" (အပိုင်း-၁၇+အပိုင်း-၁၈)
- ၄း၂၀ ပြန်ကြားရေးဝန်ကြီးဌာန နိုင်ငံတော်ဆိုင်းဝိုင်းကြီးဖျော်ဖြေတင်ဆက်မှုအစီအစဉ်
- ၄း၃၅ "သူငယ်ချင်းသုံးယောက်ရှိလေသည်"
- ၅း၁၀ "နွေရာသီနှင့်ခရမ်းလွန်ရောင်ခြည်"
- ၅း၃၅ Weekly Sport Info
- ၆း၂၀ "အနာဂတ်နေ့ရက်များ"
- ၇း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "ဘဝဆိုသည်မှာ" (အပိုင်း-၄၈)
- ၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၈း၃၅ ထင်ရှားထူးခြားမြန်မာ့ပုံရိပ်များ (မြန်မာ့သနပ်ခါး) -ဆေးရောင်စုံရုပ်ရှင် "သုံးသုံးလီချစ်" (ဇာတ်သိမ်းပိုင်း) (ရန်အောင်၊ ဒွေး၊စိုးမြတ်နန္ဒာ၊ အိန္ဒြာကျော်ဇင်၊လှအဥ္စလီတင့်) (ဒါရိုက်တာ-မောင်နန္ဒ) -အစီအစဉ်ပြီး၏

# ဘားအံမြို့နယ်တွင် သောက်သုံးရေအခက်အခဲဖြစ်သည့် ကျေးရွာသို့ သောက်သုံးရေလှူဒါန်း

**ဘားအံ မေ ၂၀**

ကရင်ပြည်နယ်ရဲတပ်ဖွဲ့ မြိုင်ကလေးရဲကင်းရဲစခန်းမှ ရဲကင်းစခန်းမှူး ရဲအုပ်ဝင်းနိုင် ဦးစီးသော ရဲတပ်ဖွဲ့ဝင်များနှင့် မြိုင်ကလေးကျေးရွာ အရန်မီးသတ် ဒုတပ်ခွဲမှူး ဦးဝင်းခိုင် ဦးစီးအဖွဲ့တို့ဖြင့် မေ ၂၀ ရက် မွန်းလွဲ ၁ နာရီခွဲခန့်က သောက်သုံးရေ အခက်အခဲဖြစ်နေသည့် ဘားအံမြို့နယ် ကော့ရင်းအထက်ကျေးရွာအုပ်စု ရွှေဝါထွန်းကွက်သစ်သို့ ရေသန့်ဘူးကြီး ၇၀ နှင့် ရေသန့်ဂါလန် ၁၂၀၀ ဆံ့ မီးသတ်ယာဉ်တစ်စီးတို့အား သွားရောက်လှူဒါန်းခဲ့သည်။

**မင်းသူ၊ထွန်းထွန်းထွေး(ဘားအံ)**



ဖတ်စရာ မှတ်စရာ

# သတိ ...ဖြည်းဖြည်း

**သရက်တန်းစိုးရွှေ(စိတ်ပညာ)**

လက်တွေ့နယ်ပယ်တွင် မြင်တွေ့နေရသော ထိခိုက်ဒဏ်ရာရရှိမှု၊ သေဆုံးမှုများတွင် ဆိုင်ကယ်တိုက်မှု၊ ကားတိုက်မှုများစွာကို မြင်တွေ့နေမြဲပင်ဖြစ်သည်။ သေဆုံးသွားသူ၊ ထိခိုက်ဒဏ်ရာရသူများအကြား ဝမ်းနည်းမှုများစွာကို မြင်တွေ့ခံစားနေရပေသည်။ သေဆုံးခြင်း၊ ခြေကျိုးခြင်းမှအစ အားကောင်းမောင်းသန်လူငယ်လေးများ ဆုံးရှုံးနေရသည်မှာ ပိုမိုဝမ်းနည်းဖွယ်ပင်ဖြစ်သည်။ ရှေ့လူဖြစ်ထားသည့်တိုင်အောင် နောက်လူမှာ ပို၍ပင်မောင်းနှင်နေသည်ကိုမြင်သမျှ ပိုမိုစိုးရိမ်ထိတ်လန့်သွားမိပေသည်။ ကိုယ်တိုင်ခံစားနေရသလို ပတ်ဝန်းကျင်မှ လူကြီးများလည်းခံစားနေရပေလိမ့်မည်။ ထိုခံစားချက်များနှင့်အတူ ယဉ်ကျေးစွာဆုံးမသည့်တိုင်အောင် လူငယ်အချို့မှာ နားမဝင်သည့်အတွက် သတိပေးမှု၊ ပြောဆိုမှုများကို ပြင်းပြင်းထန်ထန် ဒေါသသင့်ကာ ပြောဆိုလာသည်ကို တွေ့နေရပေသည်။ သတိပေးရေးသားမှုများတွင်လည်း ဒေါသသင့်သော စာသားများ သုံးမိနေကြသည်။

အကွေ့များတွင် နံရံများအား ဆေးဖြင့်ရေးထားသော သတိပေးမှုကို ကြည့်လိုက်တိုင်း ပို၍ပင်စိတ်မကောင်းဖြစ်နေမိပေသည်။ ရေးထားသည့်စာက အန္တရာယ်ကွေ့. . မြန်မြန်မောင်းမြန်မြန်သေ. . သင့်ရှေ့မှာ သေသွားသူတွေက စောင့်နေတယ်တဲ့. .။ သင့်ထက် ဆိုင်ကယ်စီးကျွမ်းကျင်သူတွေ ဒီနေရာမှာ သေတာများပြီနော်. . တဲ့. .။ အခြားနေရာများတွင်လည်း အလားတူသတိပေးမှုတွေ တွေ့နေရပေသည်။ မယဉ်ကျေးလျှင်လည်း မယဉ်ကျေးစရာပင်ဖြစ်သည်။ လက်ရှိကာလ လမ်းပေါ်တက်လိုက်သည်နှင့် အတ္တကိုယ်စီနှင့် အရေးကြီးနေသော မြင်ကွင်းများကို တွေ့နေရပေသည်။ ထိုအရေးကြီးသူများကို သေချာစိစစ်ကြည့်သမျှ အပေါ်ယံမျှသာပင်ဖြစ်နေပေသည်။ ဆိုင်ကယ်၊ ကားများ ကွေ့လိုသည့်အတွက် အချက်ပြမီးလေးပြကာ စောင့်နေပေသည်။ မိန်းလမ်းမပေါ်မှ အရှိန်နှင့်မောင်းနှင်လာပြီး အဝေးမှပင်ဟွန်းတီးကာ ဇွတ်ကိုဖြတ်မောင်းနေတတ်ပေသည်။ အလှည့်ပေးလိုခြင်း၊ စာနာခြင်းဆိုသည်မှာ ဝေးနေပေသည်။

မီးပွိုင့်တစ်ခုဖြတ်သည်နှင့် မီးနီမိနေသည့်အခိုက် လေ့လာသမျှ ဆိုင်ကယ်စီးသူအချို့က ရှိုးပြကာ ဆိုင်ကယ်စီးဦးထုပ်ဆောင်းထားခြင်းမရှိသည်ကို တွေ့နေရပေသည်။ တလွဲဆံပင်ကောင်းကာ နှာပိတ်လေးများတော့ အုပ်ထားတတ်ပေသည်။ မီးနီနေသောကာလ အရေးကြီးပြကာ ဆိုင်ကယ်ကို ဆူညံသံပေးနေတတ်ပေသည်။ တစ်ခါတစ်ရံ မီးနီလျက်ပင် ဇွတ်မောင်းကာ ဖြတ်သန်းသွားသည်ကိုလည်း တွေ့မြင်နေရပေသည်။ ကိုယ်တိုင်ယုံကြည်မှုအပြည့်ဖြင့် သူရဲကောင်းပမာ ဆိုင်ကယ်စီးကျွမ်းကျင်ကြောင်းကို ပြသနေသလို ပြုလုပ်နေတတ်သည်။ ယဉ်ကျေးမှုတို့နည်းပါးကာ အတ္တတို့များလာသည်ကို မြင်တွေ့နေရမြဲပင်ဖြစ်သည်။ အလှည့်ပေးမှုနည်းကာ ကိုယ့်အတွက်သာကြည့်သလို ပြုမူနေတတ်ပေသည်။ ဆိုင်ကယ်စီးဦးထုပ်မဆောင်းဘဲ ရှိုးပြနေတတ်ကြပေသည်။ လမ်းသွားလမ်းလာ ယာဉ်အန္တရာယ်ဂရုပြုစီးရမည့်အစား စည်းကမ်းမဲ့ ဆိုင်ကယ်စီးကာ ယာဉ်ထိန်းရဲကိုသာ မျက်စိရှင်နေသည့် အပြုအမူမျိုးကို ပြုလုပ်နေကြသည်မှာ ဝမ်းနည်းစရာပင်ဖြစ်နေပေသည်။

အရေးတကြီး ဆိုင်ကယ်စီးသေဖို့ ပိုမိုနီးဟုသတိပေးထားသလို မသေလျှင်တောင် ကျိုး၊ ကန်းနေမှုတို့ များပြားနေပေသည်။ မန္တလေးမြို့ အရိုးဆေးရုံ၊ ဆေးခန်းများတွင် များစွာသောလူနာများကို ကြည့်သမျှ ဆိုင်ကယ်တိုက်မှု၊ ကားတိုက်မှုကြောင့် ဖြစ်နေသူများပြားနေသည်ကို တွေ့နေရပေသည်။ စည်းကမ်းလိုက်နာဘေးကင်းကွာသည့် အမှန်တရားကို လျစ်လျူရှုကာ စည်းကမ်းမဲ့နေသည်မှာ ဝမ်းနည်းစရာပင်ဖြစ်သည်။ အလှည့်ပေးမှုနည်းကာ အရေးကြီးပြနေသည်မှာ ရှက်စရာပင်ဖြစ်သည်။

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကိုလိုက်နာမှုနည်းခြင်းသည် သေမင်းဆီ စောစောသွားရန် ပြုမူနေခြင်းဖြစ်ကြောင်းကို သတိမေ့နေတတ်ပေသည်။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာကာ ယဉ်ကျေးကြောင်း ပြသနိုင်သည့်အခွင့်အရေးကို လူငယ်၊ လူကြီးတိုင်း ဆိုင်ကယ်စီး၊ ကားမောင်းသူတိုင်း ပြသနိုင်ပေသည်။ သတိဖြည်းဖြည်းဆိုသော သတိပေးချက်နှင့်အညီ ဖြည်းဖြည်းမှန်မှန်မောင်းနှင်ကာ အန္တရာယ်ကိုသတိပြုသင့်လှပေသည်။ အလှည့်ပေးခြင်း၊ ဦးစားပေးခြင်းများဖြင့် လူကြီးလူကောင်းပီသအောင် လုပ်ဆောင်နိုင်ပေသည်။

ခိုင်ခံ့ကောင်းမွန်သော ဆိုင်ကယ်စီးဦးထုပ်ကိုဆောင်းကာ ဆိုင်ကယ်မောင်းနှင်ကြည့်လိုက်ပါ။ စည်းကမ်းရှိသော လူငယ်တစ်ဦးအဖြစ် မြင်သူတိုင်း သိနေပေလိမ့်မည်။ စည်းကမ်းတကျ ဖြည်းဖြည်းမောင်းနှင်နေသည်ကို ကြည့်ကာ ယာဉ်ထိန်းရဲတို့ လေးစားလာပါလိမ့်မည်။ စနစ်တကျ မောင်းနှင်ခြင်းများကြောင့် ပတ်ဝန်းကျင်က လေးစားလာပါလိမ့်မည်။ ထိုသို့လေးစားလာခြင်းများစွာဖြစ်ပေါ်လာပြီဆိုပါက ဒေါသသင့်သည့် သတိပေးစာသားများအစား စာနာသော သတိပေးစာသားများ ပြောင်းလဲလာမည်ဖြစ်ပေသည်။ တစ်ဦးကိုတစ်ဦး လေးစားခြင်းဖြင့် ချစ်ကြည်မှုတို့ ပိုမိုလာပေလိမ့်မည်။ မေတ္တာတို့လွှမ်းခြုံသွားမည်ဖြစ်ပေသည်။ သို့အတွက် သတိဖြည်းဖြည်းဆိုတာလေးကို သတိရကာ ကိုယ်တိုင်လက်တွေ့စည်းကမ်းလိုက်နာခြင်းဖြင့် ဒေါသသင့်သော သတိပေးစာသားများကို ပြောင်းလဲဖို့ ကြိုးစားသင့်လှပါသည်။ ။

# ၂၀၁၇ ခုနှစ် မဟာသင်္ကြန်ကာလအတွင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ မှုခင်းများလျော့နည်းကျဆင်းရေး ကြိုတင်ကာကွယ်မှု ဆောင်ရွက်ချက်များ

**နေပြည်တော် မေ ၂၀**

၁။ ၂၀၁၇ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကာလတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် မဟာသင်္ကြန်ပွဲတော်ကို အကြိုကာလလုံခြုံရေး၊ သင်္ကြန်ပွဲတော်ကျင်းပစဉ်လုံခြုံရေး၊ ပွဲတော်ကျင်းပပြီးနောက်ပိုင်း လုံခြုံရေးတို့ကို အပိုင်းသုံးပိုင်းခွဲခြား၍ လုံခြုံရေးစီမံချက် ရေးဆွဲဆောင်ရွက်ခဲ့သည်။ ထို့အပြင် မဟာသင်္ကြန်ပွဲတော်ကာလတွင် မှုခင်းများလျော့နည်းကျဆင်းစေရေးအတွက် သင်္ကြန်အကြိုကာလဖြစ်သော မတ် ၁၂ ရက်မှ ဧပြီ ၁၂ ရက်အထိနှင့် သင်္ကြန်ကာလဖြစ်သော ဧပြီ ၁၃ ရက်မှ ဧပြီ ၁၆ ရက်အထိ မှုခင်းများဖြစ်ပွားစေသည့် လိင်စိတ်ကြွဆေးများ၊ ယစ်မျိုး (အရက်၊ ဘီယာ)၊ လက်နက်ပုန်းနှင့် ဆင်ဆာမဲ့ ဗီဒီယိုခွေများအား ဖော်ထုတ်ဖမ်းဆီးခဲ့ရာ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဖော်ထုတ်ဖမ်းဆီးရမိခဲ့မှုမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| စဉ် | တိုင်းဒေသကြီး / ပြည်နယ် | လိင်စိတ်ကြွဆေးဖမ်းဆီးမှု | | ယစ်မျိုးဖမ်းဆီးမှု | | လက်နက်ပုန်းဖမ်းဆီးမှု | | ဆင်ဆာမဲ့ ဗီဒီယိုခွေဖမ်းဆီးမှု | |
|---|---|---|---|---|---|---|---|---|---|
| | | အမှု | တရားခံ | အမှု | တရားခံ | အမှု | တရားခံ | အမှု | တရားခံ |
| ၁ | နေပြည်တော် | - | - | ၅ | ၅ | ၁၄ | ၁၄ | ၃ | ၃ |
| ၂ | ကချင် | - | - | ၁၄ | ၁၄ | ၁၉ | ၁၉ | - | - |
| ၃ | ကယား | - | - | - | - | - | - | - | - |
| ၄ | ကရင် | - | - | ၄၅ | ၄၅ | ၁၀ | ၁၀ | ၁ | ၁ |
| ၅ | ချင်း | - | - | ၁ | ၁ | - | - | - | - |
| ၆ | စစ်ကိုင်း | - | - | ၁၁၀ | ၁၁၀ | ၁၈ | ၂၀ | ၁ | ၁ |
| ၇ | တနင်္သာရီ | ၁ | ၁ | ၁၆ | ၁၆ | ၉ | ၉ | - | - |
| ၈ | ပဲခူး | - | - | ၂၂၀ | ၂၂၀ | ၅၁ | ၅၁ | ၁ | ၁ |
| ၉ | မကွေး | - | - | ၄၉ | ၄၉ | ၂၃ | ၂၃ | - | - |
| ၁၀ | မန္တလေး | - | - | ၄၀ | ၄၀ | ၄၉ | ၄၉ | ၁၂ | ၁၂ |
| ၁၁ | မွန် | - | - | ၃၂ | ၃၃ | ၇ | ၇ | - | - |
| ၁၂ | ရခိုင် | - | - | ၅၄ | ၅၄ | ၁၄ | ၁၄ | ၄ | ၄ |
| ၁၃ | ရန်ကုန် | ၂ | ၂ | ၂၀၂ | ၂၀၂ | ၁၅၆ | ၁၅၆ | ၃၁ | ၃၁ |
| ၁၄ | ရှမ်း | - | - | ၂၄ | ၂၄ | ၁၃ | ၁၈ | - | - |
| ၁၅ | ဧရာဝတီ | - | - | ၆၀ | ၆၀ | ၂၃ | ၂၃ | - | - |
| | စုစုပေါင်း | ၃ | ၃ | ၈၇၂ | ၈၇၃ | ၄၀၆ | ၄၁၃ | ၅၃ | ၅၃ |

၂။ ထို့အပြင် ယာဉ်တိုက်မှုများလျော့နည်းကျဆင်းစေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောခြင်း၊ မှုခင်းအသိပညာပေးဟောပြောခြင်းများအား အောက်ပါအတိုင်း ပြုလုပ်ခဲ့ပါသည်-

| စဉ် | တိုင်းဒေသကြီး / ပြည်နယ် | မှုခင်းကျဆင်းရေး ပညာပေးဟောပြောမှု | | ဆေးဆိုင်/ကွမ်းယာဆိုင်များ စစ်ဆေး/ပညာပေးဆောင်ရွက်မှု | | |
|---|---|---|---|---|---|---|
| | | အကြိမ် | အင်အား | အကြိမ် | ဆေးဆိုင် အရေအတွက် | ကွမ်းယာဆိုင် အရေအတွက် |
| ၁ | နေပြည်တော် | ၃၅ | ၂,၃၅၃ | ၁၃၅ | ၂၄၆ | ၁၀၂ |
| ၂ | ကချင် | ၂၄ | ၈၁၄ | ၇ | ၂၄ | ၃၀ |
| ၃ | ကယား | ၁၃၄ | ၄,၀၇၇ | ၉၈ | ၂၇ | ၇၁ |
| ၄ | ကရင် | ၇၆ | ၁၆,၆၃၅ | ၁၂၅ | ၉၂ | ၉၅ |
| ၅ | ချင်း | ၁၁၀ | ၂,၉၅၀ | ၇၀ | ၃၀၀ | ၂၀၀ |
| ၆ | စစ်ကိုင်း | ၄၉၃ | ၃၃,၈၉၆ | ၄၅၈ | ၇၀၂ | ၁,၈၄၀ |
| ၇ | တနင်္သာရီ | ၄၆ | ၃,၈၃၀ | ၃၆ | ၃၂ | ၂၂ |
| ၈ | ပဲခူး | ၂၄ | ၇၅၉ | ၁,၇၂၆ | ၉၁၆ | ၁,၂၀၀ |
| ၉ | မကွေး | ၇၁၀ | ၂၉,၅၅၀ | ၈၂၇ | ၄၀၈ | ၄၁၉ |
| ၁၀ | မန္တလေး | ၄၃၀ | ၁၈,၈၂၂ | ၂၀၈ | ၂၅၁ | ၂၄၇ |
| ၁၁ | မွန် | ၁၁၃ | ၆,၄၁၅ | ၄၅ | ၇၂ | ၇၂ |
| ၁၂ | ရခိုင် | ၅၀ | ၄,၅၀၀ | ၄၅၄ | ၅၁၀ | ၇၁၅ |
| ၁၃ | ရန်ကုန် | ၄၃၀ | ၁၅,၇၈၅ | ၉၀ | ၁၃၀ | ၁၃၆ |
| ၁၄ | ရှမ်း | ၈ | ၅၃၉ | ၁ | ၁ | - |
| ၁၅ | ဧရာဝတီ | ၈၀၃ | ၂၃,၈၁၅ | ၄၀၂ | ၄၈၇ | ၈၄၇ |
| | စုစုပေါင်း | ၃,၄၈၆ | ၁၆၄,၇၄၀ | ၄,၆၈၂ | ၄,၁၉၈ | ၅,၉၉၆ |

၃။ ယင်းသို့ ကြိုတင်ကာကွယ်မှုများ ဖမ်းဆီးခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောခြင်း၊ မှုခင်းအသိပညာပေးဟောပြောခြင်းများပြုလုပ်ခဲ့သဖြင့် ၂၀၁၇ ခုနှစ် သင်္ကြန်ကာလအတွင်း သင်္ကြန်နှင့်ပတ်သက်သော မှုခင်းများ လျော့နည်းဖြစ်ပွားခဲ့ပါသည်။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့**



**တရားဝင် စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာတင်ပြနိုင်ခြင်း မရှိသည့်**
"Parrot" Bebop 2 Drone (1) Set

## ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၂၀**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မေ ၁၉ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၂၇၅ စီး၊ သွင်းကုန် ၁၁၆ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ငါးစီး၊ သွင်းကုန် ၂၇ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

ထူးခြားသိမ်းဆည်းမှုအနေဖြင့် မေ ၁၉ ရက်တွင် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ တာဝန်ကျ အကောက်ခွန်အဖွဲ့မှ စစ်ဆေးစဉ် Myanmar National Airline ဖြင့် ဘန်ကောက်မှ မန္တလေးသို့ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသား ခရီးသည်ထံမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတစ်စုံတစ်ရာတင်ပြနိုင်ခြင်း မရှိသည့် "Parrot" Bebop 2 Drone (1) Set (ခန့်မှန်းတန်ဖိုးကျပ် သုည ဒသမ ၄သန်း) ခန့်အား တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ညောင်လေးပင်မြို့အထွက် အာလောကွေ့၌ ၁၂ ဘီးယာဉ်တစ်စီး လမ်းဘေးထိုးကျတိမ်းမှောက်

**ညောင်လေးပင် မေ ၂၀**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့အထွက် အာလောကွေ့၌ မေ ၂၀ ရက် နံနက် ၅ နာရီခွဲက ၁၂ ဘီးယာဉ်တစ်စီး လမ်းဘေးထိုးကျတိမ်းမှောက်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်အမှတ် (၉၆/၂ နှင့် ၉၆/၃)အကြား အာလောကွေ့၌ ယာဉ်မောင်းသိန်းသန်းဝင်း မောင်းနှင်လာသော အောင်ပန်းမှ ရန်ကုန်သို့ပို့ရန် ပန်းဂေါ်ဖီများ တင်ဆောင်လာသည့် ယာဉ်အမှတ် 4k--- ဟီးနိုး ၁၂ ဘီး အပြာရောင်/နံ့သာဖြူကျား ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်းဝဲဘက်သို့ ထိုးကျတိမ်းမှောက်သွားခဲ့သည်။

ယင်းတိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါသူနှစ်ဦးမှာ ထိခိုက်ဒဏ်ရာရရှိခြင်းမရှိဘဲ ကားရှေ့လေကာမှန်နှင့် နောက်ကြည့်မှန်ကွဲသွားကြောင်း သိရသည်။

ထို့ကြောင့် ယာဉ်မောင်းသိန်းသန်းဝင်းအား ညောင်လေးပင် မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**



# ဘယ်အသင်းကိုမဆို မိုနာကို ရင်ဆိုင်ရန်အသင့်လို့ ကြွေးကြော်လိုက်တဲ့ မက်ပီ



မိုနာကိုလူငယ်တိုက်စစ်မှူး မက်ပီက မိုနာကိုအသင်းအနေနဲ့ ဘယ်အသင်းကို ရင်ဆိုင်ချင်တယ်၊ ဘယ်အသင်းကို ရင်မဆိုင်ချင်ဘူးဆိုတာမရှိဘဲ အားလုံးကို ရင်ဆိုင်ဖို့အသင့်ရှိနေတယ်လို့ ဖွင့်ဟပြောကြားလိုက်ပြီဖြစ်သည်။ ဒေါ့မွန်အသင်းကို သုံးဂိုး-တစ်ဂိုးနဲ့အနိုင်ရရှိခဲ့တဲ့ ချန်ပီယံလိဂ်ပွဲစဉ်မှာ မက်ပီက ပွဲအစ သုံးမိနစ်မှာပင် မိုနာကိုအတွက် ဦးဆောင်ဂိုး သွင်းယူပေးနိုင်ခဲ့ပြီးနောက် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် သွင်းဂိုးငါးဂိုးအထိ သွင်းယူနိုင်တဲ့ အသက်အငယ်ဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်သွားခဲ့သည်။

မက်ပီက မိုနာကိုအသင်းအနေနဲ့ အကြိုဗိုလ်လုပွဲအဆင့်နဲ့သာ ရပ်တန့်နေမှာ မဟုတ်ဘဲ ဗိုလ်လုပွဲတက်ရောက်ရေးကိုလည်း အားထုတ်သွားမှာဖြစ်ကြောင်းလည်း ပရိသတ်များကို ကတိပြုစကားဆိုခဲ့သည်။ မက်ပီက ယခုနှစ်ဘောလုံးရာသီသည် သူ့အတွက် မယုံနိုင်လောက်စရာများ ဖန်တီးပေးတဲ့ရာသီဖြစ်ပြီး ကလပ်အသင်းအတွက် မိမိတတ်စွမ်းနိုင်သမျှ အကောင်းဆုံးပေးဆပ်သွားမှာဖြစ်ကြောင်း ပြောကြားခဲ့သည်။ မက်ပီက သူ့ရဲ့ ချန်ပီယံလိဂ်သွင်းဂိုးငါးဂိုးထဲတွင် သူ့အကြိုက်ဆုံးမှာ ဒေါ့မွန်အသင်းဘက်ကို သွင်းယူခဲ့တဲ့ ဒုတိယမြောက်သွင်းဂိုးဖြစ်ပြီး အင်မတန်လှပတယ်လို့ ခံစားရကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

## ဥရောပတွင်အင်္ဂလန်ကလပ်အသင်းများ မအောင်မြင်ရခြင်းအကြောင်းတရားမှာ ပရီမီယာလိဂ်ကြောင့်သာလျှင်ဖြစ်

ယခုနှစ် ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲအဆင့်ကို ရောက်ရှိလာချိန်မှာ စပိန်ကလပ်နှစ်သင်း၊ အီတလီကလပ်တစ်သင်း၊ ဂျာမန်ကလပ်တစ်သင်းတို့သာ ကျန်ရှိတော့ပြီး အင်္ဂလန်ကလပ်အသင်းတွေနဲ့ ဂျာမန်ကလပ်အသင်းတွေတစ်သင်းမှ အကြိုဗိုလ်လုပွဲအဆင့်ကို တက်လှမ်းနိုင်ခြင်းမရှိခဲ့ပါဘူး။ ဒီနှစ်ဘောလုံးရာသီမှာ ဘွန်ဒက်စ်လီဂါအသင်းတစ်သင်းမှ အကြိုဗိုလ်လုပွဲအဆင့်ကို တက်ရောက်နိုင်ခြင်းမရှိခဲ့ပေမယ့် ဒေါ့မွန်အသင်း ကားအနီး ဗုံးပေါက်ကွဲမှု၊ ဒိုင်ရဲ့ ဆုံးဖြတ်ချက်အမှားတွေကြောင့် ဘိုင်ယန်နစ်နာခဲ့တာတွေကြောင့် ဘွန်ဒက်စ်လီဂါအသင်းများရဲ့ကျဆုံးမှုဟာ ပြောပလောက်အောင် အပြစ်မဖြစ်ခဲ့ပါဘူး။ ပြီးခဲ့တဲ့ အင်္ဂါနေ့က ကျင်းပပြီးစီးခဲ့တဲ့ လက်စတာအသင်းနဲ့ အက်သလက်တီကိုအသင်းတို့ရဲ့ ကွာတားဖိုင်နယ်(ဒုတိယအကျော့ပွဲစဉ်)မှာ လက်စတာက နှစ်ကျော့ပေါင်း နှစ်ဂိုး-တစ်ဂိုးနဲ့အရေးနိမ့်ခဲ့တာကြောင့် တစ်ခုတည်းသော လက်ကျန် ပရီမီယာလိဂ်အသင်းရဲ့ ချန်ပီယံလိဂ်အိပ်မက်လည်း အဆုံးသတ်သွားခဲ့ပြန်ပါတယ်။

ယခုနှစ်ချန်ပီယံလိဂ်ကို ဝင်ရောက်ယှဉ်ပြိုင်ကြတဲ့ အင်္ဂလန်ကလပ်အသင်းလေးသင်းထဲမှာ စပါးက အုပ်စုအဆင့်၊ အာဆင်နယ်နဲ့ မန်စီးတီးတို့က ၁၆ သင်းအဆင့်ကနေ လှည့်ပြန်သွားခဲ့ရပြီဖြစ်တာကြောင့် အင်္ဂလန်မီဒီယာတွေက လက်စတာအပေါ် မျှော်လင့်ချက် တစ်ပုံတစ်ပင်ထားခဲ့ကြတာပါ။ ဒါပေမယ့် လက်စတာလည်း ကွာတားအဆင့်ကပဲ လှည့်ပြန်သွားခဲ့ပြီးနောက်မှာ ဘာလို့ အင်္ဂလန်ကလပ်အသင်းတွေ ချန်ပီယံလိဂ်မှာ မအောင်မြင်ဖြစ်ခဲ့တာလဲဆိုတာကို မေးခွန်းထုတ်နေကြပြီး ပရီမီယာလိဂ်ရဲ့ ပွဲဆက်များမှုဟာ ဥရောပလိဂ်ပြိုင်ပွဲတွေကို များစွာသက်ရောက်မှုရှိခဲ့ကြောင်း တစ်လေသံတည်းထွက်လာခဲ့ကြပါတယ်။

ချယ်လ်ဆီးအသင်း ၂၀၁၂ ခုနှစ် ချန်ပီယံလိဂ်မှာ ဗိုလ်စွဲပြီးနောက်ပိုင်း ငါးနှစ်အတွင်း သုံးနှစ်မှာ ဘယ်အင်္ဂလန်ကလပ်အသင်းကမှ အကြိုဗိုလ်လုပွဲအဆင့်ကိုတောင် တက်ရောက်နိုင်ခြင်းမရှိခဲ့တာဟာ ဆိုးရွားလွန်းတဲ့ မှတ်တမ်းဖြစ်ပါတယ်။ အင်္ဂလန်ကလပ်အသင်းတွေက ကစားသမားအပြောင်းအရွှေ့အတွက် ပေါင်ဘီလီယံနဲ့ချီပြီး သုံးစွဲနေပေမယ့် ချန်ပီယံလိဂ်လို အဆင့်မြင့်ပြိုင်ပွဲတွေမှာ အောင်မြင်မှုနဲ့ ဝေးကွာနေတဲ့ မှတ်တမ်းတွေကြောင့် အင်္ဂလန်ကလပ်အသင်းတွေရဲ့ ရည်မှန်းချက်ဟာ ဘာလဲဆိုတာကိုတောင် မေးခွန်းထုတ်ရတော့မလိုပါပဲ။

ပရီမီယာလိဂ်အသင်းတွေဟာပွဲဆက်များသလို ထိပ်ဆုံးလေးနေရာအတွက် ပြင်းပြင်းထန်ထန်ယှဉ်ပြိုင်နေရတာကြောင့် ဥရောပလိဂ်တွေဘက်အာရုံစိုက်လိုက်ချိန်မှာ ပြည်တွင်းလိဂ်မှာ ရလဒ်တွေ ထိုးဆင်းသွားတာဖြစ်ပါတယ်။ ဂွါဒီယိုလာ၊ ဂျာဂန်ကလော့ပ်တို့လို ဥရောပအတွေ့အကြုံရင့်နည်းပြတွေဟာ ပရီမီယာလိဂ်ကို ပြောင်းလဲကိုင်တွယ်ချိန်မှာ မအောင်မြင်ဖြစ်ခဲ့တာကို ကြည့်ရင် ပရီမီယာလိဂ်ပြိုင်ပွဲဟာ အခြားလိဂ်တွေထက် ကိုင်တွယ်ဖို့ ခက်ခဲတယ်ဆိုတဲ့အဖြေကို ထွက်စေပါတယ်။ ပရီမီယာလိဂ်ဟာ အမှတ်ပေးပွဲစဉ်တွေအပြင် လိဂ်ဖလားပွဲတွေကလည်း ဆက်တိုက်ယှဉ်ပြိုင်နေရတာကြောင့် အခုလို ဥရောပလိဂ်ပြိုင်ပွဲတွေမှာ မအောင်မြင်ဖြစ်နေတာလို့ အဖြေထုတ်ရတော့မှာဖြစ်ပါတယ်။



လက်စတာအသင်းရဲ့ မာ့ခ်အယ်လ်ဘရိုက်တန်ကို နှစ်သိမ့်ပေးနေတဲ့ အက်သလက်တီကိုနည်းပြ ဆီမြွန်နီ

## ချန်ပီယံလိဂ်တွင် အကောင်းဆုံးအသင်းမရှိတော့ဟု ဒိုင်ဘာလာရှုမြင်



ဂျူဗင်တပ်တိုက်စစ်မှူး ပေါ်လိုဒိုင်ဘာလာက ချန်ပီယံလိဂ်တွင် အကောင်းဆုံးအသင်း ဘာစီလိုနာ ထွက်ခွာသွားရပြီဖြစ်သဖြင့် ဘယ်အသင်းနဲ့ရင်ဆိုင်ရသည်ဖြစ်စေ ကိစ္စမရှိဘဲ အကြိုဗိုလ်လုပွဲရောက် လေးသင်းစလုံး အခွင့်အရေး ဆတူရှိကြောင်း သူရဲ့အမြင်ကို ပြောကြားခဲ့သည်။ ဂျူဗင်တပ်နဲ့ ဘာစီလိုနာအသင်းတို့ ကွာတားဖိုင်နယ်တွေ့ဆုံမှုတွင် ဂျူဗီက ဘာစီလိုနာကို နှစ်ကျော့ပေါင်း သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ကစားကာ အကြိုဗိုလ်လုပွဲ အဆင့်သို့ တက်လှမ်းနိုင်ခဲ့သည်။ ကွာတားဖိုင်နယ်ပွဲစဉ်များ ယှဉ်ပြိုင်အပြီးတွင် လက်ရှိချန်ပီယံ ရီးယဲလ်မက်ဒရစ်၊ အက်သလက်တီကိုမက်ဒရစ်၊ ပြင်သစ်ကလပ် မိုနာကိုနှင့် အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းတို့ အကြိုဗိုလ်လုပွဲအဆင့်သို့ တက်ရောက်လာနိုင်ခဲ့သည်။

ဒိုင်ဘာလာက ချန်ပီယံလိဂ်ကွာတားဖိုင်နယ် မဲခွဲဆုံးဖြတ်မှုကို စောင့်စားကြည့်ရှုခဲ့တဲ့အချိန်ကတည်းက ဂျူဗင်တပ်အသင်းသားများ မတွေ့ဆုံလိုတဲ့တစ်ခုတည်းသော အသင်းမှာ ဘာစီလိုနာသာဖြစ်သည်ဟု ဖောက်သည်ချခဲ့သည်။ အကြိုဗိုလ်လုပွဲတက်ရောက်လာတဲ့ အသင်းများတွင် ကြောက်လန့်ဖွယ်ကောင်းတဲ့ ပြိုင်ဘက်မပါဝင်သဖြင့် အားလုံး အခွင့်အရေး ညီတူမျှတူ ရှိကြောင်းဆိုခဲ့သည်။ ဂျူဗင်တပ်အသင်းသည် ယခုနှစ်ဘောလုံးရာသီ ချန်ပီယံလိဂ်ပွဲစဉ် ၁၀ ပွဲအတွင်း ပေးဂိုးနှစ်ဂိုးကိုသာ ခွင့်ပြုခဲ့ရရာ ဂျူဗီအနေဖြင့် ခံစစ်ဦးစားပေး ကစားလွန်းတယ်ဆိုတဲ့ ဝေဖန်ချက်ကိုမူ ဒိုင်ဘာလာက ငြင်းဆန်ပယ်ချခဲ့သည်။

ဒိုင်ဘာလာက ဘာစီလိုနာအသင်းကို နောက်ကောက်ချပြီး နောက်တစ်ဆင့် တက်လှမ်းနိုင်ခြင်းအတွက် ကျေနပ်ပျော်ရွှင်မိပြီး အကြိုဗိုလ်လုပွဲတွင် ဘယ်အသင်းနဲ့ တွေ့ချင်သည်၊ မတွေ့ချင်သည် ဆိုသည်မရှိတော့ကြောင်း ထပ်လောင်းပြောကြားခဲ့သည်။

မေလွဲသင်း
ရေးသားသည်




အမေရိကန်နာမည်ကြီးတင်းနစ်မယ် ဆရီနာဝီလျံမှာ ကိုယ်ဝန်လွယ်ထားရပြီဖြစ်ပြီး လာမယ့်ဆောင်းဦးပေါက်တွင် ရင်သွေးလေးကို မွေးဖွားတော့မှာဖြစ်တာကြောင့် ရာသီကုန်အထိ အနားယူရတော့မည်ဖြစ်ကြောင်း ဆရီနာရဲ့ ကိုယ်စားလှယ်ဖြစ်သူက အတည်ပြုကြေညာလိုက်ပြီဖြစ်သည်။ အသက် (၃၅)နှစ်အရွယ်ဝီလျံက မှန်ရှေ့တွင် ဖုန်းကိုင်ပြီး "ရက်သတ္တပတ် ၂၀" ဟု ရေးသားတဲ့ ဓာတ်ပုံကို သူ့ရဲ့အင်စတာဂရမ်စာမျက်နှာထက် တင်ခဲ့ပြီး သူရဲ့ ရင်သွေးလွယ်ထားရတဲ့သတင်းကို အသိပေးသွားခြင်းဖြစ်သည်။ အဆိုပါပို့စ်ကို တင်ပြီး သိပ်မကြာခင် ပြန်လည်ဖျက်သွားခဲ့သော်လည်း ဆရီနာ ကိုယ်ဝန်လွယ်ထားရပြီကို ကိုယ်စားလှယ်ဖြစ်သူက အတည်ပြုပေးခဲ့ခြင်းဖြစ်သည်။

ဆရီနာမှာ ပြီးခဲ့တဲ့ ဇန်နဝါရီလက ကျင်းပပြီးစီးခဲ့တဲ့ ဩစတြေးလျအိုးပင်းတွင် ချန်ပီယံအဖြစ် အောင်ပွဲခံနိုင်ခဲ့ပြီးနောက် ဂရင်းစလင်း ၂၃ ကြိမ်အထိရရှိတဲ့ တင်းနစ်မယ်အဖြစ် မှတ်တမ်းဝင်ထားသူဖြစ်သည်။ သို့သော် ယခုအခါ ကိုယ်ဝန်ရှိနေပြီဖြစ်တဲ့အတွက် ယခုနှစ်ရာသီအတွင်း ယှဉ်ပြိုင်ရန် ကျန်ရှိနေသေးတဲ့ ပြင်သစ်အိုးပင်း၊ ဝင်ဘယ်လ်ဒန်အိုးပင်းနှင့် အမေရိကန်အိုးပင်းတို့ကို လွဲချော်တော့မည်ဖြစ်သည်။ သို့သော်ဆရီနာဝီလျံမှာ ကလေးမွေးဖွားပြီး ၁၂ လအတွင်း တင်းနစ်ကစားရန် အဆင်သင့်ဖြစ်နေမည်ဆိုပါက ဒဗလျူတီအေ၏ အထူးသတ်မှတ်ချက်စည်းမျဉ်းအရ ကမ္ဘာ့အဆင့်(၁)နေရာကို ပြန်လည်ရယူနိုင်မည်ဖြစ်သည်။ အမေရိကန်တင်းနစ်အဖွဲ့ချုပ်ကမူ ဝီလျံရဲ့ ရင်သွေးမွေးဖွားတော့မယ့်ကိစ္စရပ်ကို ဂုဏ်ပြုပါကြောင်း ကြေညာချက်တစ်စောင် ထုတ်ပြန်ဂုဏ်ပြုခဲ့သည်။

# စစ်တွေမြို့နယ်၌ စိတ်ကြွဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၂၀**
စစ်တွေမြို့နယ် အင်ပါရီကျေးရွာရှိ နေအိမ်မှ ငွေကျပ်သိန်း ၉၀ ကျော် တန်ဖိုးရှိ စိတ်ကြွဆေးပြား ၃၀၀၀ ကျော်ကို ယမန်နေ့ ညနေပိုင်းက သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စစ်တွေမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် မေ ၁၉ ရက် ညနေပိုင်းက စစ်တွေမြို့နယ်အတွင်းရှိ အင်ပါရီကျေးရွာနေ မဇူဘေ ဒါဘေဂေါင် (၂၂) နှစ်၏ နေအိမ်အား သတင်းအရ ဝင်ရောက်ရှာဖွေရာ တန်ဖိုးငွေကျပ် ၉၆၆၀၀၀၀ ရှိ စိတ်ကြွဆေးပြား ၃၂၂၀ နှင့်အတူ ၎င်းအား ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

သို့ပါ၍ မဇူဘေ ဒါဘေဂေါင်အား ဥပဒေအရ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းထုတ်ပြန်ထားသည်။

**(သတင်းစဉ်)**




ခိုက်ရှိုဆလင်


နိုရိုလာမိန်


ရော်ဘီ


မာမောက်အီစွပ်


ရော်ဖီအူလာ


ဆီရာဆူ


နိုရိုဆလမ်

# သဝန်ချောင်းကျေးရွာတွင် ဖြစ်ပွားခဲ့သော ဓားပြမှုနှင့်ပတ်သက်သည့် မသင်္ကာသူ ခုနစ်ဦး ဖမ်းဆီးထိန်းသိမ်း

**နေပြည်တော် မေ ၂၀**
မောင်တောမြို့နယ် သဝန်ချောင်းကျေးရွာတွင် မေ ၁၇ ရက်က ဖြစ်ပွားခဲ့သော ဓားပြမှုနှင့် ပတ်သက်သည့် မသင်္ကာသူ ခုနစ်ဦးအား ယမန်နေ့ ညနေပိုင်းက ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း သိရသည်။

မောင်တောမြို့နယ် သဝန်ချောင်းကျေးရွာအတွင်းသို့ မေ ၁၇ ရက်က အဒူရာဟိန်ဟု ယူဆရသူ အပါအဝင် လူ လေးဦးပါ ဓားပြအဖွဲ့ ဝင်ရောက်ခဲ့ပြီး ၎င်းအဖွဲ့၏ သေနတ်ပစ်ခတ်မှုကြောင့် ရွာသားတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ဖြစ်စဉ်နှင့်ပတ်သက်ပြီး နယ်မြေခံရဲတပ်ဖွဲ့ဝင်များသည် မေ ၁၉ ရက် ညနေ ၄ နာရီခန့်က မောင်တောမြို့နယ် အင်းဒင် အနောက်ရွာ (ခ) ထုန်ဆင်းကျေးရွာသို့ ရှောင်တခင် ဝင်ရောက်စစ်ဆေးခဲ့ပြီး မသင်္ကာသူများဖြစ်ကြသည့် နိုရိုဆလမ် (၂၄) နှစ်၊ ဆီရာဆူ (၁၅) နှစ်၊ ရော်ဖီအူလာ (၁၃) နှစ်၊ ရော်ဘီ (၂၇) နှစ်၊ မာမောက်အီစွပ် (၄၅) နှစ်၊ ခိုက်ရှိုဆလင် (၂၀) နှစ်နှင့် နိုရိုလာမိန် (၂၆) နှစ်တို့အား ဖမ်းဆီးထိန်းသိမ်း၍ တရားဥပဒေ လုပ်ထုံးလုပ်နည်းနှင့်အညီ ပဏာမ စစ်ဆေးလျက်ရှိကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေး ကော်မတီမှ သတင်းထုတ်ပြန်ထားသည်။

**(သတင်းစဉ်)**

# အိုက်စ်နှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၂၀**
မူးယစ်တပ်ဖွဲ့စု(၃၄)ကော့သောင်းမှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၁၈ ရက်က ကော့သောင်းမြို့ ပိတောက်ရွှေဝါရပ်ကွက် ကော့သောင်းဟိုတယ် အခန်းအမှတ်(၁၀၂) တွင် ချမ်းငြိမ်းအောင်(ခ)ရှိန်သည် မူးယစ်ဆေးဝါးများနှင့်အတူ တည်းခိုနေထိုင်လျက်ရှိကြောင်း သတင်းအရ ရှာဖွေရန် သွားရောက်စဉ် ချမ်းငြိမ်းအောင်မှာ ဟိုတယ်ပထမအထပ်မှ ဆင်းလာ၍ ရှာဖွေရာ ၎င်းကိုင်ဆောင်ထားသော ဖော့ဘူးထဲမှ စက္ကူတိပ်ဖြင့်ပတ်လျက် အိုက်စ် ၁၀၀ ဂရမ်နှင့် ၎င်းတည်းခိုနေထိုင်သည့် အခန်းအမှတ် (၁၀၂)အား ရှာဖွေရန် တံခါးဖွင့်ခိုင်းရာ အခန်းတွင်အတူနေထိုင်သူ ရဲရင့်နိုင်(ခ)ကိုချစ်မှာ ပြတင်းပေါက်မှ ခုန်ချထွက်ပြေးတိမ်းရှောင်သွားခဲ့သဖြင့် အခန်းတံခါးကို ဖွင့်လှစ်ရှာဖွေရာ အိပ်ရာပေါ်မှ ပလတ်စတစ်အိတ်ဖြင့် ထည့်လျက် အိုက်စ် ၂၀ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၄၆ ပြား၊ ဆိုင်ကယ်တစ်စီးတို့ကိုသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**


**ချမ်းငြိမ်းအောင်(ခ)ရှိန်အား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။**

# တာချီလိတ်၌ ယာဉ်တိုက်မှုဖြစ်၍ တစ်ဦးသေဆုံး

**တာချီလိတ် မေ ၂၀**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ မေ ၁၉ ရက်က ယာဉ်တိုက်မှုဖြစ်ပွားရာ တစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ သိရသည်။

မေ ၁၉ ရက် နံနက် ၂ နာရီခွဲက တာချီလိတ်မြို့ မြို့မအားကစားကွင်းရှေ့ လမ်းအကွေ့ ဗိုလ်ချုပ်လမ်းမပေါ်တွင် ပါလျှံမီးပွိုင့်လမ်းဆုံဘက်မှ အမှတ်(၂) ချစ်ကြည်ရေးတံတားဘက်သို့ စိုင်းရီ(၃၇)နှစ် မောင်းနှင်ပြီး နောက်တွင် မောင်နန်နွံ့ လိုက်ပါစီးနင်းလာသော CBR ဖြူနီကြား ရောင်ဆိုင်ကယ်သည် မြို့မအားကစားကွင်းရှေ့ လမ်းအကွေ့အရောက်၌ အရှိန်မထိန်းနိုင်ဘဲ လမ်းဝဲဘက်ခြမ်းသို့ တိမ်းမှောက်ခဲ့သဖြင့် စိုင်းရီတွင်ဒဏ်ရာရရှိပြီး ဆိုင်ကယ်နောက်တွင် လိုက်ပါလာသော မောင်နန်နွံ့မှာ သတိလစ်လျက် ဒဏ်ရာများရရှိပြီး ဆေးစာရေးသား၍ ဆေးရုံသို့ ပို့ဆောင်ဆေးကုသနေစဉ် သေဆုံးသွားခဲ့သည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ ယာဉ်မောင်း စိုင်းရီ (၃၇)နှစ် ပုန်းထွန်ရပ်ကွက် တာချီလိတ်မြို့နေသူအား တာချီလိတ်မြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**(၁၁၁)**

## မြန်မာနိုင်ငံတိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း(ယာယီ)၏ ရှေ့လုပ်ငန်းစဉ်များ အကြံပြုဆွေးနွေးပွဲဖိတ်ကြားခြင်း

မြန်မာနိုင်ငံတိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း(ယာယီ)က ကြီးမှူး၍ အသင်းနှင့် တိုင်းရင်းဆေးလုပ်ငန်းရှင်များ၏ ရှေ့လုပ်ငန်းစဉ်များ ဝိုင်းဝန်းအကြံပြုဆွေးနွေးပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် တိုင်းရင်းဆေးဝါးလုပ်ငန်းရှင်များ တက်ရောက်ပေးပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ဆွေးနွေးပွဲကျင်းပမည့်နေရာ - Western Park Royal ကန်တော်ကြီး၊ ရန်ကုန်မြို့။
ကျင်းပမည့်အချိန် - ၂၃-၅-၂၀၁၇ ရက်၊ မွန်းလွဲ ၁ နာရီ

မြန်မာနိုင်ငံတိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း(ယာယီ)

**အာရှနဂါး**
မြဝတီ/ကျိုက်ထီးရိုး
ချောင်းသာ/ငွေဆောင်
Ph : 703790, 09 799100100
707062, 09 797100100

**၉/၁၀တန်း**
(Specialist) တစ်ဘာသာစီ(သို့) ဘာသာစုံ ကျွမ်းကျင်တတ်မြောက်လိုလျှင်
ဖုန်း-၀၉ ၂၆၁၁၁၇၇၄၈
၀၉ ၇၉၆၄၄၃၈၀၈

**ပြင်ဆင်ဖတ်ရှုပါရန်**
၂၀-၄-၂၀၁၇ရက်ထုတ် ကြေးမုံသတင်းစာ-စာ၃၀(ကြော်ငြာ)တွင် တရားလွှတ်တော်ရှေ့နေ ဦးရွှေမင်း၏ အများသိစေရန် ပြန်လည်ရှင်းလင်းအသိပေးကြေညာခြင်းတွင် “၁-၁-၂၀၁၆ရက် ကြေးမုံသတင်းစာအစား ၁-၁၁-၂၀၁၆ရက် ကြေးမုံသတင်းစာ”ဟု ပြင်ဆင်ဖတ်ရှုပါရန်။
**ဦးရွှေမင်း(LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၆၆၆၈)**

**Possible Travels & Tours**
ထားဝယ်-မောင်းမကန် ကမ်းခြေ-လောင်းလုံဘုတ်ကျွန်း (၄ည၊၅ရက်) Apr - 28
ချင်းပြည်နယ်-ဗိတိုရိယတောင်-စခလ (၄ည၊၅ရက်) Apr - 28
မြဝတီ-မဲဆောက် (၃ည၊၄ရက်) Apr - 28
တောင်ကြီး-အင်းလေး-ကလော-ပင်းတယ (၄ည၊၅ရက်) Apr - 28
ပုဂံ-ညောင်ဦး-ပုပ္ပါး (၃ည၊၄ရက်) Apr - 28
ကလောTREKKING-ရွာငံ-မိန်းမရဲတောင် (၃ည၊၄ရက်) Apr - 28
ကယားပြည်နယ်-ပန်ပက်ရွာ-ဒီမောဲလ်ဆိုး (၃ည၊၄ရက်) Apr - 28
အဆင့်မြင့် SCANIA ကား 3 Star Hotel များနှင့် အဆင့်မြင့်စားသောက်ဆိုင်များဖြင့် စီစဉ်ပေးသည်။
♦တောင်ဗိုင်းတောင်-ကျုံထော်ရေတံခွန်-ရွှေတာရံ
♦ထန်စွာ-ကျုံထော်ရေတံခွန်-ကော့ထွန်းဂူ-ဘုရင့်ညီဂူ
♦တောင်ဂူ-သံတောင်ကြီး-မော်ယောကြီးဆင်စခန်း
♦မော်လမြိုင်-ကျိုက္ကမီ-ဇက်ခဲ
နေ့ချင်းပြန်ခရီးစဉ်များ အပတ်စဉ်- သောကြာ၊ စနေ ထွက်သည်။
Ph - 01-706716, 09-799946628, 09-770022755, 09-250790919

**သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း**
ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊ (၁၀၇)ရပ်ကွက်၊ ဂရုဏာလမ်းမကြီး၊ အမှတ်-၁၆နေ ဒေါ်ခင်ဝင်းမေဦး[၁၂/တမန(နိုင်)၀၈၉၈၅၂]၏သား မောင်ဝင်းထွန်းနိုင်[၁၂/တဒဂ(နိုင်)၁၀၆၀၆၀]သည် မိဘ၏စကားကို နားမထောင် သည့်အပြင် အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ နောက်နာင် မောင်ဝင်းထွန်းနိုင်နှင့် ပတ်သက်သည့် အကြောင်းကိစ္စများကို လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း မိခင်ဖြစ်သူမှ ကြေညာအပ်ပါသည်။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။ **မိခင်-ဒေါ်ခင်ဝင်းမေဦး [၁၂/တမန(နိုင်)၀၈၉၈၅၂]**

**ငှားမည်**
ကမာရွတ် နှာနတ်တောလမ်း၊
ရွှေကိန္နရီအဆင့်မြင့်အိမ်ရာ၊
1 MBR, 2BR, 3AC ပါကေးခင်း၊ ကြိုး Ph.1
W/H/Fuly Furn, ခုတင်လှေကား၊ ကားပါကင်၊
1350 sqft အသင့်နေနိုင်သည်။
PH: 09-5083733, 09-5004647

**အများသိစေရန်ကြေညာချက်**
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင်တိုက်ရှိ တိုက်ခန်းကို လက်ရှိအမည်ပေါက်ထံမှ ဝယ်ယူထားသူက အမည်ပြောင်း၍ အဆာက်အအုံနေထိုင်ခွင့်စာချုပ် ချုပ်ဆိုခွင့်ပြုပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားများနှင့်အတူ ကြော်ငြာသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

| စဉ် | တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ် | အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ် | လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ် |
|---|---|---|---|
| ၁။ | ဗိုလ်မှူးကြီးချစ်သန်း [၁၁/သတန(နိုင်)၀၀၀၇၅၃]မှ | ဒေါ်ရီရီအေး [၇/ပခန(နိုင်)၁၈၀၃၀၂] | အခန်းအမှတ်(၁၀၀၃)၊ လမ်းမတော်သံစျေးကွန်ဒို၊ လသာမြို့နယ်။ |

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)

## တံခွန်တိုင်အဝိုင်းထိပ်မှ ကျွန်စစ်သားလမ်းအထိ မြို့ဝင်လမ်း ဖောက်လုပ်၊ အနီးဝန်းကျင်မြေဈေးများအဆမတန်မြင့်တက်

**ပြည်ကြီးတံခွန် မေ ၂၀**

မန္တလေးမြို့ပြ ဖွံ့ဖြိုးတိုးတက်စေရေးအတွက်ရန်ကုန်-မန္တလေးအမြန်လမ်း တံခွန်တိုင်အဝိုင်းအနီးတွင် လုံးချင်းအိမ်ရာများ၊ စီးပွားရေးအဆောက်အအုံများ ပါဝင်သော မြို့ပြ ဖွံ့ဖြိုးရေးစီမံကိန်းကို အကောင်အထည်ဖော်လျက်ရှိသည်။

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးမှ ချမ်းမြရွှေပြည်ယာဉ်ရပ်နားစခန်းသို့ ဝင်-ထွက် သွားလာလေ့ရှိသော အဝေးပြေးခရီးသည်တင်ယာဉ်ကြီးများ ယာဉ်ကြောရှုပ်ထွေးမှုမရှိစေရေးအတွက် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် နယူးစတားလိုက်ကုမ္ပဏီတို့ ပူးပေါင်း၍ မန္တလေးမြို့အဝင် (၇၄ )လမ်းမကြီးကို တံခွန်တိုင်အဝိုင်းထိပ်မှ ပြည်ကြီးတံခွန်မြို့နယ် ကျွန်စစ်သားလမ်းအထိ ဖောက်လုပ်ခဲ့သည်။

ကွန်ကရစ်ခင်းနိုင်လွန်ကတ္တရာလမ်းတည်ဆောက်ပြီးစီးသွားသဖြင့် ပြည်ကြီးတံခွန်မြို့နယ်အတွင်း ယာတော်ရပ်ကွက်၊ ရဲဘော်ကွက်သစ်ရပ်ကွက်နှင့် ၇၄ လမ်းမကြီး ဝဲ-ယာရပ်ကွက်ရှိပေ ၄၀× ပေ ၆၀ အကွက်များ ဈေးအဆမတန် မြင့်တက်သွားသည်။ မြို့ပြဖွံ့ဖြိုးရေးဇုန်အတွင်း မြေကွက်များလည်း ကုမ္ပဏီမှ ဖော်ထုတ်ပြီး မြေကွက်များ အကျယ်အဝန်းစတုရန်းပေအလိုက် သတ်မှတ်နှုန်းဖြင့်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**သီဟကိုကို**



## ချင်းပြည်နယ်ဝန်ကြီးချုပ်ဦးဆလိုင်းလျန်လွယ် ဟားခါးမြို့နယ် ဆူရ်ခွါးကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကြည့်ရှုစစ်ဆေး



**ဟားခါး မေ ၂၀**

ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်သည် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဦးရွှေထီးအိုး၊ ပြည်နယ်ဥပဒေချုပ်ဦးထန်ကျုံး၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးဦးပြုံးချိုနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် မေ ၁၈ ရက် ညနေပိုင်းက ဟားခါးမြို့နယ် ဆူရ်ခွါးကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဟားခါးမြို့နယ် ဆူရ်ခွါးကျေးရွာ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများ၊ ဆူရ်ခွါးကျေးရွာ၌ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း MPT တာဝါတိုင် တည်ဆောက်နေမှုနှင့် အထက်တန်းကျောင်းဆောင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဦးနှင့် တာဝန်ရှိသူများက လိုက်လံပြသ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဆူရ်ခွါးကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌတို့က အမှာစကားပြောကြားကြပြီး ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးရွှေထီးအိုးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရှန်အောရ်တို့က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်ပြီး ရှင်းလင်းတင်ပြကြရာ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြကာ ပြည်နယ်ဝန်ကြီးချုပ်က သက်ဆိုင်ရာပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌတို့က နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်ခဲ့ကြပြီး "နှစ်တစ်ရာပြည့်ရိုးရာအိမ်တော်" ၌ ကျင်းပသော ရိုးရာအကများကို ကြည့်ရှုအားပေးခဲ့ကြသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မေ ၁၉ ရက် နံနက်ပိုင်းတွင် ဆူရ်ခွါးကျေးရွာ တိုက်နယ်ဆေးရုံသို့ရောက်ရှိကာ လူနာများအားကြည့်ရှုအားပေးပြီး ထောက်ပံ့ငွေများပေးအပ်ခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မတူပီမြို့နယ် အိုက္ကားကျေးရွာ၌ ကျင်းပသော ချင်းတိုင်းရင်းသား ဇိုတုန်မျိုးနွယ်စုတို့၏ (၅၈) ကြိမ်မြောက် ဇိုတုန်စုံညီပွဲတော် အခမ်းအနားသို့ တက်ရောက် အားပေးခဲ့ကြကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

# သင်္ကြန်တွင်းရွာသွန်းသောမိုးကြောင့် နှမ်းများဖြစ်ထွန်းအောင်မြင်

**အမရပူရ မေ ၂၀**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် နှမ်းစိုက်ခင်းများမှာ သင်္ကြန်တွင်း ရွာသွန်းသောမိုးကြောင့် ဖြစ်ထွန်းအောင်မြင်လျက်ရှိသည်။ အမရပူရမြို့နယ်တွင် ဒုဋ္ဌဝတီမြစ်မှ လျှပ်စစ်ဖြင့်တင်သည့် လျှပ်စစ်မြစ်ရေတင်လုပ်ငန်းမှ ပေးလွှတ်သောရေ၊ ဆည်တော်ကြီးမှ ပေးလွှတ်သောရေများကို အသုံးပြုခြင်း၊ ကိုယ်တိုင်ရေတင်ခြင်းနည်းလမ်းများဖြင့် စိုက်ပျိုးကြသည်။

ဒုဋ္ဌဝတီ လျှပ်စစ်မြစ်ရေတင်လုပ်ငန်းမှ လယ်ဧက ၈၀၊ နှမ်းစိုက်ဧက ၂၄၀ စိုက်ပျိုးရန်အတွက် မတ် ၁၀ ရက်မှ စတင်ရေပေးလျက်ရှိသည်။ စိုက်ပျိုးပြီးနှမ်းများမှာ မိုးမရွာသည့်အတွက် အခက်တွေ့နေချိန် မိုးရွာသွန်းသည့်အတွက် နှမ်းစိုက်တောင်သူများ ဝမ်းသာလျက်ရှိပြီး နှမ်းများဖြစ်ထွန်းအောင်မြင်လာကြောင်း သိရသည်။

အမရပူရမြို့နယ်တွင်းရှိ နှမ်းစိုက်တောင်သူများသည် တပေါင်းနှမ်းဟုခေါ်သည့် တပေါင်းလတွင် အမိစိုက်ပျိုးကြသည်။ တပေါင်းလအမိစိုက်ပျိုးပါမှ တန်ခူးလနှင့် ကဆုန်လတွင် ရွာသွန်းသော မိုးရေများနှင့် ဖြစ်ထွန်းအောင်မြင်မည်ဖြစ်သည်။ မိုးနှစ်မိုးနှင့် သုံးမိုးမိပါမှ နှမ်းများအထွက်နှုန်း ကောင်းမွန်သည်။

လက်ရှိကာလတွင် နှမ်းပင်ပေါက်ပြီးနောက်ပိုင်းတွင် မိုးရွာသွန်းမှုကြောင့် နှမ်းများ ဖြစ်ထွန်းအောင်မြင်လျက်ရှိသည်။ မိုးပုံမှန်ဖြစ်ခြင်းကြောင့် အပင်ဖြစ်နှုန်းကောင်းကာ နှမ်းအသီးကောင်းလိမ့်မည်ဟု ခန့်မှန်းထားသည်။ နှမ်းများကို တပေါင်းလတွင်စိုက်ပျိုး၍ နယုန်လကုန်နှင့် ဝါဆိုလတွင် ရိတ်သိမ်းကြသည်။ နှမ်းကောင်းပါက တစ်ဧကလျှင် ၁၅ တင်း ကျော်ထွက်လေ့ရှိသည်။

လက်ရှိကာလတွင် နှမ်းစိုက်ပျိုးပြီးချိန် မိုးရွာသွန်းသည့်အတွက် တောင်သူများဝမ်းသာလျက်ရှိသည်။ တန်ခူးလတွင် မိုးတစ်မိုး မိပြီးသည့်အတွက် ကဆုန်၊ နယုန်တွင် မိုးနှစ်မိုးမိရုံမျှဖြင့် နှမ်းအထွက်နှုန်းကောင်းမွန်မည်ဖြစ်ကြောင်း နှမ်းစိုက်တောင်သူတစ်ဦးက ရှင်းပြသည်။

**တိမ်တမန်**





## တောင်သူများအား လယ်ယာမြေဥပဒေ၊ နည်းဥပဒေဆိုင်ရာ ပညာပေးဟောပြော

**ပြင်ဦးလွင် မေ ၂၀**

တောင်သူလယ်သမားများ သိသင့်သိထိုက်သည့် လယ်ယာမြေဥပဒေ၊ နည်းဥပဒေဆိုင်ရာ အသိပညာပေးဟောပြောပွဲကို မေ ၁၉ ရက် နံနက် ၁၀ နာရီက ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး (၁) ညံကွဲ အောင်ရတနာခမ်းမရုံ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် တံခွန်အားမာန် တောင်သူလယ်ယာဥက္ကဋ္ဌ ဒေါက်တာအောင်ဌေးက အဖွင့်အမှာစကားပြောကြားပြီး ဦးကိုနိုင်က တောင်သူတွေ့ဆုံပွဲ ကျင်းပရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဝင်းက တောင်သူလယ်သမားများ စိုက်ပျိုးလုပ်ကိုင်လျက်ရှိသော လယ်ယာမြေများအတွက် လယ်ယာမြေ လုပ်ကိုင်ခွင့်လက်မှတ်ပုံစံ (၇) အပြည့်အဝထုတ်ပေးနိုင်ရေး၊ တည်ဆဲ ၂၀၁၂ ခုနှစ်လယ်ယာမြေဥပဒေ၊ နည်းဥပဒေနှင့်အညီ ဒေသခံတောင်သူများ လိုက်နာကျင့်သုံးနိုင်ရေးနှင့် မြေယာဥပဒေများအား ရှင်းလင်းဟောပြောပြီး တောင်သူများ၏ ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးကြောင်းသိရသည်။

**မောင်ပြည်သူ(မန္တလေး)**

ကြေးမုံ
မေ ၂၁၊ ၂၀၁၇

# ဈေးကွက်ရှာဖွေရေး၊ ပြိုင်ဘက်များ၏ဈေးကွက်ကို လေ့လာနိုင်ရေး သင်တန်းပေး

**ပဲခူး မေ ၂၀**

ပဲခူးမြို့ icon shopping Centar\Conference Room ၌ စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေး ဦးစီးဌာနနှင့် ပဲခူးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနတို့ပူးပေါင်း၍ မေ ၁၉ ရက် နံနက် ၉ နာရီခွဲက International Market Analysis အသုံးပြု ပုံ သင်တန်းဖွင့်ပွဲအခမ်းအနားပြုလုပ်သည်။

ပဲခူးတိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးညွန့်ရွှေက ယခုဖွင့်လှစ်သောသင်တန်းသည် SMEs လုပ်ငန်းရှင်များအတွက် အလွန်အရေးပါသည့်သင်တန်း ဖြစ်ကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် ပြည်တွင်းဈေးကွက် မှတစ်ဆင့် နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်ဝင်ရောက် သည့်အခါ သိသင့်သောအချက်အလက်များနှင့် အသိပညာ ဗဟုသုတများ ရရှိလာမှာဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းများတွင် SME လုပ်ငန်းများသည် ၉၀ ရာခိုင်နှုန်းကျော်ပါဝင်နေသည့်အတွက် နိုင်ငံတော်၏ စီးပွားဖွံ့ဖြိုးတိုးတက်မှုမှာ SME များသည် အဓိကအသက် သွေးကြောအဖြစ် တည်ရှိနေကြောင်း ပြောကြားသည်။

စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ် ဒေါ်အေးအေးဝင်းက SMEs လုပ်ငန်းစဉ်များ နှင့်ပတ်သက်၍ လက်ရှိလုပ်ငန်းအခြေအနေများအား ရှင်းလင်းပြောကြားသည်။


ယင်းနောက် အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ကစလ(၂)ထုတ်ကုန်များအကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ သံရည်ကျိုလုပ်ငန်း၊ လက်မှုလုပ်ငန်းနှင့်စားသောက်ကုန် လုပ်ငန်းများမှ လုပ်ငန်းရှင်သင်တန်းသား ၂၂ ဦးတက် ရောက်ကာ Internet မှတစ်ဆင့် မိမိတို့၏ SME Products များကို ပြည်တွင်းပြည်ပသို့တင်ပို့နိုင်ရေး၊ ဈေးကွက်ရှာဖွေ ရေး၊ ပြိုင်ဖက်များ၏ဈေးကွက်ကို လေ့လာနိုင်ရေး၊ သိလို သောအကြောင်းအရာများနှင့် ထုတ်ကုန်များကို တိုးတက် အောင်ဆောင်ရွက်မည့်နည်းစနစ်များကို သင်ကြားပေး ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**



# စစ်တောင်းမြစ်စီးဆင်းရာဒေသများ မိုးရာသီကမ်းပါးများပြိုကျမှုမှကာကွယ်နိုင်ရန် ကြိုတင်ဆောင်ရွက်မှုများ ပြုလုပ်သင့်



**ရေတာရှည် မေ ၂၀**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်ကို ဖြတ်သန်းစီး ဆင်းသည့် စစ်တောင်းမြစ်သည် မိုးရာသီကာလများတွင် ကမ်းပါးများပြိုကျမှုများ နှစ်စဉ်ဖြစ်ပေါ်လျက်ရှိရာ နေအိမ် များ ရွှေ့ပြောင်းကြရခြင်း၊ လယ်ယာမြေကွက်များ ဆုံးရှုံး ပျက်စီးခြင်းတို့ကြောင့် မြစ်ကြောင်းထိန်းသိမ်းရေးလုပ်ငန်း တွင် ထိုက်သင့်သည့်ဆောင်ရွက်မှုများကို အချိန်မီဆောင် ရွက်သင့်ကြောင်း၊ မြစ်ဝှမ်းတစ်လျှောက်တွင်နေထိုင်ကြ သော ဒေသခံများက လိုလားလျက်ရှိကြောင်း သိရသည်။

ရေတာရှည်မြို့နယ်၊ တောင်ငူမြို့နယ်၊ ထန်းတပင်မြို့ နယ်၊ အုတ်တွင်းမြို့နယ်၊ ရွှေကျင်မြို့နယ် အစရှိသည့်မြို့နယ် များသည် စစ်တောင်းမြစ်ဖြတ်သန်းရာတစ်လျှောက်တွ င်တည်ရှိကြပြီး နှစ်စဉ်လိုလို မြစ်ကမ်းပါးပြိုကျမှုများနှင့် ကြုံတွေ့ကြရသည်ကို တွေ့ရှိရသည်။

“မြစ်ကြောင်းထိန်းသိမ်းရေးလုပ်ငန်းတွေမှာ အဓိက အခက်အခဲဖြစ်နေတာက ဘတ်ဂျက်ရရှိမှုနည်းပါးတာပါ တယ်။ ဘတ်ဂျက်ခွင့်ပြုငွေလုံလုံလောက်လောက်ရရှိနိုင် ရင် အကောင်းဆုံးအကောင်အထည်ဖော်ဆောင်ရွက်နိုင် မှာပါ” ဟု တာဝန်ရှိသူတစ်ဦးက ရှင်းလင်းပြောကြားသည်။

သစ်တောဂေဟစနစ် ပြောင်းလဲခြင်းအပြင် နုံးပို့ချမှု များပြားခြင်းနှင့် မြစ်လယ်ကြမ်းပြင်မြင့်တက်ကာ ရေလယ် သောင်ကျွန်းများဖြစ်ထွန်းလာခြင်းမှာ မြစ်ကမ်းပါးတိုက် စားမှုကိုပိုမိုဖြစ်ပေါ်စေနိုင်ကြောင်း ကျွမ်းကျင်သူတစ် ဦးက သုံးသပ်ပြောကြားသည်။

**ကိုလွင်(ဆွာ)**

# တောင်သူများ နှမ်းစပါးပေါ်ချိန် ခိုင်မာသောဈေးကွက်ရရှိရန် မျှော်လင့်

**ရေတာရှည် မေ ၂၀**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်းရှိ ဆွာဆည်ရေသောက်စနစ်ဖြင့် နွေစပါးစိုက် ဧကပေါင်း ၂၀၀၀၀ ကျော် စိုက်ပျိုးထားရှိရာ ရက်သုံးဆယ် ထိုင်းကောက်စပါးများ မကြာမီစတင်ရိတ်သိမ်းတော့ မည်ဖြစ်ရာ တောင်သူများအနေဖြင့် ခိုင်မာသောဈေး ကွက်ရရှိရန် မျှော်လင့်လျက်ရှိကြောင်း သိရသည်။

နွေစပါးစိုက်ပျိုးရာတွင် ရက်သုံးဆယ်မျိုးဖြစ်သော ထိုင်းကောက်၊ ရက် ၁၂၀ သက်တမ်းရှိ ရတနာတိုးစပါး မျိုးများကို အများဆုံးစိုက်ပျိုးကြသည်ကို တွေ့ရသည်။ တစ်ဧကစိုက်ပျိုးရာ၌ ထွန်ယက်ခ၊ စပါးမျိုးကုန်ကျ စရိတ်၊ အလုပ်သမားငှားရမ်းခ၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးအမျိုးမျိုး အစရှိသည့်ကုန်ကျစရိတ် မှာ ကျပ်နှစ်သိန်းဝန်းကျင်ခန့်ကုန်ကျမှုများရှိသည်ကို တွေ့ရသည်။

နွေစပါးများထွက်နှုန်းကောင်းမွန်ခြင်းနှင့် အောင် မြင်ရန်မှာ ရေရရှိမှုအပေါ်တွင်တည်မှီလျက်ရှိရာ ယခုနှစ်တွင် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲ ရေးဦးစီးဌာနမှ ရေပေးမြောင်းအလိုက် တာဝန်ခံများ ဖြင့် စနစ်တကျဆောင်ရွက်ပေးမှုကြောင့် ရေအခက် အခဲများကို ဖြေရှင်းနိုင်ခဲ့သည်။

“ကျွန်တော်တို့တောင်သူတွေအနေနဲ့ စပါးထွက် နှုန်းကောင်းနေရုံနဲ့မရပါဘူး။ အဓိကအရေးကြီးတာက ဆန်၊ စပါးဈေးကွက်ကောင်းမွန်ဖို့လိုတယ်။ စပါး၊ ဆန် ဈေးကွက်ကောင်းမှ တောင်သူတွေအသက်ရှူချောင် မှာ။ စပါးဈေးမကောင်းရင်တော့ တောင်သူတွေ အတွက် အကြွေးတောင်ကျေဖို့မလွယ်ဘူး” ဟု တောင် သူတစ်ဦးက ပြောသည်။

**ကိုလွင်(ဆွာ)**

# ပြည်သူများပူးပေါင်းပါဝင်မှုကြောင့် ယခုနှစ်သင်္ကြန်ကာလ မှုခင်းဖြစ်ပွားမှု လျော့နည်း

**သထုံ မေ ၂၀**

မွန်ပြည်နယ် သထုံခရိုင်အတွင်းရှိ မြို့နယ်များအတွင်း ယခုနှစ် သင်္ကြန်ကာလအတွင်း၌ ပြည်သူများအနေဖြင့် မှုခင်းကျဆင်း ရေး ပူးပေါင်းပါဝင်လာမှု အားကောင်းလာသောကြောင့် မှုခင်း ဖြစ်ပွားမှုမှာ ယခင်နှစ်သင်္ကြန်ကာလအောက် လျော့နည်းလာ ကြောင်း သထုံခရိုင်ရဲတပ်ဖွဲ့ရုံးမှ သိရသည်။

“ကျွန်တော်တို့ဘက်က သင်္ကြန်မတိုင်ခင်မှာ ကြိုတင်ကာ ကွယ်တဲ့လုပ်ငန်းတွေ ဆောင်ရွက်ပါတယ်။ အရက်သေစာ၊ လောင်းကစား၊ ယာဉ်စည်းကမ်း စသည်ဖြင့် ဒါတွေကိုမှုခင်းကျ ဆင်းရေးအတွက် ကြပ်ကြပ်မတ်မတ်ဆောင်ရွက်သလို သင်္ကြန် တွင်း လိုက်နာရမယ့် စည်းကမ်းတွေကိုလည်း တိတိကျကျ ထုတ်ပြန်ကြေညာပေးတဲ့အခါမှာ ပြည်သူတွေကလည်း လိုက်နာ ပြီးတော့ ပူးပေါင်းပါဝင်တာမျိုး ဒီနှစ်မှာ ပိုအားကောင်းလာ တယ်။ ရဲတပ်ဖွဲ့အနေနဲ့ ဘယ်လိုပဲ ပြီးပြည့်စုံအောင် မှုခင်းမဖြစ် အောင် ဆောင်ရွက်နေပါစေ ပြည်သူဘက်က မဆင်ခြင်ရင် ထူးမှာမဟုတ်ပါဘူး။ ပြီးခဲ့တဲ့နှစ်တွေကဆို မူးယစ်ရမ်းကား အုပ်စုဖွဲ့ရန်ဖြစ်တာတွေက အလွန်များတယ်။ ဒီနှစ်ဆိုမရှိ သလောက်ဖြစ်လာတယ်။ နောက်ပြီး တပ်ဖွဲ့ဝင်အင်အားကလည်း မနှစ်ကထက် ပိုပြီးတိုးလာတဲ့အတွက် နေရာတိုင်းလိုလို လုံခြုံရေး လုပ်ပေးနိုင်တော့ ဒီနှစ်က မနှစ်ကထက်စာရင် သင်္ကြန်ကာလ မှာ မှုခင်းဖြစ်မှုနည်းတာဖြစ်မှာပါ”ဟု သထုံခရိုင်ရဲတပ်ဖွဲ့မှူး ဒု-ရဲမှူးကြီးနန္ဒဝင်းက ပြောသည်။

သထုံခရိုင်အတွင်းရှိ မြို့နယ်လေးမြို့နယ်တွင် ယခင်နှစ်သင်္ကြန် ကာလ၌ အမှုကြီးနှစ်မှု၊ အခြားအမှု ၂၉ မှု စုစုပေါင်း ၃၁ မှုဖြစ် ပွားခဲ့ပြီး ဒဏ်ရာရသူ ၂၆ ဦးနှင့် သေဆုံးသူ ၁၃ ဦးရှိခဲ့ပြီး ယခုနှစ် သင်္ကြန်ကာလတွင် အမှုကြီးတစ်မှု၊ အခြားအမှု ၁၇ မှု စုစုပေါင်း ၁၈ မှုဖြစ်ပွားကာ ဒဏ်ရာရသူ ၃၉ ဦးနှင့် သေဆုံးသူလေးဦးရှိ ကြောင်း သိရသည်။

**သက်ဦး(သထုံ)**

# ဈေးနှုန်းသက်သာစွာ ဝယ်ယူနိုင်ရေး လှည့်လည်ရောင်းချ

**လှိုင်သာယာ မေ ၂၀**

လှိုင်သာယာမြို့နယ် ဒဂုံဧရာအဝေးပြေး ဝင်း၌ မေ ၁၉ ရက်က ရန်ကုန်တိုင်းစစ် ဌာနချုပ်အမှတ်(၅၃၂)ခြေမြန်တပ်ရင်း (တိုင်းရွှေဂုံ)မှ ကြက်ဥဖြင့် တစ်ပွဲကျပ် ၃၀၀ နှင့် ကြက်သားဟင်းလျာဖြင့် ထမင်းတစ်ပွဲ ကျပ် ၅၀၀ ကို လှည့်လည်ရောင်းချ လျက် ရှိကြောင်း သိရသည်။

ယင်းအပြင် ပြည်သူများဈေး နှုန်းသက်သာစွာဖြင့် ဝယ်ယူရရှိရေး အတွက် စိုက်ပျိုးမွေးမြူထားသည့် ကြက် သား၊ ကြက်ဥ၊ နို့၊ အော်ဂဲနစ်သီးနှံများကို လည်း လှည့်လည်ရောင်းချပေးခဲ့ကြောင်း သိရသည်။

**၃၂၉**

# ရေးမြို့၌ နှစ်ကျိပ်ရှစ်ဆူဗုဒ္ဓပူဇနီယပွဲတော် စည်ကား အောင်မြင်စွာကျင်းပနိုင်ရေး စည်းဝေး

**ရေး မေ ၂၀**

မွန်ပြည်နယ် ရေးမြို့ ရွှေဆံတော်စေတီနှစ်ကျိပ်ရှစ်ဆူ ဂန္ဓကုဋီတိုက်၌ ယနေ့ နံနက် ၈ နာရီခွဲက (၈၅) ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူဗုဒ္ဓပူဇနီယပွဲတော်အောင် မြင်စွာကျင်းပနိုင်ရေးအတွက် ရွှေဆံတော်စေတီနှင့် စကားတောင်စေတီ ဘဏ္ဍာ တော်ထိန်းဂေါပကအဖွဲ့ဝင်များနှင့် မြို့ပေါ်ရပ်ကွက်မှ သက်ဆိုင်ရာတာဝန်ရှိသူတို့ က တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ရွှေဆံတော်စေတီနှင့် စကားတောင်စေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစိုးညွန့် က နှစ်ကျိပ်ရှစ်ဆူဗုဒ္ဓပူဇနီယပွဲတော်ကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြောကြားပြီး တက်ရောက်လာသူများက အပူဇော်ခံမဏ္ဍပ်များတွင် ယာယီစံ ကျောင်းတော်၌ သုံးညတိုင်တိုင် အပူဇော်ခံရန်အတွက် မဲစနစ်ဖြင့် ပင့်ဆောင် ပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါနှစ်ကျိပ်ရှစ်ဆူဗုဒ္ဓပူဇနီယပွဲတော်ကာလမှာ မြို့ပေါ်ရပ်ကွက်များ အသီးသီးသို့ နှစ်ကျိပ်ရှစ်ဆူဒေသစာရီကြွချီလှည့်လည် အပူဇော်ခံသွားမည်ဖြစ်ရာ ပျော်ပွဲရွှင်ပွဲများဖြစ်သော ယိမ်းအကအလှများဖြင့် ဖျော်ဖြေရေးအစီအစဉ်များပါဝင် မည်ဖြစ်၍ ပွဲတော်ကာလမှ ကဆုန်လဆန်း ၁၃ ရက်မှ ကဆုန်လပြည့်ကျော် ၃ ရက်ထိ စည်ကားစွာကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းထွန်း(ရေး)**



# ဒီးမော့ဆိုမြို့နယ်အတွင်းရှိ အထင်ကရနေရာများတွင် ဘုရားဖူးပြည်သူများ လာရောက်လည်ပတ်မှုများပြား

**ဒီးမော့ဆို မေ ၂၀**

ကယားပြည်နယ် လွိုင်ကော်ခရိုင် ဒီးမော့ဆိုမြို့နယ်အတွင်းရှိ အထင်ကရနေရာများဖြစ်သော ကန်ခုနစ်ဆင့်၊ ထီးပွင့် ကန်၊ ငွေတောင်ဆည်နှင့် အခြားနေရာများဖြစ်သော ကျိုင်ငံရေထွက်ပေါက်၊ ပန်ပက်ကျေးရွာတို့တွင် သင်္ကြန်ကာလ အတွင်းနှင့် နှစ်သစ်ကူးကာလအတွင်း ပြည်တွင်းပြည်ပမှ ခရီးသွားများ၊ ဘုရားဖူးဧည့်သည်များ လာရောက် လည်ပတ်မှု များပြားလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဥတည်တံခါးနှင့်အတူ အင်းဝမြို့ရှိ ရှေးဟောင်းအမွေအနှစ်များ၊ သဘာဝရှုခင်းများမှာနိုင်ငံတကာ ခရီးသွားများကို ဆွဲဆောင်လျက်ရှိ



**အင်းဝ ဧပြီ ၂၀**
အင်းဝဒေသသို့လာရောက်လေ့လာကြသော နိုင်ငံတကာခရီးသွားဧည့်သည်များသည် မြင်းလှည်းများဖြင့်သွားရောက်ကာ လေ့လာလေ့ရှိသည်။ မြင်းလှည်းပေါ်မှနေကာ စိတ်ဝင်စားဖွယ်ရာအင်းဝဒေသရှိ သမိုင်းဝင်အဆောက်အအုံများကို ဓာတ်ပုံမှတ်တမ်းများရိုက်ယူကာ အပြုံးတို့လွှင်နေကြသည်ကို လေ့လာတွေ့ရှိရသည်။

မြို့ရိုးတံခါးများကိုတွေ့သည်နှင့် စိတ်ဝင်တစား မြင်းလှည်းပေါ်မှဆင်းကာ မှတ်တမ်းယူလေ့ရှိသည်။ အင်းဝရှေးဟောင်းဇုန်နန်းမြို့ရိုးအတွင်း စတင်ဝင်သည်နှင့် ဥတည်တံခါးက ဆီးကြိုပြီး စိတ်ဝင်စားမှုကို ပိုမိုစေသည်။

အင်းဝမြို့ရိုးများသည် တန်ဖိုးရှိသော သမိုင်းအမွေအနှစ်ဖြစ်နေသည်။ သတိုးမင်းဖျား (အေဒီ ၁၃၆၄-၁၃၆၈) တွင် ပထမမြို့ရိုးကို စတင်တည်ခဲ့သည်ဟု သိရသည်။ ပထမအင်းဝနန်းမြို့ရိုးသည် ယခုမြင်ရသည့်အတိုင်း စည်တိုပုံမဟုတ်ဘဲ မြေအနေအထားကိုလိုက်၍ တည်ဆောက်ခဲ့သောကြောင့် မြောက်ဘက်တွင်ကျဉ်းပြီး တောင်ဘက်တွင် အလျားကျယ်ကျယ်ထားရှိကာ ပုံသဏ္ဌာန်အားဖြင့် ခြင်္သေ့မင်းထိုင်နေသည့်ပုံစံနှင့်တူသည်ဟု မှတ်ချက်ပြုခဲ့သည်ဟု သိရသည်။

ဒုတိယမြို့ရိုး(စည်တိုပုံမြို့ရိုး)တည်ဆောက်ရာတွင် စည်တိုပုံသဏ္ဌာန်ရှိသောကြောင့် စည်တိုပုံမြို့ရိုးဟု လူသိများသည်။ စည်တိုပုံမြို့ရိုးတွင်တံခါးကိုးပေါက်ရှိသည်။ စည်တိုပုံမြို့ရိုး၏ အလျားသည် အရှေ့ဘက်တွင်ပေ ၂၃၀၀ အနောက်ဘက်တွင်ပေ ၂၅၀၀၊ တောင်ဘက်တွင် ပေ၄၀၀၀ နှင့် မြောက်ဘက်တွင် ပေ ၄၀၀၀ ခန့်ရှိသည်။ မြို့ရိုးသည် ပျမ်းမျှအားဖြင့် ဒု ၁၀ ပေရှိပြီး အမြင့် ပေ၂၀ ခန့်ရှိသည်ဟု သိရသည်။

အရှေ့ဘက်၊ တောင်ဘက်နှင့် အနောက်ဘက်တွင် ကျုံးကိုအထင်အရှားတွေ့ရပြီး မြောက်ဘက်တွင် ဧရာဝတီမြစ်က ကျုံးအဖြစ်ကာရံထားသည်ဟု သိရသည်။ ကျုံးအကျယ်သည် ပေ ၁၉၀ ခန့်ရှိသည်။ ယခုအခါ စည်တိုပုံမြို့ရိုးအတွင်း ရှေးဟောင်းအဆောက်အအုံပေါင်း ၇၈ ခုရှိပြီး လူနေအဆောက်အအုံ ၂၀၀ နှင့် ဘုန်းကြီးကျောင်း ခုနစ်ကျောင်းရှိသည်။

ယင်းအပြင် တတိယမြို့ရိုးကို ဆင်ဖြူရှင်မင်းလက်ထက်တွင် ဒုတိယအင်းဝခေတ်က တည်ရှိခဲ့သော စည်တိုပုံသဏ္ဌာန်မြို့ရိုး၏ အရှေ့တောင်ဘက်ကစ၍ တောင်ဘက်၊ အနောက်ဘက်၊ အနောက်မြောက်ထောင့်အရပ်အထိ တိုးချဲ့တည်ဆောက်ခဲ့သည်ဟု သိရသည်။ တတိယမြို့ရိုးတွင် တံခါး ၁၄ ပေါက်ဖောက်ခဲ့သည်ဟု သိရသည်။

ယခုအခါတွင် နိုင်ငံတကာခရီးသွားဧည့်သည်များသည် အင်းဝဒေသရှိ ရှေးဟောင်းအဆောက်အအုံများ၊ မြို့ရိုးတံခါးများနှင့်အတူ အခြားစိတ်ဝင်စားဖွယ်ရာများစွာကြောင့် နေ့စဉ်လာရောက်လေ့လာ လည်ပတ်မှုများ ပြားလျက်ရှိကြသည်။

အင်းဝမြို့ဟောင်းအတွင်း စတင်ဝင်သည်နှင့် ဥတည်တံခါးသည် နိုင်ငံတကာခရီးသွားဧည့်သည်များကို ဆွဲဆောင်စေသည့် ရှေးဟောင်းမြို့သင်္ကေတတစ်ခုအဖြစ် ဂုဏ်ယူဖွယ်တည်ရှိနေသည်။

**နွေနဒီ(မြစ်ငယ်)**



# မော်လမြိုင်ကျွန်းမြို့နယ်လုံးဆိုင်ရာ အန္တရာယ်ကင်းပရိတ်တော်များ ရွတ်ဖတ်ပူဇော်

**မော်လမြိုင်ကျွန်း ဧပြီ ၂၀**
(မြန်မာနှစ်ဆန်း ၃ ရက်နေ့) ဧပြီ ၁၉ ရက် ညနေ ၄ နာရီက မော်လမြိုင်ကျွန်းမြို့ ရာဇူဒိုင်တံတားအမှတ်-၁ တွင် မော်လမြိုင်ကျွန်းမြို့နယ်လုံးဆိုင်ရာ ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် သံဃနာယကဥက္ကဋ္ဌဆရာတော်ဦးဆောင်၍ သံဃာတော်အပါး ၂၀ တို့က ပရိတ်တရားတော်များနှင့် ကမ္မဝါများ ရွတ်ဖတ်ပူဇော်ကြသည်။

မြို့အဝင်တံတားမှစ၍ ဖြတ်သန်းသွားလာကြသောယာဉ်၊ ပြည်သူများအားလုံး ဘေးအန္တရာယ်ကင်းဝေးခြင်း၊ ကျက်သရေမင်္ဂလာနှင့်ပြည့်စုံစေခြင်း၊ အေးချမ်းသာယာစေခြင်းအကျိုးငှာ မြို့နယ်အတွင်းသို့ လှည့်လည်ရွတ်ပွားပူဇော်ခြင်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# လေတိုက်ခတ်မှုကြောင့် ပြိုကျပျက်စီးသွားသောနေအိမ်များအားထောက်ပံ့ငွေပေးအပ်

**ပဲခူး ဧပြီ ၂၀**
ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ဦးဆောင်မှုဖြင့် တိုင်းဒေသကြီး လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ဧပြီ ၂၀ ရက် နံနက် ၁၀ နာရီခွဲက ပဲခူးမြို့ ကလျာဏီရပ်ကွက် အောင်သုခလမ်းတွင် လေတိုက်ခတ်မှုကြောင့် ပြိုကျပျက်စီးသွားသောနေအိမ်များအတွက် ထောက်ပံ့ငွေများပေးအပ်ပွဲ ပြုလုပ်သည်။

ထောက်ပံ့ငွေများပေးအပ်ရာတွင် ပဲခူးတိုင်းဒေသကြီး သစ်တောသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးကျော်မင်းစံ၊ ပဲခူးမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ရွှေပုံနှင့် တိုင်းဒေသကြီး လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသိန်းဌေးအောင်တို့က သစ်သားနေအိမ်တစ်လုံးလျှင်ငွေကျပ် ၁၀၀၀၀၀ နှုန်း၊ တဲအိမ်တစ်လုံးလျှင်ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် ပြန်လည်တည်ဆောက်ပြုပြင်ခြင်းများပြုလုပ်နိုင်ရန် ထောက်ပံ့ပေးအပ်ခဲ့ကြပြီး ပြိုကျပျက်စီးသွားသော နေအိမ်များအားလိုက်လံကြည့်ရှုကာ မိသားစုများအား နှစ်သိမ့်အားပေးစကားများ ပြောကြားခဲ့သည်။

ပဲခူးမြို့ ကလျာဏီရပ်ကွက် အောင်သုခလမ်းတွင် ဧပြီ ၁၄ ရက်က လေပြင်းတိုက်ခတ်သွားမှုကြောင့် သွပ်မိုးထရံကာ ပျဉ်ခင်းနေအိမ်လေးလုံး၊ တဲအိမ်တစ်လုံး ပြိုကျပျက်စီးသွားကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# ယာဉ်ကြောပိတ်ဆို့မှုလျော့နည်းရေး လမ်းအကျယ်တိုးချဲ့၍ နိုင်လွန်ကတ္တရာခင်း

**မန္တလေး ဧပြီ ၂၀**
မန္တလေး-ပြင်ဦးလွင် အတက်အဆင်းလမ်းပိုင်းတွင် သွားလာမှုများပြားသဖြင့် ယာဉ်ကြောပိတ်ဆို့မှု မကြာခဏဖြစ်ပွားခဲ့သဖြင့် ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ ယာဉ်ကြောပိတ်ဆို့မှုလျော့နည်းစေရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနကကြီးကြပ်၍ BOT လမ်းပိုင်းတွင် လမ်းဧရိယာတိုးချဲ့ခြင်း၊ ထပ်ပိုးလွှာနိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်းများအား ၂၀၁၇ နှစ်ဆန်းပိုင်းမှစတင်၍ စက်ယန္တရားကြီးများဖြင့် ဆောက်ရွက်ခဲ့သည်။

မန္တလေး-ပြင်ဦးလွင်အတက်လမ်းတွင် မူလလမ်းအကျယ် ၂၄ ပေမှ လမ်းနှစ်ဖက် ၁၂ ပေစီချဲ့၍ လမ်းပခုံးသားများခင်းကျင်းခဲ့ရာ ၁၈ မိုင်မှ ပြင်ဦးလွင်မြို့ရှောင်လမ်းခွဲ သံမဏိစက်ရုံအထိ ခင်းကျင်းပြီးစီးခဲ့သဖြင့် မန္တလေး-မူဆယ်ပြေးဆွဲသော ခရီးသည်တင်ယာဉ်ကြီးများ၊ ၂၂ ဘီးတွဲကားကြီးများ သွားလာမှုအဆင်ပြေလျက်ရှိသည်။ အဆင်းလမ်းကိုလည်း မူလလမ်းအကျယ် ၂၄ ပေမှ လမ်းနှစ်ဖက် ၁၂ ပေစီချဲ့၍ ထပ်ပိုးလွှာတင်နိုင်လွန်ကတ္တရာခင်းလျက်ရှိရာ မြို့ရှောင်လမ်းခွဲမှ ပြင်စာကျေးရွာအုပ်စုသုံးတောင်ကျေးရွာအထိ ပြီးစီးလျက်ရှိပြီး မိုးရာသီမရောက်မီ လမ်းသားချဲ့ထပ်ပိုးလွှာခင်းပြီးသောနေရာများ နိုင်လွန်ကတ္တရာခင်းနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

မန္တလေး-ပြင်ဦးလွင် အတက်အဆင်းလမ်းများတွင် လမ်းဧရိယာချဲ့ပြီးသော်လည်း အသွားအလာများသည့်နေ့ကြီးရက်ကြီးများတွင် ယာဉ်ကြောပိတ်ဆို့မှုဖြစ်ပွားလျက်ရှိရာ လမ်းတံတားကြောင့်မဟုတ်ဘဲ ယာဉ်အသုံးပြုသူများ၏ စည်းကမ်းမဲ့စွာမောင်းနှင်မှုများ၊ မော်တော်ယာဉ်ကြံ့ခိုင်မှု၊ ကုန်ပစ္စည်းထပ်ပိုးမှုအားနည်းချက်များကြောင့် ဖြစ်ပွားခဲ့သဖြင့် ယာဉ်အသုံးပြုသူများ၏ပေါ့ဆမှုကြောင့် ယာဉ်ကြောပိတ်ဆို့မှုဖြစ်ခဲ့ပါက အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**



# မာရသာဆိုင်ကလုန်းမုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့်နေအိမ်များအား ထောက်ပံ့



**ပေါလီ ဧပြီ ၂၀**
မာရသာဆိုင်ကလုန်းမုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့်နေအိမ်များအား မြန်မာနိုင်ငံကြက်ခြေနီအသင်း အချိန်ပိုင်းအလုပ်အမှုဆောင်ဗဟိုကောင်စီဝင် ဦးဝေဠုကျော် (ဝေဠုကျော်ဖောင်ဒေးရှင်း) နှင့် သံတွဲကြက်ခြေနီတပ်ဖွဲ့ဝင်များသည် ဧပြီ ၁၈ ရက် မွန်းလွဲ ၂ နာရီက ပျက်စီးဆုံးရှုံးခဲ့သည့် မိသားစုဝင်များနှင့်တွေ့ဆုံ၍ ထောက်ပံ့ငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

လေပြင်းတိုက်ခတ်မှုကြောင့် ဧပြီ ၁၆ ရက် ည ၉ နာရီက သစ်ပင်ပိမိ၍ သံတွဲပြည်သူ့ဆေးရုံတွင် အတွင်းလူနာအဖြစ် ဆေးကုသခံယူနေသည့် လူနာအတွက် ထောက်ပံ့ကြေးငွေကျပ်တစ်သိန်း၊ ဂေါ့ရပ်ကွက်ရှိ အုန်းပင်ပိနေအိမ်အတွက် ငွေကျပ်ငါးသောင်း၊ ဂျိတ္တောရပ်ကွက်ရှိ သစ်ပင်ပိနေအိမ်အတွက် ငွေကျပ်လေးသောင်း၊ သရော်တောကျေးရွာ ခေါင်မိုးလန်နေအိမ်အတွက် ငွေကျပ်လေးသောင်းတို့အား ထောက်ပံ့ကြေးများ ပေးအပ်ခဲ့ကြောင်းသိရသည်။

ဆက်လက်၍ သံတွဲခရိုင်ကြက်ခြေနီဦးစီးမှူး ဦးသန်းထွန်း(ဒုတိယတန်း)နှင့် တပ်ဖွဲ့ဝင်များသည် ချောင်းလယ်တောကျေးရွာသို့သွားရောက်၍ ပျက်စီးဆုံးရှုံးခဲ့သည့်နေအိမ်မိသားစုဝင်များအတွက် Family kit နှင့် hygiene kit တို့ကို အိမ်အရောက် ထောက်ပံ့ရေးပစ္စည်းများပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## တစ်လမ်းမောင်းစည်းကမ်း ဖောက်ဖျက်မော်တော်ဆိုင်ကယ်များအား ရှောင်တခင်စစ်ဆေးအရေးယူ

**မြစ်ကြီးနား မေ ၂၀**
မြစ်ကြီးနားမြို့ မြို့မရပ်ကွက်အတွင်းရှိ မြို့မဈေးဈေးကြီးလမ်းနှင့် အောင်ဆန်းလမ်း လမ်းဆုံတွင် မေ ၂၀ရက် နံနက် ၈ နာရီက တစ်လမ်းမောင်းလမ်းစည်းကမ်း ဖောက်ဖျက်ဆိုင်ကယ်များအား ရှောင်တခင်စစ်ဆေးအရေးယူမှုကို တာဝန်ရှိသူများက ကွင်းဆင်းပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ တစ်လမ်းမောင်းယာဉ်စည်းကမ်း ဖောက်ဖျက်သူများအား ရှောင်တခင်ယူမှုနှင့်ပတ်သက်၍ အမှတ်(၃၈) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒု-ရဲမှူး ဘုန်းမင်းစိုးက "တစ်လမ်းမောင်း ယာဉ်စည်းကမ်းကို ပြည်နယ်အစိုးရအဖွဲ့ရဲ့ လမ်းညွှန်မှုနဲ့ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ အများပြည်သူ သိရှိစေရန် လမ်းညွှန်ဆိုင်းဘုတ်များကိုလည်း လမ်းဆုံများမှာ စိုက်ထူထားပြီး အခုလို ရှောင်တခင်စစ်ဆေးရာမှာလည်း ယာဉ်ထိန်းရဲတပ်ဖွဲ့နဲ့အတူ တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး အခုလို ရှောင်တခင်စစ်ဆေးဆောင်ရွက်ခြင်းဟာ ယာဉ်ကြောပိတ်ဆို့မှုများ မဖြစ်ပေါ်စေရေး၊ ယာဉ်မတော်တဆမှု အန္တရာယ်ကင်းဝေးရေးတို့အတွက် ဆောင်ရွက်ခြင်းဖြစ်ပါတယ်" ဟု ရှင်းလင်းပြောကြားသည်။

ထိုသို့ တစ်လမ်းမောင်းစည်းကမ်းဖောက်ဖျက် မော်တော်ဆိုင်ကယ်များအား ရှောင်တခင် စစ်ဆေးအရေးယူရာတွင် အမှတ် (၃၈) ယာဉ်ထိန်းရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင် ရှစ်ဦးနှင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့ဝင် ၁၈ ဦးဖြင့် ဆောင်ရွက်ခဲ့ရာ စည်းကမ်းဖောက်ဖျက်မော်တော်ဆိုင်ကယ် ၅၄ စီးအား ဖမ်းဆီး၍ ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၏ ဒဏ်ငွေများချမှတ်ခဲ့ကြောင်း သိရသည်။

**သူရိန်စိုး(ကချင်မြေ)**

## ကျောက်ပန်းတောင်းမြို့နယ်တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော (၆၇)ကြိမ်မြောက် မြို့လုံးကျွတ် ဆွမ်းဆန်တော်လောင်းလှူပွဲကြီးကို စည်ကားသိုက်မြိုက်စွာကျင်းပ

**ကျောက်ပန်းတောင်း မေ ၂၀**
မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် နှစ်သစ်ဦးအလှူအဖြစ် နှစ်စဉ်ကျင်းပမြဲဖြစ်သော မြို့လုံးကျွတ် ဆွမ်းဆန်တော်လောင်းလှူပွဲကြီးကို မေ ၁၉ ရက် နံနက်၆ နာရီမှစတင်၍ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။



အဆိုပါဆွမ်းဆန်တော်လောင်းလှူပွဲကို နှစ်စဉ်နှစ်တိုင်း မြန်မာသက္ကရာဇ်၏ပထမဆုံးနေ့ရက်ဖြစ်သော မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် ကျင်းပမြဲဖြစ်သော်လည်း ယခုနှစ်တွင် ဘင်္ဂလားပင်လယ်အော်မှစတင်ဖြစ်ပေါ်ခဲ့သော မာရုသာမုန်တိုင်းကြောင့် ကျောက်ပန်းတောင်းမြို့နယ်တွင် မဟာသင်္ကြန်အတက်နေ့ တစ်နေ့လုံးနှင့် ညတစ်ညလုံးမိုးရွာသွန်းနေခဲ့သဖြင့် နှစ်ဆန်းတစ်ရက်နေ့ ကျင်းပမြဲဖြစ်သော မြို့လုံးကျွတ် ဆွမ်းဆန်တော်လောင်းလှူပွဲကို မြန်မာနှစ်ဆန်း ၃ ရက်နေ့ဖြစ်သော မေ ၁၉ ရက်သို့ ပြောင်းရွှေ့ကျင်းပခဲ့ရခြင်းဖြစ်ကြောင်းသိရပြီး ယခုနှစ်သည် (၆၇)ကြိမ်မြောက် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

မြို့လုံးကျွတ် ဆွမ်းဆန်တော်လောင်းလှူပွဲတွင် ရှေးဦးစွာ ချောက်မြို့နယ် ဝွေးချိုတောင် ဆုတောင်းပြည့် မိုးကောင်းဘုရား ရုပ်ပွားတော်မြတ်နှင့် ကျောက်ပန်းတောင်းမြို့နယ်စိတ္တိန်းကျေးရွာ မိုးကောင်းဆုတောင်းပြည့် ရုပ်ပွားတော်မြတ်ကြီးတို့အား ရှေ့ဆုံးမှပင့်ဆောင်တော်မူပြီး၊ ကျောက်ပန်းတောင်းမြို့ပေါ်နှင့် အနီးဝန်းကျင်ကျေးရွာများရှိစာသင်တိုက်နှင့် ဘုန်းတော်ကြီးကျောင်း ၅၉ ကျောင်း၊ သီလရှင် ၁၁ ကျောင်းတို့မှ သံဃာ ၃၅၀၀ ကျော်နှင့် သီလရှင် ၄၇၀ ခန့်တို့အား မြို့ပေါ်ရှိ စေတနာရှင်ကုသိုလ်ရှင်စုစုပေါင်း ၂၅၀၀ ကျော်တို့က ဆွမ်းဆန်အိတ်စုစုပေါင်း ၃၉၈၀၊ ကြက်သွန် ၁၁၈၇ ပိဿာ၊ ငွေကျပ်ခြောက်သိန်းသုံးသောင်းနှင့် ဆီ၊ ဆပ်ပြာ၊ သကြား၊ ရေသန့်၊ အချိုရည်အစရှိသည့်လှူဖွယ်ဝတ္ထုပစ္စည်းတန်ဖိုးစုစုပေါင်းသိန်း ၈၀၀ ခန့်ကို လောင်းလှူခဲ့ကြကြောင်း သိရသည်။

အဆိုပါ ဆွမ်းဆန်တော်လောင်း လှူပွဲတွင် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ရပ်မိရပ်ဖများ၏ဦးဆောင်မှုဖြင့် ကျောက်ပန်းတောင်းမြို့ မော်တော်ယာဉ်ကြီးများအသင်းမှ မော်တော်ယာဉ်ကြီးများနှင့် ယာဉ်မှူး၊ ယာဉ်နောက်လိုက်များ၊ ပရဟိတလူငယ်လေးများက လိုက်ပါကူညီခဲ့ကြကြောင်း သိရသည်။ **ကိုနေ(ကျောက်ပန်းတောင်း)**

## လေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်

**စေတုတ္တရာ မေ ၂၀**
မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် သံဆည်အုပ်စု သံဆည်ကျေးရွာနှင့် ငမကျေးရွာတို့တွင် မေ ၁၈ ရက် ညနေ ၅ နာရီခွဲခန့်တွင် မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်အမိုးများလန်ကျ၍ တစ်စိတ်တစ်ပိုင်းအနည်းငယ်စီပျက်စီးမှုများအတွက် မကွေးတိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ထောက်ပံ့ငွေနှင့် ပစ္စည်းများ ပေးအပ်ခြင်းအခမ်းအနားကို မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မေ ၂၀ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။




အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြထွေးက အဖွင့်အမှာစကားပြောကြားပြီး ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဦးက လေဘေးသင့်ရွာသို့ ကွင်းဆင်းပြီး စစ်တမ်းကောက်ယူမှုများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်အောင်လွင်က လေဘေးအန္တရာယ်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး သံဆည်ကျေးရွာမှ သွပ်မိုးများတစ်စိတ်တစ်ပိုင်းလန်ကျ ပျက်စီးသော အိမ် လေးအိမ်အတွက် တစ်အိမ်လျှင် ငွေကျပ် ၅၀၀၀၀ နှုန်း၊ သက်ကယ်မိုးများ တစ်စိတ်တစ်ပိုင်းပျက်စီးသောအိမ် ၈၂ အိမ်အတွက် တစ်အိမ်လျှင် ငွေကျပ် ၂၀၀၀၀နှုန်း၊ ငမကျေးရွာမှ သက်ငယ်မိုးများ တစ်စိတ်တစ်ပိုင်းလန်ကျ ပျက်စီးသော အိမ် ၁၁ အိမ်အတွက် တစ်အိမ် ငွေကျပ် ၂၀၀၀၀နှုန်းဖြင့် စုစုပေါင်း အိမ် ၉၇ အိမ်အတွက် ငွေကျပ် ၂၀၆၀၀၀၀နှင့် ကျားလုံချည် ၉၇ ထည်၊ မလုံချည် ၉၇ ထည်၊ မျက်နှာသုတ်ပဝါ ၉၇ ထည်၊ ကာဘော်လစ် ဆပ်ပြာ ၉၇ တောင့်တို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်

နွေရာသီတွင် ရာသီဥတုပူပြင်းလာပြီဖြစ်သဖြင့် ခန္ဓာကိုယ် အတွင်းရှိ ရေနှင့် ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှုပိုမိုများပြားလာပါသည်။ အပူဒဏ်အန္တရာယ်ကြောင့် မိတ်နှင့် ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးဝေခြင်း၊ ခေါင်းကိုက် ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ခြင်း၊ ကိုယ်အပူချိန် မြင့်တက်ခြင်း၊ သတိလစ်ခြင်းတို့ အပြင် ပြင်းထန်ပါက အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်နိုင်ပါ သည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် အပူဒဏ်အန္တရာယ် ကြောင့် မလိုလားအပ်သောအကျိုးဆက်များ မဖြစ်ပေါ်စေရေး အတွက် အောက်ပါအချက်များကို လိုက်နာကြပါရန်တိုက်တွန်း နှိုးဆော်အပ်ပါသည်။

၁။ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ဆီးချို ရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ အနေဖြင့် နေ့လယ်နေ့ခင်းအချိန်တွင် အရိပ်ရ အေးမြ၍ လေဝင်လေထွက်ကောင်းသောနေရာများတွင် နားနေပါ။
၂။ ပူပြင်းသည့်နေရောင်အောက်တွင် ပင်ပန်းစွာ အလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းတို့ကို ရှောင်ကြဉ်ပါ။
၃။ ပူပြင်းသည့်နေရောင်အောက်တွင် သွားလာလှုပ်ရှားရန်၊ အလုပ်လုပ်ရန် လိုအပ်ပါကလည်း အရိပ်လုံလောက်စွာရနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းသွားပါ။ အရိပ်ရအေးမြသည့်နေရာများတွင် ခေတ္တအနားယူခြင်းကိုလည်း မကြာခဏပြုလုပ်ပါ။
၄။ အလင်းပြန်သော အဖြူရောင်(သို့မဟုတ်) အရောင်ဖျော့သော ပွပွချောင်ချောင်ချည်ထည်များကို ဝတ်ဆင်ပါ။
၅။ နေပူထဲမှ ပြန်လာပြီး ချက်ချင်းရေချိုးခြင်းနှင့် မနက် ၁၀ နာရီမှ ညနေ ၅ နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေချိုးဆိပ်များ၌ အဝတ်လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်းစသည်တို့ကို ရှောင်ကြဉ်ပါ။
၆။ အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ်အန္တရာယ်ကို ပိုမိုခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမိုပြင်းထန်စွာခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ။
၇။ ခန္ဓာကိုယ်အတွင်း ရေနှင့်ဓာတ်ဆားဓာတ်များဆုံးရှုံးမှု မဖြစ်ပေါ်စေရန် ရေနှင့်ဓာတ်ဆားရည်ကို လုံလောက်အောင် သောက်သုံးပါ။
၈။ မိတ်နှင့် ယားဖုများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကိုပြုလုပ်ပါ။
၉။ အပူဒဏ်အန္တရာယ်ခံစားရသောလူနာအား အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသော နေရာတွင် ထားရှိခြင်း၊ ရေနှင့်ဓာတ်ဆားရည်များ သောက်သုံးစေခြင်း၊ လူနာ၏ခန္ဓာကိုယ်အပူချိန်အမြန်ကျဆင်းစေရန် နဖူး၊ လည်ပင်း၊ ချိုင်းကြား နှစ်ဖက်နှင့် ပေါင်ခြံ နှစ်ဖက်တို့အား ရေအေး ပတ်တိုက်ပေးခြင်း စသည်တို့အား ဦးစွာ ဆောင်ရွက်၍ နီးစပ်ရာ ဆေးရုံ၊ ဆေးခန်း၊ ကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက်ပြသ၍ ကုသမှုခံယူစေပါ။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## အုတ်လုပ်ကန်ဟောင်းအတွင်း ရေဆင်းကူးရာမှ လူငယ်နှစ်ဦး ရေနစ်သေဆုံး

**တိုက်ကြီး မေ ၂၀**
ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့ ဥပ္ပံုစုရပ်ကွက်၌ အုတ်ကန်ဟောင်းတွင် မေ ၁၉ ရက် ညနေ ၅ နာရီခန့်က ရေဆင်းကူးရာမှ ရေနစ်သေဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထံမှ သိရသည်။

ဖြစ်စဉ်မှာ မေ ၁၉ ရက် ညနေပိုင်းက အုတ်ကန်ဟောင်းအတွင်း သူငယ်ချင်းကိုးယောက်ရေအတူကူးရာမှ သေဆုံးသူများဖြစ်သည့် အောင်ပြည့်စုံ (၁၆)နှစ်နှင့် ဝေယံထက် (၁၄) နှစ် တို့သည် အတူလာ သူငယ်ချင်းများပြန်သွားချိန်တွင် ရေဆက်ကူးမည်ဟုဆိုကာ ကျန်ခဲ့ကြောင်း၊ ထို့နောက် ကန်ဘေး၌ စက်ဘီးတစ်စီး၊ ဖိနပ်တစ်ရန် ဘောင်းဘီတိုတစ်ထည်နှင့် လျှာထိုးဦးထုပ်တစ်လုံးတွေ့ရှိကြောင်း ကလေးတစ်ဦးက ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးသို့ လာရောက်သတင်းပို့ရာမှ တိုက်ကြီးမြို့မရဲစခန်းသို့အကြောင်းကြားပြီး ရေကန်တွင်း ရေငုတ်ရှာဖွေရာမှ ၎င်းတို့နှစ်ဦး၏ ရုပ်အလောင်းများကိုတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစံထွန်းက ပြောသည်။

"အုတ်လုပ်တဲ့ ကန်ဟောင်းထဲမှာ မကြာခဏဆိုသလို အမူးသမားတွေ၊ ကလေးတွေ ရေနစ်သေကြတယ်။ အကာအရံတွေ လုပ်ထားပေးရန်၊ ဒါမှမဟုတ် အန္တရာယ်ရှိကြောင်းသတိပေးဆိုင်းဘုတ်တွေ ရေးထားရန် တာဝန်ရှိသူတွေက ညွှန်ကြားပေးရန် လိုအပ်တယ်။ အခုကန်ဟောင်းက အလျားပေ ၂၀၊ အနံ၁၅ပေဆိုပေမယ့် စောက်နက်တယ်။ အောက်မှာ ရွှံ့ရှိတယ်။ ဒါကြောင့် နစ်တာပေါ့" ဟု ရပ်ကွက်သားတစ်ဦးက ပြောသည်။

ရေနစ်သေဆုံးသူနှစ်ဦးအား တိုက်ကြီးမြို့မရဲစခန်းမှ သေမှု သေခင်းအမှတ်စဉ် (၁၀/၂၀၁၇) ဖြင့်အမှုဖွင့်ကာ ဓမ္မတာအတိုင်း သေဆုံးခြင်းဟုတ်မဟုတ် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ထွန်းလှိုင် (မြိုင်)**

*နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်သည်ဟု ဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့်စပ်ဆိုင်သော ဆောင်းပါးများကို ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင် ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏အာဘော်သာဖြစ်ပါသည်။ (စာတည်းအဖွဲ့)*



# စီရင်ထုံးများကပြောပြနေသည့် တရားစီရင်ရေးဆိုင်ရာ အခြေခံသဘောတရားများ

မောင်စာဂ

တရားရုံးများသည် ပြစ်မှုဆိုင်ရာမှုခင်းများ စစ်ဆေးကြားနာရာတွင်လည်းကောင်း၊ အဆုံးအဖြတ်ပြုရာတွင်လည်းကောင်း၊ စွပ်စွဲခံရသူအပြစ် ရှိ-မရှိ ဆန်းစစ်သုံးသပ်ရာတွင်လည်းကောင်း များစွာသတိထားကြရသည်။ ဥပဒေကြောင်းအချက်အလက်၊ အကြောင်းခြင်းရာအချက်အလက်များအပေါ် ဆန်းစစ်သုံးသပ်ရသည်။ ဆန်းစစ်သုံးသပ်ချက်များ မှားယွင်းလျှင် မှန်ကန်သောဆုံးဖြတ်ချက်ကို ရရှိနိုင်မည်မဟုတ်။ မှန်ကန်သောဆုံးဖြတ်ချက်ကို မချမှတ်နိုင်က အမှုသည်များအဖို့ ကုစားမရနိုင်သော ထိခိုက်နစ်နာဆုံးရှုံးမှုများဖြစ်ရသည်။ ပြစ်မှုဟူသည် နိုင်ငံတော်နှင့်လည်း တိုက်ရိုက်သက်ဆိုင်သည်။ နိုင်ငံတော်အတွက်လည်း ထိခိုက်မှုဖြစ်စေသည်။ တရားစီရင်ရေးလမ်းကြောင်းကိုလည်း တိမ်းစောင်းယိမ်းယိုင်စေသည်။

သို့ဖြစ်ရာ တရားစီရင်ရေးလုပ်ငန်းဆောင်ရွက်ကြရာတွင် စီရင်ထုံးများကပြောပြနေသော တရားစီရင်ရေးဆိုင်ရာ လိုက်နာရမည့် အခြေခံသဘောတရားများနှင့် ဥပဒေက ပြဋ္ဌာန်းပေးထားသည့် တရားစီရင်ရေးဆိုင်ရာ လိုက်နာရမည့်အခြေခံမူများကို သိရှိနားလည်လိုက်နာကျင့်သုံးကြဖို့ လိုအပ်နေဦးမည်။

**ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားမပြနိုင်သရွေ့ တရားခံအား အပြစ်မရှိသူဟု မှတ်ယူရခြင်း**

ဤသဘောတရားမှာ "အပြစ်ရှိသူကိုးဦး လွတ်မြောက်သွားခြင်းထက် အပြစ်မရှိသူတစ်ဦး မှားယွင်းပြစ်ဒဏ်မကျစေခြင်းက ပို၍သင့်မြတ်သည်" ဟူသော သဘောတရားမှ ဆင်းသက်လာခြင်း ဖြစ်သည်။ တရားရုံးရှေ့သို့ ရောက်ရှိလာသူ တရားခံတိုင်းကို အပြစ်ရှိသူဟူ၍ လွယ်လွယ်နှင့် မှတ်ယူခွင့်မရ။ တရားစွဲဆိုခြင်းခံရသော တရားခံအား တရားဥပဒေက အကာအကွယ်ပေးထားသော အခွင့်အရေးအားလုံး အပြည့်အဝခံစားခွင့်ရရှိအောင် ဆောင်ရွက်ပေးရန်မှာ တရားရုံးများ၏တာဝန်ဖြစ်သည်။

**အာမခံပေးခြင်းသည် 'မူ'၊ အာမခံမပေးခြင်းသည် 'ခြွင်းချက်' ဖြစ်ခြင်း**

အာမခံပေးရမည်ဟု ပြဋ္ဌာန်းထားသောအမှုများဖြစ်လျှင် အာမခံပေးရမည်။ မပေးဘဲနေ၍ မရ။ အာမခံမပေးနိုင်သော အမှုဖြစ်စေကာမူ တရားရုံးက ဥပဒေနှင့်အညီ သုံးသပ်၍ အာမခံပေးသင့်သည်ဟုထင်မြင်ပါက အာမခံပေးနိုင်ခွင့်ရှိသည်။ သို့မှသာ တရားခံသည် ၎င်းအပေါ် စွဲဆိုထားသည့်အမှုကို ပြည့်ပြည့်စုံစုံနှင့် လွတ်လွတ်လပ်လပ် ခုခံချေပနိုင်သည့် အခွင့်အရေးကိုရရှိမည်။ ထို့ကြောင့်ပင် အာမခံပေးခြင်းသည် 'မူ'၊ မပေးခြင်းသည် 'ခြွင်းချက်' ဟူသော အခြေခံသဘောတရားတစ်ရပ်ဖြစ်လာရသည်။

**တရားမျှတမှုကို နှောင့်နှေးစွာဆောင်ရွက်ခြင်းသည် တရားမျှတမှုကို ငြင်းပယ်ရာရောက်ခြင်း**

တရားမျှတမှုကို နှောင့်နှေးစွာဆောင်ရွက်ခြင်းသည် တရားမျှတမှုကို ငြင်းပယ်ရာ (မျက်ကွယ်ပြုရာ) ရောက်သည် (Justice delay is Justice denied) ဟူသော ဥပဒေဆိုရိုးစကားလည်း ရှိသည်။ တရားမျှတမှုကို နှောင့်နှေးစွာဆောင်ရွက်ခြင်းဟူသည် အကြောင်းအချက်မျိုးစုံဖြစ်နိုင်သည်။ တရားစီရင်မှုကိစ္စကို အချိန်ဆွဲ၍ ဆောင်ရွက်ခြင်း၊ ရက်ချိန်းတစ်ချိန်းနှင့်တစ်ချိန်း ဝေးကွာစွာချိန်းဆိုခြင်း၊ အာမခံပေးသင့်သည့်အချိန်တွင် မပေးဘဲ အချိန်ကြာမြင့်မှပေးခြင်း၊ စွဲချက်တင်ရန် အထောက်အထားမရှိပါဘဲနှင့် တရားခံအားစွဲချက်တင်ပြီး ပင်ပန်းကြီးစွာ ဖြေရှင်းစေခြင်း၊ နှစ်ဖက်အမှုသည်များက အပြီးသတ်လျှောက်လဲချက်ပေးပြီးဖြစ်သော်လည်း စီရင်ချက်အမိန့်ချမှတ်ရာတွင် ကြာမြင့်နေခြင်း စသည်တို့ဖြစ်သည်။

**သက်သေထူရန်တာဝန်ရှိခြင်း**

ရာဇဝတ်မှုများတွင် တရားခံသည် ပြစ်မှုကျူးလွန်ခဲ့ကြောင်းကို သံသယကင်းရှင်းသည်အထိ သက်သေထူရန်တာဝန်သည် တရားလိုဘက်တွင် အစဉ်တစိုက်ကျရောက်သည်။ ဤသဘောတရားသည် အရေးပါလှသည်။ တရားလိုဘက်က စွပ်စွဲပြီးလျှင် တာဝန်ကျေပွန်ပြီးဆုံးပြီ။ စွပ်စွဲခံရသူက စွပ်စွဲသည့်အတိုင်း မဟုတ်ဟုဆိုလျှင် ခိုင်လုံစွာချေပရမည်ဟု တာဝန်ကို ပခုံးပြောင်း၍မရ။ ပြည့်စုံစွာစုံစမ်း၍ ခိုင်လုံစွာသက်သေထူရန်တာဝန်သည် ယေဘုယျအားဖြင့် တရားလိုအပေါ်တွင် တည်နေသည်။ ဤသို့မဟုတ်လျှင် မသမာသူတို့က လွယ်လွယ်စွပ်စွဲကာ အပြစ်မဲ့သောသူတို့က ခုခံချေပရခြင်းဖြင့် ပင်ပန်းဆင်းရဲရှိကြလိမ့်မည်။

တရားလိုဘက်က သက်သေထူရာတွင် ပြတ်နေသော ကွင်းဆက်များရှိနေပါက ထင်မြင်ချက်ဖြင့် ဆက်၍မရနိုင်။ တရားခံဘက်ကထုချေသည့် ပျော့ကွက်ဟာကွက်ဖြင့် ဖြည့်စွက်၍ သုံးသပ်ခြင်းမပြုနိုင်။ ရာဇဝတ်မှုများတွင် တရားခံသည် အပြစ်ရှိကြောင်းသက်သေထူရန်တာဝန်မှာ တရားလိုဘက်၌ အစဉ်တစိုက်ရှိသော်လည်း တရားခံက ၎င်း၏ပြုမှုချက်မှာ ရာဇသတ်ကြီးဥပဒေပါ ကင်းလွတ်ချက်တစ်ခုခုနှင့် အကျုံးဝင်သည်ဟု ထုချေလာပါက ထိုထုချေချက် ထင်ရှားအောင်သက်သေပြရန် တာဝန်သည်ကား တရားခံအပေါ်၌ ကျရောက်သွားစေသည်။

**ဒိုင်လူကြီးအနေဖြင့်သာ အဆုံးအဖြတ်ပေးလျှင် တာဝန်ကျေပွန်လိမ့်မည်မဟုတ်ခြင်း**

တရားစီရင်ရာတွင် မျှမျှတတဆောင်ရွက်ခြင်းဟူသည် အခြေခံသဘောတရားဖြစ်သည်။ တရားရုံးသည် အမှန်တရားဖော်ထုတ်ရန် အဓိကတာဝန်ရှိသည်။ အမှန်တရားပေါ်ပေါက်ရေးအတွက် မေးသင့်သည်များကို မေးရန်လိုသည်။ မျှမျှတတဖြစ်စေရေးအတွက် လိုအပ်လျှင် ရုံးခေါ်သက်သေများ ခေါ်ယူစစ်ဆေးပေးရမည်။ တရားဥပဒေက ခွင့်မပြုသောမေးခွန်းများကို နှစ်ဖက်အမှုသည်များကလည်းကောင်း၊ နှစ်ဖက်ရှေ့နေများကသော်လည်းကောင်း မေးမြန်းလာကြလျှင် တရားရုံးက တားမြစ်ရသည်။ တရားလို သို့မဟုတ် တရားခံတစ်ဦး၏ မတတ်ကျွမ်း မလိမ္မာမှုကြောင့် ဖြစ်ရပ်အမှန် ပျောက်ကွယ်တိမ်မြုပ်သွားခြင်းမရှိစေရပါ။ ဖြစ်ရပ်အမှန် ပေါ်လွင်ထင်ရှားလာရေး စစ်ဆေးဖော်ထုတ်ပေးရန် နှစ်ဖက်ရှေ့နေများနှင့် တရားရုံး၏ ဝတ္တရားတစ်ရပ်ဖြစ်သည်။ အမှန်တရားဖော်ထုတ်ရေးကို အဓိကမထားဘဲ ဒိုင်လူကြီးအနေဖြင့်သာ အဆုံးအဖြတ်ပေးလျှင် တရားရုံး၏တာဝန်ကျေပွန်လိမ့်မည်မဟုတ်ပါ။

**တရားရုံး၏ရှေ့မှောက်တွင်ထွက်ဆိုသောသက်သေခံချက်များအပေါ်မူတည်၍ ဆုံးဖြတ်ရခြင်း**

အမှုများစစ်ဆေးစီရင်ရာတွင် တရားခံ၏ရှေ့မှောက်၌ သက်သေခံချက်ယူရသည်။ တရားလိုဘက်၏ အဓိကထွက်ဆိုချက်အပေါ် တရားခံက ပြန်လှန်စစ်မေးခွင့်ရသည်။ တရားလိုဘက်က ပြန်ရှင်းမေးမြန်းဖို့ရှိလျှင် ပြန်ရှင်းမေးမြန်းသည်။ တရားရုံးက မေးရန်လိုအပ်လျှင် ရုံးမေးအနေဖြင့် မေးမြန်းသည်။ တရားခံဘက်ကို စစ်ဆေးသည့်အခါတွင်လည်း တရားခံဘက်၏ အဓိကထွက်ဆိုချက်များအပေါ် တရားလိုဘက်က ပြန်လှန်စစ်မေးခွင့်ရသည်။ တရားခံဘက်က ပြန်ရှင်းမေးမြန်းဖို့ရှိလျှင် ပြန်ရှင်းမေးမြန်းသည်။ တရားရုံးက မေးရန်လိုအပ်လျှင် ရုံးမေးအနေဖြင့် မေးသည်။ ဤနည်းဖြင့် တရားမျှတမှုရှိစေရန် ဆောင်ရွက်ရသည်။ ဤနည်းအားဖြင့် ရယူသော သက်သေခံချက်များသည် သက်သေခံအက်ဥပဒေအရ သက်သေခံအဖြစ် လက်ခံနိုင်သော စပ်ဆိုင်သော အကြောင်းအရာများဖြစ်စေရသည်။ ဤသို့ တရားရုံး၏ ရှေ့မှောက်တွင် ထွက်ဆိုသော သက်သေခံချက်များအပေါ် ချိန်ဆ၍ တရားခံအားအပြစ်ရှိ-မရှိဆုံးဖြတ်ရသည်။ ပြင်ပ၌ ကြားသိနေရသည့် အမှုမှန်သည် မှားသည်ဆိုသော အကြောင်းအချက်များကို ထည့်သွင်းမစဉ်းစားရ။ ထည့်သွင်းစဉ်းစားလျှင် ဆန္ဒ၊ ဒေါသ၊ ဘယ၊ မောဟ အဂတိတရား မကောင်းတော့ပေ။

**သံသယအကျိုးပေါ်ပေါက်ပါက တရားခံအားခံစားခွင့်ပေးရခြင်း**

တရားခံပြစ်မှု ကျူးလွန်ကြောင်းကို သံသယကင်းရှင်းသည်အထိ သက်သေထင်ရှားပြရန် တရားလိုဘက်တွင် တာဝန်ရှိသည်။ အကယ်၍တရားလိုဘက်မှ သက်သေထင်ရှားပြရာတွင် တရားခံသည် ပြစ်မှုကျူးလွန်သူတစ်ဦးဖြစ်မှုဖြစ်ပါ့မလားဟူ၍ သံသယပေါ်ပေါက်လာပါက ထိုသံသယ၏အကျိုးကို တရားခံအား ခံစားခွင့်ပေး၍ အမှုမှအပြီးအပြတ်လွတ်ရသော အခြေခံသဘောတရားတစ်ရပ်လည်းရှိသည်။

သို့ရာတွင် ထို 'သံသယ' ဆိုသည့်စကားရပ်ကို ဆောင်ပုဒ်သဖွယ်မသုံးဘဲ အမှုတွင် ပေါ်ပေါက်လာသော သက်သေခံအကြောင်းအချက်တို့ကို ချိန်ဆရသည်။ အမှန်တရားကို ရှာဖွေရာတွင် အထောက်အကူဖြစ်စေသော လမ်းညွှန်တစ်ရပ်သဖွယ်သာဖြစ်စေရသည်။ သံသယသည် လွယ်လွယ်ဖြစ်တတ်သော သံသယမဟုတ်ရ။ မည်သည့်အခါမျိုး၌မဆို ဒွိဟဖုံးတတ်သော စိတ်တွင်ဖြစ်ပေါ်သည့် သံသယလည်းမဖြစ်စေရ။ ဖြစ်တတ်သောသဘာဝနှင့် နှိုင်းယှဉ်၍ ဖြစ်ပေါ်သင့်သည့်သံသယမျိုးသာဖြစ်စေရသည်။

**ရာဇဝတ်မှုကျူးလွန်သည်ဟူ၍ ထင်ကြေးဖြင့်မဆုံးဖြတ်ရခြင်း**

'သံသယ၏အကျိုးကို တရားခံအားပေးရမည်' ဟုဆိုသည့်အစား ထင်ကြေးဖြင့် အပြစ်မပေးသင့်။ ခိုင်လုံသော အထောက်အထားပြည့်စုံမှသာ အပြစ်ပေးရမည်ဆိုလျှင် တွေးခေါ်ယူဆပုံ ပိုမိုရှင်းလင်းမည်ဟူသော အခြေခံမူသဘောတရားတစ်ရပ်လည်းရှိသည်။ တရားခံတစ်ဦးအပေါ် ပြစ်မှုကျူးလွန်ကြောင်း ကွင်းဆက်မပြတ် ခိုင်လုံသောသက်သေခံချက်အထောက်အထားရှိမှသာ အပြစ်ပေးရန်ဖြစ်သည်။ ထင်ကြေးဖြင့်ဖြစ်စေ၊ အစွဲအလမ်းဖြင့်ဖြစ်စေ အပြစ်ပေးခြင်းမျိုးမပြုရ။

**ကောက်ချက်နှစ်မျိုးယူနိုင်သည့်ကိစ္စမျိုးတွင် တရားခံဘက်သို့ သက်ညှာသည့်ကောက်ချက်ကို လက်ခံရခြင်း**

တရားခံတစ်ဦးသည် စွဲဆိုထားသော ပြစ်မှုကိုကျူးလွန်သည်ဟူ၍ ကောက်ယူနိုင်သည့် အထောက်အထားများရှိနေသည်။ တစ်ဖက်တွင်လည်း တရားခံသည် စွဲဆိုထားသောပြစ်မှုကို ကျူးလွန်ရန်အကြောင်းမရှိဟု ကောက်ယူနိုင်လောက်သည့် သက်သေခံချက်များရှိနေသည်။ ဤသို့ နှစ်မျိုးကောက်ယူနိုင်လျှင် တရားခံဘက်သို့ သက်ညှာသည့်ကောက်ချက်ကို လက်ခံ၍ဆုံးဖြတ်ခြင်းသည် မျှတသည်။

**မမှန်ရာကိုပယ်၍ မှန်ရာကိုယူရခြင်း**

သက်သေခံချက်ကို စိစစ်ချိန်ဆရာ၌ ဆန်မှဆန်ကွဲကို ရွေးချယ်ခွဲခြားသကဲ့သို့ အမှန်ဖြစ်တန်ရာသော စကားနှင့် မမှန်ဖြစ်တန်ရာသော စကားတို့ကို ခွဲခြားကာ မမှန်ရာကိုပယ်၍ မှန်ရာကိုယူနိုင်သည်။ အားလုံးကို ယူလိုယူ၊ မယူလိုက အားလုံးကိုပယ်ရမည်မဟုတ်ချေ။ အမှန်အမှားကို ခွဲခြား၍ ချိန်ဆရခြင်းသည်ပင် တရားရုံး၏ အဓိကတာဝန်တစ်ရပ်ဖြစ်သည်။

ဤသည်တို့ကား စီရင်ထုံးများကပြောပြနေသော တရားစီရင်ရေးဆိုင်ရာ အခြေခံသဘောတရားများ (အချို့) ဖြစ်သည်။

**တရားစီရင်ရာတွင် အခြေခံရမည့်မူများ**

တရားစီရင်ရာတွင် အခြေခံ၍စီရင်ရမည့် တရားစီရင်ရေးဆိုင်ရာမူများကို ဤသို့သတ်မှတ်ထားသည်။

(က) ဥပဒေနှင့်အညီ လွတ်လပ်စွာတရားစီရင်ရေး၊

(ခ) ဥပဒေအရ ကန့်သတ်ချက်များအပ ပြည်သူ့ရှေ့မှောက်တွင် တရားစီရင်ရေး၊

(ဂ) အမှုများတွင် ဥပဒေအရ ခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့်ရရှိရေး၊

(ဃ) ပြည်သူတို့၏အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်၍ တရားဥပဒေစိုးမိုးရေး၊ အေးချမ်းသာယာရေး တည်ဆောက်ရာတွင် အထောက်အကူဖြစ်စေရေး၊

(င)ဥပဒေကို ပြည်သူများက နားလည်လိုက်နာကျင့်သုံးလာစေရန် ပညာပေးရေးနှင့် ပြည်သူများက ဥပဒေကို လိုက်နာသောအလေ့အကျင့် ပျိုးထောင်ပေးရေး၊

(စ) ပြည်သူအချင်းချင်းနှင့်ပတ်သက်သော အမှုကိစ္စများကို ဥပဒေဘောင်အတွင်း၌ ကျေအေးပြီးပြတ်စေရေး၊

(ဆ) ပြစ်မှုကျူးလွန်သူကို အရေးယူအပြစ်ပေးရာတွင် အကျင့်စာရိတ္တပြုပြင်မှုကို ဦးတည်ရေး။

ဤသည်မှာ တရားစီရင်ရေးဥပဒေတွင် ပြဋ္ဌာန်းထားသော တရားစီရင်ရေးဆိုင်ရာ အခြေခံမူများဖြစ်သည်။

**စီရင်ထုံးများလာ အခြေခံသဘောတရားများနှင့် ဥပဒေပါအခြေခံမူ**

စီရင်ထုံးများကပြောပြနေသော တရားစီရင်ရေးဆိုင်ရာ အခြေခံသဘောတရားများသည် တရားစီရင်ရေးလုပ်ငန်းဆောင်ရွက်ကြရာတွင် ကြုံတွေ့လာရသည့် မှုခင်းထွေထွေ၊ ဖြစ်ရပ်အခြေအနေအရပ်ရပ်အပေါ် ဆင်ခြင်သုံးသပ်၍ အဆုံးအဖြတ်ပေးရာမှ ပေါ်ပေါက်လာခြင်းဖြစ်သည်။ ဤသို့သောသဘောတရားများကို အခြေခံ၍ သုံးသပ်ဆုံးဖြတ်ကြခြင်းဖြင့် တရားစီရင်မှု မျှမျှတတဖြစ်စေခြင်းကို ညွှန်ပြနေသည်။ တရားစီရင်ရေး မဏ္ဍိုင် မယိမ်းမယိုင်ခိုင်မာစေခြင်းကို ဖော်ညွှန်းနေသည်။ တရားစီရင်ရေးစနစ် အားကောင်းစေခြင်းကို မြင်သာထင်ရှားနေသည်။ ဤသည်မှာ တရားစီရင်ရေး၏ သွင်ပြင်လက္ခဏာဖြစ်သည်ဟု ဆိုနိုင်ပါမည်။

တရားစီရင်ရေးဥပဒေတွင် ပြဋ္ဌာန်းထားသော တရားစီရင်ရေးဆိုင်ရာ အခြေခံမူများသည် ဥပဒေနှင့်အညီ လွတ်လပ်စွာ၊ တရားမျှတစွာနှင့် ပြည်သူတို့၏အကျိုးစီးပွားကို ဦးတည်ကာ တရားစီရင်မှုလုပ်ငန်းကို ဆောင်ရွက်ခြင်းဖြစ်သည်ဆိုသည့်အဓိပ္ပာယ်ကို ဆောင်နေသည်။ ဤသည်မှာ တရားစီရင်ရေး၏ အခြေခံအဆောက်အအုံဖြစ်သည်ဟု ဆိုနိုင်ပါမည်။

အပိုမပါ၊ ပမာတင်စား၊ စကားအရာ ဆိုရရှာသော်၊ ဥပဒေပါ တရားစီရင်ရေးဆိုင်ရာ အခြေခံ 'မူ' များမှာ အခြေခံအုတ်မြစ်အသွင်၊ ကွန်ကရစ်တိုင်ကြီးများ အလား ပမာတူလှပါ၏။ စီရင်ထုံးများလာ တရားစီရင်ရေးဆိုင်ရာ အခြေခံ 'သဘောတရား' များမှာကား တုတ်၊ ယောက်၊ ဒိုင်း၊ မြား၊ အမိုးအကာများနှင့် မခြားနား အလားပမာတူလှပါ၏။

တရားစွဲအဖွဲ့အစည်းများမှအစ တရားသူကြီးများ အလယ် ရှေ့နေရှေ့ရပ်များအဆုံး တရားစီရင်မှုတစ်ခုလုံးတွင် ပါဝင်ပတ်သက်ဆက်နွယ်သမျှ တာဝန်ရှိသူအားလုံးက တာဝန်ရှိမှု၊ တာဝန်သိမှု၊ တာဝန်ခံမှု၊ တာဝန်ယူမှုအစုစုကို အစဉ်ရှေးရှု အလေးဂရုပြုကြရပါမည်။ တရားစီရင်ရေးအခြေခံမူနှင့် အခြေခံသဘောတရားများကို ထာဝစဉ်နှလုံးသွင်းဆင်ခြင်လျက် ကိုယ်စီအသိနှင့် အပြန်အလှန် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရပါမည်။

ဤသို့ဖြင့် အဂတိကင်းစင်သည့် တရားစီရင်ရေး မဏ္ဍိုင် မယိမ်းမယိုင်ကျောက်စာတိုင်ပမာ အစဉ်ထာဝရ တည်တံ့ခိုင်မာမှုရှိမည်ဖြစ်ပါသည်။ လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ တည်ကြည်မှန်ကန်ခြင်းတို့ဖြင့် လောကကောင်းကျိုးကို တရားနှင့်အညီ ထိန်းသိမ်းစောင့်ရှောက်နိုင်မည်ဖြစ်သည်။

တရားစီရင်ရေးဆိုင်ရာ အခြေခံ 'မူ' များ ထည်ဝါဝံ့ကြွား၊ မားမားမတ်မတ်ရှိနေနိုင်ပါစေ။

တရားစီရင်ရေးဆိုင်ရာ အခြေခံ 'သဘောတရား' များ ဖွံ့ဖြိုးရှင်သန် လန်းလန်းဆန်းဆန်း ရှိနေနိုင်ပါစေ။

**အကိုးအကားပြုသောစီရင်ထုံးများ**

(၁) ရန်ကုန် အတွဲ ၁၄၊ စာ ၆၆၆။

(၂) ၁၉၆၄ ခုနှစ်၊ မတစ၊ စာ ၈၇၆။

(၃) ၁၉၆၆ ခုနှစ်၊ မတစ၊ ၆၃၄။

(၄) ၁၉၆၀ ခုနှစ်၊ မတစ၊ ၁၉၂။

(၅) ၁၉၆၆ ခုနှစ်၊ စာ ၁၂၉။

(၆) ၁၉၆၆ ခုနှစ်၊ စာ ၉၇။

(၇) အထူးရာဇဝတ်ရုံး အယူခံအဖွဲ့စီရင်ထုံးများ (၁၉၆၅-၁၉၇၀)၊ စာ ၃၃၊ ၄၈၊ ၉၄၊ ၂၅၂၊ ၂၉၂၊ ၃၁၂၊ ၃၁၉ နှင့် ၃၂၂။

# အလွမ်းများနှင့် လှတဲ့သူ

တင့်လွင်ဦး(စီးပွားရေးတက္ကသိုလ်)

အမျိုးသမီးများသည် သဘာဝအလှအပ မြတ်နိုးတတ်ကြပြီး လှချင်ကြသည်။ လှလိုက်တာဟု ချီးမွမ်းခံရလျှင် ပီတိဖြစ်မဆုံး၊ ထိုသဘောအရ ရုပ်ရှင်ရိုက်ကြရာတွင် အမျိုးသမီးအများစုသည် ကျော့ကျော့မော့မော့၊ လှလှပပလေး ဝတ်စားပြီး တိုက်နှင့်ကားနှင့် အဆောင်အယောင်နှင့်၊ လူဂုဏ်တန်သူဌေးသမီးအသွင်စသည်ဖြင့် အထက်တန်းကျကျသရုပ်ဆောင်ပြရမည်ဆိုပါက နှစ်ခါမပြောရ။ ဆင်းရဲသား၊ အိမ်ဖော်၊ အခိုင်းအစေစသည်ဖြင့် ကျောမွဲလူတန်းစားအသွင်သရုပ်ဆောင်ရမည်ဆိုလျှင် နှာခေါင်းရှုံ့ချင်ကြသည်။ မြန်မာ့ရုပ်ရှင် လောကတွင် ထိုသို့နေရာရွေး၊ ဇာတ်ရုပ်ရွေးတတ်ကြသူများရှိသလို နေရာမရွေးပေးသမျှ ဇာတ်ရုပ်ကို ပီပြင်စွာသရုပ်ဆောင်ကြသူများလည်းရှိပြန်သည်။ ထိုသူတို့ အထဲတွင် ယခုတင်ပြမည့် မင်းသမီးသည် ရှေ့ဆုံးက၊ တစ်သက်တာလုံးအလွမ်း၊ အဆွေး၊ အနှိမ်ခံ၊ အဖိနှိပ်ခံဇာတ်ရုပ်များကိုသာ သရုပ်ဆောင်ခဲ့ရသည့်အတွက် ထိုမင်းသမီးနှင့် မျက်ရည်တို့သည် ငယ်ပေါင်းကြီးဖက်များပမာ၊ အလွမ်းဇာတ်ရုပ်ကိုပီပြင်စွာ ဖော်ကျူးနိုင်ခြင်းသည် ရသမြောက်အနုပညာ၊ အလွမ်းဖြင့် အကျိုးပေးပြီး အလွမ်းပိုင်သည့်အတွက် "အလွမ်းမင်းသမီး" ဟုလည်း ပရိသတ်က တင်စားခေါ်ခဲ့ကြသည်။

**"ဝဏ္ဏကျော်ထင် အကယ်ဒမီများရှင် ဒေါ်မေသစ်"**

အမည်ရင်း မခင်သစ်၊ ဖခင် ဆည်ဝန်ထောက် ဦးကိုကိုကြီး၊ မိခင် ဒေါ်သန်းရွှေတို့က ၂၇. ၁၁. ၁၉၂၅ (သောကြာနေ့)တွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့၌ မွေးဖွားခဲ့သည်။ မွေးချင်းခြောက်ယောက်အနက် စတုတ္ထမြောက်၊ ငယ်စဉ်ကတည်းက ရုပ်ရှင်ဝါသနာပါ၍ တစ်နေ့အောင်မြင် ကျော်ကြားတဲ့ အနုပညာရှင်ဖြစ်ရမည်ဟု ခိုင်မာသော သန္နိဋ္ဌာန်ချထားသူဖြစ်သည်။ မင်းသမီးမရှင်ပါဝင်သော ဇာတ်ကားဆို မလွတ်တမ်းကြည့်လေ့ရှိပြီး အိမ်ပြန်ရောက်သည်နှင့် အမူအရာများလေ့ကျင့်သည်။

မိခင်ဒေါ်သန်းရွှေကိုယ်တိုင်ကလည်း ရုပ်ရှင်ဝါသနာပါသည်။ သမီးဆန္ဒကိုလည်း ဖြည့်ဆည်းလိုသည့်အတွက် မိခင်ကိုယ်တိုင် သမီးမခင်သစ်ကို အေဝမ်းဖလင်နှင့် ဆက်သွယ်ပေးခဲ့ရာ အေဝမ်းလူကြီးများ မခင်သစ်ကို မြင်မြင်ချင်းနှစ်သက်သဘောကျပြီး မင်းသမီးဖြစ်ထိုက်သည့် အရည်အချင်းရှိသူဟု အကဲဖြတ်ကြသည့်အတွက် လခစားမင်းသမီးအဖြစ် ခန့်သည်။ မခင်သစ်သည် အများနှင့်မတူတစ်မူထူးခြားသည်က မျက်နှာမှာ သနားစရာရုပ်ရည်မျိုးရှိပြီး အလွန်ရိုးသားသည့် အသွင်ဆောင်၏။ မခင်သစ်ရုပ်ရှင်လောက စတင်အခြေချသည့်နှစ်မှာ ၁၉၃၉ ခုနှစ်၊ ထိုစဉ်က အသက် (၁၄)နှစ်သာရှိသေးသည်။ စစချင်း မင်းသမီးအဖြစ်နှင့်မရိုက်ရသေး။ အေဝမ်းဖလင် ဒါရိုက်တာ ဦးဘရှင်ရိုက်ကူးသည့် "မိုးကြိုး" အသံတိတ်ဇာတ်ကားတွင် မထင်မရှား ဇာတ်ရံဘဝ။ ထို့နောက် အေဝမ်းဖလင်မှ ထုတ်လုပ်ပြီး ဒါရိုက်တာ အေဝမ်းဦးတင်မောင် ရိုက်ကူးသည့် "ချစ်ရေစင်"၊ ဒါရိုက်တာ ဦးချင်းစိန် (ရွှေညာမောင်) ရိုက်ကူးသည့် "ကေလာသ" နှင့် "ချစ်သွေးဟုန်"၊ ဒါရိုက်တာ ဦးဘရှင်ရိုက်ကူးသည့် "မာနရှင်" ဇာတ်ကားတို့တွင် ဇာတ်ပို့အဖြစ်နှင့် သရုပ်ဆောင်ခဲ့ရသည်။ ထိုစဉ်က အေဝမ်းမင်းသမီးမှန်သမျှ ရှေ့မှ "မေ" တပ်လေ့ရှိသည့်အတွက် အမည်ရင်း "မခင်သစ်" မှ "မေသစ်" အမည်သို့ ပြောင်းသည်။

ဒုတိယကမ္ဘာစစ်ကြီး ဖြစ်လာသောအခါ ရုပ်ရှင်လုပ်ငန်းများ ရပ်ဆိုင်းသွားသည်။ စစ်ကြီးပြီးသောအခါ "မေသစ်" သည် ရုပ်ရှင်လောကထဲ ပြန်မဝင်သေး။ "အင်းစိန်ဒေါ်အေမီ"အလွတ်ပညာသင်ကျောင်းတွင် သတ္တမတန်း ပညာသင်ယူနေဆဲ၊ အေဝမ်းဖလင်မှ ရုပ်ရှင်ရိုက်ရန်လှမ်းခေါ်သည့်အတွက် ရုပ်ရှင်လောကထဲ ပြန်ရောက်သွားသည်။ သို့သော် အစပထမ အေဝမ်းဇာတ်ကားများတွင် ပါဝင်ခွင့်မရသေး။ လျှပ်စစ်ရုပ်ရှင်မှ ဒါရိုက်တာဦးတင်ယု ရိုက်ကူးသည့် "မင်းဘာလဲ" အသံတိတ်ဇာတ်ကားတွင် မင်းသားမောင်တင်မောင်၊ အေးကြူ သာဂေါင်ကြီးတို့နှင့် တွဲဖက်သရုပ်ဆောင်ရင်း ခေါင်းဆောင်မင်းသမီးအဖြစ်သို့ရောက်ရှိသည်။ ဆက်လက်၍ "ဘဘကြီး" အသံတိတ်ဇာတ်ကား၊ "ညောင်ရမ်း ညီနောင်" အသံတိတ်ဇာတ်ကားတို့တွင် ခေါင်းဆောင်မင်းသမီးအဖြစ်ရိုက်ကူးခဲ့သော်လည်း နာမည်မရသေး။ ပရိသတ်နှင့် စိမ်းနေသေးသည်။

၁၉၄၉ ခုနှစ်တွင် လျှပ်စစ်ရုပ်ရှင်မှ ထုတ်လုပ်ပြီး ဒါရိုက်တာ ဦးသုခရိုက်ကူးသည့်"ဂုဏ်ရည်မတူ" အသံထွက်ဇာတ်ကားရုံတင်ပြသသည့်အခါ မေသစ်၏ အမည်သည် ဟိုးလေးတကျော် နိုင်ငံကျော် မင်းသမီးအဖြစ်သို့ ရောက်ရှိသည်။ မင်းသားဖာတစ်လုံး ခင်မောင်၊ သုခ (ဒါရိုက်တာ ဦးသုခ)တို့နှင့် တွဲဖက်သရုပ်ဆောင်ခဲ့ပြီး မေသစ်က သူတောင်းစားမလေး"မယ်သုံ"၊ မင်းသား ခင်မောင်က "ပေါက်စီ၊" သုခက သူတောင်းစားကြီး "ကိုသီလ"အဖြစ် အတွဲညီညီပီပြင်စွာ သရုပ်ဆောင်ခဲ့ကြရာ "ဂုဏ်ရည်မတူ"ဇာတ်ကားသည် ပရိသတ်မျက်ရည်ကို ဖွဲ့ခြွေနိုင်စွမ်းရှိသည့် ဇာတ်ကားအဖြစ် လျှမ်းလျှမ်းတောက် အောင်မြင်ခဲ့လေသည်။

စစ်ပြီးခေတ် ၁၉၄၉ ခုနှစ် နောက်ပိုင်း အေဝမ်းဖလင်မှ ဒါရိုက်တာအေဝမ်းဦးတင်မောင် ရိုက်ကူးသည့် "ချိန်တန်ပြီ" အသံထွက်ဇာတ်ကားတွင် မောင်တင်မောင်၊ မေရှင်တို့နှင့်တွဲဖက်၍ ဒုတိယမင်းသမီး၊ လျှပ်စစ်ရုပ်ရှင်မှ ဒါရိုက်တာ ဦးတင်ယု ရိုက်ကူးသည့် "ရန်ပုံခွင်း"နှင့် "သူဌေးလောင်း" အသံထွက်ဇာတ်ကား၊ အေဝမ်းဖလင် ဒါရိုက်တာ ဦးတင်မောင်ရိုက်ကူးသည့် "ချစ်မုန်းမာန်" အသံထွက်ဇာတ်ကား၊ ဒါရိုက်တာဦးအောင်ဇံ ရိုက်ကူးသည့် "ဘုမသိဘမသိ" သံစုံသွင်းဇာတ်ကားနှင့် "ဝိဇယ" သံစုံသွင်းဇာတ်ကား၊ လျှပ်စစ်ရုပ်ရှင်မှ ဒါရိုက်တာ မြမောင် ရိုက်ကူးသည့် "မြတဲ့ သစ္စာ"အသံထွက်ဇာတ်ကား တို့တွင် ထိုခေတ်ထိုအခါက နာမည်ကြီး မင်းသားတို့နှင့် တွဲဖက်၍ စွဲမက်အောင် ခေါင်းဆောင်မင်းသမီးအဖြစ် သရုပ်ဆောင်ခဲ့ရာ ပရိသတ်အကြိုက် မင်းသမီးအဖြစ် အောင်မြင်ခဲ့လေသည်။

မေသစ်သည် အေဝမ်းဖလင်မှနုတ်ထွက်၍ ဗြိတိသျှဘားမားရုပ်ရှင်တွင် လခစားမင်းသမီးအဖြစ် လုပ်ကိုင်ခဲ့ပြန်ရာ ဗြိတိသျှဘားမား ရုပ်ရှင်မှထုတ်လုပ်သည် "ရဲသွေးရဲမာန်"၊ "အချစ်ဆန်း"၊ "သည်ဆောင်းဟေမာန်"၊ "မမီတဲ့ပန်း"၊ "ဖူးစာနှစ်ခိုင်"နှင့် "ဒေါက်တာအောင်ကျော်ဦး" ဇာတ်ကားများတွင်ခေါင်းဆောင်မင်းသမီးအဖြစ်ပါဝင်ခဲ့သည်။ ထို့နောက် ၁၉၅၅ ခုနှစ်တွင် ပန်းသာရုပ်ရှင်မှ ထုတ်လုပ်ပြီး သခင်ဘသောင်း၏ ဝတ္ထုကို ဒါရိုက်တာ ချင်းစိန်က ရုပ်ရှင်အဖြစ် အသက်သွင်းပေးခဲ့သည့် "ပန်းသာမစာဥ" အသံထွက်ဇာတ်ကား၌ မင်းသားဇေယျ၊ အေးကြူ သာဂေါင်ကြီး၊ ဒေါ်ဂျမ်းစိန်၊ မေနွဲ့၊ ဦးဘချစ်၊ မန်းလှဖေစသည့် သရုပ်ဆောင်အကျော်အမော်တို့နှင့် တွဲဖက်ပြီး ကိုယ်ကျင့်တရားကောင်းမွန်သော တောသူမလေးစာဥအဖြစ် ပီပြင်စွာသရုပ်ဆောင်ခဲ့သည်။ ထိုဇာတ်ကားတွင် ချစ်ရသူတို့ကြုံတွေ့ရမြဲဖြစ်သော အချစ်၏သုခ၊ အချစ်၏ ဒုက္ခ၊ အချစ်၏ သောက၊ အချစ်၏ ဗျာပါဒများကို သိင်္ဂါရ ရသနှင့် ကရုဏာရသမြောက်အောင် ဖော်ကျူးထားပြီး ပရိသတ်များသည် သရုပ်ဆောင်များနည်းတူ ပျော်စရာရှိက ပျော်လိုက်ကြ၊ လွမ်းစရာရှိက လွမ်းလိုက်ကြနှင့် ဇာတ်လမ်းဇာတ်ကွက်တွင် နစ်မျောလိုက်ပါရင်း သက်ပြင်းချ မကြာမကြာ၊ ဇာတ်ကားပြီးမှ ဟင်းချနိုင်ကြတော့သည်။

၁၉၅၆ ခုနှစ်တွင် မန္တလေးရုပ်ရှင်မှ ထုတ်လုပ်သည့် ဒါရိုက်တာ ဦးသုခ၏ လက်ရာ "ဘဝသံသရာ" ဇာတ်ကား၌ မင်းသား ဇေယျ၊ အေးကြူ နွဲ့နွဲ့အေး၊ ဒေါ်ဂျမ်းစိန် တို့နှင့် တွဲဖက်သရုပ်ဆောင်ရင်း မေသစ်၏ အောင်မြင်မှုသည် အထွတ်အထိပ်သို့ ရောက်ရှိသွားပြီး ထိုဇာတ်ကားဖြင့် အရည်အသွေးပြည့်ဝသည့် ထိပ်တန်းမင်းသမီးတစ်လက်ဖြစ်ကြောင်း သက်သေပြသွားလေသည်။

၁၉၆၀ ပြည့်နှစ်တွင် မြဇော်ရုပ်ရှင်မှ ဒါရိုက်တာ ဦးမြမောင် ရိုက်ကူးသည့် "မေတ္တာရွှေရည်" ဇာတ်ကားတွင် မင်းသား မြင့်အောင်၊ ဘမြင့်၊ သန်းနွဲ့၊ မြင့်ဖေတို့နှင့် တွဲဖက်သရုပ်ဆောင်ရင်း အကောင်းဆုံးအမျိုးသမီးသရုပ်ဆောင် အကယ်ဒမီဆု၊ ၁၉၆၄ ခုနှစ်တွင် ရှုမဝရုပ်ရှင်မှ ဒါရိုက်တာရှုမဝ ဦးကျော်ရိုက်ကူးသည့် "ရင်ဝယ်တသိမ့်သိမ့်" ဇာတ်ကားတွင် မောင်ယဉ်ထွေး၊ ရှုမဝစမ်းစမ်းအေး၊ မေနွဲ့၊ ဦးကျောက်လုံး တို့နှင့်တွဲဖက်ပြီး သားအပေါ် အချစ်ကြီးလှသည့် မိခင်မုဆိုးမကြီးအသွင် ပီပြင်စွာ သရုပ်ဆောင်ခဲ့ရာ အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ အကယ်ဒမီထူးချွန်ဆု၊ ၁၉၇၆ ခုနှစ် တော်ဝင်ထွန်းရုပ်ရှင်မှ ဒါရိုက်တာ ထွန်းမြင့်ထွန်းရိုက်ကူးသည့် "နွဲ့မျိုးစုံလင်နွဲ့လိုက်ချင်" ဇာတ်ကားတွင် မင်းသားဇော်လင်း၊ ခင်သီတာထွန်းတို့နှင့် တွဲဖက်သရုပ်ဆောင်ခဲ့ရာ အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆုတို့ ရရှိခဲ့သည်။

မေသစ်သည် အသံတိတ်၊ သံစုံသွင်း၊ အသံထွက်၊ ဗီဒီယိုခေတ်အသီးသီးကိုမီသည့် ရှေ့မီနောက်မီ၊ ဝါရင့်၊ သမ္ဘာရင့် မင်းသမီးကြီးဖြစ်သည်။ ခေါင်းဆောင်မင်းသမီး၊ ဒုတိယခေါင်းဆောင်၊ ဇာတ်ပို့၊ အမေခန်း၊ အဒေါ်ခန်း၊ အဘွားခန်းစသည်ဖြင့် ရိုက်ကူးခဲ့သော ရုပ်ရှင်ဇာတ်ကားပေါင်း ၂၀၀ ကျော်ရှိပြီး ဗီဒီယိုဇာတ်ကားအများအပြားလည်းရိုက်ကူးခဲ့သည်။ ငယ်ရွယ်နုပျိုစဉ် ဘဝမှာပင် နိုင်ငံကျော်မင်းသမီးအဖြစ်သို့ ရောက်ရှိခဲ့သော်လည်း မာန်မာနမထား၊ ရုပ်ရှင်လောကသားအားလုံးနှင့် ဆက်ဆံရေးအဆင်ပြေသည်။ တွဲဖက်မရိုက်ဖူးသော ကုမ္ပဏီ၊ ဒါရိုက်တာ၊ မင်းသား၊ မင်းသမီးရှား၏။ ၁၉၅၆ ခုနှစ်တွင် နိုင်ငံတော်က ချီးမြှင့်သည့် "ဝဏ္ဏကျော်ထင်" ဘွဲ့ရရှိခဲ့သည်။

အတွဲအများဆုံးသော ရုပ်ရှင်ကုမ္ပဏီကြီးများမှာ အေဝမ်းဖလင်၊ ဗြိတိသျှဘားမားရုပ်ရှင်၊ လျှပ်စစ်ရုပ်ရှင်၊ တော်ဝင်ထွန်းရုပ်ရှင်တို့ဖြစ်ကြပြီး အတွဲအများဆုံး ဒါရိုက်တာကြီးများမှာ ဦးဘရှင်၊ အေဝမ်းဦးတင်မောင်၊ ဦးသုခ၊ ဦးတင်ယု၊ ဦးချင်းစိန်တို့ဖြစ်ကြကာ မင်းသားများ အနေဖြင့် ဇေယျ၊ အေဝမ်းဦးတင်မောင်၊ အေးကြူ၊ ကျော်ဆွေ၊ မြင့်အောင်၊ ခင်မောင်ဇင်၊ ရွှေဘ၊ တင်ညွန့်၊ ကောလိပ်ဂျင်နေဝင်းတို့နှင့် အတွဲများသည်။

မေသစ်ခေါင်းဆောင်မင်းသမီးအဖြစ် ရိုက်ကူးခဲ့သည့် ဇာတ်ကားများအနက် အထူးထင်ပေါ်ကျော်ကြားသည့် ဇာတ်ကားများမှာ ဂုဏ်ရည်မတူ၊ ပန်းသာမစာဥ၊ ဘဝသံသရာ၊ ဒေါက်တာအောင်ကျော်ဦး၊ ချစ်မုန်းမာန်၊ မေတ္တာရွှေရည်၊ သည်ဆောင်းဟေမာန်၊ တင့်လှပေဟန်နှင့် ချစ်အဏုမြူတို့ဖြစ်ကြသည်။

မေသစ်သည် ရုပ်ရှင်လောကမှာသာမက ပြဇာတ်လောက ၊ ဂီတလောကမှာလည်း မှတ်တမ်းတင်ထိုက်သူဖြစ်သည်။ မေသစ်အနေဖြင့် ပြဇာတ်အနည်းငယ်မျှသာ ကပြခဲ့ဖူးသော်လည်း ရန်ကုန်မြို့ရွှေတိဂုံဘုရားလမ်း-ဂျူဗလီဟောတွင် နေ့ပွဲအဖြစ် တင်ဆက်ကပြခဲ့သော ဒါရိုက်တာအေဝမ်းဦးတင်မောင်၏ "စန္ဒကိန္နရီ"ပြဇာတ်တွင် မင်းသားအေးကြူ ပြည်လှဖေ၊ မေရှင်တို့နှင့် တွဲဖက်ကပြခဲ့ရာ ပြဇာတ်မင်းသမီး ကောင်းတစ်လက်အဖြစ် ပရိသတ်က အသိအမှတ်ပြုခဲ့သည်။ တစ်ဖန်နိုင်ငံကျော်မင်းသမီးအဖြစ်နှင့် နေ့မအား၊ ညမအား ရုပ်ရှင်များ လက်မလည်အောင် ရိုက်ကူးနေရသည့်ကြားမှ မြန်မာ့အသံ ဓာတ်ပြားတေးနှင့် စူပါဟိုက်၊ လွတ်လပ်ရေးနှင့် ပဒေသာ ဓာတ်ပြားတို့မှ ရောင်းတမ်းဓာတ်ပြားတေးပေါင်းများစွာ သီဆိုခဲ့သည်။ "ရွှေကျီးလေး"၊ "စမ်းရေအိုင်"၊ "သွားတော့ရွှေဥဩ" တေးများမှာ အထူးအောင်မြင်ကျော်ကြားပြီး မြန်မာ့အသံ အသံလွှင့်ဇာတ်လမ်းများမှာလည်း ဒေါ်မေသစ်သည် အသံဖြင့် သရုပ်ဆောင်ခဲ့သည်။ "စမ်းရေပမာ မိမေတ္တာ" ဇာတ်လမ်းသည် မေသစ်၏ အကျော်ကြားဆုံးသော မြန်မာ့အသံ အသံလွှင့်ဇာတ်လမ်းဖြစ်သည်။

မေသစ်သည် ဝါသနာအရ အိမ်တွင်းမှု၊ အချက်အပြုတ်၊ စက်ချုပ်၊ ရေကူး၊ ကားမောင်း ၊စန္ဒယားတီး၊ စောင်းတီးကျွမ်းကျင်ပြီး ဘာသာရေးကို အလေးအနက်ထားသည့်အတွက် ဘုရားပင့်ခြင်း၊ ဝတ်ရွတ်ခြင်း၊ ကောင်းမှုကုသိုလ်ပြုခြင်းကိစ္စအဝဝတွင် ပါဝင်လေ့ရှိပြီး ဝိပဿနာတရားများကိုလည်း ရှုမှတ်ပွားများ အားထုတ်လေ့ရှိ၏။

မေသစ်ဘဝအတွက် မေ့မရနိုင်သော တကယ့်အဖြစ်အပျက်လေးတစ်ခုမှာ ရှုမဝရုပ်ရှင်မှ ထုတ်လုပ်ပြီး ဒါရိုက်တာ ရှုမဝ ဦးကျော်ရိုက်ကူးသည့် "လူမနော" ဇာတ်ကားတွင် မေသစ်သည် သူတောင်းစားမကြီးအသွင် ပါဝင်သရုပ်ဆောင်ရသည်။ ထိုဇာတ်ကားအတွက် ဇာတ်ဝင်ခန်းများ ရိုက်ကူးရန် ရန်ကုန်မြို့ ကန်တော်ကြီး ဗိုလ်ချုပ်ကြေးရုပ်အနီး ဖိုးစိန်လမ်းတစ်ဝိုက် တောင်းစားသည့် ဇာတ်ဝင်ခန်းရိုက်ကူးရန် ပြင်ဆင်နေကြစဉ် အစမ်းလေ့ကျင့်သည့်အနေဖြင့် မေသစ်က ခွက်စုတ်လေးရှေ့ချဖြတ်သွားဖြတ်လာများကို တောင်းရမ်းဖို့ စတင်နေချိန်၊ မေသစ်ဖခင် ဦးကိုကိုကြီး၏ အသိမိတ်ဆွေတစ်ဦးက ထိုနားဖြတ်သွားရင်း ပြုန်းခနဲ မေသစ်အဖြစ်ကို မြင်လိုက်ရသည့်အခါ အံ့ဩခြင်း၊ စိတ်မကောင်းခြင်းကြီးစွာဖြင့် "ဟာ. . . မခင်သစ်၊ ညည်းအဖြစ်က ဆိုးလှချည်လား၊ ဘယ်လိုဖြစ်ရတာတုံး" ဟုမေးလိုက်လေသည်။ မေသစ်လည်း ရုတ်တရက်မို့ ဘာပြောရမှန်းမသိ နောက်မှတွေးမိပြီး ပြုံးပြုံးလေးနှင့် ဦးလေး ဒါရုပ်ရှင်ရိုက်နေတာဟု ဖြေလိုက်မှ ထိုဦးလေးသည် ပတ်ဝန်းကျင်ကို လှည့်ပတ်အကဲခတ်ကြည့်ရင်း ကင်မရာများ အသင့်ပြင်ထားသည်ကို မြင်တွေ့လိုက်သည့်အတွက် ထိုနေရာမှချာခနဲလှည့်ထွက်သွားတော့သည်။ မေသစ်သည် ထိုသို့အမေးခံလိုက်ရသည့်အတွက် စိတ်အနှောင့်အယှက် မဖြစ်သည့်အပြင် သူ့သရုပ်ဆောင်မှု ပီပြင်၍တောင်းစားသူအစစ်ဟု အထင်ခံလိုက်ရသည်မှာ ဂုဏ်ယူစရာဟု စကားစပ်မိတိုင်း ထိုဖြစ်ရပ်လေးကို ဂုဏ်ယူဝင့်ကြွားစွာပြန်ပြောင်းပြောလေ့ရှိ၏။

အမေဒေါ်မေသစ်သည် သူ၏ အစွမ်းထက်လှသော အနုပညာဖြင့် ထောင်ပေါင်းများစွာသော ပရိသတ်များကို အကြင်နာဖက်အောင်၊ ကရုဏာသက်အောင် ဆွဲဆောင်နိုင်စွမ်းရှိသော်လည်း အသက်ဘေးမှ လွတ်မြောက်ရေးအတွက် မရဏမင်းကိုဖြင့် စည်းရုံးသွေးဆောင်ခြင်းငှာ မစွမ်းသာ (၃၀. ၉. ၂၀၀၁)ရက်နေ့တွင် ကွယ်လွန်သွားခဲ့သည်။ ကွယ်လွန်ချိန်တွင် သားသမီးလေးဦး ကျန်ရှိခဲ့ပြီး လူပင်သေသော်လည်း နာမည်မသေ၊ သူ၏ ဂုဏ်သတင်းသည် "အလွမ်းမင်းသမီးကြီး" အဖြစ်နှင့် ထုံသင်းဝေလျက်. . ။ ။

ဟာ. . . မခင်သစ်၊ ညည်းအဖြစ်က ဆိုးလှချည်လား၊ ဘယ်လိုဖြစ်ရတာတုံး ဟုမေးလိုက်လေသည်။ မေသစ်လည်း ရုတ်တရက်မို့ ဘာပြောရမှန်းမသိ နောက်မှတွေးမိပြီး ပြုံးပြုံးလေးနှင့် ဦးလေး ဒါရုပ်ရှင်ရိုက်နေတာဟု ဖြေလိုက်မှ ထိုဦးလေးသည် ပတ်ဝန်းကျင်ကို လှည့်ပတ်အကဲခတ်ကြည့်ရင်း . . .

# နျူးကမ့်ခေတ်သစ်ကို ဖွင့်လှစ်ရန်အချိန်တန်နေပြီ



ဘာစီလိုနာအသင်း ချန်ပီယံလိဂ်ကွာတားဖိုင်နယ်ကနေ ထွက်ခွာရမှုဟာ သိပ်ဆန်းကျယ်တဲ့ ကိစ္စရပ်မဟုတ်ပေမယ့် နည်းပြ အင်းနရစ်ရဲ့ နောက်ဆုံးရာသီမှာ အခုလို ဖြစ်ခဲ့တာက အင်းနရစ်အတွက်တော့ အတော်လေးစိတ်ကသိကအောင့်ဖြစ်ရမှာ သေချာပါတယ်။ ဒီလို ချန်ပီယံလိဂ်ကွာတားဖိုင်နယ်အဆင့်က ထွက်ခွာခဲ့ရတာက ဘာစီလိုနာအတွက် နှစ်နှစ်ဆက်တိုက်ကွာတားအဆင့်ကနေ ထွက်ခွာခဲ့ရမှုလည်း ဖြစ်ပါတယ်။

ဘာစီလိုနာအသင်းဟာ ကမ္ဘာ့ကြောက်စရာ အကောင်းဆုံးတိုက်စစ်အတွဲဖြစ်တဲ့ မက်ဆီ၊ နေမာ၊ဆွာရက်ဇ်တို့ကို ပိုင်ဆိုင်ထားပြီး ပီအက်စ်ဂျီအသင်းနဲ့ ပွဲစဉ်မှာ အားလုံးကို " ဟင်ခနဲ ဟာခနဲ" ဖြစ်အောင်လုပ်ပြနိုင်ခဲ့တဲ့ အသင်းဖြစ်ပါတယ်။ ဒါကြောင့် ဂျူဗင်တပ်ကို အဝေးကွင်းမှာ သုံးဂိုးပြတ်နဲ့အရေးနိမ့်ခဲ့ပေမယ့် ဘာစီလိုနာ ပြန်လာနိုင်ဦးမယ်လို့ ယုံကြည်သူတွေလည်း ရှိနေခဲ့တာပါ။ ဒါပေမယ့် ဂျူဗင်တပ်ဟာ ဒုတိယပီအက်စ်ဂျီ ဖြစ်မလာခဲ့ဘဲ သူတို့အသင်းရဲ့ ပုံစံအတိုင်း ဘာစီလိုနာတိုက်စစ်ကိုအဆင့်ဆင့် တားဆီးဖြတ်တောက်ကစားသွားပြီး ပေးဂိုးမဲ့အနေအထားဖြစ်အောင် ပုံဖော်သွားနိုင်ခဲ့တာကို တွေ့ရပါတယ်။

ဘာစီလိုနာဟာ ချန်ပီယံလိဂ်က ထွက်ခွာခဲ့ရအပြီး မေ ၂၇ ရက် ရီးယဲလ်ကို ဘာနေဗျူးမှာ သွားရောက်ရင်ဆိုင်ရဦးမှာဖြစ်ပါတယ်။ တကယ်လို့ ဒီပွဲစဉ်မှာ ဘာစီလိုနာအသင်း အနိုင်ရခဲ့မယ်ဆိုရင်တောင် လာလီဂါဖလားအတွက် အာမခံချက်မရှိသလို ကိုပါဒယ်ရေးဖလားမှာလည်း အလားတူ အခြေအနေပါပဲ။

အသင်းတစ်သင်းရှုံးရင် ပြစ်တင်ခံရမှုတွေ တက်လာတတ်တာမဆန်းသလို အောင်မြင်ရင်လည်း ဘာကြောင့် အောင်မြင်သလဲဆိုတာ စိစိစစ်စစ်အဖြေထုတ်နေတဲ့ မီဒီယာတွေ ကြားထဲမှာတော့ ဘာစီလိုနာအသင်းရဲ့ အနိမ့်အမြင့်၊ အတက် အကျတွေဟာ ရေးမကုန်တဲ့ သတင်းများစွာကို ဖန်တီးပေးနေတာဖြစ်ပါတယ်။ အချို့ကတော့ လွန်ခဲ့တဲ့ နှစ်နှစ်အတွင်း ဘာစီလိုနာအသင်းငွေသုံးကြမ်းပေမယ့် ရေရှည်စီမံကိန်းအတွက် သုံးလို့ရမယ့် ကစားသမားကို ရှာမတွေ့ခဲ့တာက အခုလို ကျဆုံးမှုတွေရဲ့ အဓိက ရင်းမြစ်ရယ်လို့ အဖြေထုတ်နေကြပါတယ်။

အင်းနရစ်ခေါ်ယူခဲ့တဲ့ ကစားသမားတွေထဲမှာ ဂိုးမက်စ်၊ တူရန်တို့ဟာ လောက်လောက်လားလား ခြေစွမ်းမပြသနိုင်သလို ဇာဗီနေရာ အစားထိုးနိုင်မယ့်ကွင်းလယ်လူ အခုထိ ရှာမတွေ့သေးတာ၊ ဆာဂျီယိုရောဘတ်တိုဟာ ဇာဗီလိုကစားနိုင်ဖို့ အဆင့်တစ်ရပ်လိုအပ်နေသေးတာ၊ အင်နီယေစတာ မကြာခဏဒဏ်ရာပြဿနာကြုံတွေ့နေရတာတွေကလည်း ဘာစီလိုနာရဲ့ အရှိန်အဟုန်ပြင်းတဲ့ ကစားအားကို တားဆီးစေခဲ့တဲ့ အကြောင်းတရားတွေ ဖြစ်လို့ နေခဲ့ပါတယ်။ အင်းနရစ်ဟာ ဘာစီလိုနာအသင်းကို ကိုင်တွယ်တဲ့ ပထမရာသီမှာပဲ ဖလားသုံးလုံးဆွတ်ခူးခဲ့ပြီးနောက် တိုက်စစ်ပိုင်းကို လုံးဝအပြောင်းအလဲမလုပ်ဘဲ ရှေ့ဆက်ခဲ့သလို သူတို့နေရာအသင့်အစားထိုးနိုင်မယ့် ကစားသမားကို ဝယ်ယူဖို့ ပျက်ကွက်တာတွေကြောင့်လည်း MSN တိုက်စစ်အတွဲထဲကတစ်ယောက် မကစားနိုင်ရင် ဘာကာရဲ့ ရလဒ်ကို သက်ရောက်မှုကြီးကြီး ရှိစေခဲ့တာဖြစ်ပါတယ်။

ဒီနှစ်ဘောလုံးရာသီအကုန်မှာတော့ နည်းပြအင်းနရစ်ဟာ အသင်းနဲ့ လမ်းခွဲတော့မှာဖြစ်တာကြောင့် ဘာစီလိုနာအသင်းကို နည်းပြသစ်တစ်ဦး ပြောင်းလဲကိုင်တွယ်တော့မှာဖြစ်ပါတယ်။ ဒီနည်းပြဟာ ဘယ်သူလဲဆိုတာ မသိသေးပေမယ့် သေချာတာကတော့ ကစားသမားအဝင်အထွက်ကိစ္စရပ်ကို အကြီးအကျယ်ပြောင်းလဲအောင် စီစဉ်ရတော့မယ်ဆိုတာပါပဲ။ အထူးသဖြင့် အင်နီယေစတာနေရာ ဘယ်သူနဲ့ အစားထိုးမလဲ၊ ဘာစီလိုနာတိုက်စစ်ပိုင်း အရန်အင်အားတောင့်တင်းရေးကို အဓိကထားပြင်ဆင်ရတော့မယ် ဆိုတာပါပဲ။ ဂျူဗင်တပ်ကို ရှုံးနိမ့်မှုဟာ သာမန်မျက်စိနဲ့ ကြည့်ရင် ရှုံးပွဲတစ်ပွဲလို့သာ သတ်မှတ်နိုင်ပေမယ့် တကယ်တမ်းကျ အသင်းကို ပြန်လည် တည်ဆောက်ဖို့ လိုအပ်နေတယ်ဆိုတာကို မီးမောင်းထိုးပြနိုင်တဲ့ အကြောင်းတရားတစ်ရပ်သာ ဖြစ်တယ်လို့ မှတ်ချက်ချနိုင်ပါတယ်။

**ရှိုင်ယန်ဟောဒင်**

## လှုပ်လှုပ်ရှားရှား အပြောင်းအရွှေ့သတင်းများ

### မန်စီးတီး၊ချယ်လ်ဆီးတို့သို့ဆန်းချက်ဇ်ကိုရောင်းချမှာမဟုတ်တဲ့အာဆင်နယ်



အာဆင်နယ်အသင်းက တိုက်စစ်မှူးအလက်ဆစ်ဆန်းချက်ဇ်ကို စာချုပ်သက်တမ်းတိုးလို့ မရပါကလည်း ချယ်လ်ဆီး၊ မန်စီးတီးအသင်းတို့သို့ ရောင်းချမည်မဟုတ်ဘဲ ပီအက်စ်ဂျီသို့ ပြောင်းရွှေ့ရေးအတွက် အာဆင်နယ်တွန်းအားပေးသွားမှာဖြစ်တယ်လို့သိရပါတယ်။ ဆန်းချက်ဇ်ဟာ အာဆင်နယ်အသင်းရဲ့ သက်တမ်းတိုးစာချုပ်ကိစ္စရပ်ကို ငြင်းပယ်ထားပေမယ့် ဝင်းဂါးကတော့ ဆန်းချက်ဇ်ဟာ အာဆင်နယ်အသင်းအပေါ် သံယောဇဉ်ရှိတာကြောင့် လာမယ့်နွေမှာတော့ စာချုပ်သစ်ကို လက်မှတ်ရေးထိုးမယ်လို့ မျှော်လင့်နေဆဲပါ။ တကယ်လို့ စာချုပ်သစ်ကိစ္စရပ်ဆွေးနွေးလို့ ဘယ်လိုနည်းနဲ့မှ အောင်မြင်မှု မရဘူးဆိုရင် လာမယ့်နွေမှာပီအက်စ်ဂျီအသင်းကိုသာ ပြောင်းရွှေ့ကြေး ပေါင်သန်း ၅၀ နဲ့ထုတ်ရောင်းမှာဖြစ်ပြီး ပရီမီယာလိဂ်ပြိုင်ဘက်အသင်းတွေဖြစ်တဲ့ မန်စီးတီးနဲ့ ချယ်လ်ဆီးအသင်းဆီကို မရောက်ရှိရေး တတ်စွမ်းသမျှ တားဆီးသွားမှာဖြစ်ကြောင်း သိရပါတယ်။

အာဆင်နယ်ဘုတ်အဖွဲ့ဝင်များက ဆန်းချက်ဇ်ကို တစ်ပတ်လုပ်ခပေါင် ၃၀၀၀၀၀ လောက်အထိ ပေးပြီးဆက်ထိန်းလိုပေမယ့် ဝင်းဂါးကတော့ ဒီလောက်ပမာဏအများကြီးကို ပေးချေဖို့ဆန္ဒမရှိသလို ဆန်းချက်ဇ်ကလည်း ဒီပမာဏထက်တောင်ပိုပြီးရလိုနေတာလို့ သတင်းရင်းမြစ်တွေကဖော်ပြပါတယ်။ ဒီသတင်းဟာ ဘယ်လောက်အထိ မှန်ကန်လဲဆိုတာ မသိရပေမယ့် ဆန်းချက်ဇ်ကို ပရီမီယာလိဂ်အသင်းတွေဆီ ထုတ်မရောင်းလိုတာကတော့ ဝင်းဂါးရဲ့ ဆန္ဒအမှန်ဖြစ်တယ်လို့ The Sun သတင်းဌာနက ဖော်ပြပါတယ်။

သေချာတာကတော့ အဆင်နယ်ဟာ ဆန်းချက်ဇ်ကို အလွတ်ပြောင်းရွှေ့ကြေးနဲ့ ထွက်ခွာခွင့်ပေးမှာ မဟုတ်တာကြောင့် စာချုပ်သက်တမ်းတိုးမရရင် လာမယ့်နွေမှာပေါင်သန်း၅၀နဲ့ ထုတ်ရောင်းတော့မှာဖြစ်ပါတယ်။

**မေလှဲ့သင်း**

### ဒမ်ဘီလီကို ပေါင်သန်း၅၀နဲ့ ခေါ်ယူဖို့ ပစ်မှတ်ထားနေတဲ့ မန်ယူ



မန်ယူနည်းပြ မော်ရင်ဟိုဟာ လာမယ့်နွေဈေးကွက်အတွင်း ဒေါ့မွန်လူငယ်တိုက်စစ်မှူး အော့စမာနီဒမ်ဘီလီကို ပေါင်သန်း၅၀နဲ့ ခေါ်ယူဖို့ ကြိုးပမ်းနေပါတယ်။ ဒါပေမယ့် ဒမ်ဘီလီဟာ ပြီးခဲ့တဲ့နှစ်က မန်ယူ၊ အာဆင်နယ်နဲ့ ချယ်လ်ဆီးအသင်းတို့ချိတ်ဆက်နေတဲ့ကြားကပဲ ရက်နစ်ကနေ ဒေါ့မွန်ကို ပြောင်းရွှေ့သွားခဲ့သူဖြစ်ပါတယ်။ သူက ပရီမီယာလိဂ်ကလပ်အသင်းတွေထက်ဆို ဒေါ့မွန်မှာ ပွဲထွက်ခွင့် ပိုမိုရနိုင်မယ်လို့ မျှော်လင့်ချက်ရှိတာကြောင့် အခုလို ဆုံးဖြတ်ချက်ချခဲ့တာဖြစ်ပါတယ်။ ချန်ပီယံလိဂ်ကွာတားဖိုင်နယ်ပွဲစဉ်မှာ ထင်ရှားတဲ့ ခြေစွမ်းတစ်ရပ်ကို ပြသပြီး ဒေါ့မွန်အတွက် သွင်းဂိုးနှစ်ဂိုး သွင်းယူပေးခဲ့တာကြောင့် ဒေါ့မွန်-မိုနာကိုတို့ ထိပ်တိုက်တွေ့ဆုံနေမှုကို ပြင်သစ်လူငယ်တိုက်စစ်မှူး နှစ်ဦးဖြစ်တဲ့ မက်ပီနဲ့ ဒမ်ဘီလီတို့ရဲ့ တိုက်စစ်အားပြိုင်တဲ့ ပွဲရယ်လို့ အမွှန်းတင်ရေးသားနေကြတာဖြစ်ပါတယ်။

မန်ယူကတော့ ဒမ်ဘီလီအတွက် အပြောင်းအရွှေ့ကို ဒေါ့မွန်က ငြင်းပယ်ရင် အင်တာမီလန်တိုက်စစ်မှူး ပါရီဆစ်ကို အဆင်သင့် ခေါ်နိုင်ဖို့ တစ်ဖက်ကလည်း ချိတ်ဆက်လျက်ရှိပါတယ်။ ပါရီဆစ်နဲ့ သူ့အေးဂျင့်တို့ဟာ ပြီးခဲ့တဲ့ ရက်သတ္တပတ်အတွင်း မန်ယူအသင်းနဲ့ ညှိနှိုင်းဆွေးနွေးမှု လုပ်ဆောင်ခဲ့ရာမှာ တစ်ပတ်လုပ်ခ ပေါင် ၁၀၀၀၀၀နဲ့ သဘောတူညီချက် ရခဲ့တယ်လို့ သိရပါတယ်။ မန်ယူဟာ ယခုနှစ်ဘောလုံးရာသီမှာ တိုက်စစ်ပိုင်း ပြဿနာ ကြုံနေရပြီး အက်သလက်တိုက်စစ်မှူး ဂရစ်ဇ်မန်းကိုလည်း ပြောင်းရွှေ့ကြေး ပေါင်သန်း၉၀နီးပါး၊ ဒမ်ဘီလီကို ပေါင်သန်း၅၀နဲ့ ပါရီဆစ်ကို ပေါင်သန်း ၃၀နီးပါးအသုံးပြုပြီး ခေါ်ယူဖို့ ကြိုးစားနေပေမယ့် လာမယ့်နွေမှာ ဘယ်တိုက်စစ်မှူးက မန်ယူကို လာပူးပေါင်းမလဲဆိုတာ အဖြေရှာဖို့ ခက်ပါတယ်။

**မေလှဲ့သင်း**

# အိုင်အက်စ်နှင့် အယ်လ်ခိုင်ဒါ ပြန်ပေါင်းထုပ်တော့မည်လား

မောင်သာယာ

ယနေ့မျက်မှောက်ကာလတွင် ကမ်းကုန်အောင် ရက်စက်ကြမ်းကြုတ်လှသော အစ္စလာမ္မစ်နိုင်ငံ ထူထောင်ရေးကြိုးပမ်းနေသည့် အိုင်အက်စ်အကြမ်းဖက်အဖွဲ့အစည်းနှင့် အယ်လ်ခိုင်ဒါအကြမ်းဖက်အဖွဲ့တို့သည် ပြန်လည်ပေါင်းစည်းရန် ဆွေးနွေးမှုများ ပြုလုပ်နေကြပြီဟု အီရတ်ဒုတိယသမ္မတ အယက်ဒ် အလာဝီက ပြောကြားလိုက်သည်။

"သူတို့ ပြန်လည်ပေါင်းစည်းဖို့အတွက် ဆွေးနွေးမှုတွေ စတင်ပြုလုပ်နေကြပါပြီ" ဟု အလာဝီက မေ ၁၇ ရက်တွင် ရိုက်တာသတင်းဌာနနှင့်ပြုလုပ်သည့် တွေ့ဆုံမေးမြန်းမှုတွင် ပြောကြားသည်။

အီရတ်အစိုးရတပ်ဖွဲ့များက အိုင်အက်စ်တို့ အမာခံနယ်မြေအဖြစ် ခြေကုပ်ယူထားသည့် မိုဆူးလ်မြို့ကို ထိန်းချုပ်နိုင်ရန် နီးကပ်လာချိန်တွင် အိုင်အက်စ်တို့က မိုဆူးလ်မြို့ကို ပြန်လည်သိမ်းပိုက်ရေးအတွက် အယ်လ်ခိုင်ဒါနှင့် ပူးပေါင်းရန် ပြင်ဆင်လာခြင်းဖြစ်ဖွယ်ရှိသည်။

အိုင်အက်စ်ခေါင်းဆောင် အဘူဘက်ကာ အယ်လ်ဘက်ဒါဒီ၏ ကိုယ်စားလှယ်များနှင့် အယ်လ်ခိုင်ဒါခေါင်းဆောင် အေမန်အယ်လ်ဇာဟာဟီရီ၏ ဆက်သားများကြား တွေ့ဆုံဆွေးနွေးမှုများပြုလုပ်လျက်ရှိကြောင်း၊ အဆိုပါသတင်းအချက်အလက်ကို အီရတ်နှင့် ဒေသတွင်းအဆက်အသွယ်များထံမှ ရရှိခဲ့ကြောင်းနှင့် ယင်းအကြမ်းဖက်အဖွဲ့များအနေဖြင့် မည်ကဲ့သို့ပူးပေါင်းလုပ်ဆောင်ကြမည်ကို အတိအကျမသိရကြောင်း၊ သို့သော် အဆိုပါ ပေါင်းစည်းမှုကြောင့် အရှေ့အလယ်ပိုင်းနှင့် အာဖရိကတစ်နေရာရာတွင် အကြမ်းဖက်မှုများ ပိုမိုဖြစ်ပွားလာနိုင်ကြောင်း အလာဝီက ပြောကြားသည်။

အဆိုပါ အကြမ်းဖက်အဖွဲ့အစည်းနှစ်ခုသည် ဂျီဟတ်လှုပ်ရှားမှုများ ပိုမိုပြုလုပ်ရန်အတွက် ယခုလအတွင်း လစ်ဗျားနိုင်ငံ၌ မိတ်ဖက်အဖွဲ့အစည်းများအဖြစ် ဖွဲ့စည်းခဲ့ပြီးဖြစ်သည်ဟုလည်း သတင်းများတွင် ရေးသားဖော်ပြကြသည်။ ၎င်းတို့က ၂၀၂၀ ခုနှစ်အထိ အဖွဲ့အစည်းတစ်ခုတည်းအဖြစ် ပူးပေါင်းလုပ်ဆောင်သွားလိမ့်မည်ဟု ယူဆနေကြသည်။



အိုင်အက်စ်ခေါင်းဆောင် အဘူဘက်ကာ အယ်လ် ဘက်ဒါဒီ။




အယ်လ်ခိုင်ဒါ ခေါင်းဆောင် အေမန်အယ်လ်ဇာဟာဟီရီ။

**အစ္စလာမ္မစ်နိုင်ငံ ထူထောင်**

အိုင်အက်စ်အဖွဲ့သည် ၂၀၁၄ ခုနှစ်တွင် အယ်လ်ခိုင်ဒါအဖွဲ့မှ ခွဲထွက်သွားခဲ့ခြင်းဖြစ်သည်။ ထိုအချိန်ကတည်းက အိုင်အက်စ်နှင့် အယ်လ်ခိုင်ဒါတို့သည် အဖွဲ့ဝင်သစ်များစုဆောင်းရေး၊ ရန်ပုံငွေရှာဖွေရေးနှင့် တစ်ကမ္ဘာလုံးဂျီဟတ်စစ်ပွဲဆင်နွှဲ တိုက်ခိုက်ရေးများ ပြုလုပ်ခဲ့ကြသည်။

၂၀၁၄ ခုနှစ် ဇွန်လတွင် အိုင်စစ်တို့က အီရတ်နိုင်ငံမြောက်ပိုင်းမှ မိုဆူးလ် မြို့ကို သိမ်းပိုက်လိုက်ပြီး ထိုမှတစ်ဆင့် တောင်ဘက်ရှိ ဘဂ္ဂဒက်မြို့တော်ဆီ ရှေ့တိုးချီတက်လာခဲ့ကြသည်။ ဇွန်လအကုန်ခန့်တွင် မြို့ကြီးမြို့ငယ်အတော်များများကို ထိန်းချုပ်နိုင်ခဲ့သည်။ ထို့နောက် အင်အားစုစည်းကာ အစ္စလာမ္မစ်နိုင်ငံ ထူထောင်ကြောင်း ကြေညာခဲ့ပြီး ၎င်းတို့ အိုင်စစ်အဖွဲ့ကိုလည်း အိုင်အက်စ်အစ္စလာမ္မစ်နိုင်ငံအဖွဲ့ဟူ၍ အမည်ပြောင်းခဲ့သည်။

အိုင်အက်စ်တို့က လူအမြောက်အမြား သတ်ဖြတ်မှု၊ သာသာရေးလူနည်းစု၊ တိုင်းရင်းသား လူနည်းစုများကို အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်ခြင်းများ၊ စစ်သားများ၊ သတင်းသမားများကို ခေါင်းဖြတ်သတ်ဖြတ်မှုများ အပါအဝင်၎င်းတို့၏ ရက်စက်ကြမ်းကြုတ်သည့် နည်းဗျူဟာများကြောင့် ကမ္ဘာတစ်ဝန်းထိတ်လန့်ကြောက်ရွံ့မှုများနှင့်အတူ စိတ်ဆိုးဒေါသထွက်မှုများဖြစ်ခဲ့ကြရသည်။ ခေါင်းဖြတ်သတ်ခြင်း ၊ လက်ဝါးကပ်တိုင်တွင် သုတ်သင်ခြင်းနှင့် အစုလိုက်အပြုံလိုက် ပစ်သတ်မှုများသည် ရန်သူကို ကြောက်လန့်တုန်လှုပ်အောင် လုပ်သည့် နည်းလမ်းများဖြစ်သည်။

အယ်လ်ခိုင်ဒါ ခေါင်းဆောင် အေမန် အယ်လ် ဇာဟာဟီရီကပင် ဆီးရီးယားနှင့် အီရတ်တွင် အိုင်အက်စ်တို့၏ လုပ်ရပ်များနှင့် ပတ်သက်၍ သူတာဝန်မယူကြောင်းပြောခဲ့သလို ၂၀၀၅ ခုနှစ်ကလည်း ဒီလိုရက်စက် ကြမ်းကြုတ်မှုများကြောင့် အစ္စလာမ်ဘာသာဝင်များ၏ လေးစားချစ်ခင်မှုကို ဆုံးရှုံးရနိုင်ကြောင်း အိုင်အက်စ်အဖွဲ့ကို လူသိရှင်ကြား ဝေဖန်ပြစ်တင်ခဲ့ဖူးသည်။

**အိုင်အက်စ်အဖွဲ့၏ ရည်ရွယ်ချက်**

အိုင်အက်စ်အဖွဲ့၏ ရည်ရွယ်ချက်မှာတစ်ဦးတည်းသော နိုင်ငံရေးနှင့် ဘာသာရေးခေါင်းဆောင်က ရှာရီယာအစ္စလာမ္မစ်ဥပဒေကို ကျင့်သုံးအုပ်ချုပ်သည့် ၎င်းတို့အခေါ် caliphate ဟု ခေါ်သည့် အစ္စလာမ္မစ်နိုင်ငံကို ထူထောင်ရေးဖြစ်သည်။

လောလောဆယ် ၎င်းတို့၏ အင်အားမှာ အီရတ်နှင့်ဆီးရီးယားမှာပဲ ရှိနေပေမယ့် အိုင်အက်စ်တို့က နယ်စပ်များကို ဖြတ်ကျော်ပြီး ဂျော်ဒန်နှင့် လက်ဘနွန်နိုင်ငံများအထိ အင်အားဖြန့်ကျက်ကာ ပါလက်စတိုင်းကို လွတ်မြောက်အောင် လုပ်ဆောင်ပေးမည်ဟု ကတိပြုထားသည်။ ယင်းသို့ကတိစကားများသည် ကမ္ဘာတစ်ဝန်းရှိ အစ္စလာမ်ဘာသာဝင်များ၏ ထောက်ခံမှုရအောင် ဆွဲဆောင်နိုင်ခဲ့သည်။ထို့ပြင် ၎င်းတို့ ခေါင်းဆောင် အဘူ ဘက်ကာ အယ်လ်ဘက်ဒါဒီ ကို သစ္စာခံကြရန် အိုင်အက်စ်တို့က တောင်းဆိုနေကြသည်။

**အိုင်အက်စ်တို့ နယ်မြေများဆုံးရှုံး**

အီရတ်နိုင်ငံတွင် အိုင်အက်စ်တို့၏ ထိန်းချုပ်ထားမှုမှာ ခုနစ်ရာခိုင်နှုန်းအောက်သာရှိပြီး လွန်ခဲ့သည့်သုံးနှစ်ကထက် ၄၀ ရာခိုင်နှုန်းလျော့နည်း သွားပြီးဖြစ်ကြောင်း အီရတ် စစ်ဘက်ဆိုင်ရာပြောရေးဆိုခွင့်ရှိသူတစ်ဦးက မေ ၁၁ ရက်တွင် ပြောကြားသည်။

အီရတ်တပ်ဖွဲ့များသည် အမေရိကန်၏ လေကြောင်းတိုက်ခိုက်ရေးထောက်ပံ့မှုနှင့် အခြားသော ထောက်ပံ့မှုများဖြင့် အီရတ်နိုင်ငံ၏ ဒုတိယအကြီးဆုံးမြို့ဖြစ်သော မိုဆူးလ်မြို့တွင် အိုင်အက်စ်တို့နှင့် အပြင်းအထန်တိုက်ခိုက်လျက်ရှိပြီး အိုင်အက်စ်တို့ သိမ်းပိုက်ထားသည့် နယ်မြေအများအပြားကို ပြန်လည်သိမ်းပိုက်ရရှိနေပြီဖြစ်သည်။

"အိုင်အက်စ်တွေဟာ ၂၀၁၄ ခုနှစ်တုန်းက အီရတ်နိုင်ငံကို ၄၀ ရာခိုင်နှုန်းထိ ထိန်းချုပ်ထားနိုင်ခဲ့ကြပါတယ်။ ယခုနှစ် မတ် ၃၁ ရက်မှာ အိုင်အက်စ်တို့ဟာ အီရတ်နိုင်ငံရဲ့ ပိုင်နက်နယ်မြေ ၆ ဒသမ ၈ ရာခိုင်နှုန်းပဲ ထိန်းချုပ်ထားပါတယ်" ဟု ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးချုပ် ယာရာ ရာဆူးလ် ပြောကြားသည်။

အိုင်အက်စ်တို့ကို ချေမှုန်းတိုက်ခိုက်နေသည့် အီရတ်တပ်ဖွဲ့များနှင့် ပြည်ပတပ်ဖွဲ့အသီးသီး အနေဖြင့် အိုင်အက်စ်တို့ ထိန်းချုပ်ထားသည့် နယ်မြေဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ နှင့်ပတ်သက်၍ ယခင်က အယူအဆကွဲပြားခဲ့သော်လည်း အိုင်အက်စ်တို့အနေဖြင့် နှစ်နှစ်နီးပါးအတွင်း နယ်မြေများတဖြည်းဖြည်းဆုံးရှုံးခဲ့ကြရသည်။ အိုင်အက်စ်အဖွဲ့သည် ၂၀၁၄ ခုနှစ် ဇွန်လတွင် မိုဆူးလ်မြို့ကိုသိမ်းပိုက်လိုက်သည့် အခါ တစ်ကမ္ဘာလုံး အံ့အားသင့်ခဲ့ရသည်။ ထို့နောက် အီရတ်နိုင်ငံ၏ ဆွန်နီအာရပ်ဗဟိုအချက်အချာဒေသများကို ဆက်လက်လွှမ်းမိုး သိမ်းပိုက်ခဲ့သည်။

၂၀၁၄ ခုနှစ် ဩဂုတ်လမှာပင် အိုင်အက်စ်တို့က အီရတ်နိုင်ငံကို ဒုတိယအကြိမ် ထိုးစစ်ဆင် တိုက်ခိုက်ပြီး အီရတ်မြောက်ပိုင်း လူနည်းစုဒေသများနှင့် ကာ့ဒ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတပ်ဖွဲ့များ၏ နယ်မြေများကို သိမ်းယူခဲ့သည်။ အမေရိကန်ဦးဆောင်သည့် ညွန့်ပေါင်းတပ်ဖွဲ့များ၏ ထောက်ပံ့မှုဖြင့် အီရတ်တပ်ဖွဲ့များသည် အီရတ်နိုင်ငံတစ်ဝန်း တပ်ဖွဲ့ဝင်ထောင်ပေါင်းများစွာကို တပ်ဖြန့်ချထားပြီး နေ့စဉ်လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။ ၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် မိုဆူးလ်မြို့ပြန်လည်သိမ်းပိုက်ရရှိရေး အဓိကထိုးစစ်တစ်ရပ် စတင်ခဲ့သည်။ ညွန့်ပေါင်းတပ်ဖွဲ့များသည် ဇန်နဝါရီလတွင် မိုဆူးလ်မြို့အရှေ့ပိုင်းကို ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး ဖေဖော်ဝါရီလလယ်ကတည်းက မိုဆူးလ်မြို့အနောက်ပိုင်း အိုင်အက်စ်တို့ နောက်ဆုံး ခြေကုပ်စခန်းကို သိမ်းပိုက်ရရှိရေးအတွက်တိုက်ခိုက်ခဲ့ရသည်။

မေ ၁၁ ရက်က ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် အမေရိကန်ဦးဆောင်သည့် ညွန့်ပေါင်းတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူက မိုဆူးလ်မြို့ကို ပြန်လည်သိမ်းပိုက်ပြီးနောက် လက်လွှတ်ဆုံးရှုံးခံမည်မဟုတ်ကြောင်း ပြောကြားသည်။ "ညွန့်ပေါင်းတပ်ဖွဲ့တွေက အိုင်အက်စ်အကြမ်းဖက်သမားတွေကို ဖယ်ရှားရှင်းလင်းရေးအတွက် ကျွန်တော်တို့ မိတ်ဆွေအီရတ်တပ်ဖွဲ့တွေကို ထောက်ပံ့ပေးဖို့ ဒီမှာရှိနေမှာပါ။ ရန်သူတွေဝိုင်းနေတဲ့ ဒီနေရာကို အပြင်းအထန်တိုက်ခိုက်ရဦးမှာပါ။ အိုင်အက်စ်တွေက ဘယ်မှမသွားဘူး ဒီမှာရှိနေကြပါတယ်။ သူတို့ကို ချေမှုန်းတိုက်ခိုက်ပြီးမှ မိုဆူးလ်မြို့က လူတွေ လွတ်လပ်စွာနေထိုင်မှာဖြစ်ပါတယ်" ဟု ဗိုလ်မှူးကြီး ဂျွန်ဒိုရန်က ပြောကြားသည်။

အိုင်အက်အဖွဲ့သည် ၎င်းတို့ ထိန်းချုပ်ထားသည့် နယ်များကိုကာကွယ်ရန်အတွက် အသေခံဗုံးခွဲတိုက်ခိုက်မှုများ၊ တိုက်ခိုက်ရေးသမားများ၊ ဒရုန်းများကို အသုံးပြုတိုက်ခိုက်ခဲ့သည်။ ထို့ပြင် အိုင်အက်စ်အဖွဲ့သည် တိုက်ပွဲများအတွင်း အရပ်သားများကို ပစ်မှတ်ထားခြင်းသို့မဟုတ် အရပ်သားများကို လူသားတံတိုင်းအဖြစ်မကြာခဏ အသုံးပြုလေ့ရှိကြောင်း အီရတ်နှင့် အမေရိကန်လုံခြုံရေးအရာရှိများက ပြောကြားသည်။ အိုင်အက်စ်အဖွဲ့သည် မိုဆူးလ်မြို့ ဆုံးရှုံးသွားသော်လည်း အီရတ်နိုင်ငံရှိ ကွီအမ်၊ ဟာဝီဂျာ၊ တယ်လ်အာဖာမြို့များနှင့် ဆီးရီးယား ရက္ကာမြို့များကို ထိန်းချုပ်ထားဆဲဖြစ်သည်။

**အယ်လ်ခိုင်ဒါနှင့် ဆက်နွှယ်သောအကြမ်းဖက်အဖွဲ့အစည်းများ**

ကမ္ဘာတစ်ဝန်း အယ်လ်ခိုင်ဒါနှင့် ဆက်နွှယ်သော အကြမ်းဖက်အဖွဲ့အစည်းများမှာ အာဖဂန်နစ္စတန်နှင့် ပါကစ္စတန်အနောက်မြောက်ပိုင်းရှိ တာလီဘန်အဖွဲ့၊ သယ်ရစ်-အိုင်- တာလီဘန်အဖွဲ့၊ ဥဇဘက်ကစ္စတန်အစ္စလာမ္မစ်လှုပ်ရှားမှုအဖွဲ့၊ လက်ရှ်ကာ-အီး- တိုင်ဘာအဖွဲ့၊ ကက်ရှ်မီးယားဒေသတွင်ရှိသည့် ဂျအစ်ရှ်-အီး-မိုဟာမတ်အဖွဲ့၊ အရှေ့တောင်အာရှဒေသ အင်ဒိုနီးရှား၊ မလေးရှား၊ ဘရူနိုင်း၊ ဖိလစ်ပိုင်၊ ထိုင်းတို့တွင် လှုပ်ရှားနေသည့် ဂျမား အစ္စမာလီယာအဖွဲ့၊ ဖိလစ်ပိုင်နှင့် မလေးရှားတွင်ရှိသည့် အဘူဆေယက်ဖ် အကြမ်းဖက်အဖွဲ့၊ ရုရှားနိုင်ငံ အနောက်တောင်ပိုင်းရှိ ကော့ကေးဆပ်အမ်းမရိတ် အဖွဲ့၊ အီဂျစ်နိုင်ငံရှိ အီဂျစ်အစ္စလာမ္မစ်ဂျီဟတ်၊ ဆိုမာလီနိုင်ငံရှိ အယ်လ်ရှာဘတ်အကြမ်းဖက်အဖွဲ့၊ နိုင်ဂျီးရီးယားနှင့် ကင်မရွန်းနိုင်ငံရှိ ဘိုကိုဟာရမ်အဖွဲ့စသည်ဖြင့် နိုင်ငံတကာအစိုးရများနှင့် ကုလသမဂ္ဂအဖွဲ့က သတ်မှတ်ထားသည့် အကြမ်းဖက်အဖွဲ့အစည်းပေါင်း ၁၀၀ ကျော်ရှိသည်။

**စုပေါင်းကာကွယ်ရန်လိုအပ်**

ယခုအခါ ကမ္ဘာ့အင်အားကြီးနိုင်ငံများသည် အင်အားချိန်ခွင်လျှာထိန်းညှိရေးအတွက် ခေတ်မီစစ်လက်နက်များအပြိုင်ထုတ်လုပ်တပ်ဆင်ခြင်း၊ နယ်မြေပိုင်ဆိုင်မှုအငြင်းပွားမှုများတွင် ပါဝင်ပတ်သက်နေခြင်း၊ အပြန်အလှန်အင်အားပြ စစ်ရေးလေ့ကျင့်မှုများပြုလုပ်နေကြသလို သံတမန်နည်းလမ်းဖြင့် ဖြေရှင်း၍မရနိုင်သော အကြမ်းဖက်အုပ်စုများကိုလည်း ယခုထက်ပိုမိုစုပေါင်းကာကွယ်ရန် လိုအပ်လာနေပြီဖြစ်ပါသည်။

# မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင်ရရှိခဲ့သောအတွေးတစ်စ

မောင်သောင်းဝင်း(တမန်ဟောင်း)

နှစ်ဟောင်းကုန်၍ နှစ်သစ်သို့ကူးပြောင်းသွားပြီဖြစ်သည်။ နှစ်ဆန်းတစ်ရက်နေ့တွင် ကျွန်ုပ်တို့အားလုံး လက်ခံလိုက်ရသောအချက်သည်အသက်တစ်နှစ်စီ ကြီးသွားကြခြင်းပင်ဖြစ်သည်။ နှစ်ဟောင်းတွင်အောင်မြင်မှုများကို ထုဆစ်ပုံဖော်နိုင်ကြသူများရှိသလို ကျရှုံးမှုများနှင့် မလွှဲသာမရှောင်သာကြုံတွေ့ခဲ့ရသူများလည်း ရှိနေမည်မှာအသေအချာပင်ဖြစ်သည်။ အဆွေစာရှုသူသည် အောင်မြင်သူလား၊ ကျရှုံးသူလား။

**ကျန်းမာရေးကောင်း**

ဤနေရာတွင်အောင်မြင်မှုကိုအဓိပ္ပာယ်ဖွင့်ဆိုရာ၌ ငွေကြေး၊ ရာထူးတို့ဖြင့်တိုင်းတာ၍ မရနိုင်ချေ။ လူတစ်ဦးသည်ကျန်းမာရေးဒေါင်ဒေါင်မြည်အောင်ကောင်းမွန်နေမှသာလျှင် အောင်မြင်မှုရရှိသည်ဟု ဆိုနိုင်မည်ဖြစ်သည်။ စည်းစိမ်ဥစ္စာများ၊ ရာထူး၊ အဆင့်အတန်းများ၊ အခြေအရံများ မည်မျှပင်တိုးတက်ပိုင်ဆိုင် အောင်မြင်နေစေကာမူ ဆေးရုံနှင့်ဆေးခန်းကို အကြိမ်ကြိမ်သွားနေရသူတစ်ဦးသည်အောင်မြင်မှုရရှိသည်ဟု မဆိုနိုင်ချေ။

ထို့ပြင် လူ့အသိုက်အဝန်းကို အကျိုးပြုနိုင်မည့် ဘာသာရေး၊ လူမှုရေးနှင့်ပရဟိတလုပ်ငန်းများတွင် အနည်းငယ်မျှ ပါဝင်ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိသူသည်လည်း နှစ်ဟောင်းတွင် အောင်မြင်မှုရရှိခဲ့သူ မဟုတ်ချေ။ မိမိအကျိုးအပြင် အများအကျိုးကိုပါ တတ်စွမ်းသရွေ့ဆောင်ရွက်နိုင်ခဲ့သူများသာလျှင် အောင်မြင်မှုရရှိသည်ဟု ဆိုနိုင်မည်ဖြစ်သည်။ တချို့သောသူများသည် ရာထူးနှင့်ငွေကြေးဥစ္စာပစ္စည်းများ မြောက်မြားစွာရရှိပိုင်ဆိုင်ထားကြသော်လည်း ထိုရာထူး၊ ငွေကြေးနှင့်ပိုင်ဆိုင်မှုပစ္စည်းများအပေါ် လောဘတက်နေပြီး ထပ်မံတိုးပွားရေးကိုသာ ကြိုးပမ်းနေကြသည်။

**အများအကျိုးသယ်ပိုး**

ထို့ကြောင့်လူ့အသိုက်အဝန်းနှင့် အဆက်ပြတ်ကာ အများအကျိုးကို သယ်ပိုးဆောင်ရွက်ဖို့ရန်နှင့် ကုသိုလ်လုပ်ငန်းများ လုပ်ဆောင်ဖို့ရန် သတိမေ့လျော့နေတတ်ကြသည်။ အရာရာတွင် မိမိ၏အကျိုးကိုသာ ရှေ့တန်းတင်ထားကြသည်။ ထိုသူများသည် တိုင်းပြည်နှင့် လူမျိုးအတွက်အန္တရာယ်ရှိကြသူများဖြစ်သည်။ ထိုသူတို့၏ အောင်မြင်မှုသည် ကြာရှည်ခံမည်မဟုတ်ချေ။ ကျရှုံးမှုနှင့် ရင်ဆိုင်ရချိန်တွင်လည်း ခြေမကိုင်မိ လက်မကိုင်မိဖြစ်တတ်ကြသည်။ ကျရှုံးမှုဒဏ်ကိုလည်း ကြံ့ကြံ့ခံနိုင်စွမ်းမရှိကြချေ။

မည်သို့ပင်ဆိုစေကာမူ ကျွန်ုပ်တို့အားလုံးသည် မြန်မာနှစ်ဆန်းတစ်ရက်နေ့မှစ၍ စိတ်သစ်၊ အတွေးသစ်၊ ခွန်အားသစ်များ ကြိုးပမ်းသွားမည်ဆိုသော စိတ်ကူးအိပ်မက်များ၊ နှစ်သစ်သန္နိဋ္ဌာန် (Myanmar New Year Resolutions) ချမှတ်သွားသင့်ပါသည်။ ထိုသန္နိဋ္ဌာန်များကို ဖြစ်နိုင်ပါက မှတ်စုစာအုပ်တွင် ချရေးထားသင့်ပေသည်။ နှစ်သစ်တွင်ဆောင်ရွက်သွားမည်ဟု ရည်မှန်းထားသည့် စိတ်ကူးအိပ်မက်များကို နှစ်သစ်သန္နိဋ္ဌာန် ဟုခေါ်ဆိုနိုင်ပါသည်။

**နှစ်သစ်သန္နိဋ္ဌာန်**

နိုင်ငံကြီးသားများသည် နှစ်စဉ် ခရစ်သက္ကရာဇ်ကုန်ဆုံးတိုင်း နှစ်သစ်သန္နိဋ္ဌာန် ချမှတ်လေ့ရှိသည်။ ထိုနည်းတူစွာ စာရေးသူတို့ မြန်မာနိုင်ငံသားများသည်လည်း နှစ်သစ်အတွက် ကျန်းမာရေး၊ ဘာသာရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုရေး စသည့်နယ်ပယ်များတွင် အောင်မြင်စွာကြိုးပမ်းသွားမည်ဆိုသော ခိုင်မာသည့် ရည်မှန်းချက်များချမှတ်ထားပြီးဆောင်ရွက်သွားသင့်ပါသည်။

စာရေးသူအနေဖြင့် နှစ်ဟောင်းကာလအတွင်း ပြည်သူ့ကိုအကျိုးပြုနိုင်သည့် သုတ၊ ရသနှင့် ဝေဖန်ရေးဆောင်းပါးအချို့ရေးသားပြီး သတင်းစာတိုက်များသို့ ပေးပို့နိုင်ခဲ့သည်။ အချို့သော သတင်းစာများသည် လိုအပ်ချက်များရှိနေ၍သာ စာရေးသူ၏ ဆောင်းပါးအချို့ကို တည်းဖြတ်ဖော်ပြပေးခဲ့ကြပါသည်။ အထူးသဖြင့် ကြေးမုံသတင်းစာသည် လစဉ်ဖော်ပြပေးခဲ့သည့်အတွက်ပီတိဖြစ်ခဲ့ရပါသည်။ သင်္ကြန်မတိုင်မီကလည်း ကြေးမုံစာတည်းတစ်ဦးက နှစ်သစ်ကူးဆောင်းပါးတစ်ပုဒ်ရေးသားပေးပို့ရန် ဖုန်းဆက်အကြောင်းကြားလာသည့်အတွက် များစွာဝမ်းသာမိပါသည်။

စောင်ရေသိန်းချီ၍ ထုတ်ဝေဖြန့်ချိနေသော နာမည်ကြီးသတင်းစာတစ်စောင်က ဆောင်းပါးတောင်းလာသည့်အတွက် တာဝန်ကြီးသွားပြီဆိုသောအတွေးသည် ခေါင်းထဲတွင်ရောက်လာပါသည်။ ထို့ကြောင့် ဉာဏ်စွမ်းရှိသမျှ အတတ်နိုင်ဆုံးကြိုးစား၍ရေးသားသွားမည်ဟု ဆုံးဖြတ်မိပါသည်။

**ဆန်းသစ်သော အတွေးအခေါ်**

သို့သော် ၂၀၁၇ ခုနှစ် နှစ်ဆန်းကတည်းက လုပ်ငန်းခေါင်းစဉ်ပေါင်းစုံ၏ အောက်တွင် ဝန်ပိနေသော ဦးနှောက်သည် ဆန်းသစ်သော အတွေးအခေါ်များ ထွက်မလာခဲ့ချေ။ အကြောင်းအရာသည် ခေါင်းထဲတွင်ရှိနေသော်လည်း ချရေးလိုက်သည့်အခါ စိတ်တိုင်းမကျဖြစ်နေသည်။ အကျိုးဆက်အနေဖြင့် ဆောင်းပါးတစ်ပုဒ်ကို အချိန်များစွာယူပြီး အကြိမ်ကြိမ်ပြင်ဆင်ခဲ့ရသည်။

**အချိန်ပေးကြည့်ရှုခွင့်မရ**

ယခုနှစ်သင်္ကြန်ရုံးပိတ်ရက်သည် ခက်ခဲကြမ်းတမ်းသောကာလပင်ဖြစ်သည်။ သင်္ကြန်မတိုင်မီ ဧပြီလ ၇ ရက်လောက်ကတည်းက ခေါင်းစဉ်ပေါင်းစုံအောက်တွင် အချိန်ပိုဆင်းကာ ရုံးအိပ်၊ ရုံးစားနေခဲ့ရသည်။ သင်္ကြန်ကာလတွင်လည်း အိမ်နှင့်ရုံးမှလွဲ၍မည်သည့်နေရာသို့မျှမသွားလိုက်ရပါ။ ရုပ်သံမီဒီယာများမှ ထုတ်လွှင့်သည့် သင်္ကြန်အစီအစဉ်များကိုပင်အချိန်ပေးကြည့်ရှုခွင့်မရခဲ့ချေ။ ဝန်ထမ်းလုပ်သက် ၂၅ နှစ်အတွင်း သင်္ကြန်ကာလများကို ယခုကဲ့သို့ တစ်ခါမျှမဖြတ်သန်းခဲ့ရပေ။ ယခင်က သင်္ကြန်ရုံးပိတ်ရက်သည် ပေါ့ပေါ့ပါးပါး ပင်ဖြစ်သည်။ မှန်တာပြောသစ္စာပါ။ မိမိလိုဘဝတူဝန်ထမ်းများရှိမည်ဟုထင်ပါသည်။ မဖြစ်သင့်ပေ။

**ကိုယ်ချင်းစာတရား**

သင်္ကြန်ကာလအတွင်း လက်အောက်ဝန်ထမ်းများကို ခေါင်းစဉ်ပေါင်းစုံဖြင့်ထိန်းချုပ်ထားခြင်းသည် မဖြစ်သင့်ပေ။ သေရေး၊ ရှင်ရေးနှင့်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုမျိုးမှလွဲ၍ အချို့သောလုပ်ငန်းများကို သင်္ကြန်ကာလပြီးမှသာတာဝန်ပေးအပ်သင့်ပေသည်။ အချို့သောလုပ်ငန်းတာဝန်များကို သင်္ကြန်မတိုင်မီ ကာလတွင်ကြိုတင်၍ ပေးအပ်မည်ဆိုလျှင် ရနိုင်ပါသည်။ ကိုယ်ချင်းစာတရားလက်ကိုင်ထားသင့်ပါသည်။

ရုံး၊ ဌာနတစ်ခုတွင် အကြီးဆုံးပုဂ္ဂိုလ်ကို တာဝန်ပေးအပ်လိုက်မည်ဆိုလျှင် ထိုရုံးရှိလက်အောက်ဝန်ထမ်းအားလုံး ရုံးတက်ကြရပါသည်။ သင်္ကြန်ရုံးပိတ်ရက်အတွက် လက်အောက်ဝန်ထမ်းများကို အရေးပေါ်တာဝန်မျိုးမှလွဲ၍ အနားပေးသင့်ပေသည်။ သို့မှသာလျှင် ပျော်ရွှင်စွာရေကစားခြင်းအပြင် ကောင်းမှုကုသိုလ်များလည်း ပြုလုပ်နိုင်မည်ဖြစ်သည်။ မြန်မာမှန်လျှင် မြန်မာသင်္ကြန်ကာလအတွင်းပျော်ရွှင်စွာရေကစားခွင့်နှင့် ကုသိုလ်ကောင်းမှု ပြုလုပ်ခွင့်ရသင့်ပေသည်။

**မေတ္တာ၊ ကရုဏာ၊ မုဒိတာ**

လူတစ်ဦးသည်ရာထူး၊ အဆင့်အတန်းနှင့် ငွေကြေးမည်မျှပင်မြင့်မားတိုးတက် ပိုင်ဆိုင်နေစေကာမူ ကိုယ်ချင်းစာတရား၊ မေတ္တာတရား၊ ကရုဏာတရားနှင့် မုဒိတာတရားတို့ပွားများနိုင်မှသာလျှင် လူပီသနေမည်ဖြစ်သည်။ ထိုသို့မဟုတ်လျှင် လူ့ကျင့်ဝတ်မရှိသော လူအတန်းစားထဲတွင် ပါဝင်နေမည်ဖြစ်သည်။အထူးသဖြင့် လူပီသအောင်ကြိုးစားကျင့်ကြံနေထိုင်သွားသင့်ပါသည်။

ထို့ကြောင့် ကျွန်ုပ်တို့အားလုံးသည် လူပီသအောင် ကျင့်ကြံနေထိုင်နိုင်ရန်အတွက် မြန်မာနှစ်သစ်တွင် အောက်ဖော်ပြပါအလေ့အထများနှင့်အကျင့်ဆိုးများကို ရှောင်ကြဉ်သွားသင့်ပါသည်-

(၁) ပညာပြတာဝန်ပေးသည့်အလေ့အထများ
(၂) အမြီးကျက်အမြီးစား၊ခေါင်းကျက်ခေါင်းစားသည့်အလေ့အထများ
(၃) အထက်ဖားအောက်ဖိသာလုပ်တတ်သည့်အလေ့အထများ
(၄) ကတော်များ၊ သားသမီးများ၊ ဆွေမျိုးများကိုပါ မျက်နှာချိုသွေးနေရသည့် အလေ့အထများ
(၅) အနားပြာသာလုပ်တတ်သည့်အလေ့အထများ
(၆) ရှေ့တစ်မျိုးကွယ်ရာတစ်မျိုး ပြောဆိုလုပ်ကိုင်တတ်သည့်အလေ့အထများ
(၇) သူများမကောင်းကြောင်း၊ ကိုယ်ကောင်းကြောင်းသာပြောတတ်သည့်အလေ့အထများ
(၈) ဆွေမျိုးနှင့် တပည့်ကောင်းစားရေးကို ဦးစားပေးတတ်သည့် အလေ့အထများ
(၉) ငါပြောသလိုလုပ်၊ ငါလုပ်သလိုမလုပ်နဲ့ဆိုသော အလေ့အထများ
(၁၀)ရေဘူးပေါက်တာမလိုချင်ဘူး၊ရေပါတာလိုချင်တယ်ဆိုသော အလေ့အထများ
(၁၁)စည်းကမ်းပေါင်းစုံထုတ်ပြီး ကိုယ်တိုင်မလိုက်နာသောအလေ့အထများ
(၁၂)အားကြီးသူက အားနည်းသူကို နိုင်စားသည့်အလေ့အထများ
(၁၃)အစိုးရအပေါ်ပြစ်တင်ဝေဖန်သည့်အလေ့အထများ
(၁၄)ပြည်သူတွေလိုက်ပါဆောင်ရွက်မှုမရှိဆိုသော အပြစ်ပုံချသည့်အလေ့အထများ
(၁၅)မူးယစ်ဆေးဝါး၊ အရက်၊ ဆေးလိပ်၊ကွမ်းယာသောက်သုံးမှီဝဲသည့် အလေ့အထများ
(၁၆)လောင်းကစားပြုလုပ်သည့် အလေ့အထများ (အထူးသဖြင့်ဘောလုံးပွဲလောင်းခြင်း)
(၁၇)ကတိချိုးဖောက်သောအလေ့အထများ
(၁၈)အငယ်အနှောင်းထားသည့်အလေ့အထများ
(၁၉)အမုန်းတရားပွားများအောင် လူမှုကွန်ရက်စာမျက်နှာတွင် မဟုတ်မဟတ်သတင်းများ တင်ခြင်း၊ မျှဝေခြင်း၊ ထောက်ခံခြင်း၊မှတ်ချက်ရေးသားခြင်း၊ အပြန်အလှန်ဆဲဆိုခြင်းစသည့်အလေ့အထများ
(၂၀)‥‥‥ အလေ့အထများ။

**စိတ်ဓာတ်ပြင်ဆင်**

ခြုံ၍တင်ပြရလျှင် မြန်မာနှစ်ဟောင်းကုန်၍ နှစ်သစ်သို့ ရောက်ရှိလာခဲ့ပြီဖြစ်သည်။ နှစ်ဟောင်းတွင် အကောင်းနှင့်အဆိုးဒွန်တွဲ၍ကြုံတွေ့ခဲ့ကြရသည်။ ထိုအတွေ့အကြုံများမှ သင်ခန်းစာဖော်ထုတ်ပြီး နှစ်သစ်အတွက် ဆောင်ရွက်ဖွယ်ရာများကိုအကောင်းဆုံးကြိုတင်ပြင်ဆင်သွားရန်လိုအပ်မည်ဖြစ်သည်။ အခြေခံအားဖြင့် ကျွန်ုပ်တို့၏ စိတ်ဓာတ်များကိုပြင်ဆင်သွားကြရမည်ဖြစ်သည်။

**ကိုယ်စီစိတ်ကူးအိပ်မက်များ**

အထူးသဖြင့် နေ့စဉ်စားဝတ်နေရေးအတွက် လုပ်ကိုင်ရှာဖွေစုဆောင်းကြရာတွင် စိတ်ကောင်းရှိဖို့ လိုပါသည်။ အရာရာတွင်ကိုယ်ချင်းစာတရား လက်ကိုင်ထားကြမည်ဆိုလျှင် အေးချမ်းသောလူ့အဖွဲ့အစည်းကို တည်ဆောက်နိုင်မည်ဖြစ်သည်။ နှစ်သစ်တွင် ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်ပေါင်းစုံ၌ အောင်မြင်မှုများ ပိုင်ဆိုင်နိုင်ရေးအတွက် ကိုယ်စီစိတ်ကူးအိပ်မက်များ ရှိနေရန်လိုအပ်ပါသည်။ ထိုစိတ်ကူးအိပ်မက်များ အမှန်တကယ် ရုပ်လုံးပေါ်လာစေရန်အတွက် လက်တွေ့ကျကျ ကြိုးပမ်းအကောင်အထည်ဖော်သွားရန်လည်းလိုအပ်မည်ဖြစ်သည်။

**ဗြဟ္မာစိုရ်တရား လက်ကိုင်ထား**

ထို့ကြောင့် မြန်မာနှစ်သစ်တွင် ကျွန်ုပ်တို့၏ကိုယ်စီဘဝများတိုးတက်အောင်မြင်ရေးအပြင် မိသားစု၊ လူမှုအဖွဲ့အစည်းနှင့်တိုင်းပြည် အကျိုးကိုပါ သယ်ပိုးနိုင်ရေးအတွက် ဗြဟ္မာစိုရ်တရားကို လက်ကိုင်ထားလျက် ပြုမူကျင့်ကြံနေထိုင်သွားနိုင်ကြပါစေ။

> လူတစ်ဦးသည်ရာထူး၊ အဆင့်အတန်းနှင့် ငွေကြေးမည်မျှပင်မြင့်မားတိုးတက်ပိုင်ဆိုင်နေစေကာမူ ကိုယ်ချင်းစာတရား၊ မေတ္တာတရား၊ ကရုဏာတရားနှင့် မုဒိတာ တရားတို့ပွားများနိုင်မှသာလျှင် လူပီသနေမည်ဖြစ်သည်။ ထိုသို့မဟုတ်လျှင်လူ့ကျင့်ဝတ်မရှိသော လူအတန်းအစားထဲတွင် ပါဝင်နေ . . .

> မိမိအကျိုးအပြင် အများအကျိုးကိုပါ တတ်စွမ်းသရွေ့ဆောင်ရွက်နိုင်ခဲ့သူများသာလျှင် အောင်မြင်မှုရရှိသည်ဟု ဆိုနိုင်မည်ဖြစ်သည်။ တချို့သောသူများသည် ရာထူးနှင့် . . .

# မြန်မာမျိုးရင်းဒေါင်းစိမ်းများ ထာဝရစိမ်းလန်းစေချင်

ဒေါက်တာမြင့်သိန်း ( B . V . S)




နံနက်စောစောစီးစီးလူတစ်ယောက်ကို ဒေါင်းတစ်ကောင်ပိုက်လျက် ကျန်လက်တစ်ဖက်ကလည်း ဒေါင်း၏ခြေထောက်ကို စုစည်းဆုပ်ကိုင်လျက် ရန်ကုန်မြို့၏ အထင်ကရလမ်းတစ်ခုပေါ်တွင် တွေ့ရှိလိုက်ရသည်။ အတိအကျပြောရလျှင်တော့ဖြင့် မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်းက အထက်ပန်းဆိုတန်းလမ်းမပေါ်တစ်နေရာတွင်ဖြစ်ပါသည်။ သာမန်အားဖြင့် လူတစ်ဦးတစ်ယောက်မှတက္ကစီငှားရန်စောင့်ဆိုင်းနေသည်မှာ ထူးခြားဖွယ်မဟုတ်သော်ငြားလည်း ထိုလူ၏ လက်ထဲမှဒေါင်းကြီးက ကျွန်တော့်စိတ်အာရုံမှာ ပို၍ နိုးနိုးကြားကြားဖြစ်စေခဲ့ရသည်။ သို့သော် ထိုဒေါင်းအနားသို့ ရောက်ရှိသွားသောကျွန်တော့်မှာ ရုတ်ချည်းဆိုသလို ငယ်ထိပ်မိုးကြိုးပစ်သကဲ့သို့ အတော့်ကိုပင် တုန်လှုပ်ချောက်ချားသွားမိခဲ့ပါတော့သည်။ အကြောင်းကား မြန်မာ့ဒေါင်းစိမ်းဟုခေါ်ဆိုရန်လားလားမျှမထိုက်တန်တော့သော၊ ဒေါင်းစိမ်းတစ်ကောင်၏ စစ်မှန်သည့်ရှိသင့်ရှိထိုက်သော စံပြရုပ်သွင်ပြင်များ ပျက်သုဉ်းပျောက်ကွယ်သွားပြီဖြစ်သော၊ တစ်နည်းအားဖြင့်ဆိုရသော် မျိုးရိုးဗီဇတိမ်းစောင်းသွားပြီဖြစ်သည့် ဒေါင်းမျိုးပျက်ကြီးတစ်ကောင်ဖြစ်၍ နေသောကြောင့်ပင်တည်း။

ဤနေရာတွင်စာချစ်သူများကို ကမ္ဘာပေါ်ရှိဒေါင်းစိမ်း၊ ဒေါင်းပြာနှင့် ဒေါင်းဖြူများ အထူးသဖြင့် မြန်မာမျိုးရင်း ဒေါင်းစိမ်းများအကြောင်းကို အနည်းငယ်ဖော်ပြခွင့်မိတ်ဆက်ခွင့်ပြုစေလိုပါသည်။

သာမန်ပုဂ္ဂိုလ်များအဖို့ ဒေါင်းစိမ်း ( Green Peafowl – *Pavo muticus*) ကို ကွဲကွဲပြားပြားရှင်းရှင်းလင်းလင်းသိရှိခွဲခြားနိုင်စွမ်း နည်းပါးကြသော်လည်း ဒေါင်းပြာ (အိန္ဒိယဒေါင်း)(Blue Peafowl/ Indian Peafowl – *Pavo cristatus*) ကိုတော့ဖြင့် အကျွမ်းတဝင်ရှိကြသည်။ ဓာတ်ပုံများနှင့် ကြော်ငြာများအရ သိရှိမြင်ဖူးသူများပြားကြသည်။ အချို့မှာဒေါင်းပြာကို ဒေါင်းစိမ်းနှင့် ယခုထက်တိုင် အမှတ်မှားကြဆဲရှိသူများ အများအပြား ရှိနေကြသေးသည်။ ဒေါင်းကို အိမ်မွေးတိရစ္ဆာန်အဖြစ် စတင်မွေးမြူရန်ကြိုးစားကြစဉ်က အိန္ဒိယဒေါင်းပြာနှင့် ဒေါင်းဖြူကိုသာ သိရှိခဲ့ရပုံရကြောင်းမှတ်သားသိရှိရပါသည်။ သို့အတွက်ကြောင့် မြန်မာမျိုးရင်းဒေါင်းစိမ်းများ မျိုးပျက်သုဉ်းခြင်းမရှိစေရန်အတွက် ဒေါင်းစိမ်းနှင့် ဒေါင်းပြာကို ဂယနဏခွဲခြားသိစေရန် အလွန်အရေးကြီးလှပါသည်။

ဤနေရာတွင်အကြမ်းအားဖြင့် တင်ပြရသော် ဒေါင်းစိမ်းတွင် တစ်ဖန်မျိုးစိတ်ကွဲသုံးမျိုးရှိရာဎင်းတို့ထဲမှတစ်မျိုးသည် မြန်မာမျိုးရင်း ဒေါင်းစိမ်း ဖြစ်ပါသည်။ ထိုမျိုးစိတ်ကွဲသုံးမျိုးတို့သည်ဎင်းတို့အတွက် နေထိုင်ကျက်စားရာ သီးခြားအရပ်ဒေသများ ကိုယ်စီရှိကြပြီး ထိုအရပ်ဒေသများ၏ အမည်များကိုလည်းဒေါင်းစိမ်းအမည်များနှင့်တွဲလျက်ဖော်ပြကြသည်။ သို့အတွက်ကြောင့် အင်ဒိုချိုင်းနားဒေါင်းစိမ်း၊ မြန်မာဒေါင်းစိမ်းနှင့် ဂျာဗားဒေါင်းစိမ်းဟူ၍ ခေါ်ဝေါ်ကြသည်။

ထပ်မံ၍ အရေးတကြီး ဖော်ပြလိုသေးသည့်အကြောင်းအရာကား ဒေါင်းပြာ (အိန္ဒိယဒေါင်း) အကြောင်းဖြစ်ပါသည်။ ဒေါင်းပြာနှင့် ဒေါင်းစိမ်းများကို တူညီသောအရပ်ဒေသတစ်ခု သို့မဟုတ် ရပ်ဝန်းတစ်ခုအတွင်း အတူတကွတွေ့ရှိရခြင်းမရှိဟုမှတ်တမ်းများက ဖော်ပြကြသည်။ ဆိုလိုသည်ကား ဒေါင်းပြာနှင့် ဒေါင်းစိမ်းတို့သည် နေထိုင်ရာဒေသနှင့် ကျင်လည်ကျက်စားရာအရပ်တို့ လုံးဝမတူညီကွဲပြားခြားနားကြသဖြင့် သဘာဝတောအတွင်း တစ်ကောင်နှင့်တစ်ကောင်တွေ့ဆုံကြရန် အကြောင်းမရှိကြချေ။ တစ်ဖန် ထိုဒေါင်းပြာတွင်ဒေါင်းစိမ်းကဲ့သို့သော ထပ်မံမျိုးကွဲများမရှိဟုလည်း သုတေသီများကဆိုပါသည်။

ဤနေရာတွင် ဖော်ပြလိုသည်က ဒေါင်းစိမ်း တစ်ကောင်အတွက် အခြေခံစံပြုထားသည့် အသွေးအရောင်နှင့် ပုံပန်းသဏ္ဌာန်အကြောင်းအရာဖြစ်ပါသည်။ ဒေါင်းစိမ်းတွင်ထူးခြားသည်က အထီးနှင့်အမ နှစ်မျိုးလုံးတွင် အိန္ဒိယဒေါင်းထက် ပိုမိုကောင်းမွန်သော အရောင်အသွေးရှိသည်။ ဒေါင်းစိမ်းအမသည် ဒေါင်းစိမ်းအထီးနှင့်အလွန်ပင်ဆင်တူပုံသဏ္ဌာန်ရှိသည် ။ ထိုသို့ ဒေါင်းစိမ်းတစ်ကောင်နှင့် ဒေါင်းပြာတစ်ကောင်ကွဲပြားခြားနားချက်ကို အမွေးအတောင် အရောင်အသွေးနှင့် ဦးခေါင်းပုံစံကိုကြည့်ခြင်းအားဖြင့် အလွယ်တကူခွဲခြားနိုင်ပါသည်။ အဓိကအားဖြင့်ခွဲခြားနိုင်သည်မှာ ဦးခေါင်းထိပ်တည့်တည့်တွင် ပေါက်နေသောဦးဆံခေါ် အမောက်သည် ဒေါင်းစိမ်းတွင် ကြက်တောင်စည်းကဲ့သို့ စုစုစည်းစည်းနှင့် တစုတစည်းထဲအပေါ်သို့ ထောင်မတ်နေပြီး ဒေါင်းပြာတွင်မူ ထိုသို့မဟုတ်ဘဲ အမောက်သည် ယပ်တောင်ဖြန့်ကားနေသကဲ့သို့ အပြားလိုက်ဒေါင်လိုက်ရှိနေတတ်သည်ကို အလွယ်တကူ တွေ့မြင်ရခြင်းဖြစ်ပါသည်။

တစ်ဖန်ဒေါင်းစိမ်းတစ်ကောင်၏ ပုံမှန်အသွေးအရောင်ကိုထပ်မံဖော်ပြရလျှင်ဖြင့် ဎင်း၏ ပါးမို့မို့အရောင်မှာအဝါရောင်အနေဖြင့် တွေ့ရှိရပြီး လည်ပင်းနှင့်ရင်ဘတ်ပိုင်းရှိ အမွေးများမှာအစိမ်းရောင်ဖြစ်ကာ တစ်ကိုယ်လုံးတွင်ရှိသော အမွေး၊ အရောင်များသည်လည်း အကြေးခွံကဲ့သို့ တောက်ပြောင်လျက်ရှိကြသည်ကိုတွေ့မြင်ရသည်။ ဒေါင်းပြာအထီးတွင်မူ လည်ပင်းနှင့်ရင်ဘတ်ပိုင်းမှာ အပြာရောင်သာလျှင်ဖြစ်လျက်နေခြင်းကို သိသာထင်ရှားစွာတွေ့မြင်နိုင်ပြီး ထိုအချက်ကိုထောက်ရှု၍လည်း ဒေါင်းစိမ်းနှင့်ဒေါင်းပြာ ခွဲခြားနိုင်သည်။ သို့သော် ဒေါင်းပြာအမသည် သာမန်ကြည့်လိုက်လျှင် ဒေါင်းစိမ်းအမနှင့်ဆင်တူသည်။ အဘယ်ကြောင့်ဆိုသော် လည်ပင်းတံတစ်လျှောက်လုံးသည် ဒေါင်းစိမ်းအမကဲ့သို့ အစိမ်းရောင်သာဖြစ်နေသောကြောင့် ဖြစ်ပါသည်။ သို့ပါသော်လည်း ဒေါင်းပြာအမ၏လည်ပင်းတံတစ်လျှောက်လုံးမှလွဲ၍ ကျန်သောခန္ဓာကိုယ်အစိတ်အပိုင်းများ၏ အရောင်အသွေးမှာ အညိုရောင်အနေဖြင့် တွေ့ရမည်ဖြစ်ပေသည်။




အကယ်၍ ဒေါင်းပြာနှင့်ဒေါင်းစိမ်းတို့ကို လူသားတို့မှ ဇွတ်အတင်းသားစပ်ခဲ့သော် သားပေါက်နိုင်ပြီး ထိုသားပေါက်တို့၏မျက်နှာ အရောင်အသွေးမှာ ဝါဖန့်ဖန့်ဝါကြင့်ကြင့်အရောင် ပါဝင်ရောစပ်နေသော မျက်နှာအသွေးအရောင်ရှိလာသည်။ သို့အတွက်ကြောင့် ဒေါင်းစိမ်း၏ မူလမျက်နှာသွင်ပြင်များနှင့် အရောင်အသွေးပါပျက်ယွင်းမှုများရှိလာသည်ကိုမြင်တွေ့ကြရသည်။ ပို၍သိသာစေသည်က ဦးခေါင်းပေါ်ရှိ ဦးဆံသည်အိန္ဒိယဒေါင်းပြာကဲ့သို့ အပြားလိုက်မဟုတ်တော့ဘဲ ပို၍စုစည်းမှုရှိလာသည်ကို မြင်တွေ့ရသည်။ တစ်ခါတစ်ရံ ခြေတံပိုရှည်တတ်သည်။ လည်ပင်းပေါ်တွင် လှပကြော့ရှင်းသောအကြေးခွံသဏ္ဌာန် အမွေးကွက်များ ပျောက်ကွယ် ကင်းမဲ့သွားခဲ့ပြီး တောင်ပံပေါ်တွင်မူ တွေ့ရှိရသည်။ အဆိုးရွားဆုံးအနေဖြင့် တွေ့ရှိရသည်မှာ ထိုဒေါင်း၏ လည်တံတစ်လျှောက်တွင် အဖြူကွက်များကို ရုပ်ဆိုးစွာတွေ့ရှိလာရခြင်းပင်ဖြစ်ပါသည်။ ဎင်းတို့မှတစ်ဖန် သားပေါက်များထပ်မံပေါက်ပွားနိုင်စွမ်း ရှိနေခြင်းသည်လည်း မျိုးရိုးဗီဇကိုထိန်းသိမ်းခြင်းလုပ်ငန်းအတွက် ကြီးစွာအနှောင့်အယှက်ဖြစ်စေပါသည်။

တစ်နည်းအားဖြင့်တင်ပြရလျှင် ထိုဒေါင်းစိမ်း၊ ဒေါင်းပြာများကို အချို့သောငှက်ဝါသနာကြီးသူများမှ ရောသမမွှေ သွေးနှောသားစပ်ခဲ့ကြပါသည်။ ထိုသို့ သားစပ်ရာမှရရှိလာသော ဒေါင်းသားပေါက်များမှာ သာမန်ပုဂ္ဂိုလ်များအဖို့ ဒေါင်းတွင် မူလသဘာဝမှ ခွဲထွက်လာသောအခြားအရောင်များ ဖောက်ထားသည်ကို မြင်ရသည်မှာ အထူးအဆန်းဖြစ်လာပြီး လူကြိုက်များရလေသည်။ ထိုရရှိလာသော သားပေါက်များမှာ တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းကာကွယ်စောင့်ရှောက်မှုတန်ဖိုးရလဒ် (Conservation Value) မှာ သုံးညသာဖြစ်ပေသည်။ တန်ဖိုးမဲ့အချည်းအနှီး သာဖြစ်ပြီး တစ်နည်းအားဖြင့်ဆိုရလျှင် ဆန်ကုန်မြေလေးသာလျှင်ဖြစ်သည်ဟု ရိုးသားစွာ ဆိုချင်ပါသည်။ မျိုးစိတ်မတူသော ထိုဒေါင်းမျိုးများကို အချင်းချင်းမိတ်လိုက်ခြင်းနှင့် သားပေါက်ခြင်း အမှုကိုမပြုလုပ်နိုင်စေရန်အတွက် သဘာဝတရားကပင် ဒေသခြားကာ တားဆီးခဲ့သော်လည်း ထိုဒေါင်းစိမ်းနှင့်ဒေါင်းပြာတို့ကို လူသားတို့မှ မိတ်လိုက်စေခဲ့ရာမှ သဘာဝအရပြန်လည်တုန့်ပြန်မှုကို တသီတတန်းကြီးမြင်တွေ့ရပါတော့သည်။ ဎင်းတို့မှာ ဒေါင်းစိမ်း၏လည်ပင်းတွင် အဖြူကွက်များပါလာခြင်း၊ အဆိုးရွားဆုံးကား ဦးဆံခေါ်အမောက်သည်စုစုစည်းစည်းဖြင့် အပေါ်သို့ မတ်မတ်ထောင်မနေတော့ဘဲ ဦးခေါင်းထက်တွင်ဖရိုဖရဲဖြင့်ပေါက်လာခြင်း ၊ တစ်ခါတစ်ရံ ကိုယ်လုံးအသွေးအရောင်ကား ဒေါင်းစိမ်းပင်ဖြစ်သော်လည်း ဦးဆံမှာ ဒေါင်းပြာကဲ့သို့ ယပ်တောင်ပုံသဏ္ဌာန်ဖြစ်လာခြင်းနှင့် ပါးမို့မို့အရောင်မှာရှုမငြီးစွဲမက်ဖွယ်မကောင်းတော့ဘဲ မှန်းဆမရနိုင်သောအရောင်သို့ ပြောင်းလဲသွားခြင်းနှင့် ဒေါင်းစိမ်းတစ်ကောင်၏လှပကြော့ရှင်းမှုအတွက် အသက်သွေးပမာဖြစ်သော အမွေးများပေါ်ရှိအကြေးခွံသဏ္ဌာန်များမှာ လျော့နည်းမှေးမှိန်ပျောက်ကွယ်သွားခြင်းစသည့် တန်ဖိုးကြီးမားသော ဂုဏ်ဒြပ်များ သို့မဟုတ် ဗီဇမျိုးများသည် ဒေါင်းစိမ်းကိုယ်ပေါ်မှ ပျောက်ကွယ်သွားပါတော့သည်။

တစ်ဖန်စိတ်ဝင်စားဖွယ် အခြားအကြောင်းအရာမှာ ဒေါင်းဖြူများဖြစ်ပါသည်။ ထိုဒေါင်းဖြူများသည် ဒေါင်းစိမ်း၊ ဒေါင်းပြာများကဲ့သို့ မျိုးစိတ်တစ်ခုအနေဖြင့်သီးသန့်တည်ရှိနေခဲ့ခြင်းမဟုတ်ဘဲ ဒေါင်းပြာများ၏ အသွေးအရောင်နှင့်ပတ်သက်သောဗီဇပြောင်းလဲမှု ( Colour mutation) ကြောင့်သာဖြစ်ပေါ်လာရခြင်းဖြစ်ပါသည်ဟု မှတ်တမ်းများကဖော်ပြပါသည်။ သို့ပါသော်လည်း ပို၍ထူးခြားသည်က ဒေါင်းစိမ်းများမှတစ်ဆင့် ဒေါင်းဖြူပေါ်ထွက်ခြင်းမရှိဟူ၍လည်း လေ့လာသူများ၏ အဆိုအရ မှတ်သားသိရှိရသည်။ မြန်မာနိုင်ငံရှိတိရစ္ဆာန်ဉယျာဉ်တစ်ခုတွင်လည်း ဒေါင်းပြာများကိုပြသမွေးမြူထားရာမှ တစ်ဆင့်ဒေါင်းဖြူများ ပေါက်ပွားနေသည်ကို မြင်တွေ့ခဲ့ဖူးပြီး ဝန်ထမ်းများအဆိုအရ ဒေါင်းစိမ်းများကိုနှစ်ပေါင်းများစွာသားပေါက်စေခဲ့ဖူးသော်လည်း ဒေါင်းဖြူများ မည်သည့်အခါတွင်မှ ထွက်ပေါ်လာဖူးခြင်းမရှိဟု တညီတညွတ်တည်းဆိုကြပါသည်။

သို့ပါ၍ အချုပ်အားဖြင့် ဆိုရလျှင် ဒေါင်းစိမ်းသည် အရှေ့တောင်အာရှတွင် မျိုးသုဉ်းရန်ခြိမ်းခြောက်ခြင်းအခံရဆုံးသောငှက်စာရင်းတွင် ပါဝင်နေခဲ့ပြီးဖြစ်ပါသည်။ အလွန်အကျွံအမဲလိုက်ဖမ်းဆီးသတ်ဖြတ်ခြင်းနှင့် ထိုငှက်များ၏ နေထိုင်ကျင်လည်ကျက်စားရာ ဒေသများ မြန်နှုန်းမြင့်ပျက်စီးနေမှုကြောင့် ၂၀၀၉ ခုနှစ်မှစ၍ ဒေါင်းစိမ်းများအားမျိုးသုဉ်းမှု အဆင့်သတ်မှတ်ထားရှိမှုကို ထပ်မံတစ်ဆင့်တိုး သတ်မှတ်ခဲ့ရသည်အထိဒေါင်းစိမ်းများ၏ အနာဂတ်အရေးအတွက် ပြင်ဆင်နေကြပြီးလည်း ဖြစ်ပါသည်။ သို့အတွက်ကြောင့် မြန်မာမျိုးရင်းဒေါင်းစိမ်းများအလျင်အမြန်မျိုးသုဉ်းကွယ်ပျောက်မသွားစေရေးအတွက်အရေးကြီးသော ခြေလှမ်းတစ်ရပ်ဖြစ်သည့် မျိုးရိုးဗီဇသန့်ရှင်းသော၊ မျိုးရိုးဗီဇကြံ့ခိုင်မှုရှိသော ဒေါင်းစိမ်းမျိုးများကိုသာ မွေးမြူထိန်းသိမ်းရန် အလွန်အရေးကြီးလာပါသည်။

တစ်နည်းဆိုရသော် မြန်မာမျိုးရင်း ဒေါင်းစိမ်းများ ရာနှုန်းပြည့် မျိုးစစ်မျိုးမှန်ဖြစ်ရန် အထူးလိုအပ်လာပါသဖြင့် မိမိတိုင်းပြည်၏ သဘာဝသယံဇာတများနှင့် ဇီဝမျိုးစုံမျိုးကွဲများကို ချစ်မြတ်နိုးကြသူတိုင်းသည် မြန်မာမျိုးရင်းဒေါင်းစိမ်းများ မျိုးဗီဇပျက်သုဉ်းမသွားစေရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါရန် တိုက်တွန်းလိုက်ရပါသည်။

# ကုန်းပေါ်က အမှိုက်နဲ့ ရေထဲကအမှိုက်

နှင်း(မာယာ)

တခါတုန်းက ကျွန်မတို့သွားနေကျ ဒူဘိုင်းက ကမ်းခြေတစ်ခုမှာ Jelly fish လို့ခေါ်တဲ့ငါးတွေကိုအစုလိုက် အပြုံလိုက်တွေ့ခဲ့ဖူးပါတယ်။ လှိုင်းရိုက်ချိန်မှာ ကမ်းပေါ်တက်လာတဲ့ ငါးတွေက ရေပြန်ကျသွားချိန်မှာ သဲသောင်ပြင်ပေါ် ကျန်ရစ်ခဲ့တာပါ။ ကမ်းစပ်သဲပြင်ပေါ်က ငါးတွေကို ကျော်ခွပြီးလမ်းလျှောက်ရင်း ထူးထူးခြားခြား ကြယ်ငါးတွေ ဒီလောက်အများကြီး မတွေ့ဘူးလို့ အံ့ဩနေခဲ့ပါတယ်။ ရေပြန်တက်လာရင် ဒီငါးတွေအားလုံးရေထဲပြန်ရောက်သွားမယ်ဆိုပေမယ့် ကျွန်မတို့ တတ်နိုင်သလောက်ငါးတွေကိုကောက်ပြီး ရေထဲပြန်ပို့ခဲ့ပါသေးတယ်။ သမုဒ္ဒရာရေစီးကြောင်း ပြောင်းလဲချိန်မှာ ငါးတွေ အစုအဝေးလိုက် ဒူဘိုင်းကို လာလည်ကြတာလို့ သူငယ်ချင်းတွေပြောပြီး သဘောကျနေကြပါတယ်။

မည်သာတမ်း ပြောရမယ်ဆိုရင် ဒူဘိုင်းမြို့မှာ ကမ်းခြေတွေဟာ သန့်ရှင်းသပ်ယပ်လှပတယ်။ ကမ်းခြေနဲ့အပြိုင် ဖောက်ထားတဲ့ လူသွားလမ်းတွေ ကျန်းမာရေးအတွက် အပြေးလေ့ကျင့်တဲ့ ပြေးလမ်းတွေပေါ်မှာတောင် သဲတွေ ဖုန်တွေတင်မနေရအောင် လှဲကျင်းနေကြတဲ့ ဝန်ထမ်းတွေကို ကျွန်မ တွေ့ခဲ့ဖူးပါတယ်။ ကမ်းခြေမှာ အမှိုက်ပစ်သူရယ်လို့ မရှိသလို ဒီက ကမ်းခြေတွေကို သွားတိုင်း ရေထဲဆင်းတိုင်း ကြည်လင်သန့်ရှင်းတဲ့ ရေနဲ့ အမှိုက်သရိုက်ကင်းတဲ့ သဘာဝကမ်းခြေစစ်စစ်ရဲ့ အရသာကို အပြည့်အဝ ခံစားရပါတယ်။

ကျွန်မရောက်ခဲ့ဖူးတဲ့ နိုင်ငံတော်တော်များများက ကမ်းခြေတွေအားလုံးဟာ အမှိုက်သရိုက်ကင်းစင်ပြီး လှတဲ့ ကမ်းခြေတွေလို့ဆိုလို့ရပါတယ်။ ဒီလို လှပတဲ့ ကမ်းခြေတွေကို ထိန်းသိမ်းဖို့အတွက်တော့ နိုင်ငံသားတိုင်း တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ရမှာပါ။

ကျွန်မ ဖိလစ်ပိုင်နိုင်ငံက ကျွန်းတွေဆီကို သွားလည်တုန်းက ပစိဖိတ်သမုဒ္ဒရာထဲက လူအရောက်အပေါက်နည်းတဲ့ ကျွန်းတွေတောင် အမှိုက်တစမရှိ သန့်ရှင်းလှပနေတာ တွေ့ရတယ်။ ကျွန်မတို့ကို ခေါ်သွားတဲ့ တိုးဂိုက်နဲ့ လှေသမားတွေပါ သူတို့တာဝန်ယူထားတဲ့ ဧည့်သည်တွေ စားပြီးသောက်ပြီး ကျန်တဲ့ အမှိုက်တွေကို သေသေချာချာသိမ်းပြီး မြို့လေးကိုပြန်တဲ့ အချိန်မှာ တစ်ပါတည်း ပြန်သယ်ကြတာကို တွေ့ရတယ်။ ကျွန်းလေးမှာ ခွေးတွေကို ထမင်းကျွေးမိတော့ ခွေးစားထားပြီးသား အရိုးတွေနဲ့ ထမင်းကျန်တွေကို သဲပေါ်မှာ သေသေချာချာ ပြန်သိမ်းယူပြီး သယ်သွားတာကို ထူးထူးဆန်းဆန်း တွေ့ရပါတယ်။ ဒါ့ကြောင့် သူဆို့ဆီက ကျွန်းတွေဟာ အမှိုက်ကင်းစင်ပြီး သန့်ရှင်းလှပနေတာပါ။

တစ်လောက မြန်မာပြည်ပြန်တော့ ကျွန်မတို့မိသားစုတွေ ငွေဆောင်ကမ်းခြေကို သွားလည်ကြပါတယ်။ မနက်စောစောမှာ ကမ်းခြေတစ်လျှောက် လမ်းထလျှောက်ကြတော့ မြန်မာမဟုတ်တဲ့ မိသားစုတစ်စု ဆာလာအိတ်ကြီးတစ်လုံးကို အဖေက ကိုင်လို့ ကလေးတွေနဲ့ ကလေးအမေက ကမ်းခြေမှာ မြင်မြင်သမျှ အမှိုက်တွေကောက်နေကြတာတွေ့ခဲ့ဖူးပါတယ်။

ကျွန်မတို့ မြန်မာလူမျိုးတွေက ကမ်းခြေက အမှိုက်တွေရဲ့ ဆိုးကျိုးတွေကို မသိနားမလည်ကြသေးတော့ နားလည်သူတွေက မြန်မာတွေစွန့်ပစ်ထားတဲ့ အမှိုက်တွေကို လိုက်ကောက်နေတာ အင်မတန် ကြည့်ရဆိုးတဲ့ မြင်ကွင်းတစ်ခုလို မြင်မိပါတယ်။

ငွေဆောင်က နာမည်ကြီးလှတဲ့ ချစ်သူများကျွန်းဘက်ကိုရောက်ပြန်တော့လည်း ကျွန်းပိစိသေးသေးလေး အနားပတ်ဝန်းကျင်မှာ အမှိုက်တွေ ကြွပ်ကြွပ်အိတ်တွေ ဖွေးဖွေးလှုပ်နေတာ မြင်ခဲ့ရပါတယ်။

ဒီမြင်ကွင်းတွေကို မြန်မာပြည်ကို ပြန်လေတိုင်း တွေ့နေရတော့ စိတ်မသက်မသာဖြစ်ရပါတယ်။ မြန်မာပြည်မှာ ကူးတို့ဆိပ် ကမ်းနား ကမ်းခြေ မြစ်ဆိပ်တွေဟာ အမှိုက်ပစ်စရာနေရာတွေလို ဖြစ်နေတဲ့ အစဉ်အလာတစ်ခုကို အတော်ကို ပြင်ယူရမယ်လို့ ထင်မိပါတယ်။

ဧရာဝတီ မြစ်ကြောင်းမှာ သင်္ဘောနဲ့ စုန်ဆင်းတော့ ဆိုက်သမျှ ဆိပ်ကမ်းတိုင်းမှာ ပလတ်စတစ်အိတ်က အစပြုလို့ အမှိုက်မျိုးစုံက ကျွန်မတို့ကို ကြိုဆိုနေတာ တွေ့ခဲ့ရပါတယ်။ အဆိုးဆုံးမြို့ကတော့ ဧရာဝတီမြစ်ကမ်းနဖူးက တကောင်းမြို့ပါပဲ။ မြစ်ဆိပ်က တက်တက်ချင်းမှာ ဟီးထနေတဲ့ အမှိုက်ပုံကြီးကို အရင်ဆုံး မြင်ခဲ့ရပါတယ်။ မြစ်ကမ်းတစ်လျှောက်မှာလည်း အမှိုက်တွေ ဖွေးဖွေးလှုပ်လို့ပါ ။

မြန်မာပြည်ရဲ့ အသက်သွေးကြောဖြစ်တဲ့ ဒီမြစ်ကြီးကိုကျွန်မ မြင်မိသလောက်ဆင်ခြင်သုံးသပ်မိပါတယ်။ အညာဒေသက တချို့ရွာတွေဟာ ဧရာဝတီမြစ်ရေကို နွေရာသီမှာ သောက်သုံးရေအဖြစ် မှီခိုကြရပါတယ်။ တစ်ဆက်တည်းမှာပဲ အသက်မွေးဝမ်းကျောင်းအနေနဲ့ ငါးရှာဖားရှာ ပေါ်လာတဲ့ ကျွန်းတွေပေါ်မှာ ရာသီစာတွေစိုက် သစ်ဖောင် ဝါးဖောင်တွေမျှောကြပါတယ်။ မြစ်ကမ်းစပ်က အိမ်တော်တော်များများဟာ မြစ်ကမ်းပါးမှာ အိမ်သာဆောက်ပြီး အညစ်အကြေးတွေကို မြစ်ထဲကို စွန့်ကြပါတယ်။ ဒီမြစ်ထဲကရေကိုပဲ ချိုးကြပါတယ် ပြီးတော့ မြစ်ထဲမှာပဲ အဝတ်လျှော်ကြပါသေးတယ်။ ရေဟာ တစ်ပိဿာရှိရင် သန့်တယ်ရယ်လို့ အလွယ်ဆိုကြပါတယ်။

မြစ်ကမ်းဘေးက မြို့ရွာတွေမှာရှိတဲ့ စက်ရုံတွေကလည်း စက်ရုံက စွန့်ပစ်ပစ္စည်းတွေဖြစ်တဲ့ ခဲမဖြူ၊ သွပ်၊ ကြေးနီ၊ ရေနံတွေကို မြစ်ထဲကို မြောင်းသွယ်ပြီး ပေါ်ပေါ်ထင်ထင်စွန့်ပစ်ကြပါတယ်။ သားရေစက်ရုံနဲ့ အခြားဓာတုစက်ရုံတွေလည်း အလားတူပါပဲ။ ဒီလို မြစ်နား၊ ချောင်းနားက စက်ရုံတွေရဲ့ စည်းမဲ့ကမ်းမဲ့ ရေဆိုးစွန့်ပစ်မှုကြောင့် မျက်မှောက်ကာလမှာ ပဲခူးမြစ်ဟာ အနီရောင်အဆင့် သတ်မှတ်ခံထားရပါတယ်။ ပဲခူးမြစ်ထဲကို စွန့်ပစ်ထားတဲ့ အမှိုက်သရိုက်နဲ့ အညစ်အကြေးတွေကြောင့် မြစ်ရေရဲ့ အခြေအနေဟာ အဆိုးရွားဆုံးဖြစ်သွားခဲ့ပါတယ်။

ဒီပဲခူးမြစ်ဟာ ဖောင်းတူကနေ မြစ်ဖျားခံလာပြီး ပဲခူးမြို့ကို ဖြတ်လို့ ရန်ကုန်မြစ်တွင်းသို့ စီးဆင်းပါတယ်။ မြစ်အရှည်ဟာ ၁၆၄ မိုင်ရှိပါတယ်။ ဒီပဲခူးမြစ်ရေ သန့်စင်ရေးအတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ဦးဆောင်ပြီး မြစ်ရေကိုအမြန်ဆုံး သန့်စင်သွားမယ်လို့ သတင်းတွေမှာ ဖတ်ခဲ့ရပါတယ်။

ဒီတော့ ပဲခူးမြစ်နဲ့ ယှဉ်မယ်ဆိုရင် အင်မတန်ရှည်လျားလှတဲ့ ဧရာဝတီမြစ်တစ်ကြောမှာ မြစ်ဆိပ်ကမ်းတိုင်းလိုလိုက အမှိုက်တွေ အညစ်အကြေးတွေ မြစ်ကြီးထဲမှာ ဘယ်လောက်အထိ မျောနေခဲ့သလဲဆိုတာ မေးစရာဖြစ်လာပါတယ်။ အရှည် ၁၃၅၀ မိုင်ရှိတဲ့ ဧရာဝတီမြစ် မြစ်ကြမ်းပြင်မြင့်တက်လာတယ် သောင်တွေထွန်းလာတယ်။ မြစ်ရေခမ်းလာတယ် ဆိုတဲ့ လက္ခဏာတွေဟာ မြစ်ကြီးတစ်ခုလုံး နာမကျန်းဖြစ်နေတယ်ဆိုတဲ့ အချက်ပေးခေါင်းလောင်းသံတွေလိုပါပဲ။ မြစ်ကြမ်းပြင်မှာ အမှိုက်တွေ ဘယ်လောက်တောင် အနည်ထိုင်နေခဲ့ပြီလဲဆိုတာဘယ်သူမှ မသိနိုင်ပါဘူး။ တစ်နေ့တုန်းကအညာဒေသမှာ တွေ့လိုက်ရတဲ့ဧရာဝတီမြစ်ဟာ ဘေးနားမှာ သောင်ခုံတွေထွန်းလို့ တချို့နေရာတွေမှာ ရိုးသာသာ မြောင်းသာသာ အကျယ်သာ ရှိပါတော့တယ်။

ဒီနေရာမှာ အိန္ဒိယနိုင်ငံက မြစ်နှစ်စင်းအကြောင်း ပြောချင်ပါတယ်။ ဂင်္ဂါမြစ်ဟာ အရှည် ၂၅၂၅ ကီလိုမီတာ ရှည်လျားပါတယ်။ ရေခဲဖုံး ဟိမဝန္တာ တောင်တန်းကနေ မြစ်ဖျားခံပြီး အိန္ဒိယနိုင်ငံက ပြည်နယ်တွေကို ဖြတ်သန်းစီးဆင်းပြီးမှ ဘင်္ဂလားပင်လယ်အော်ထဲကို စီးဝင်ပါတယ်။ ယမုံနာမြစ်ကတော့ ဂင်္ဂါမြစ်ရဲ့ အကြီးဆုံးမြစ်လက်တက်ပါ။ ဂင်္ဂါမြစ်ဟာလည်း မျက်မှောက်ကာလမှာ မြန်မာပြည်က ဧရာဝတီနဲ့ အလားသဏ္ဍာန်တူနေပါတယ်။ စက်ရုံထွက် အညစ်အကြေးတွေ မြစ်ကမ်းပါး တစ်လျှောက် အခြေချနေထိုင်သူတွေကြောင့် တဖြည်းဖြည်း ညစ်ညမ်းလာခဲ့ပါတယ်။ ဂင်္ဂါမြစ်က ကမ္ဘာပေါ်တွင် တတိယအကြီးဆုံး မြစ်တစ်စင်းဖြစ်သလို ညစ်ညမ်းမှုအများဆုံး မြစ်တစ်စင်းလို့တောင် သတ်မှတ်ထားကြပါတယ်။

ဒါတွေကြောင့် အခုဆိုရင် အိန္ဒိယနိုင်ငံ မြောက်ပိုင်း ဥတ္တာပရာဒတ်ရှ်ပြည်နယ်မှာရှိတဲ့ တရားရုံး တစ်ခုက ဂင်္ဂါမြစ် (Ganges) နဲ့ ယမုံနာမြစ် (Yamuna) နှစ်စင်းကို လူသား တစ်ယောက်လို တရားဥပဒေအရ အခွင့်အရေးများ ခံစားခွင့်ပြုလိုက်ပါတယ်။ မြစ်နှစ်စင်းကို ညစ်ညမ်းအောင် ပြုလုပ်သူတွေအနေနဲ့ လူတစ်ဦးအား ထိခိုက်အောင် ပြုလုပ်ခြင်းနဲ့တူတဲ့ ဥပဒေပြစ်ဒဏ် ကျခံရမယ်လို့ တရားရုံးက ညွှန်ကြားလိုက်ပါပြီ။ အညစ်အကြေးတွေ စက်ရုံထွက် စွန့်ပစ်ပစ္စည်းတွေ ဘာသာရေး ယုံကြည်မှုအရ ဘုရားဖူးများစွာရဲ့ ရေချိုးခြင်း ရေစိမ်ခြင်းတို့ကြောင့် ဟိန္ဒူလူမျိုးတို့ အထွတ်အမြတ်ထားတဲ့ မြစ်နှစ်စင်းဟာ ညစ်ညမ်းမှုနှင့် ရင်ဆိုင်ကြုံတွေ့နေရပါတယ်။ တရားရုံးအမိန့်အရ ပြည်နယ် အတွင်းဝန်လည်းဖြစ်၊ ဂင်္ဂါမြစ် သန့်စင်ရေး အမျိုးသားစီမံချက် ဖြစ်သော Namami Gange စီမံကိန်း ညွှန်ကြားရေးမှူးလည်းဖြစ်သူက မြစ်သန့်စင်ရေးနှင့် ပြန်လည်ကောင်းမွန်လာရေးအတွက် တာဝန်ယူတော့မယ်လို့ ဆိုပါတယ်။ Namami Gange စီမံကိန်းဟာအိန္ဒိယ ဝန်ကြီးချုပ် နာရန်ဒြာမိုဒီ၏ ရည်မှန်းချက်စီမံကိန်းတစ်ခုလည်း ဖြစ်ပါတယ်။

ကျွန်မဖတ်ခဲ့ဖူးတဲ့ သတင်းအချက်အလက်တွေအရ ပင်လယ်ထဲကို တစ်နှစ်မှာ ပလတ်စတစ်ပစ္စည်း တန်ချိန် ၈ ဒသမ ၈သန်းခန့် စွန့်ပစ်ကြတယ်လို့ သိရပါတယ်။ ပလတ်စတစ်ပစ္စည်းတွေ အဓိကစွန့်ပစ်နေတဲ့ နိုင်ငံများကတော့ ဖွံ့ဖြိုးဆဲနိုင်ငံတွေဖြစ်တဲ့ တရုတ်၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ဗီယက်နမ် နဲ့သီရိလင်္ကာနိုင်ငံတွေ ဖြစ်ပြီး စွန့်ပစ်ပစ္စည်းတွေကို စီမံခန့်ခွဲတဲ့ နည်းစနစ်များ အားနည်းလို့ဖြစ်ရတယ်လို့ ဆိုကြပါတယ်။

ဒီနေရာမှာ ထပ်ပြီး ရှင်းပြရမယ်ဆိုရင် ဒူဘိုင်းမြို့က နေရာတော်တော်များများမှာ အမှိုက်ပုံး သုံးပုံးကို အရောင်သုံးရောင်နဲ့ခွဲထားပါတယ်။ အထွေထွေအမှိုက်က တစ်ပုံး၊ စက္ကူအမှိုက်က တစ်ပုံး၊ ပုလင်းနဲ့ သံဘူးခွံတွေက တစ်ပုံးပါ။ အမှိုက်တွေကို ခွဲခြားစွန့်ပစ်စေပြီး စနစ်တကျ ဖျက်ဆီးပစ်ပါတယ်။

အာရှနိုင်ငံငါးနိုင်ငံဟာ ဒီလို အမှိုက်တွေကို စနစ်တကျ စွန့်ပစ်မှုလည်းမရှိ ခေတ်မီနည်းပညာနဲ့လည်း သန့်စင်ခြင်းမရှိပဲ ရှိရှိသမျှ မြစ်တွေ ချောင်းတွေထဲ စွန့်ပစ်နေတဲ့အတွက် ဆိုးကျိုးတွေ အများကြီး ရင်ဆိုင်ကြရမှာ ဖြစ်ပါတယ်။

ပလတ်စတစ် ပစ္စည်း ၈ ဒသမ ၈သန်းခန့် ဆိုတာဟာ နှစ်စဉ်ဖမ်းဆီးခံရတဲ့ တူနာငါး ပမာဏနဲ့ သိပ်မကွာတာကြောင့် ကျွန်မတို့ သတိထားပြီး ဒီအမှိုက်စွန့်ပစ်မှုကို သတိထား ဆောင်ရွက်ဖို့ လိုနေပါပြီ "အခုက ပင်လယ်ထဲက တူနာငါးတွေကိုယူပြီး ပလတ်စတစ် အမှိုက်တွေ ပြန်ထည့်ပေးနေသလိုပါပဲ" လို့ ပညာရှင် Kara Lavendar Law က ပြောခဲ့ပါတယ်။

စွန့်ပစ်ပလတ်စတစ်ပစ္စည်းတွေကြောင့် ရေထုညစ်ညမ်းအဆိပ်သင့်မှုကို ဖြစ်စေတဲ့အပြင် ပင်လယ်သတ္တဝါများစွာလည်း သေဆုံးနေပါတယ်။ ဒီစံချိန် စံနှုန်းအတိုင်းသာ ဆက်လက်စွန့်ပစ်နေမယ်ဆိုရင် ၂၀၂၅ ခုနှစ်လောက်မှာ ပင်လယ်ထဲမှာ ပလတ်စတစ်စွန့်ပစ်ပစ္စည်း တန်ချိန် သန်း ၁၇၀ခန့်အထိ ရောက်ရှိသွားတော့မှာ ဖြစ်တယ်လို့ သိရပါတယ်။

နိုင်ငံတကာမှာ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုများကို မြှင့်တင်ပြီး ပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ဖို့ အရေးတကြီး လိုအပ်နေပြီလို့ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပါမောက္ခ Jenna Jambeck ကလည်း တင်ပြသွားခဲ့ပါတယ်။

မျက်မှောက်ကာလမှာတော့ပင်လယ်ပြင်တွေဟာ လူတွေရဲ့အမှိုက်တွေနဲ့ပြည့်နှက်နေပါတယ်။ ပင်လယ်ထဲမှာ အချိုရည်ဘူးခွံတွေ၊ ပလတ်စတစ်အိတ်တွေနဲ့ ဆေးလိပ်တိုတွေ စုစည်းထားတဲ့အမှိုက် ကျွန်းတွေပေါ်လာပါပြီ။ ရေပေါ်မှာပေါ်လာတဲ့အမှိုက်ကျွန်းတွေဟာ လူတွေစွန့်ပစ်လိုက်တဲ့ အမှိုက်တွေရဲ့ ငါးရာခိုင်နှုန်းသာရှိပါတယ်။ အမေရိကန်နိုင်ငံက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ တစ်ဖွဲ့ဖြစ်တဲ့ Oceam Conservancy ရဲ့ ထုတ်ပြန်ချက်အရ ကျန်တဲ့ အမှိုက် ၉၅ ရာခိုင်နှုန်းက ပင်လယ်ရေအောက်ထဲကို ရောက်ရှိသွားတဲ့အတွက် ပင်လယ်ရေသတ္တဝါတွေ ဒုက္ခရောက်စေပြီးတော့ ပင်လယ်ရေထုကို ဆိုးရွားစွာ ပျက်စီးစေနိုင်တယ်လို့ဆိုပါတယ်။

မကြာသေးခင်ကမှ ထုတ်ပြန်ခဲ့တဲ့ Ocean Conservancy ရဲ့ စစ်တမ်းတွေအရ ဖိလစ်ပိုင်၊ တရုတ်၊ အင်ဒိုနီးရှား၊ ထိုင်းနဲ့ ဗီယက်နမ်တို့ စုစုပေါင်း ပင်လယ်ထဲ ပလတ်စတစ်စွန့်ပစ်မှုဟာ တစ်ကမ္ဘာလုံးစွန့်ပစ်မှုရဲ့ ၆၀ ရာခိုင်နှုန်းကျော်ရှိတယ်လို့ ဆိုထားပါတယ်။

ဒီနှုန်းအတိုင်းဆက်သွားမယ်ဆိုရင် ၂၀၂၅ ခုနှစ်ရောက်ရင် ပင်လယ်ထဲမှာ ငါးတန်ချိန် သုံးတန်တိုင်းအတွက် ပလတ်စတစ် တစ်တန်လောက်ရှိလာပါလိမ့်မယ်။ ဒီပမာဏဟာ သဘာဝပတ်ဝန်းကျင်အတွက်ရော စီးပွားရေးအတွက်ပါ ထိခိုက်မှုများရှိလာမယ့် အရေးကြီးတဲ့ အချက်တစ်ခုဖြစ်ပါတယ်လို့ Ocean Conservancy ရဲ့ ဒါရိုက်တာဖြစ်သူ Nicholas Mallos ကပြောပါတယ်။

အနောက်ကမ္ဘာဟာ ကမ္ဘာပေါ်မှာအချိုရည် ပလတ်စတစ်ပစ္စည်းနဲ့ လျှပ်စစ်ပစ္စည်း သုံးစွဲမှုအများဆုံးလို့ ဆိုလို့ရပါတယ်။

အာရှနိုင်ငံတွေဟာ ကုန်ပစ္စည်းအသုံးပြုမှုနဲ့ စားသုံးမှုပုံစံကိုအနောက်တိုင်းနိုင်ငံတွေကို အတုယူပြီး အမီလိုက်လာကြပါတယ်။ ဒါပေမယ့် ဒီပစ္စည်းတွေကနေထွက်လာတဲ့ စွန့်ပစ်ပစ္စည်းတွေကိုတော့ အနောက်နိုင်ငံတွေလို စနစ်တကျစွန့်ပစ်နိုင်ခြင်းမရှိသေးပါဘူး။

အဆိုးဆုံးကတော့ အာရှနိုင်ငံအများစုဟာ အမှိုက်ပုံမှာ အမှိုက်တွေကိုဖြစ်သလိုပုံထားလေ့ရှိသလို ရေထဲကို မျှောပစ်လိုက်ဖို့လည်း ဝန်မလေးကြပါဘူး။ အမှိုက်ပုံ အမှိုက်ကန်အများစုကိုလည်း ရေစပ်နားမှာ အလွယ်တကူ ထားတတ်ကြတယ်လို့ဆိုပါတယ်။ ဒီလိုပုံထားတာကြောင့်အမှိုက်တွေဟာ မိုးရေကြောင့် ဒါမှမဟုတ် ရေစီးကြောင့် ပင်လယ်ထဲကို မျှောပါသွားပါတယ်လို့ Ocean Conservancy ကပြောပါတယ်။ ဒါကြောင့်လည်း ရေထုညစ်ညမ်းမှုနဲ့ ပင်လယ်တွေ မြစ်တွေရဲ့ ဂေဟ စနစ်တွေအတွက် စိုးရိမ်ရတဲ့ အခြေအနေကို ရောက်လာခဲ့တာပါ။

ကျွန်မ ဘလော့တွေ စရေးခါစ လွန်ခဲ့တဲ့ ခုနစ်နှစ်လောက်တုန်းက ယူအေအီးနိုင်ငံကထုတ်တဲ့ သတင်းစာလေးမှာ ပလတ်စတစ်နဲ့ အမှိုက်တွေအကြောင်းရေးထားတဲ့ သတင်းလေးတစ်ပုဒ် ဖတ်ခဲ့ဖူးပါတယ်။

ဒီသတင်းလေးမှာတော့ စွန့်ပစ်ပလတ်စတစ်တွေ စားမိလို့ ဒူဘိုင်းမှာ တိရစ္ဆာန်တွေ နှစ်စဉ် နှစ်တိုင်းသေဆုံးနေခဲ့တယ် သေဆုံးနှုန်းကလည်း မြင့်မားနေတယ်။ ဒါပေမယ့် အခြေအနေကလည်း လုံးဝတိုးတက်မှု မရှိသေးပါဘူး လို့ဆိုထားပါတယ်။ အထူးသဖြင့်တော့ ကန္တာရထဲမှာ ဆိုးဆိုးရွားရွား ဖြစ်နေပါတယ်။

တိရစ္ဆာန်ဆေးဝါးကုသရေး ဗဟိုသုတေသန ဒါရိုက်တာ ဒေါက်တာ Ulricl Werney က ပြည်သူလူထုကို သတိပေးဖို့ ဒူဘိုင်းနေ့စဉ် သတင်းစာ တစ်စောင်ဖြစ်တဲ့ Gulf News ကို ပြောလာပါတယ်။

လူတွေက နေ့စဉ်နဲ့အမျှ စွန့်ပစ်ပလတ်စတစ်တွေ အကြောင်းကို ပြောနေကြပါတယ်။ ဒါပေမယ့် အပြောင်းအလဲ ကိုမတွေ့ရပါဘူး။ စူပါမားကတ်တွေမှာကြည့်ရင်လည်း ကိုယ်ပိုင်အိတ်တွေနဲ့ ဈေးလာဝယ်တဲ့ သူဟာ အင်မတန်မှ နည်းပါတယ်။ ကန္တာရထဲကို သွားကြည့်ရင်တော့ သူပြောနေတာတွေ ကိုသိရမှာပါလို့ သူကပြောလာပါတယ်။

သဲကန္တာရကို သွားရောက်လည်ပတ်ခဲ့တဲ့ သူတွေက သဲကန္တာထဲမှာ စည်းမဲ့ကမ်းမဲ့ ပလတ်စတစ်တွေ စွန့်ပစ်ခဲ့ကြတာပါ။ ဒီအမှိုက်တွေထဲကမှ ပလတ်စတစ်တွေကို စားသုံးပြီး ကုလားအုတ်တွေ သေဆုံးခဲ့ကြတယ်။

သူကဆက်ပြောပါတယ် နေ့စဉ်နဲ့အမျှ တိရစ္ဆာန်တွေ စားပွဲပေါ်မှာ သေဆုံးနေတာကို တွေ့နေရပါတယ်။ ဝမ်းနည်းစရာပါတဲ့။ အောက်ခြေမှစလို့ အရေးယူသင့်နေပါပြီလို့ ပြောပါတယ်။

အဲဒီအဆိုကို လက်တွေ့ အကောင်အထည်ဖော်ခဲ့တဲ့ သူကလေးကတော့ ကင်မရွန်းနိုင်ငံသား အသက် (၁၁) နှစ်အရွယ် ကျောင်းသားလေး အိုလီဗာလေးပါ။ သူက အမှိုက်မပစ်ရဆိုတဲ့ ကိုယ်ပိုင်အစီအစဉ်လေးကို ကျောင်းမှာစခဲ့ပါတယ်။ ပလတ်စတစ်တွေကြောင့် ကုလားအုပ်တွေ သေဆုံးရတာကို သူ့အနုပညာလေးနဲ့ သတင်းစာမှာ ကြိုးစားဖော်ပြခဲ့ပါတယ်။

သူ့ရဲ့ ကြိုးစားမှုကြောင့်သူဟာ အိမ်ရှေ့မင်းသားရဲ့ ထိုက်ထိုက်တန်တန် ဂုဏ်ပြုဆုချီးမြှင့်ခြင်းကိုခံခဲ့ရပါတယ်။ ကျောင်းသားလေးဆိုပေမယ့် အရာရာမှာ စူးစမ်းပြီး အရွယ်နဲ့ မလိုက်အောင် သူ့ရဲ့ပတ်ဝန်းကျင်ကို အပြောင်းအလဲတွေ လုပ်ဖို့ကြိုးစားနေတာ လေးစားစရာပါ။ ကျွန်မတို့ ပါတ်ဝန်းကျင်မှာ အိုလီဗာလို ကလေးတွေ အများကြီးရှိအုံးမှာပါ။

ကောင်းမွန်တဲ့ အလေ့အကျင့်တွေကို စာသင်ခန်းထဲက အစပျိုးရတယ်ဆိုပေမယ့် စာသင်ခန်းပြင်ပမှာ လက်တွေ့လိုက်နာကျင့်သုံးဖို့လိုအပ်တဲ့ အလေ့အကျင့်တွေလည်းရှိတတ်ပါတယ်။

ကုန်းပေါ်မှာရော ရေထဲမှာပါ ဖြစ်သလို အမှိုက် မစွန့်မိဖို့ ကမ္ဘာကြီးကို အမှိုက်ဖွနေသူတွေထဲမှာ ကိုယ်ကိုယ်တိုင်မပါစေဖို့ အမှိုက်ဖွနေသူတွေကို အပြုသဘောနဲ့ ရှင်းလင်းသင်ပြဖို့ ကျွန်မတို့ တစ်ယောက်ချင်းစီ အချိန်မီ အကောင်အထည်ဖော်သင့်ပါပြီ။ ကိုယ်ပိုင်အသိစိတ်နဲ့ စနစ်တကျ အမှိုက်ပစ်ဖို့ နောက်မကျသေးပါဘူး။ သက်ဆိုင်ရာ အဖွဲ့အစည်းတွေအနေနဲ့ အမှိုက်တွေကို အမျိုးအစားအလိုက် ခွဲခြားပြီး ဖျက်ဆီးနိုင်ဖို့ စွန့်ပစ်ပစ္စည်းတွေကို စနစ်တကျ စီမံခန့်ခွဲကြဖို့ အမြန်ဆုံး အကောင်အထည်ဖော်သင့်ပါပြီ။

ကိုယ်ထူကိုယ်ထစနစ်နဲ့ တစ်ယောက်ချင်းစီ စည်းကမ်းလိုက်နာခြင်းဟာ နိုင်ငံသားကောင်းတွေရဲ့ ဓလေ့စရိုက်ကောင်းတွေပါ။သဘာဝပတ်ဝန်းကျင်ကို ချစ်မြတ်နိုးကြပါစေ။

ရေထဲမှာရော ကုန်းပေါ်မှာပါ အမှိုက်သရိုက်နဲ့ အညစ်အကြေးတွေ ကင်းစင်ပပျောက်ပြီး ကမ္ဘာမြေကျန်းမာပါစေ။

**(ဧပြီ ၂၂ရက်တွင် ကျရောက်သော ကမ္ဘာမြေနေ့ အမှတ်တရ**

# မြန်မာပြည်တစ်နံ့တစ်လျား ခရီးသွားနေကြသည်

ခင်မောင်ဌေး(ပညာရေး)



မြန်မာတို့၏ နှစ်သစ်ကူးသင်္ကြန်ကာလကား ကုန်လွန်သွားခဲ့လေပြီ။ နွေရာသီပူပြင်းသည့်ကာလ ကျောင်းများလည်းပိတ်နေချိန်ဖြစ်သည်။ သင်္ကြန်ပိတ်ရက်ကြောင့် ခွင့်ရက်ရှည်ရကြကာ မိဘရပ်ထံပြန်ကြသူများလည်း များလှ၏။ မီးရထား၊ ကား၊ ရေကြောင်းခရီးပါမကျန် ခရီးသွားတို့ ပြည့်ကျပ်နေကြတော့သည်။

**တစ်နံ့တစ်လျား**

စာရေးသူအနေဖြင့် ယခုနှစ်တွင် ခရီးဝေးမသွားဖြစ်။ နီးနီးနားနားခရီးစဉ်များသာ သွားဖြစ်သည်။ ခရီးစဉ်အများစုမှာ အကြိမ်ကြိမ်ရောက်ဖူးသွားဖူးပြီးသောကြောင့်လည်းဖြစ်၏။ စာရေးသူ၏ မိတ်ဆွေများကား နိုင်ငံအတွင်းနိုင်ငံပြင်ပပါ ခရီးဆန့်နေကြ၏။ တလောကပင် ပညာရေးမိတ်ဆွေတချို့ မလေးရှားသွားကြ၏။ တချို့ကား ထိုင်း၊ဖူးခက်၊ ပြည်တွင်း၌လည်း နေရာအနှံ့ရောက်နေကြရ၏။ လူမှုကွန်ရက်စာမျက်နှာများကြောင့်လည်း ပို၍အသက်ဝင်လှုပ်ရှားနေလေသည်။

ပွင့်လင်းရာသီဖြစ်သည်ကတစ်ကြောင်း၊ ပြည်သူလူထုကိုယ်တိုင်ကလည်း ခရီးသွားဝေလေ့ နှစ်ခြိုက်မြတ်နိုးလာကြ၍တစ်ကြောင်း နိုင်ငံအနှံ့ခရီးသွားတို့ဖြင့် ခြေချင်းလိမ်နေတော့၏။ အထူးသဖြင့် ပြည်ပခရီးသွားဝင်ရောက်မှုထက်ပြည်တွင်းခရီးသွားများ ပို၍တိုးတက်လာလေသည်။

**နေရာသစ်များ**

မြန်မာနိုင်ငံသည် ဘဘာဝ တောတောင်ရေမြေစုံပြည်လှပ၍ ကြည့်ချင်စဖွယ်ရေခဲတောင်တန်းများ၊ ထင်းရှူးကုန်းမြင့်များ၊ တောင်ရိုးတောင်စွယ်များနှင့် လှိုမြောင်စိမ့်စမ်းတို့က ပေါလှ၏။ ထို့အတူ ရခိုင်ပြည်နယ်စစ်တွေမြို့မှသည် တနင်္သာရီတိုင်းဒေသကြီးကော့သောင်းအထိရှည်လျားသည့် ပင်လယ်ကမ်းရိုးတန်း၏ ကမ်းခြေအလှများစွာတို့ရှိသည်။ ယခင်ရှိသည့် နေရာဒေသများအပြင် အသစ်အသစ်သော ကမ်းခြေများ၊ ရေအိုင်များ၊ ကျွန်းများမှာလည်းတစ်စစ တိုးပွားလျက်ရှိလေသည်။

**လိုက်လျောညီထွေ**

ခရီးသွားများပြားလာခြင်းနှင့်အတူ လိုက်ပါပြောင်းလဲရမည့် အရာများမှာ လမ်းပန်းဆက်သွယ်ရေး၊ နေထိုင်တည်းခိုရေး၊ စားသောက်ရေးစသည်တို့ပါလိုအပ်လာမည်ဖြစ်၏။ အချို့နေရာဒေသများဆိုလျှင် လည်ပတ်သူတို့၏လုံခြုံရေးကိုပါ ထည့်သွင်းစဉ်းစားကြရမည်ဖြစ်၏။

**ကျောင်းသား၊ ကျောင်းသူနှင့် မိဘများ**

ယခုအချိန်အခါသည် ကျောင်းပိတ်ရက်ကာလဖြစ်၍ မိဘများခရီးထွက်ကြခြင်းနှင့်အတူ သားသမီးများကိုပါ တစ်ပါတည်းခေါ်ဆောင်ကြ၏။ ဒေသန္တရ ဗဟုသုတရှာဖွေကြ၏။ ယခင်ကနာမည်ကြီးနေရာများလောက်သာ သွားလာကြရာမှ ယခုမှ ပင်အသစ်ပေါ်ထွန်းလာသည့် နေရာဒေသများသို့လည်း ခရီးဆန့်လာကြသည်ကို တွေ့ရ၏။

**ခရီးသွားလုပ်ငန်း**

ခရီးသွားလုပ်ငန်း တွင်ကျယ်လာသည်နှင့်အမျှ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်း ကောင်းမွန်ဖို့ အထူးလိုအပ်လာ၏။ ယခုအခါ ပုဂ္ဂလိကခရီးသွားလုပ်ငန်း အများအပြား ပေါ်ထွက်လာ၏။ မြန်မာပြည်အနှံ့ ခရီးသွားပို့ဆောင်ရေးအသင်းအဖွဲ့များလည်း များပြားလှ၏။ နေ့စဉ်ပြေးဆွဲနေသောခရီးစဉ်များ၊ အပတ်စဉ်ပြေးဆွဲနေသောခရီးစဉ်များနှင့် အထူးပြေးဆွဲပေးနေသော ခရီးစဉ်များရှိ၏။

**လုံခြုံဘေးကင်းဖို့လို**

ခရီးသွားလုပ်ငန်းတွင် ကုန်းလမ်းခရီးပို့ဆောင်ရေးကိုသာ အများပြည်သူများအနေဖြင့် အားကိုးအားထားပြုနေရ၏။ အထူးသဖြင့် အဆင့်မြင့်အဲကွန်းဘတ်(စ်)ကားများအသုံးတွင်ကျယ်လှ၏။ အဆင့်မြင့်ကားများဖြစ်သော်လည်း စက်ပစ္စည်းဖြစ်၍ပျက်စီးပြုန်းတီးနိုင်လေသည်။ အစဉ်အမြဲစစ်ဆေးခြင်း၊ ပြုပြင်ခြင်း၊ သတ်မှတ်မိုင်နှုန်းအတိုင်း မောင်းနှင်ခြင်း၊ သောက်စားမူးယစ်မှုကင်းခြင်း၊ ညအိပ်ခရီးစဉ်များဖြစ်ပါက ယာဉ်မောင်းအကူများပါခြင်း၊ အလှည့်ကျမောင်းနှင်ခြင်း၊ ကားအတွင်းလုံခြုံဘေးကင်းစေမည့် အစီအမံများကို အသင့်စီမံဆောင်ရွက်ထားသင့်လေသည်။

**ဒေသခံတို့၏ စီးပွားရေးအခွင့်အလမ်း**

အထင်ကရနေရာဒေသများ၊ ကမ်းခြေများ၊ ဥယျာဉ်များ၊ ရေအိုင်များပေါ်ထွက်လာခြင်းသည် ဒေသခံတို့အတွက် စီးပွားရေး အခွင့်အလမ်းတစ်ရပ်ပင်ဖြစ်သည်။

သို့ဖြစ်သော်လည်း နေရာဒေသသစ်များ သွားလမ်းလာလမ်းသာစေရန် တတ်နိုင်သမျှ ဈေးနှုန်းသက်သာစွာနှင့် တည်းခိုနိုင်စေရန် စားသောက်ရေးမှအစ လည်ပတ်ရေးပါအဆင်ပြေစေရန် ဒေသခံများက ပို၍ကြိုးပမ်းဆောင်ရွက်လာကြသည်ကို တွေ့ရ၏။

သို့ဖြစ်၍ ဒေသထွက်ကုန်များရောင်းချရ၏။ ဒေသစားသောက်ကုန်များဝယ်ယူစားသုံးရ၏။ လည်ပတ်စရာလှေ၊ သင်္ဘော၊ မော်တော်ဘုတ်များအသုံးပြုကြရ၏။ ဒေသခံတို့၏လုပ်ငန်းကိုင်ငန်းနှင့် ဝင်ငွေဝင်လမ်းဖြောင့်ကြလေ၏။

**အစဉ်အလာကောင်းကိုထိန်းသိမ်း**

ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးလာသည်နှင့်ခရီးသွားများ တိုးပွားလျက်ရှိ၏။ ညအိပ်တည်းခိုရမည့် နေရာများတွင် သန့်ရှင်းသပ်ရပ်မှုနှင့် ဈေးနှုန်းသင့်ရန်လိုအပ်သည်။

ကမ်းခြေများ၊ ကျွန်းများဆိုလျှင် အမှိုက်သရိုက်ကင်းစင်ဖို့လိုပါသည်။ ရောဂါဘယ ကူးစက်လွယ်သည်မို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများရှိဖို့လို၏။ အစားအသောက်များ၊ ဈေးဆိုင်များအနေဖြင့် လူအများစားသောက်သည့်နေရာဖြစ်၍ ကျန်းမာရေးနှင့် အထူးညီညွတ်ဖို့လို၏။ အထူးသဖြင့် မိမိတို့နေရာဒေသ၏ အစဉ်အလာကောင်းများကို ဝိုင်းဝန်းထိန်းသိမ်းကြဖို့လို၏။

**ဒေသသစ်နှင့် အခက်အခဲများ**

ခရီးသွားများသည် ချောင်းသာကမ်းခြေ၊ ငွေဆောင်ကမ်းခြေနှင့် စက်စဲကမ်းခြေများသို့ အများအပြားသွားကြ၏။ ငပလီ၊ ကမ်းသာယာကဲ့သို့ အနည်းငယ်ဝေးသည့် ကမ်းခြေများသို့ သွားသူနည်း၏။ ဂေါ်ရန်ဂျီကျွန်းကဲ့သို့ နေရာသစ်များကိုလည်း အရောက်သွားကြ၏။ မြိတ်ကျွန်းစုကဲ့သို့နေရာမျိုးသို့လည်း အရောက်သွားကြ၏။ ပြင်ဦးလွင်ပိတ်ချင်းမြောင်ရေတံခွန်၊ လိုင်ဂူမျိုးမှသည် ထမ့်စမ်းဂူသို့လည်းကောင်း၊ ကော့ဂွန်းဂူ၊ ဆဒ္ဒန်ဂူ၊ ဘုရင့်ညီဂူ (ဘားအံ)မှသည် စိတ်ဝင်စားဖွယ်ကောင်းလှသည့် လွိုင်ကော်ကြွတ်ဂူသို့လည်းကောင်းအများ အပြားသွားလာကြသည်ကိုတွေ့ရ၏။

အချို့ဒေသများတွင် အခက်အခဲများစွာရှိဆဲဖြစ်၏။ ဥပမာအားဖြင့် ဂေါ်ရန်ဂျီကျွန်းဆိုလျှင် ခရီးလမ်းပန်းဆက်သွယ်ရေးမကောင်းလှသေး။ လုံခြုံစိတ်ချမှုနည်းသေး၏။ ဒီးဒုတ်ရေပြာအိုင်ကဲ့သို့ဒေသဆိုလျှင် ဒေသခံတို့ကိုယ်တိုင်ကပင် တောင်တက်လမ်းကို ထွင်၍ဖောက်ကြရ၏။ သောက်သုံးရေနှင့်လျှပ်စစ်မီးအတွက် မိမိတို့၏အစီအစဉ်ဖြင့် ကြံဆလုပ်ဆောင်နေကြရ၏။

**နိုင်ငံတော်၏ အပံ့အပိုး**

နယ်ပယ်ဒေသသစ်များ ပေါ်ထွက်လာသည်နှင့် ခရီးသွားဧည့်သည်များပိုမိုစည်ကား များပြားလာ၏။ အဓိကအချက်များဖြစ်သည့် လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့အောင် စီမံဖန်တီးပေးသင့်၏။ ထို့ပြင် တည်းခိုနေထိုင်စားသောက်ရေး လည်ပတ်မည့် အစီအစဉ်အတွက် ရေယာဉ်များ၊ ဆိုင်ကယ်ကယ်ရီများကို သင့်တင့်မျှတသည့် ဈေးနှုန်းများဖြင့် စီစဉ်ပေးသင့်၏။ အချို့ဒေသများတွင် ဒေသဆိုင်ရာ စည်ပင်အဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရ၏။

**ဒေသဖွံ့ဖြိုးရေး**

နယ်ပယ်အသစ်များ၏ အခြေအနေအခွင့်အလမ်းကောင်းမွန်လာသည်နှင့်အမျှ ဒေသဖွံ့ဖြိုးလာမည်ဖြစ်၏။ အဓိကအချက်မှာ ဒေသခံတို့၏ စီးပွားရေးအခွင့်အလမ်းများ တိုးတက်လာနိုင်သောကြောင့်ဖြစ်၏။ စီးပွားရေးဖွံ့ဖြိုးလာသည်နှင့် လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစသည့်လုပ်ငန်းများပါ ကွဲကူးရေပါ ဖွံ့ဖြိုးတိုးတက်လာနိုင်ပါသည်။

**ကိုယ်စိတ်ကျန်းမာ**

မြို့ပြမွန်းကျပ်မှုများမှသည် ဒေသန္တရဗဟုသုတ ရှာမှီးရင်း နေရာသစ်အတွေ့အကြုံသစ်များရကြ၏။ စိတ်လက်ကြည်လင်အေးချမ်းမှုကို ရကြ၏။ ကြည်နူးရွှင်ပျမှုကိုရကြ၏။ စိတ်သစ်ခွန်အား သစ်များကို ရကြ၏။ မိမိတို့၏လုပ်ငန်းခွင်အတွင်းဝယ် ရွှင်လန်းတက်ကြွသည့် စိတ်သစ်လူသစ်များဖြင့် မိမိတို့ကျရာတာဝန် များကို ကျေပွန်စွာထမ်းဆောင်ကြခြင်းဖြင့် ငြိမ်းအေးသော ဒီမိုကရေစီနိုင်ငံတော်သစ်ဆီ အရှိန်အဟုန်ပြင်းစွာဖြင့် လျှောက်လှမ်းနိုင်ကြလိမ့်မည်ဟု မျှော်လင့်မိပါသည်။

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပစိမ်းမြမြ

RUBY ကားစီးလိုးငှားသည်
519100
09-51-77212, 535100

ကား မျိုးစုံ
Alphard, Hiace
Ph: 09795549249, 095418126
09-795546884

အမည်ပြောင်းခြင်း
ဦးကျော်ဝင်း(၁၂/ ဥကမ(နိုင်) ၁၃၃၅၃၈)၏ သား မ/ဥက္ကလာပမြို့နယ်၊ အထက(၃)၊ နဝမတန်း(D)တွင် ပညာသင်ကြားနေသော မောင်မင်းသိန်းကျော်အား မောင်အောင်ကောင်းမြတ်ဟု ပြောင်းလဲခေါ်ပါရန်။

ကိုသန့်ဇင်
CAR RENTAL
ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။
09-43117680, 09-5059821

ထိပ်တန်း
အိမ်ပြောင်း / အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း / နယ်ဝေး
09-254256969
09-971322259

ရွှေမြင့်မိုရ်
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
အိမ်ခန်း၊ ရုံးခန်း၊ ဆိုင်ခန်းများကို ကားဆိုဒ်စုံနှင့် အလုပ်သမားများအပါ
မြို့တွင်း/နယ်ဝေး
ဝန်ဆောင်မှုပေးပါသည်။
Ph: 09-450093119
09-263119919
09-777565619

ဝန်ထမ်းအလိုရှိသည်။ (ရန်ကုန်)
1. စတီးနှင့် ပလပ်စတစ်အရောင်း ဝန်ထမ်းကျွမ်းကျင် ကျား(၂)ဦး
2. ကုန်ပို့ဝန်ထမ်း ကျား(၂)ဦး
အသက်(၂၀)အောက်
ရုံးချိန်အတွင်း
Ph: 09-769707334

GW
0973226006
0973133528
0973077569
အိမ်ပြောင်းအိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
ကားများနှင့် လုပ်သားအပါ ဝန်ဆောင်မှုပေးသည်။ နယ်အိမ်ပြောင်း ကားငှားနိုင်သည်။
09401505559

စော်ဘွားလေးဗိုလ်ဗိုလ်မောင်ကုမ္ပဏီလီမိတက်မှ အဆင့်မြင့် ဘလိတ်စားသွားဆူးကြိုးများကို
ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချတပ်ဆင်ပေးနေပါသည်။
အမှတ်(၃၄/A)၊ ကမ္ဘာအေးဘုရားလမ်းမ (နှင်းဆီကုန်းဘိုးဘွားရိပ်သာရှေ့)၊ ဗဟန်းမြို့နယ်။
Ph: 01-545531, 09-73058161, 09-795008161
HOTLINE : 09-5008161

ဒဂုံမြို့သစ်
အရှေ့ပိုင်း
ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊ မြောက်ပိုင်း
များရှိ မြေကွက်များကို
ဈေးကောင်း ပေးဝယ်သည်။
09-6809893
09-5120620

SEVEN ဝံ
ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊ တောင်ပိုင်းရှိ မြေကွက်များ
ရောင်းလိုပါသလား ?
အိမ်အရောက်ငွေပေးချေသည်။
"ပွဲခ လုံးဝ မယူပါ"
09-33 333 511
09-33 333 514
09-33 333 644

သကြံနိပြး ဆန်ပိုဟပြ
09-43334111 ☎ 01-682844
09-43334222 ☎ 01-682944

Jishugakkan Yangon Japanese Center (JYJC)
Jishugakkan Bago Japanese Center (JBJC)
2017, October တန်းအတွက်
ကျောင်းလျှောက်မည့်သူများနာမည်စာရင်းသွင်းပြီး
(seminar) တက်ရောက်ရန်ဖိတ်ခေါ်အပ်ပါသည်။
JYJC seminar : 27-4-2017 (10:00 ~ 12:00)
***JYJC တွင် N5 ဂျပန်စာ အခြေခံသင်တန်း နှင့်
N4 new class အတန်းများကို
(22.5.2017) နေ့ တွင်ဖွင့်လှစ်ပါမည်။
JYJC (Yangon) 01-504268, 09-43139339
JBJC (Bago) 09-767862682

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
အဘိဓမ္မာသင်ကြားရေးဆရာကြီး
သထုံမြို့၊ သုဝဏ္ဏဘူမိ ပရိယတ္တိ
သာသနဟိတအသင်းကြီး၏ ဥက္ကဋ္ဌ
သာသနာ့ရောင်ခြည်အသင်းနာယကကြီး

### ဦးကျော်လှိုင်
### အသက်(၈၁)နှစ်

ပဲခူးမြို့၊ ဆယ်မိုင်ကုန်း၊ ဓမ္မဒူတတောရသာသနာ့ရိပ်သာ ပဓာန နာယကဆရာတော် ဒေါက်တာအရှင်ပညိဿရာဘိဝံသ၏ ခမည်းတော် ဦးကျော်လှိုင် အသက်(၈၁)နှစ်သည် ၁၈-၄-၂၀၁၇ ရက် (အင်္ဂါနေ့) ည ၉ နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်တကွ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

သထုံမြို့နယ်အသင်း(ရန်ကုန်)

## အထူးဝမ်းနည်းကြေကွဲခြင်း

### ကိုဉာဏ်ထက်အောင်
### အသက်(၂၅)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ် (၂/က)၊ မြရတနာလမ်း၊ (၁၆)ရပ်ကွက်နေ ဦးခင်မောင်ဆွေ (ဒု-ညွှန်/ချုပ်၊ တံတားဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)-ဒေါ်ခင်ခင်သော်တို့၏ ချစ်လှစွာသောသား ကိုဉာဏ်ထက်အောင်သည် ၁၉-၄-၂၀၁၇ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အမြဲတမ်းအတွင်းဝန် ဦးကျော်လင်း-ဒေါ်နီနီအောင်**
**မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ကိုဉာဏ်ထက်အောင်
### အသက်(၂၅)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ်(၂/က)၊ မြရတနာလမ်း (၁၆)ရပ်ကွက်နေ ဦးခင်မောင်ဆွေ (ဒု-ညွှန်/ချုပ်၊ တံတားဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန) - ဒေါ်ခင်ခင်သော်တို့၏ ချစ်လှစွာသောသား ကိုဉာဏ်ထက်အောင်သည် ၁၉-၄-၂၀၁၇ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ် ဦးရွှေလေးနှင့် ဇနီး ဒေါ်စိမ့်နီခင်**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ကိုဉာဏ်ထက်အောင်
### အသက်(၂၅)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ်(၂/က)၊ မြရတနာလမ်း (၁၆)ရပ်ကွက်နေ ဦးခင်မောင်ဆွေ (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ တံတားဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန) - ဒေါ်ခင်ခင်သော်တို့၏ ချစ်လှစွာသောသား ကိုဉာဏ်ထက်အောင်သည် ၁၉-၄-၂၀၁၇ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)နှင့် ဝန်ထမ်းမိသားစုများ**
**တံတားအထူးအဖွဲ့(၉)၊ ပဲခူး**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ကိုဉာဏ်ထက်အောင်
### အသက်(၂၅)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ်(၂/က)၊ မြရတနာလမ်း (၁၆)ရပ်ကွက်နေ ဦးခင်မောင်ဆွေ (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ တံတားဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)-ဒေါ်ခင်ခင်သော်တို့၏ ချစ်လှစွာသောသား ကိုဉာဏ်ထက်အောင်သည် ၁၉-၄-၂၀၁၇ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူး(မြို့ပြ)နှင့် ဝန်ထမ်းမိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ကိုဉာဏ်ထက်အောင်
### အသက်(၂၅)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ်(၂/က)၊ မြရတနာလမ်း (၁၆)ရပ်ကွက်နေ ဦးခင်မောင်ဆွေ (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ တံတားဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)-ဒေါ်ခင်ခင်သော်တို့၏ ချစ်လှစွာသောသား ကိုဉာဏ်ထက်အောင်သည် ၁၉-၄-၂၀၁၇ ရက်နေ့တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူး(မြို့ပြ)နှင့် ဝန်ထမ်းမိသားစုများ**
**တနင်္သာရီတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန**

---

ဘုရား၊ ကျောင်း ဒါယကာ

### ဦးအောင်ဇော်ဦး (၄၅)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၂၉)လမ်း၊ အမှတ်(၁၂၇)နေ (ဦးသိန်း-ဒေါ်စန်းစန်းမြင့်)တို့၏သား၊ ကိုကြည်လှိုင်-မဝင်းဝင်းရီ(Taiwan)၊ ကိုသိန်းသန်းဦး-မမြင့်မြင့်အေးတို့၏မောင်၊ မခင်ခင်ဝင်း၏အစ်ကို၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ (ဦးတင်မြင့်)-ဒေါ်ခင်ထွေးတို့၏သားသမက်၊ (ကိုအေးစန်း)-မသန်းသန်းငွေ၊ ကိုအောင်သော်လွင်-မခင်စန်းမေတို့၏မောင်၊ ကိုဆုရီ-မခင်သန်းဝင်း၊ ကိုမင်းလွင်ဦး-မမြင့်မြင့်မော်၊ ကိုဟိန်းထက်အောင်-မသန္တာတို့၏ အစ်ကို၊ စမ်းချောင်းမြို့နယ်၊ ရန်ကြီးအောင်လမ်း၊ အမှတ်(၄၀)နေ ဒေါ်ခင်မြင့်ရီ၏ ချစ်လှစွာသောခင်ပွန်း၊ တူ/တူမ ၁၆ယောက်တို့၏ ဦးလေးသည် ၁၉-၄-၂၀၁၇ (ဗုဒ္ဓဟူးနေ့) ည၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၄-၂၀၁၇ (သောကြာနေ့) မွန်းလွဲ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါမည်။ (စမ်းချောင်းမြို့နယ်၊ ရန်ကြီးအောင်လမ်းနေအိမ်မှကားများ မွန်းတည့်၁၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၄-၂၀၁၇(အင်္ဂါနေ့) နံနက်၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

မြန်မာနိုင်ငံရှေ့နေအသင်း ဥက္ကဋ္ဌကြီး ဦးဝင်းစိန် (တရားလွှတ်တော်ရှေ့နေ)သည် ၁၄-၄-၂၀၁၇ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ရှေ့နေလောကသားများအတွက် အစားထိုး၍ မရသော ဆုံးရှုံးမှုဖြစ်ပေါ်ခဲ့ရပြီး မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲခဲ့ရပါကြောင်း။

**ရန်ကုန်ရှေ့နေအသင်း**
**အလုပ်အမှုဆောင်အဖွဲ့**

## ဝမ်းနည်းကြေကွဲခြင်း

ကျောင်း၊ရဟန်းဒါယကာကြီး

### မိုးလ်မှူးစိုးတင့် (ငြိမ်း) အသက် (၈၀)နှစ်

သူငယ်ချင်းစိုးမိုးစံ၏ဖခင်၊ထန်းကုန်းလမ်း၊ဖြူးမြို့နယ်နေဒေါ်ခင်ကြည်၏ခင်ပွန်းသည်(၁၅. ၄. ၂၀၁၇)ရက်နေ့တွင်ကွယ်လွန်သွားကြောင်းကြားသိရသဖြင့်သူငယ်ချင်းမိသားစုနှင့်ထပ်တူကြေကွဲဝမ်းနည်းရပါသည်။

**၁၉၈၄-ဘောဂဗေဒသူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း

### ဒေါ်နွယ်နွယ်သိန်း

**ဦးစီးအရာရှိ(ငြိမ်း)ပြည်တွင်းအခွန်များဦးစီးဌာန**

### အသက်(၆၄)နှစ်

ဒေါက်တာမောင်မောင်သိမ်း[ဒုတိယဝန်ကြီး-ငြိမ်း]-ဒေါက်တာမွန်မွန်တာတို့၏ညီမ ဒေါ်နွယ်နွယ်သိန်းသည် ၁၉-၄-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာ့အာမခံလုပ်ငန်း ဝန်ထမ်းမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

### ဒေါ်မြင့်မြင့်ငွေ (စစ်ကိုင်း)
### အသက်(၆၁)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁၀/မြောက်ရပ်ကွက်၊ ရတနာပုံအိမ်ရာ၊ (၄)လမ်း၊ အမှတ်(၃၂)နေ ဗိုလ်မှူးကြီးမင်းဆွေ(ငြိမ်း)၏ ဇနီး ဒေါ်မြင့်မြင့်ငွေသည် ၁၃-၄-၂၀၁၇ (ကြာသပတေးနေ့) နံနက် ၁၀း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**စစ်ကိုင်းအသင်း(ရန်ကုန်)**

## အလွမ်းနှင့်ကုသိုလ်အမျှ
## အောင်မျိုးသန့် (AK)
## အသက်(၂၈)နှစ်

(၁၀-၄-၂၀၁၇)

မိသားစုဘဝထဲမှ ရုတ်တရက်ပျောက်ကွယ်သွားသော သားငယ်အောင်မျိုးသန့်(AK) အားရည်စူးပြီး ပြုပြီးပြုဆဲ ကောင်းမှုကုသိုလ် အစုစုတို့အား အမျှပေးဝေပါတယ်။ ရောက်ရာဘုံဘဝမှ သာဓုခေါ်ဆိုပါ သားငယ်လေးရေ။

**ကျန်ရစ်သူမိသားစု**
**ဖေဖေ-ဦးရွှေမြင့်**
**မေမေ-ဒေါ်သန်းသန်းအေး**
**မမ-ဒေါ်ထူးထူးအောင်**
**ကိုကို ဦးဝင်းသန့်ကို-ဒေါ်ကေသီဇော်ဝင်း**

---

## အနိစ္စ

### ဒေါ်မြမြစိန်(မုဒုံ)
**အလယ်တန်းပြဆရာမ(ငြိမ်း)**
### အသက်(၈၀)

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ သစ်တောလမ်း၊ တိုက်အမှတ်(၂၃)၊ သုံးလွှာနေ ဦးစောလွင် (လက်ထောက်ညွှန်ကြားရေးမှူး၊ငြိမ်း၊ စာရင်းစစ်ချုပ်ရုံး)၏ ဇနီး၊ဒေါက်တာစောကလျာ၊ ဦးမင်းဇေယျာထိုက်-ဒေါ်နုနုလှိုင်၊ ဦးမျိုးမြင့်လွင်-ဒေါ်စောမူယာ၊ (မင်းဇေယျာဝိုက်)၊ ဦးအောင်စိုး-ဒေါ်စောနီတြာ၊ ဗိုလ်မှူးမင်းနေဇာဝိုက်-ဒေါက်တာဇင်မာမြင့်အောင်တို့၏ ချစ်လှစွာသော ကျေးဇူးရှင်မွေးသမိခင်၊ မြေးလေးယောက်တို့၏ အဘွားသည် ၁၉-၄-၂၀၁၇ ရက် ည ၁၁း၃၀နာရီတွင် ပြင်ဦးလွင်မြို့ တပ်မတော်ဆေးရုံခုတင်(၇၀၀)၌ ကွယ်လွန်သွားပါ၍ ပြင်ဦးလွင်မြို့၊ ကုန်းဘောင်သုသာန်၌ ၂၁-၄-၂၀၁၇ရက် မွန်းတည့် ၁၂နာရီတွင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

### ဒေါ်နွယ်နွယ်သိန်း (၆၄)နှစ်
**ဦးစီးအရာရှိ(ငြိမ်း)**
**ပြည်တွင်းအခွန်များဦးစီးဌာန**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏစုပေါင်းအိမ်ပိုင်၊ ခရေမြိုင်လမ်း၊ အမှတ် (၁၃/၄) နေ [ဦးခင်သိန်း၊ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) အခွန်အယူခံခုံရုံး]-ဒေါ်တင်မြင့်တို့၏ သမီး၊ ဒေါက်တာမောင်မောင်သိမ်း - ဒေါက်တာမွန်မွန်တာတို့၏ ညီမ၊ ဦးလှအောင်-ဒေါ်သွယ်သွယ်သိန်း၊ ဦးသန့်စင်၊ ဦးငွေဝင်း-ဒေါ်ခင်ဝင်းနွယ်၊ ဒေါ်တင်တင်စိန်၊ ဒေါ်ခိုင်ခိုင်တို့၏အစ်မ၊ ဒေါ်လှသီတာလင်း၊ ဒေါ်သက်ဦးစံ၊ ဦးရဲမောင်သိမ်း၊ ဒေါ်ခင်ချောစုတို့၏ အဒေါ်၊ မောင်ဘုန်းသက်နိုင်၏ အဘွား ဒေါ်နွယ်နွယ်သိန်းသည် ၁၉-၄-၂၀၁၇ (ဗုဒ္ဓဟူးနေ့) ည ၈း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၄-၂၀၁၇ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

### ကိုဉာဏ်ထက်အောင်(ခ)
### စွမ်းစွမ်း (၂၅)နှစ်
**B.A(Eng)**
**အလက(၁)ရန်ကင်း၊**
**အထက(၂)ဗဟန်း**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၆) ရပ်ကွက်၊ အမှတ်(၂-က)၊ မြရတနာလမ်းနေ ဦးသိန်းဆွေ-ဒေါ်မြကြွယ်၊ ဦးကိုကိုကြီး-(ဒေါ်မြအေး)တို့၏ မြေး၊ ဦးခင်မောင်ဆွေ(ဒု-ညွှန်/ချုပ်၊ တံတားဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)-ဒေါ်ခင်ခင်သော် တို့၏ ချစ်လှစွာသောသား၊ ဗိုလ်ကြီးစိုင်းမောင်မောင်သော်-မမီမီပြုံး၊ Capt ချိုသက်မောင်-နန်းဆုမြတ်စန္ဒီ၊ မောင်အောင်မျိုးဇော်-မအိသီရိဇော်၊ စိုင်းစစ်မိုးသော်၊ မထက်နန္ဒာဇော်၊ မဟန်နီဦး တို့၏ ညီ/မောင်၊ မောင်လှမျိုးသွင်၊ မောင်သီဟဇော်၊ မလမင်းသီရိ၊ မောင်ဇေယျာလင်းတို့၏ အစ်ကို၊ တူ/တူမ သုံးယောက်တို့၏ ချစ်လှစွာသော ဦးလေးသည် ၁၉-၄-၂၀၁၇ ရက် ညနေ ၃း၄၅ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၄-၂၀၁၇ (သောကြာနေ့) ညနေ ၄း၃၀ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂း၄၅ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း

### ဆရာတော် ဦးယောသိတ
### သိက္ခာတော်(၆၀)ဝါ၊ သက်တော်(၈၀)

ပဲခူးတိုင်းဒေသကြီး၊ကျောက်ကြီးမြို့နယ်၊ ဝက်တူးအရှေ့ကျောင်း ဆရာတော် ဦးယောသိတ သိက္ခာတော်(၆၀)၊ သက်တော်(၈၀)သည် (၁၃၇၉ခုနှစ်၊ တန်ခူးလပြည့်ကျော် ၉ရက်) ၂၀-၄-၂၀၁၇(ကြာသပတေးနေ့) နံနက် ၀၀း၃၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဒါယကာ၊ ဒါယိကာမများအား သိစေရန် အကြောင်းကြားအပ်ပါသည်။

**ဈာပနကျင်းပရေးကော်မတီ**
**ဝက်တူးအရှေ့ကျောင်းတိုက်**

ခရစ်တော်၌အိပ်ပျော်ခြင်း

### မန်းအောင်ကြိုင်(ခ)မန်းပျော့ကြီး
### အသက်(၈၁)နှစ်
**လဝကဦးစီးမှူး(ငြိမ်း)**

ကျုံပျော်မြို့နယ်၊ ကျားကွင်းကြီးကျေးရွာနေ (ဦးဖိုးအုန်း-ဒေါ်မယ်ကြင်)တို့၏သားထွေး၊ (မန်းမောင်သိန်း၊ ဂွါသိန်းမေ) (မြောင်းမြမြို့)တို့၏သားသမက်၊ (ဒေါ်အုန်းကျင်)၊ (ဒေါ်မြလေး)-ဦးချိန်တို့၏မောင်၊ (နန့်သန်းသန်းမြင့်)-မန်းခင်မောင် (အထောင်မြို့) တို့၏အစ်ကို၊ နန့်မီမီအောင်-(ကိုမြင့်အောင်)၊ (စံဝင်းကိုကိုအောင်)၊နန့်ကေသီအောင်-စောထင်လင်းကြူ၊ နန့်အေမီအောင်-စောယိုရှုတို့၏ ချစ်လှစွာသောဖခင်၊ စံသော်ဇင်အောင်-မရွှေရည်ဝင်း၊ စံအေးချမ်းအောင်၊ နော်လင်းလက်ကြူ၊ နော်အမရာကြူ၊ စောရှိုင်းလင်းကြူ၊ စောဘရိုင်ယန်ယိုရှု (Precious)တစ်၏အဘိုး၊ စစ္စတာနန့်အယ်ဒွင်းနာသိန်း(ခ)နန့်ဒု(မြောင်းမြပြည်သူ့ ဆေးရုံ-ငြိမ်း)၏ချစ်ခင်ပွန်း မန်းအောင်ကြိုင်(ခ)မန်းပျော့ကြီးသည်၂၀-၄-၂၀၁၇ရက် နံနက်၈နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၂-၄-၂၀၁၇ (စနေနေ့) နံနက်၁၀နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော် ခန်းမ၌ ဆုတောင်းဝတ်ပြုပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (၃၁၊ခြောက်လွှာ၊ သိန္ဓုလမ်း၊ သီတာရပ်ကွက်၊ ကြည့်မြင်တိုင်နေအိမ်မှကားများ နံနက်၈း၃၀နာရီတွင် ထွက် ပါမည်။) ကျန်ရစ်သူမိသားစု

### ဦးအောင်မြင့်သူ(ခ)ဇင်ယော်
### အသက် (၅၄)နှစ်
**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**

ရန်ကုန်မြို့နေ (ဦးခင်မောင်အုန်း)-ဒေါ်တင်တင်မြတို့၏သား၊ ဦးစိုးမင်းသိန်း-ဒေါ်အေးသွယ်လှိုင်၊ ဦးဝင်းကျော်-ဒေါ်လှလှအုန်း တို့၏ညီ၊ ဦးတင်အောင်-ဒေါ်တင်တင်ပြုံး တို့၏မောင်၊ ဗိုလ်မှူးခင်မောင်ထွေး (ငြိမ်း)-ဒေါ်ခင်နီလာဝင်း၊ ဦးထင်အောင်-ဒေါ်ခင်သီတာတို့၏အစ်ကိုသည် ၁၉-၄-၂၀၁၇ ရက် ည ၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၄-၂၀၁၇ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

### ဒု-ရဲအုပ်ကျော်ဇေယျာ (လ/၂၁၈၃၂၈)
### အသက်(၃၄)နှစ်
**သာဝတ္ထိနယ်မြေရဲစခန်း**

မန္တလေးမြို့နေ ဦးစောဖေ-ဒေါ်အေးအေးလှိုင် တို့၏ သား၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ အလျင်လိုကျေးရွာနေ ဦးကိုလေး-ဒေါ်ကြည်တို့၏သားသမက်၊ ဒေါ်ချိုချိုမြင့် (နေပြည်တော်စည်ပင်ဘဏ်လီမိတက်)၏ ခင်ပွန်း၊ ဒု-ရဲအုပ်ကျော်ဇေယျာ (လ/၂၁၈၃၂၈)သည် ၂၀-၄-၂၀၁၇ (ကြာသပတေးနေ့) နံနက် ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၄-၂၀၁၇ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် အလျင်လိုသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေသင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

### ကိုဉာဏ်ထက်အောင်
### အသက် (၂၅)နှစ်

ဦးခင်မောင်ဆွေ (ဒုညွှန်/ချုပ်၊ တံတားဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)-ဒေါ်ခင်ခင်သော်တို့၏ ချစ်လှစွာသောသား ကိုဉာဏ်ထက်အောင်သည် ၁၉-၄-၂၀၁၇ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးသိန်းအောင်**
**အင်ဂျင်နီယာချုပ်(မြို့/ပြ)**
**တံတားဦးစီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ကိုဉာဏ်ထက်အောင်
### အသက် (၂၅)နှစ်

ဦးခင်မောင်ဆွေ (ဒုညွှန်/ချုပ်၊ တံတားဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)-ဒေါ်ခင်ခင်သော်တို့၏ ချစ်လှစွာသောသား ကိုဉာဏ်ထက်အောင်သည် ၁၉-၄-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးကျော်မျိုးထွန်း**
**ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)**
**တံတားအထူးအဖွဲ့(၄)ဝန်ထမ်းမိသားစု**

## အထူးကျေးဇူးတင်ရှိခြင်း

ဦးရွှေမြင့်-ဒေါ်သန်းသန်းအေးတို့၏သားငယ်၊ ဒေါ်ထူးထူးအောင် (Treasure for Life Co.,Ltd.) ၏ မောင်၊ ကိုဝင်းသန့်ကို(ဂျပန်ကြီး)၏ ညီ မောင်အောင်မျိုးသန့်(AK) သည် ၁၀-၄-၂၀၁၇ရက်နေ့တွင် ကွယ်လွန်သွားခဲ့ပြီဖြစ်ပါသည်။ သို့ပါ၍ ၁၆-၄-၂၀၁၇ ရက်တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပြီဖြစ်ပါ၍ အဘက်ဘက်မှ ဝိုင်းဝန်းကူညီဖေးမကြသော သုမင်္ဂလာရာမ လယ်တီဝိပဿနာကျောင်းတိုက်ကြီး၏ (ပဓာနနာယက သဒ္ဓမ္မဇောတိကဓဇ)တိုင်းဝန်ဆောင်ဆရာတော်ကြီး ဘဒ္ဒန္တအာသဘနှင့် တကွ ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများ၊သူငယ်ချင်းရောင်းရင်းများ၊ ရပ်မိရပ်ဖများနှင့် သတင်းမေးကြသူ မိတ်ဆွေများအား အထူးပင် ကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု



ဥတည်တံခါးနှင့်အတူ အင်းဝမြို့ရှိ ရှေးဟောင်းအမွေအနှစ်များ၏ သဘာဝရှုခင်းများမှာ နိုင်ငံတကာခရီးသွားများကို ဆွဲဆောင်လျက်ရှိ

စာမျက်နှာ - ၁၇

မြန်မာပြည်တစ်နံတစ်လျား ခရီးသွားနေကြသည်



စာမျက်နှာ - ၂၆

နင်းမိုင်းတစ်လုံး နင်းမိပေါက်ကွဲ၍ ဒဏ်ရာရရှိသူနှစ်ဦး ဖန်းမော်ပြည်သူ့ဆေးရုံကြီး၌ ဆေးကုသခံယူလျက်ရှိ

စာမျက်နှာ - ၉



မေ ၁၉ ရက်က သုဝဏ္ဏကွင်း၌ မကွေးအသင်းနှင့် ဂလိုဘယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

# မြန်မာ ယူ-၁၈ အသင်း ဂိုးပြတ်အနိုင်ရသော်လည်း ဗိုလ်လုပွဲနှင့် လွဲချော်

**ဟန္နွိုင်း မေ ၂၀**

ဗီယက်နမ် ယူ-၁၉ ဖိတ်ခေါ်ပြိုင်ပွဲ အုပ်စုနောက်ဆုံးနေ့ကို ယနေ့ညနေပိုင်းက ဗီယက်နမ်နိုင်ငံ၌ကျင်းပရာ မြန်မာ ယူ-၁၈ အသင်း ဂိုးပြတ်အနိုင်ရခဲ့သော်လည်း ဂွမ်ဂျူး ယူ-၁၈ အသင်း၏ နိုင်ပွဲကြောင့် ဗိုလ်လုပွဲနှင့် လွဲချော်ခဲ့ပြီး တတိယနေရာလုပွဲသာ ကစားရမည်ဖြစ်သည်။

မြန်မာ ယူ-၁၈ အသင်းသည် ဗီယက်နမ်ကလပ် ဟောင်အန်ဂယ်လိုင် ယူ-၁၉ အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး သုံးဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် အဖွင့်ပွဲ နှစ်ပွဲဆက်တိုက် ရှုံးပွဲကြုံတွေ့ခဲ့သော်လည်း နောက်ဆုံးနှစ်ပွဲဆက်တိုက် ခြေစွမ်းပြကာ ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ယခုပွဲတွင် ဟောင်အန်ဂယ်လိုင် ယူ-၁၉ အသင်းကို ခြေအသာဖြင့် ကစားနိုင်ခဲ့ပြီး တိုက်စစ်မှူးများ၏ တစ်ဦးချင်းစွမ်းဆောင်ရည် ကောင်းများနှင့်အတူ အနိုင်ရခဲ့ခြင်းဖြစ်သည်။ ဟောင်အန်ဂယ်လိုင် ယူ-၁၉ အသင်းသည် ပထမပိုင်းသာ မြန်မာအသင်းကို အပြန်အလှန်ကစားနိုင်ခဲ့ပြီး ဒုတိယပိုင်းတွင် မြန်မာအသင်းက စိတ်ကြိုက်ဖိကစားနိုင်ခဲ့သည်။

**စာမျက်နှာ ၅ ကော်လံ ၁ သို့ ✳**



မြန်မာ ယူ-၁၈ အသင်းနှင့် ဗီယက်နမ်ကလပ် ဟောင်အန်ဂယ်လိုင် ယူ-၁၉ အသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။

# AFC Cup ပြိုင်ပွဲတွင် မြန်မာကလပ်အသင်းများ ရလဒ်မကောင်း

**ရန်ကုန် မေ ၂၀**

လက်ရှိကျင်းပနေသည့် ၂၀၁၇ ဘောလုံးရာသီ AFC Cup ပြိုင်ပွဲတွင် မြန်မာကလပ်အသင်းများ ရလဒ်မကောင်းဘဲ ရတနာပုံအသင်းသာ နောက်တစ်ဆင့်တက်ရောက်ခွင့်ရရန် မျှော်လင့်ချက်ရှိနေပြီး မကွေးအသင်းမှာ တစ်ပွဲကစားရန် ကျန်သေးသော်လည်း အုပ်စုအဆင့်မှ ထွက်ခဲ့ရပြီဖြစ်သည်။

မေ ၁၈ ရက်နှင့် ၁၉ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် အုပ်စုပွဲစဉ်(၅)တွင် မြန်မာကလပ်အသင်းများဖြစ်သည့် ရတနာပုံနှင့် မကွေးအသင်းတို့သည် ဆိုးရွားသည့်ဂိုးရလဒ်များဖြင့် ရှုံးနိမ့်ကာ ရှုံးကန်ခဲ့ရခြင်း ဖြစ်သည်။ မျှော်လင့်ချက်အနည်းငယ်သာ ရှိတော့သည့် မကွေးအသင်းသည် ဖိလစ်ပိုင်ကလပ် ဂလိုဘယ်အသင်းကို အိမ်ကွင်း၌ လေးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ပြီး နောက်တစ်ဆင့်တက်ရေး မျှော်လင့်ချက် အဆုံးသတ်ခဲ့ရသည်။ ယင်းပွဲတွင် မကွေးအသင်းသည် မိနစ် ၇၀ အထိ တစ်ဂိုးအသာဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း ဂိုးများဆက်တိုက်ပေးရကာ ဂိုးပြတ်ရှုံးခဲ့ခြင်းဖြစ်သည်။ မကွေးအသင်းသည် ငါးပွဲကစားအပြီးတွင် နိုင်ပွဲမရသေးဘဲ နှစ်ပွဲသရေ သုံးပွဲရှုံးနိမ့်ထားသည်။ ရတနာပုံအသင်းသည် စင်ကာပူကလပ်ဟုမ်းယူနိုက်တက်အသင်းကို အဝေးကွင်း၌ လေးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ပြီး အုပ်စုပထမဖြင့် အာဆီယံဇုန် ဆီမီးဖိုင်နယ် တက်ရောက်ခွင့်ဆုံးရှုံးခဲ့ပြီး အကောင်းဆုံးအုပ်စုဒုတိယအတွက်လည်း ရုန်းကန်ရတော့မည်ဖြစ်သည်။ ပွဲစဉ်(၅) အပြီးတွင် အာဆီယံဇုန်တွင် ပါဝင်သည့် အုပ်စုသုံးခု၌ အသင်းများ၏ ရပ်တည်မှုအနေအထားအရ ရတနာပုံအသင်းမှာ အခွင့်အရေးနည်းပါးလျက်ရှိသည်။ ပြိုင်ပွဲကျင်းပသည့်ပုံစံအရ အုပ်စု(F၊ G၊ H) တွင် ထိပ်ဆုံးသုံးသင်းနှင့် အကောင်းဆုံးအုပ်စု ဒုတိယနေရာရတစ်သင်းသာ အာဆီယံဇုန် ဆီမီးဖိုင်နယ်သို့ တက်ရောက်ခွင့်ရမည်ဖြစ်ရာ ရတနာပုံအသင်းအနေဖြင့် နောက်ဆုံးပွဲတွင် ဗီယက်နမ်ကလပ် ထန်ကွမ်နင်အသင်းကို အနိုင်ရလျှင်ပင် အခြားအုပ်စုများ၏ ရပ်တည်မှုကို ကြည့်ရမည်ဖြစ်သည်။ ဒုတိယနေရာအသင်းများတွင် တစ်သင်းသာ ဆီမီးဖိုင်နယ်တက်မည်ဖြစ်ရာ ရတနာပုံအသင်းအနေဖြင့်

**စာမျက်နှာ ၅ ကော်လံ ၃ သို့ ✳**

Trustinno
TRUSTED BUSINESS SOLUTIONS
Science Scholarship (S.S.) ဆရာ
ဒေါက်တာသိန်းဝင်း Ph.D (ICT)(Germany)တည်ထောင်ပြီး
S.S.ပါမောက္ခ၊ တွဲဖက်ပါမောက္ခနှင့်ကထိကဆရာများကိုယ်တိုင်သင်ကြားမည့်
မေလဆန်း (၇)ရက် ဖွင့်ပြီ
S.S.
အဆင့်မြင့်မဟာစူပါစာသင်ဝိုင်း
■ S.S.ဆရာများကဲ့သို့ နိုင်ငံတကာအဆင့်မီတဲ့ ထူးချွန်ပညာရှင်များဖြစ်ရန် ရည်ရွယ်ပါသည်၊
■ ၁၀-တန်း (ဒီဇင်ဘာလကုန် - သင်ရိုးကုန်)
၉-တန်း (နိုဝင်ဘာလကုန် - သင်ရိုးကုန်)
(ဒီဇင်ဘာလ ဆယ်တန်းစာ စသင်)
■ လေ့ကျင့်ရေး၊ Guide, English speaking, Computer, ICT အခြေခံ၊ ကျောင်းကြို/ပို့ ပါဝင်ပြီး၊
■ ထပ်ဆောင်းကုန်ကျငွေ မလိုတဲ့ တစ်နေရာတည်းမှာ ပြီးပြည့်စုံသော အဆင့်မြင့် စာသင်ကျောင်း၊
■ အဆင့်မြင့် စာသင်ခန်းများနှင့် အဆင့်မြင့် အထောက်အကူပြု ပစ္စည်းများ၊ စာအုပ်များ
မြန်မာစာ • ဒေါက်တာမင်းမော်သန်း (Ph.D)
အင်္ဂလိပ်စာ • ဦးနေအုပ် (စိန့်ပေါလ်)
• ဦးရည်ဆန်းမွန် M.A(English)
သင်္ချာ • ဦးမျိုးသန့်ထွန်း (M.Sc)
• ဦးအောင်ဆန်းဦး (M.Sc)
ဓါတုဗေဒ • ဒေါက်တာဦးကျော်မျိုးနိုင် (Ph.D)
• ဒေါက်တာဒေါ်အေးအေးမြင့် (Ph.D)
ရူပဗေဒ • ဒေါက်တာဦးမြင့်ဦး (Ph.D)
• S.S.Top သိန်းဇေ (M.Sc)
ဇီဝဗေဒ • ဦးသိန်းကို (M.Sc)
ဘောဂဗေဒ • ဦးအေးမိုး (M.Com:)
သင်တန်းအုပ်ချုပ်ရေးမှူး ဦးအောင်သန်း (Maths)
အမှတ်(၁၀၈)၊ မြေညီထပ်၊ ငုဝါလမ်း၊ အလုံမြို့နယ်။ ဖုန်း 01-2302193(Ex.11,Ex.41),09-967608876